ဝိဒိယာဝဗုဒ္ဓိပဒီကာနိ

(ဗုဒ္ဓဓေသာဝ)

ပဲကူးဒီစတြိတ်၊ဘုရားကလေးမြို့နယ်၊
ဝမ်းဘဲခေါင်းရွာအနောက်
ကျောင်းတော်ကြီး
တွင်။
ခေတ္တသိတင်းသုံးပျော်မွေ့နေထိုင်လျက်
ဂိုပါသောထေရ်အာဂင်မြတ်
ဦးသောမ၊
ပြုစုဖိရင်ရေးသားသော

စရိုက်သာမဂ္ဂ ဒီပနီကျမ်း။

၁၉၁၀-ခုနှစ်။ ၁၂၇၂-ခုနှစ်အတွင်း
ပုံနှိပ်လုပ်ဆောင်သည်။

ရန်ကုန်မြို့။
ဆူးလေဘုရားလမ်း။
ဟံသာဝတီသတင်းစာပုံနှိပ်တိုက်။
၁၉၁၀ ခုနှစ်။
582—1

စရိယာမဂ္ဂဒီပနီကျမ်း။

နမောတဿဘဂဝတောအရဟတောသမ္မာသမ္ဗုဒ္ဓဿ။

(၁) ဗုဒ္ဓဓမ္မဗုဒ္ဓသံဃဓမ္မခေတ္တဟံ။
သုခမေသနာဇနာနံ၊စရိယာမဂ္ဂဒေသိတံ။ ။

(၂) ပဲကျားတိနဂရသုတ္တရော၊ရုဒ္ဓစေတိယသမ္မိပေ။
ဝမ်းဘဲအင်းဝယဂါမသ၊ကျောင်းကြီးတိနာမပဋ္ဌိ
မေ။ ။

(၃) ရမ္မေဝါသေနအာဝါသေ၊သုဒ္ဒသနေနယာစိတော။
ဂန္ဓံ ထေရေနကဿပ၊စရိယာမဂ္ဂဒီပနိံ။ ။

(၄) လိက္ခိသသံစရိယာမဂ္ဂံ၊ဇနာနံကုသလတ္ထိနံ။
ဒါနသီလာဒိသမ္ပုဏ္ဏံ၊တံမေသုဏာထသာဓေဝါ။ ။

(၅) ဂတိံ ဒုက္ခတကာရိနံ၊ဂတိဗ္ဗုဝုညကာရိနံ။
ဒိသုဒ္ဓါသီလသမ္ပန္နံ၊စတ္ဘတိဘာဝနာကမံ။ ။

သုခံ၊ချမ်းသာကို။သေနဇနာနံ၊ရှာမှီးလေ့ရှိကုန်သောလူရှင်ရဟန်း အခန်းခန်းတို့အား။ စရိယာမဂ္ဂဒေသိတံ၊ကျင့်ရာကျင့်ကြောင်း။လမ်းကောင်း အစဉ်ကိုလည်းဟောတော်မူတတ်ထသော။ဗုဒ္ဓ၊ဘုရားရှင်ကိုလည်း။နတ္ထာ၊နမပါ၊ရှိခိုးပါ၏။နတ္ထာ၊ရှိခိုးပြီး၍။ ဥတ္တမံ၊သွက်ခွတာတာ၊စသည့်ခြေံစုံ။ ဂုဏ်အထူးတို့ဖြင့်မြတ်ထသော။ဓမ္မ၊မဂ်လေးတန်၊ဖိုလ်လေးတန်၊နိဗ္ဗာန်ပရိယတ္တိဟုဆိုအပ်သော ဆယ်ပါးသော တရားတော်ကိုလည်း။ နတ္ထာ၊နမာပါ၊ရှိခိုးပါ၏။နတ္ထာ၊ရှိခိုးပြီး၍။ ပုညခေတ္တံ၊ကောင်းမှုတည်းဟူသော မျိုးစေ့တို့၏ စိုက်ပျိုးကြဲချရာ။ လယ်တာမြေကောင်းသဘွယ်ဖြစ်ထသော။ သံဃ၊မဂ္ဂဋ္ဌာန်လေးယောက်

ဖလဌာနိလေး ယောက်ဟု ဆိုအပ်သော။ ဂျစ်ယောက်သော အရိယာ သံဃာတော်မြတ်ကိုလည်း။ နတ္ထာ၊နမာမိ၊ဂိုဠိုးပါ၏။ နတ္ထာ၊ ဂိုဠိုးပြီး၍။ပဲကူးတိ။ ပဲကူးမည်သော။ နဂရသ၊မြို့၏။ ဥတ္တရေ၊မြောက်အရပ်၌။ စူဠဇနပေတိယသဒိပေါ၃ုရားကလေး၏ အနီးဖြစ်သော။ ဝမ်းဘဲအင်း၄ယ ဂါမသ။ ဝမ်းဘဲအင်းသည်၊ အမည်သာသောရွာ၏။ပန္ဆိ မေ၊အနောက်ဖြစ်သော။ ကျောင်းကြီးတိနာမ၊ကျောင်းကြီးမည်သော။ရမ္မေ၊ နှုလုံးမွေ့လျော်ဖွယ်ဘွယ်ရှိသော။အာဝါသေ၊ကျောင်း၌။ဝါသေန၊ဤရိယာမ္ဟ။ယာပထဖြင့်။ဝေဌည္ဆိုရုံး။သိတင်းသုံးနေတော်မူသော။ သုဒဿနေန၊သဒ္ဓါသိလစ။သည်အုပ်စုံ။ဂုဏ်အပေါင်းတို့ဖြင့် တင့်တယ်သော်အမည်ရှိသော။ထေရေန၊မထေရ်သည်။ယာ စိတော၊အာဘိယာစိတော၊ ရှေးရှုလေးမြတ်။ တောင်းပန်အပ်သည်ဖြစ်၍။ စရိယာ မဂ္ဂဒီပနိ၊ စရိယာ မဂ္ဂဒီပနိ အမည်ရှိသော။ဂန္ထံ၊ကျမ်းကို။ကသသာမိ၊ ရေးပေအုံ့။ကုသလတ္ထိနံ၊ကုသိုလ်ကိုအလိုရှိကုန်သော။ဇနာနံ၊လူသူတော်ကောင်းတို့အား။ ဒါနသိလာဒိသမ္ပုဏ္ဏံ၊ ဒါန သိလ အစရှိသည်တို့နှင့် ပြည့်စုံသော။ စရိယာမဂ္ဂံ၊ စရိယာမဂ္ဂဒီပနိ အမည်ရှိသောကျမ်းကို။ လိခိဿံ၊ ရေးပေအုံ့။ တံဂန္ထံ၊ ထိုရေးလတ္တံ့.သောကျမ်းကို။ မေမမ၊ အကျွန်ုပ်၏။ သန္တိကာ၊ အထံမှ။သာဓေဝေါ၊ သူတော်ကောင်းဖြစ်ကုန်သော။ တုမှေ၊ သင်တို့သည်။ သုဏာထ၊နာလင့်ကုန်။ ။ဒုက္ကတကာရိနံ၊ဒါရကမ္ဘ။စသည်အစု။မကောင်းမှုကို ပြုကျင့် လေ့ကျက်လေ့ ရှိကုန်သော သူယုတ်မာ တို့၏။ ဂတိဠ္ဠ၊လားရာမှန်ဘိ။ဒုဂ္ဂတိကိုဌင်း။ပုညကာရိနံ၊ကောင်းမှုကို ဆည်းပူးလေ့ရှိသောသူတော်ကောင်းတို့၏။ ဂတိဠ္ဠ၊ လားရာမှန်ဘိ။သုဂတိကိုဌင်း။ ဝိသုဒ္ဓသိလဿ၊စင်ကြယ်သောသီလရှိသောသူတော်ကောင်းတို့အား။ အာနိသံ၊ သီလ၏အကျိုးအာနိသင်ကိုဌင်း။ ဘာဝနာကမံ၊ဘာဝနာပွါးသောအစဉ်ကိုဌင်း။ စတူတိ၊လေးပါးအပြားရှိ၏ဟူ၍။ဒဠ္ဍဗ္ဗံ၊မှတ်အပ်၏။

ပါဏာတိပါတ၊စသည်အစု။ မကောင်းမှုကို။ ပြုကျင့်လေ့ကျက်သောသူတို့၏လားရာအမှန်။ငရဲ၌ခံရသည်ကိုရင်း။ကုသလစေတနာ၊သဒ္ဓါကြည်ဖြူ။ ပေးလှူသောသူတို့၏ ချမ်းသာမှန်ဘိ။ သုဂတိကိုရင်း။ သိလတည်းဟူသောတန်းဆာကိုပန်ဆင်သော။ လူရှင်ရဟန်း၊အခန်းခန်းတို့၏ကြိုးပန်းသောဥဿာဟအာနိသံသကိုရင်း။ သမထဝိပဿနာ၊ ဘာဝနာ ပွါးသောသူတော်ကောင်းတို့အား။ဈာနမဂ္ဂ။ဖလသုခ၊စသည်တို့၌။မျှားစွါသောအာနိသင်ရှိသော အဖြစ်ကိုရင်း။ပွါးလိုခဏာ။ အလွယ်ရအောင်။ကောက်ရှုရာဖွေ။ရေးဦးပေအုံ့။ ။သေချာစေ့ရ။ဥာဏ်နှင်းရှု၍။သင့်ရာသင့်ရာလွယ်ကူ။ ရွေးနှုတ်၍ယူကြ။ ကြည့်ကြကုန်လော့။ ။ပါဏာသ၊သတ္တဝါကို။အတိ၀၊လျှင်စွာသာလျှင်။ ပါတော၊ချခြင်းသည်။ပါဏာတိပါတော၊ပါဏာတိပါတမည်၏။ဒုဿီသ၊ပါဏာတိပါတ။အစရှိသောမကောင်းမှုကိုပြုသောသူ၏။ ဂတိ၊ လားရာ တည်း။ ဣတိတသ္မာ၊ ထိုသို့ မကောင်းသောအလားရှိသည်အဖြစ်ကြောင့်။ ဒုဂ္ဂတိ၊ဒုဂ္ဂတိမည်၏။ ပါဏာတိပါတ၊ စသည်အစု။မကောင်းမှုကို။ ပြုကျင့်လေ့ကျက်သောသူတို့၏ လားရာအမှန်။ ကျိုးကြောင်းစံကို။ အမှန်သက်သေပြဦးအုံ့။ ။ဗာရာဏသီပြည်၌၊ ဗြဟ္မဒတ်မင်းသည် မင်းပြုတော်မူသတတ်။ထိုအခါ၊ငါတို့၏ ဘုရားအလောင်း တော်သည်ပုဏ္ဏားအမျိုး၌ဖြစ်၍။ ဘွားသောအခါကလျှင်။မြို့ပြပြည်ရွာ။မျှားစွါသောင်းသောင်း။လက်နက်ပေါင်းတို့သည်ထောင်းထောင်းပြီးမျှ။မီးတောက်ကြ၏။ထိုအကြောင်းကိုစွဲ၍။ ဘုရားလောင်းအား။ ဇောတိပါလဟူသောအမည်ကိုမှည့်၏။ ထိုသတို့သားသည်မင်းနှင့်တကွ။ ပရိသတ်တို့အား။သရဝေဒိ၊ဝါဠဝေဒိစသော။ တဆဲ့နှစ်ပါးသောလေးအတတ်ကို ပြပြီးသည်နောက်၌။ ဤသို့ကြို၏။ ငါ၏လေးအတတ်သည် ရာထူးဌာန၊အမိုးရ၍။ ကာမတရားပွါးမျှားခြင်း။ ဆင်းရဲဖြစ်ကြောင်း။ မကောင်းသော။ အကုသိုလ်တရားကိုသာ ဖြင်သည်ဖြစ်၍။ အ

ရှယ် ရောက်လတ်သော အခါ။ ကာမဂုဏ်ကို နှောင်အိမ် သ ဘွယ်၊ စက်ဆုပ် ရွံရှာသဖြင့် စည်းစိမ်ဥစ္စာ။ ရတနာရွှေငွေ၊ များထွေသောင်းသောင်း။မျိုးအပေါင်းကိုပယ်စွန့်ပစ်ပြီးလျှင်။ ရည်ဝါခိုအောင်း။ တောကျောင်းဌိရသေ့ရဟန်းပြု၍။ဗြိဟ္ဒတိုရ် တရားကို ပွါးများအားထုတ်သဖြင့် မကြာမြင့်မီ။ အဘိညာဉ် သမာပတ်တို့နှင့်ပြည့်စုံသည်ဖြစ်၍။ များစွာသောင်းသောင်း။ ရသေ့ အပေါင်း ခြံရံလျက်။ သရဘက် ရှင်ရသေ့ဟု ဇမ္ဗူ။ဒီပ ကျွန်းအလုံး။ထင်ရှားကျော်စောလေ၏။ ထိုအခါ၊ကိသဝစ္ဆ ရှင် ရသေ့သည် ဆရာဖြစ်သော။ သရဘင်ရသေ့ကို ပန်ကြားပြီး လျှင်။ ဖိဖို၏မြတ်နိုးနှစ်သက်ရာ၊ ကုန္ဓဝတီမြို့သို့ချဉ်ဆားမြိုးအုံ့ သောဌာ။ မင်းစားဥယျာဉ်သို့ကပ်တော်မူ၏။ ထိုအခါ၊စစ်သူ ကြီးသည် ကိသဝစ္ဆ ရှင်ရသေ့ကို ဥယျာဉ်၌ ဖူးတွေ့ရ၍။ ထို ဥယျာဉ်၌ပင်ကိုးကွယ်ခြင်း။ပစ္စည်းလေးပါးတို့ဖြင့်ထောက်ပံ့ ခြင်းစသည်တို့ဖြင့်ပြုစု၏။ ကိသဝစ္ဆ ရှင်ရသေ့သည် ဥယျာဉ် ၌ပင်လျှင်ဝိပဿနာဘာဝနာမယ။ ယာပထဖြင့်။ မျှတ ရှင်ပြီး။ သီတင်းသုံးတော်မူသတတ်။ ထိုအခါ၊ ဒဏ္ဍကိမင်း၏အရာမှ နှုတ်။ နိမ့်ယုတ်ခြင်းသို့ ရောက်သော။ ပြည့် တန်းဆာမသည် မကြည်ပင်ပန်း။ နွမ်းရိသောစိတ်ရှိသည်ဖြစ်၍။ ကိုယ်စိတ်၏ ပင်ပန်း။ နွမ်းရိခြင်းမှ ကင်းစိမ့်သောဌာ။ မဂ်လာပြုတော့အုံ့ဟု ဥယျာဉ်သို့လာရာတွင်။ ကိသဝစ္ဆ ရှင်ရသေ့ကို တွေ့မြင်ရသ ဖြင့် ရသေ့ယုတ်ကိုတွေ့ကြုံခဲ့ပြီတကားဟု အမဂ်လာအစု။ မ ကောင်းမှုပျောက်စေခြင်းဌာ။ရသေ့၏အထက်၌။ တံဟူသလိပ် ရွဲခန်းတို့ကို စွန့်ပစ်ပြီးလျှင်။ ဖိဖိအိမ်သို့ပြန်လေ၏။ ထိုအခါ၊ ဒဏ္ဍကိမင်းသည် ၎င်းပြည့်တန်းဆာမကိုသတိရသဖြင့် ခေါ် တော်မူပြီးလျှင်။ ပေးမြတ်ကိုင်းသောရာထူးဌာနကို တာဝန်ပေး သနားတော်မူပြန်၏။ ပြည့်တန်းဆာမလည်း ဝမ်းမြောက်ဝမ်း သာ။အိမ်သို့ပြန်လာ၍။ ချမ်းသာစွာစည်းစိမ်ကိုခံစားလျက်နေ လေ၏။ ထိုအခါ၊ဇရာဘက်။ ကုန်းကွယ်ဝင်းယို။ ပုဏ္ဏားဒေါသည်

အရာမှ လျှောကျသဖြင့်ရှုးသွပ်သောဥပမာပြည်တန်းဆာမအ
ထံသို့လာခဲ့၍။နောက်ထပ်တဘန်။ အရာရ သောအဖြစ်ကိုမေး
မြန်းလိုရကား။ ။ကိုံမောဘဏ္ဍထသုလဒ္ဓိ။ ။စသောစကားကို
ဆိုဏ်။ ။အိုချစ်နှမ၊သင်သည်တမ္ဘကား။အာဘယ်မည်သောသူ
သည် ထောက်ကူသဖြင့်ရင်း။ အာဘယ်မည်သောအဟုန်။ အ
ဘယ်မည်သော အထောက်အပံ့ကြောင့်။ ဤရာထူး ဌာနကို
ရတော် မူပါသနည်း။ အကျွန်ုပ်အား ပြောကြား ပါလောဟု
တောင်းပန်ပြောဆိုလေ၏။ပြည့်တန်းဆာမလည်းမိမိပြုသော
မကောင်းမှုကို ကုန်စင်အောင် ပုဏ္ဏားအား။ မှာကြား ပြော
ဆို၍လွှတ်လိုက်၏။ ပုဏ္ဏားလည်းပြည့်တန်းဆာမ၊ ပြောကြား
သည်အားလျော်စွာ။ဥယျာဉ်သို့သွားပြီးလျှင်။ရ သေ့၏ဆံကျစ်
ကြားခို။ စားပြီးသောတံပူကိုညှပ်ထားခြင်း။ ချဲခန်းတံထွေးတို့
ဖြင့် ရ သေ့၏အထက်ခွပစ်စွန့်၍။ မိမိအိမ်သို့ ပြန်လေ၏။ မင်း
ကြီးလည်း ၎င်းပုဏ္ဏားကို ခေါ်တော်မူ၍။ ရာထူးဌာနကို ပေး
သနားတော်မူ၏။ထိုခဏာခွပင်လျှင်။ နိုင်ငံစွန်းကထကြွကြောင်း
ကိုမင်းကြီးအား။ ကြားလာကုန်၏။ မင်းကြီးလည်းတိုက်ဗျက်
ဆုံသောဌာ။စစ်သည်ဗိုလ်ပါ။မျှားစွာဟီးဟီး။သောင်းသောင်း
ညီးမျှ။ပြည့်ကြီးပူရ။မြို့ဌာနမှ။ထွက်စသောအခါဝယ်။ ရိုက်စ
ကမ်းကူး။ပုဏ္ဏားရှုးလည်း။ အောင်ဗေယတူ။ ခရုလက်ထား။
မင်းပါးသို့ချဉ်းကပ်ပြီးလျှင်။ သံတော်ဦးတင်သည်မှာ။ မင်းတ
ကာတို့ထက်။မင်းဖြစ်တော်မူသောအရှင်မင်းမြတ်၊ စစ်သည်
ဗိုလ်ပါနှင့်တကွအောင်ရာအောင်ကြောင်း။ကောင်းမြတ်သော
မဂ်လာကို ပြုတော်မူပါဘုရားဟု မိမိပြုအပ်သော မဂ်လာကို
လုံးဝအုပ်စုံ။ ကုန်စင်အောင်သံတော်ဦးတင်လေ၏။ မင်းကြီး
လည်း ပုဏ္ဏား လျှောက်သည်နှင့်အညီ။ စားပြီးသော တံပူကို
ရ သေ့၏ဆံကျစ်ကြားခို၍ညှပ်ထားခြင်း။ သလိပ်တံထွေး၊ချဲခန်း
တို့ကိုစွန့်ပစ်ခြင်းကိုပြု၏။ထိုနည်းတူစွာ။ဗိုလ်ပါအပေါင်းတို့၊
စွန့်ပစ် ကြသဖြင့် ရှင်ရ သေ့လည်း နေရာဇူရိယာပုထိမ္ဘ။ ထ

ခြင်းဌာမစွမ်းနိုင်သည်ဖြစ်၍။ ပြင်းစွာနှိပ်စက်ခြင်းဝေဒနာသို့ ရောက်လေ၏။

ထိုအခါ၊ စစ်သူကြီးသည် အလုံးစုံသောသူတို့၏ နောက် မှလာခဲ့၍။ မိမိဆရာ၏ရာ၊ ဥယျာဉ်သို့လာရာတွင်။ ပြင်းစွာပင် ပန်းသောဆရာ၏ ဖြစ်အင်ကို မြင်သောခဏခဲ့ ပင်လျှင်။ ခါး တောင်းခါးနား။ ကြားကြား ကျိုက်ပြီးလျှင်။ တံဟူစသော အ ညစ်အကြေးတို့ကို ပယ်ရှားပြီးမှ။ ရေမိုးသုံးသပ်။ အရပ်ရပ် သောကိစ္စ ပြီးလတ်သော အခါဝယ်။ ဇီးကြည်သောအရပ်၌။ လျှောက်ပတ်စွာ ထားပြီးလျှင်။ သက်သာရာရသောအဖြစ်ကို သိ၍၊လက်အုပ်ချီမိုး။ရှိခိုးပန်ထွာ။လျှောက်သည်မှာကား။ဘုန်း တော်ကြီးသော ရှင်ပင်ဘုရား၊ ယခုပြစ်မှားသောသူတို့ဝယ်။ အဘယ်သို့နှလုံးသွင်းတော်မူပါသနည်းဟုနှားတော်လျှောက် လေ၏။ ရှင်ရသေ့လည်းဥပါသကာ၊ငါသည်တမူကား။ထိုသူ တို့၌။ အပြစ်ဒေါသမရှိစေရ။ ဗြဟ္မဝိဟာရတရားကိုပွါးများ ခြင်းကိုပြုသည်သာတည်း။ ထိုသို့ပြုပြောသော်လည်း နတ်တို့ ၏နှစ်သက်ခြင်းကိုမဖြစ်စေနိုင်ကုန်ရာ။ ခုနစ်ရက်လည်သည် ဖြစ်အံ့။ ဤတိုင်းကို သဲတောင် ဖြစ်အောင်။ နတ်တို့ ဖျက်ဆီး လတ္တံ့။ခုနစ်ရက်အတွင်း။ ဤတိုင်းမှလွတ်အောင်။သင်၏အခြံ အရံတို့ကိုယူဆောင်၍။ပြေးလေလောဟုမိန့်တော်မူ၏။စစ်သူ ကြီးလည်းထိုအကြောင်းကိုကြားသောခဏ၌။ ကြီးစွာသော ထိတ်လန့်ခြင်း ရှိသည်ဖြစ်၍။ အံ့ဆောလျှင်စွာ မင်းကြီးအား။ ကြားလျှောက်လေ၏။ မင်းနှင့်တကွမျှားစွာသောသူတို့သည် စစ်သူကြီးစကားကိုမနာကြကုန်။ စစ်သူကြီးလည်းအလိုသို့မ လိုက်သည်ကိုသိ၍။ မိမိ၏ အခြံအရံနှင့်တကွ။ ခုနစ်ရက် အ တွင်းကုန်ဆုံးတိုမြို့မှ။ လွတ်အောင်ပြေးလေ၏။ မင်းကြီးလည်း ထကြွသောဇနပုဒ်ကို ပြိမ်းစေတော်မူပြီးမှ။ မိမိနန်းတော်သို့ ရောက်သောနေ့၌ပင်။ နတ်တို့သည်မင်းယုတ်မာသည်ရောက် လာပြီတကားဟု သိကြ၍။ ဂြိုးဦးစွာ ရိုးကြီးသည် သည်း

ထနိစ္စာရွာစေ၍။ အပုပ်အစပ် အညစ်အကြေးတို့ကို သမုဒ္ဒ ရာသို့မျှောစေ၏။ထိုနောက်ပြီးခါ။တဖြာသဲဖိုးကိုရွာစေ၏။ သဲဖိုး၏အထက်၌နတ်တို့၏ပန်းဖိုးကိုရွာစေ၏။ပန်းဖိုး ၏အထက်၌။ ပဲဖိုးကိုရွာစေ၏။ ပဲဖိုး၏အထက်၌။ အသ ပြာဖိုးကိုရွာစေ၏။ အသပြာဖိုး၏ အထက်၌။ နတ်တို့၏ ဝတ်ပန်း တန်းဆာဖိုးကိုရွာစေ၏။ ထိုအခါ၊ တိုင်းသူပြည် သား။ လူမျှား အပေါင်းသည် ဝမ်းမြောက် ဝမ်းသာ ခြင်းသို့ ရောက်သည် ဖြစ်၍။ သုံးဆောင် ပြီးသောနေ့။ မသုံးဆောင် သေးသောနေ့ဖြင့်ပြီးသောတန်းဆာအထူးတို့ကိုကောက်ယူ ဆုံ့သောဂျိလုံ့လပြုကြကုန်၏။ ထိုအခါ၊ လူတို့၏အထက်၌။အ လျှံပြောင်ပြောင်တောက်သော။အထူးထူးအပြားပြားရှိသော လက်နက်ဖိုးတို့သည် ပြင်းပြသည်းထန်စွာရွာလတ်၍။ လူ တို့သည်အဝိုင်းအဝိုင်းပြတ်သဖြင့်ယိုစီးသောသွေးရှိသည်ဖြစ် ၍။ ကြီးစွာသောဆင်းရဲခြင်းသို့ ရောက်ကြကုန်၏။ ထိုလက် နက်ဖိုး၏ အထက်၌၊ မီးကျီးစုတို့သည် လွှမ်းမိုး၍။ ကျသ ဖြင့်အတိဒုက္ခ။ ပြင်းပြသောဝေဒနာသို့ ရောက်ကြကုန်၏။ မီး ကျီး၏အထက်၌။ အလျှံပြောင်ပြောင် တောက်သော တောင် ထွတ်တို့သည် ကျကုန်၏။ တောင်ထွတ်တို့၏ အထက်၌။ အ တောင်ခြောက်ဆယ် ရှိသောအရပ်ကို ပြည့်စေလျက်။ သိမ် မွေသောသဲဖိုးသည် ပြင်းပြစွာရွာလတ်၍။ယူဇနာ ၆၀ ရှိ သောကုမ္ဘဝတီ။တိုင်းပြည်ဌာနသည်သဲတောင်အတိဖြစ်ရာရ ၏။ ။ထိုကြောင့်။ စသည်မှနိစ္စာ။ ပြည့်တန်းဆာနှင့်။ ဆရာ ပဏ္ဍိတ်။ပရောဟိတ်မည်။ဒဏ္ဍာကီဟု။ခေါ်မည်သည်ရာ။ ဤသုံး ဖြာကြောင့်။မြင့်ခေါင်တောင်တာ။ ၆၀ သာတည်း။ဗြဟာအ ရ။ တာကျယူဇနာ။ ၆၀ သာတည်း။ ကုမ္ဘဝတီ။တိုင်းပြည်ဌာ နမ်းသဲတောင်ကျသ်ည်။ ။ရိုက်စသုံးဦးအလိုတည်း။

အဝန်းယူဇနာ ၆၀ ရှိသော။ ကုမ္ဘဝတီမင်းနေပြည်သည် ပကတိမူလဖြစ်သော။မြေဟောင်းကိုဖုံးလွှမ်း၍။အတောင် ၆၀

မာတို့ သည်။ အာ ကိဏ္ဏာ၊ ပေါမျှား ပြွန်းတီး ကုန်၏ ဟူ၍။ အကျွတာ၊ဟောကြားတော်မူ၏။ပဋ္ဌေကာ၊တလုံးတလုံးသော ငရဲကြီး၌။ သောဋ္ဌသဉ္ဇဿဒါ၊ တဆဲ့ခြောက်လုံးကုန်သောဥဿ ဒငရဲအခြံအရံရှိကုန်သည်။ ဟောန္တိ၊ဖြစ်ကုန်၏။ ။ရှစ်ထပ် သောငရဲ၌။ မကောင်းမှု အကုသိုလ်ကံကြောင့်။ ခံစံရသော ငရဲသား သတ္တဝါ တို့သည် ပြင်းစွာ ပင်ပန်းခြင်းသို့ ရောက် သည်ဖြစ်၍။ တက်ရာထွက်ရာမရှိ။ရဲရဲပြောင်ပြောင်တောက် လောင်သောသံဒိုး၏အတွင်း၌။ဆင်းရဲကြီးစွာခံကြရာ၏။ ထို ငရဲကိုဝိဂြိုဟ်ဆိုအံ့။ ။ပုညသမတာ၊ကောင်းမှုဟုသမုတ်အပ် ကုန်သော။ဝါ၊ကောင်းမှုဟုဆိုအပ်ကုန်သော။အယာ၊ကောင်း မှုမှ။အပဂတာ၊ကင်းသည်တည်း။ဣတိတသ္မာ၊ ထိုသို့ကောင်း မှုမှ်။ကင်းသောသတ္တိကြောင့်။အပါယော၊အပါယ်မည်၏။ ။ ဇွေ၊ဤငရဲ၌။ သတ္တာ၊သတ္တဝါတို့သည်။ဘဝန္တိ၊ဖြစ်တတ်ကုန် ၏။ဣတိတသ္မာ၊ ထိုသို့ဖြစ်တတ်သောသတ္တိကြောင့်။ ဘုမ္မာ၊ဘုံ မည်၏။အပါယောဝေ၊အပါယ်သည်လျှင်။ဘုမ္မာ၊ဘုံတည်း။ ။ အပါယဘုမ္မာ၊အပါယ်သည်လျှင်ဘုံ။ ။ဇွေ၊ဤငရဲ၌။နေရယိက သတ္တာ။ ငရဲသူသတ္တဝါတို့သည်။ သံပုနပ္ပုနုံ၊ အဘန်တလဲလဲ။ ဇိဝန္တိ၊အသက်ရှည်တတ်ကုန်၏။ဣတိတသ္မာ၊ထိုသို့အဘန်တ လဲလဲ။အသက်ရှည်တတ်သောသတ္တိကြောင့်။သံဇီဝေါ၊သံဇီဝ မည်၏။ ။ထိုငရဲ၌ကျသောသတ္တဝါတို့သည်ခန္ဓာအသစ်။ဖြစ် ခါဖြစ်ခါ၊ကြီးစွာသောဆင်းရဲကိုခံရသော ကြောင့်။သံဇီဝငရဲ ဟုမှတ်အပ်၏။ ။ဇွေ၊ဤငရဲ၌။ ကာဠသုတ္တံ၊ အလျှံတပြောင် ပြောင်တောက်သည်ဖြစ်၍။ မည်းနက်သောမျဉ်းကြိုးကို။ ပါ တေတ္တာ၊ချ၍။အဋ္ဌံသေ၊ ရှစ်မြှောင့်ကိုရင်း။ သောဋ္ဌသော၊တဆဲ့ ခြောက်မြှောင့်ကိုရင်း။ကရောန္တိ၊တန္ဆေတိ၊ကြိုးပန်းအားထုတ်၊ ရုတ်ခါရုတ်ခါ။ရွှေတတ်ကုန်၏။ ဣတိတသ္မာ၊ထိုသို့ရွှေရာဖြစ် သောသတ္တိကြောင့်။ ကာဠသုတ္တံ၊ ကာဠသုတ်မည်၏။ ။ငင်း ငရဲသားသည် ကြီးစွာသောအတ္တဘောသည် ဖြစ်လာ၍။ ကံ

ကောင်းမှု။ ဒုစ္စရိတကံသည်အမှန်ကျရောက်လာသည်ဖြစ်၍။ တိုင်းသူပြည်သား။ မျှားစွာသောင်းသောင်း။ လူအပေါင်းနှင့် တကွ။ယူဇနာ ၆၀ ရှိသောမြို့ကြီးဌာနသည်။ပထဝီပဒေသ။ တစိတ်မျှ မကျန်။ တဘန် သဲတောင်ကြီး ဖြစ်ရခြင်း သည်။ ပစ္စုပ္ပန်ဘဝ၌။ ဖြစ်သောဆင်းရဲ။တမလွန်ဘဝနောက်ကာလ ၌။ပြင်းစွာလှိုက်ဆူ။ပြာပူငရဲ၌။အောဟစ်ခါပြေး။ငိုကြွေးမြည် တမ်းလျက်။ကြီးစွာသောဆင်းရဲကိုခံစားရသည့်အတန်တန် ထိုဒဏ္ဍာကိစသောငရဲသူသတ္တဝါတို့၏ကိုယ်ပေါ်ထက်၌။ ဓိုး ပေါက်ဓိုးပွါးတို့သည်တသဲသဲကျလတ်၍။ ကြီးမားလှသော၊ နိရယဒုက္ခကို ကြားရသိရသော သူတော်ကောင်းတို့သည်။ ဖြတ်၊ယုတ်၊နိမ့်ဖြင့်။မရွေးသင့်ဘိ။ပြစ်မှားသောခဏာ၊အပါယ် သို့ လားရကြောင်းကိုထုံးနည်းစံပြ။ သာဓကသက်သေခံကို ပညာဥာဏ်နှင်းဆ၍။ကဲ့ရဲ့စွပ်စွဲပြစ်မှားခြင်းမှ။ဝေးစွာရှောင် ကြဉ်ကုန်ရာသည်။

ရှစ်ထပ်သောငရဲ၏သရုပ်ကို အကျဉ်းဆိုလိုရကား။ ။ သိဋ္ဌိဝေါကာဠသုတ္တောစ၊သံဃာတောဒေါ့ရောရ္ဗဝေါ။ အထာပ ရောမဟာအဝီစိ၊တာပနောမဟာတာပနော။ ။ဣဿေတေ အဋ္ဌနိရယာ၊အက္ခာတာဒုရဘိက္ခတာဒုရတိက္ကမာ။အာကိဏ္ဏ လုဒ္ဒကမ္မေဟိ၊ပစ္ဆေကာသောဌသုသဒါ။ ။ဟူ၍ဟောတော်မူ ၏။ ။အနက်ကား။ ။သိဋ္ဌိဝေါ၊သိဋ္ဌိဝင်ရဲ့ဌင်း။ကာဠသုတ္တောစ၊ ကာဠသုတ်ဝင်ရဲ့ဌင်း။ သံဃာတော၊သံဃာတင်ရဲ့ဌင်း။ဒေါ့ပါ၊နှစ် ပါးလည်းဖြစ်ကုန်သော။ရောရ္ဗဝေါ၊ရောရ္ဗဝ၊မဟာရောရ္ဗဝင်ရဲ့ ဌင်း။တာပနောစ၊တာပနဝင်ရဲ့ဌင်း။မဟာတာပနောစ၊မဟာတာ ပနဝင်ရဲ့ဌင်း။အထာပရော၊ထိုမှနောက်၌။မဟာအဝီစိ၊မဟာအ ဝီစိဝင်ရဲ့ဌင်း။ နိရယာ၊ဝင်ရဲ့တို့သည်။ဣဿေတေ၊ဣတိဇေတေအဋ္ဌ၊ ဤရှစ်ပါး တို့တည်း။ ဒုရဘိက္ခတာ၊ အလွန်လျှင်လွန်ပြောက် နိုင်ခဲ့၏။ ဒုရတိက္ကမာ၊ အလွန်လျှင်ကူးနိုင်ခဲ့၏။ လုဒ္ဒကမ္မေဟိ၊ မကောင်းမှုဒုစရိုက်ကို ပြုကျင့်လေ့ကျက်ကုန်သော သူယုတ်

အားလျော်စွာ။ ငရဲသား တို့သည် ထားမ ပုဆိန် တို့ဖြင့် ရှစ်ခြောင့်၊ တဆဲ့ ခြောက် ခြောင့်။ ရွေတတ် ခုတ်တတ် သောကြောင့်။ ကာဠသုတ်ငရဲဟုခေါ်ဆိုသည်။ကြောက်မက်ဘွယ်သာတည်း။ ။ဣဿ၊ဤငရဲ၌။ရုရုတိလောဟိတဇာလာ၊အလျှံတပြောင်ပြောင်တောက်သောသွေးအရည်တို့သည်။ ပုဏ္ဏာ၊ပြည့်ကုန်၏။ ဣတိတသ္မာ၊ထိုသို့သွေးအရည်တို့၏ပြည့်ရာဖြစ်သောသတ္တိကြောင့်။ရောရုဝေါ၊ရောရုဝမည်၏။ ။ဤငရဲ၌ကျရောက်သောသတ္တဝါတို့သည် အလျှံပြောင်ပြောင်၊ တောက်သောသွေးအရည်တို့သည် ပြည့်သည်ဖြစ်၍။ ဆင်းရဲကြီးစွာခံကြရ၏။ မဟာနေ့ဘာ၊ မျှားသော၊ရောရုဝေါ၊သွေးအလျှံပြည့်သောဝရဲတည်း။ဣတိ၊ထိုကြောင့်။မဟာရောရုဝေါ၊မဟာရောရုဝမည်၏။ ။မျှားသောသွေးအလျှံပြည့်သည်ဖြစ်၍။ ကြီးစွာသောဆင်းရဲကိုခံရ၏။ ။ယောနိရယော၊အကြင်ငရဲသည်။နိစ္စလေ၊မတုန်လှုပ်ကုန်သော၊သတ္တဝါတို့ကို။ တာပေဆိ၊ပူပန်စေတတ်၏။ ဣတိတသ္မာ၊ထိုသို့ပူပန်စေတတ်သောသတ္တိရှိသောကြောင့်၊သောနိရယော၊ထိုငရဲသည်။ တာပနော၊တာပနမည်၏။ ။ဂင်းတာပနငရဲ၌၊ကျသောသတ္တဝါတို့အား။တုန်လှုပ်ခြင်းမရှိ။ပူပန်စွာခံရာရ၏။ ။မဟန္တံ၊ကြီးစွာ။ကာ၊ပေတိ၊ပူပန်စေတတ်၏။ဣတိတသ္မာ၊ထိုသို့ကြီးစွာပူပန်စေတတ်သောသတ္တိကြောင့်။မဟာတာပနော၊မဟာတာပနမည်၏။ ။သိသာပြီ။ ။ဣဿ၊ဤငရဲ၌။အဂ္ဂိဇာလာနံဝါ၊မီးလျှံတို့၏ဂုဏ်း။ သတ္တာနံဝါ၊သတ္တဝါတို့၏ဂုဏ်း။ဒုက္ခသဝါ၊ဆင်းရဲခြင်း၏ဂုဏ်း။ဝိစိအန္တံ ရံ၊အကြားသည်။ နတ္ထိ၊မရှိ။ ဣတိတသ္မာ၊ထိုသို့အကြားမရှိရာဖြစ်သောသတ္တိကြောင့်။အဝိစိ၊အဝိစိမည်၏။ ။ဂင်းအဝိစိငရဲ၌ကျသောငရဲသားသတ္တဝါတို့သည် မီးလျှံ၏လစ်လတ်သောအကြား။ငရဲသူသတ္တဝါမရှိသောအကြား။ဆင်းရဲခြင်းမှလွတ်၍။ ချမ်းသာရခြင်း၏ အကြားဟု ဆိုအပ်သော။ သုံးပါးသောအကြားမရှိ။မပြတ်မလတ်။ပူပြင်းစွာဆင်းရဲကိုခံရခြင်းသည်။ အ

ရသေ့အပေါင်းခြံရုံလျက်။ ဟိမဝန္တာမှသည် ချဉ်ဆားမှိုးအ သောဌာ။ မင်းဥယျာဉ်သို့ ကပ်တော်မူကြ၏။ လူအပေါင်းတို့ သည် ရှင်ရသေ့တရားကို ကြားနာကြရသဖြင့် ဝမ်းမြောက် ဝမ်းသာ။ ထောမနာစကား။ ပြောကြားကြကုန်၏။ ထိုအခါ၊ တရားမစောင့်သော နာလိကေရမင်းသည် ကြားတော်မူ၍။ ဥယျာဉ်သို့သွားလတ်ပြီးခါ။ရသေ့တို့ကိုရှိခိုးလျက်နေလေ၏။ ထိုအခါ၊ ရှင်ရသေ့သည် နာလိကေရ မင်းအား။ တရား နှင့် လျော်စွာ။ ကြည့်ပါ၏လောဟု မေးတော်မူ၏။ ထိုမျှသောစ ကားဖြင့်မနှစ်သက်သည်ဖြစ်၍။ ဤရသေ့စည်းလဲသည် တိုင်း သူပြည်သူတို့အားငါ၏ကျေးဇူးမဲ့ကိုပြောကြားလတ္တံ့။ ရသေ့ စည်းလဲတို့ကို သိရစေအံ့ဟုနှလုံးပြု၍။ အရှင်ဘုရားတို့၊ နံနက် နန်းတော်သို့ ဆွမ်းဘုဉ်းပေး ကြွကြပါဟု ပြောဆို၍။ ပြန်ပြီး လျှင် မိုးသောက်သောနေ့၌။ ကျင်ကြီးဖြင့်အိုးတို့ကို ပြည့်စေ လျက်။ နံနက်သောအခါ။ ရသေ့တို့လာရာတွင်။ ရသေ့တို့၏ အိုးခွက်တို့၌။ကျင်ကြီးတို့ကိုပြည့်စေလျက်။ တံခါးကိုပိတ်ပြီး လျှင်။ ကျည်ပွေသံချောင်းတို့ကို ကိုင်စေလျက်။ ရသေ့တို့၏ ဦးခေါင်းတို့ကို ခွဲပြီးလျှင်။ မြင်းခေါင်းစသည်တို့ကို ကိုင်ကုန် လျက်ခွေးတို့ကိုကိုက်စေကုန်၏။ နာလိကေရမင်းသည်ထိုအ ရပ်၌ပင်။မြေမျိုခြင်သုနက္ခင်ရဲ့၌ဖြစ်ရ၏။ထိုကြောင့်။ ။ယော သညတောပဇ္ဇဓိတောအ ဆေဒယိ၊ ဝမ္မံဘဏာနေ့ သမဏောအ ဒု သကေ။နာလိကေရံသုနခါပရတ္ထ၊သံဂမ္မခါဒန္တိ ဝိဖန္ဓမာနံ။ ။ ဟူ၍ဟောတော်မူ၏။ ။အနက်ကား။ ။ဘော၊ အိုအချင်း တို့။ယောနာလိကေရော၊အကြင်နာလိကေရမင်းသည်။သည တော၊ကိုယ်နှုတ်နှလုံး။ သုံးပါးကိုစောင့်စည်းခြင်းနှင့်ပြည့်စုံထ သော။ ဝမ္မံ၊ ကုသလကမ္မပထ တရားဆယ်ပါးကိုလည်း။ ဘ ဏာနေ့၊ ဟောတော်မူတတ်ထသော။ သမဏော၊ သမထဝိ ပဿနာ၊ဘာဝနာဖြင့်ပြီမိုးစေတတ်ထသော။အဒု သကော၊ အ ဖြစ်တင်ဘွယ်။ကဲ့ရဲ့ဖိုးစိ။မရှိထသော။ ပဇ္ဇဓိတော၊ကိလေသာ

ကုန်ခန်းအောင်။ ကြိုးပမ်းအားထုတ်လေ့ရှိသောရှင်ရသေ့ကို။ အဆေဒယိ၊ သတ်ဖြတ်ညှဉ်းဆဲခြင်းကိုပြု၏။ တံနာလိကေရုံ၊ ထိုနာလိကေရမင်းကို။ပရတ္ထ၊ တမလွန်ဘဝ။ နောက်ကာလ၌။ သုနခါ၊ ဆင်ပြောင်ပမာဏ။ ကြီးမားလှသောခွေးတို့သည်။ သံဂမ္မ၊ အညီအမျှ။ စုရုံးကြ၍။ ဝိဟန္ဒမာနံ၊ တုန်တုန်ခိုက်ခိုက်နေစဉ်။ ခါဒန္တိ၊ ဘောက်ထွင်းကိုက်ခါ။ စားတို့လာ၏။ ။အဓိပ္ပါယ်ကား။ ။မျှားစွာသောင်းသောင်း၊ လူအပေါင်းတို့၊ နာလိကေရမင်းသည်ကာယဝစီ။မနောချီ၍။ သုံးလိန္ဒါရာ။ စေတနာကိုဘာဝနာဖြည့်မှီး။ သိမ်းဆည်းသော ဝိပဿနာရှိသော။ အတ္တဟိတပရဟိတ မျှားလှထွေထွေ။ ဝေနေယျတို့၏အကျိုးငှါ။ကုသလကမ္မပထတရားဆယ်ပါးကိုဟောကြားပြသ။ဆုံးမတော်မူတတ်သော။သမထဝိပဿနာဘာဝနာဖြင့်ရုံခါဖြည့်သိမ်း။ ငြိမ်းစေတတ်သောလုံ့လလည်းရှိထသော။ ကဲ့ရဲ့ကင်းဘိ။ ပြစ်မရှိသော။ ကိလေသာကုန်ခန်းအောင်။ ကြိုးပမ်းအားထုတ်။ ဥဿာဟပြုလေ့ရှိသောရှင်ရသေ့ကို သတ်ဖြတ်ညှဉ်းဆဲခြင်းကိုပြုသောနာလိကေရမင်းကိုပစ္စုပ္ပန်ဘဝ၌။ မြေမျိုရခြင်း။ တမလွန်ဘဝ၊နောက်ကာလ၌။သုနခငရဲသို့ကျ၍။ ဆင်ပြောင်ပမာဏရှိသော ငရဲခွေးတို့သည် အညီအညွတ်လာကြ၍။ဌက်ပျောဖူးပမာဏရှိသော ငွေသာခွါအဆင်းနှင့်တူသော အစွယ်တို့ဖြင့်ကြောက် ရုံ့တုန်လှုပ်။ ဝိုင်းကြွေးမြည်တမ်းစဉ်ပင်လျှင်။ကိုက်ဘောက်။ စားသောက်ခြင်းစသောနိရယဒုက္ခကိုအာဘန်တလဲလဲ တွေ့ကြုံရ၍။ ကိုယ်အင်္ဂါ ခြေလက်တို့သည် အသစ်အသစ်။ ဖြစ်ခါဖြစ်ခါ။ ကြီးစွာသောဆင်းရဲကိုခံကြရ၏။ ထိုဝဏ္ဏုကိုထောက်သဖြင့် မကောင်းမှုမှ။ ကြောက်ကုန်ရာသည်။

ဝဏ္ဏုတထွေ။ပြဋိုးပေအုံ့။ ။လွန်လေပြီးသောအခါ။မဟိ• သကတိုင်း။ ကာကရာဇဌာနိ၊မင်းနေပြည်၌။အဇ္ဇုနမင်းသည် မင်းပြုသတတ်။ ထိုအဇ္ဇုနမင်းသည် သမင်သားကိုစားလေ့ရှိ

ဖ္ရ၏။ တရံရောအခါ။သမင်ကိုပစ်အံ့သောဌ၊ လေးမြှားစသော လက်နက်ကို ယူဆောင်၍။ တောအရပ်သို့သွားပြီးလျှင်။ သမင်တို့ဆင်းသက်ရာ၌။ချုံပိတ်ပေါင်းကိုကောင်းစွာအုံ့ပြုလျက် ပုန်းအောင်း၍နေလေ၏။ထိုအခါ၊ အဂ်ိရသဂေါတမရှင်ရဟန္တာ သည် သစ်သီးကိုရှာဖွေးလျက်။ အစဉ်သဖြင့်လာလတ်၍။ ပုန်း အောင်းသော အုံ့၏အနီး။ တရသော ကံပြုင်းပင်ကိုတက်၍။ ဆွတ်ပြီးသော သစ်ကိုင်းကို လွှတ်လိုက်၏။ လွှတ်သော သစ် ခက်သံဖြင့် သမင်တို့သည် လန့်၍ ပြေးကြလေ၏။ ထိုအခါ၊ အဇ္ဇုနမင်းသည် ယုတ်မာသော ရဟန်းသည် သားကို ဖျက် ဆီးပြီ တကားဟု အမျက် အားလျော်စွာ။ အဆိပ် လူးသော မြှားဖြင့် ရှင်ရဟန်းကိုပစ်ခတ် လေ၏။ အဂ်ိရသ၊ ဂေါတမရ ဟန်းလည်း မြှားမှန် သော ဝေဒနာ။ ပြင်းစွာ ရောက် သဖြင့် သစ်ပင်မှလျှောသက်။ ရှားရတ်၏ အထက်သို့ ကျသည်ဖြစ်၍။ စုတ္တေ့စိတ်ကျသဖြင့်ဗြဟ္မာ့ပြည်သို့လားရလေ၏။ အဇ္ဇုနမင်း လည်း ထိုခဏ၌ မြေမျိုး၍။ သတ္တိသူလင်ရဲ၌ဖြစ်လေ၏။ ငရဲသို့ ရောက်သောကာလ။ သုံးဂါရုတ်မျှလောက်သော ကိုယ်ရှိ၏။ ထိုငရဲ၌၊အဇ္ဇုနမင်းကို ငရဲထိန်းတို့သည် အလျှံပြောင်ပြောင် တောက်သောလက်နက်တို့ဖြင့် ရိုက်နှက်ပုတ်ခတ်ထိုးသတ် လျက်။ အလျှံတောက်ပြောင်သော သံတောင်သို့တင်၏။ သံ တောင်၏အထက်သို့ရောက်ခါမျှ၌။ ပြင်းထန်သော လေခတ် သဖြင့် ထိုအဇ္ဇုနမင်းသည် လျှောကျသောခဏ။ အောက်မှ ယူဇနာအထုရှိသော။အလျှံတပြောင်ပြောင် တောက် သော သံမြေ၌။ထန်းလုံးပမာဏရှိသော။ပြောင်ပြောင်တောက်သော သံတံကျင်သည်ထိပ်ထက်သို့ကျသဖြင့်သိလျက်တည်လေ၏။ အဇ္ဇုနမည်သောငရဲသား၏ ကိုယ်သည် အလျှံပြောင်ပြောင် တောက်လောင် သည်ဖြစ်၍။ သတ္တိသူလင်ရဲ၌။ ပြင်းစွာမြည် တမ်းလျက်။ ကျက်ရရှာ၏။ ထိုကြောင့်။ ။အထဇ္ဇုနောနိရ ယေသတ္တိသူလေ၊ အဝံသိရောပတိတောဥဒ္ဓံပါဒေါ။အဂ်ိရသံ

ဂေါတမံဟောရယိတ္ထာ၊ခန္ဓိ ံတပသိ ံစိရံဗြဟ္မစာရိ ံ။ ။ဟူ၍ ဟောတော်မူ၏။ ။အနက်ကား။ ။အထ၊ ထိုမှတပါး။ အစ္ဆုနော၊အစ္ဆုနမင်းသည်။ ဂေါတမံ၊ ဂေါတမအနွယ် ဖြစ်သော။ခန္ဓိ ံ၊သည်းခံခြင်းဂုဏ်နှင့်ပြည့်စုံသော။ တပသိ ံ၊ဖြိုးခြိုသောအကျင့်လည်းရှိထသော။ အဂ်ိရသံ၊ အဂ်ိရသအမည်ရှိသော၊ဗြဟ္မစာရိ ံ၊ ဖြတ်သော အကျင့်ရှိသော၊ ရှင်ရသေ့ကို။ ဟောရယိတ္ထာ၊ညွှဉ်းဆဲနှိပ်သတ်။မြှားဖြင့်ခတ်၍။ သတ္တိသူလေ၊ သံလုံတနှိတံကျင်ရှိသော။ နိရယော၊ငရဲ၌။စိရံ၊ကြာမြင့်စွာ။ ဥဒ္ဒံ ပါဒေါ၊ ခြေကားမိုးမြော်။ အဝံသိရော၊ ဦးခေါင်းစောက်ထိုး။ ပတိတောဝ၊ကျရာရ၏။ ။အဓိပ္ပါယ်ကား။ ။လူအပေါင်းတို့။ အစ္ဆုနမင်းမိုက်သည် ဂေါတမအနွယ်ဖြစ်၍၊သည်းခံခြင်းဂုဏ် အလုံးစုံတို့နှင့် ပြည့်စုံသည်ဖြစ်၍။ ဖြိုးခြိုသောအကျင့် ရှိသော အဂ်ိရရှင်ရသေ့ကို ညှဉ်းဆဲပုတ်ခတ်။ မြှားဖြင့်သတ်၍။ သေ သည်မှနောက်ကာလ၌။ကြီးစွာသောသံလုံတနှိတံကျင်ရှိသော။ မဟာအဝီစိငရဲ၌။ဦးခေါင်းစောက်ထိုး။ခြေကားမိုးမြော်။ကျရ သည်ဖြစ်၍။သွေးထွက်ယိုစီး။ပျက်စီးကြေမွ။ ကြီးလှသောနိရယဒုက္ခကိုကြာမြင့်စွာခံစားရ၏။နိရယဒုက္ခသည်လွန်စွာကြောင့် ဘွယ်တကားဟုသံဝေဂတရားကိုနှလုံးထားကုန်ရာသည်။

ကလာဇုမင်း၏ နိရယဒုက္ခကို အကျဉ်းပြလိုရကား။ ။ ယောခဏ္ဍသော ပဇ္ဇဖိတံအဆေဒယိ၊ ခန္ဓိဝဒန်သမဏံအဒူ သကံ။ ကလာဇုဝိစိ ံ ဥပပဇ္ဇ ပစ္စတိ၊မဟာပတာပံကဋုကံဘ ယာနကံ။ ။ဟူ၍ဟောတော်မူ၏။ ။အနက်ကား။ ။ဘော၊ ဒိုလှအပေါင်းတို့။ယောရာဇာ၊ အကြင်ကလာဇုမင်းသည်။သ မဏံ၊ကိုလေသာကိုငြိမ်းစေတတ်သော။ အဒူသကံ၊အပြစ်မရှိ သော။ခန္ဓိ၊ သည်းခံခြင်းအစရှိသောဂုဏ်ကို။ ဝဒန်၊ ဟော တော်မူတတ်သောအလေ့ရှိသည်ဖြစ်၍ဟောထသော။ ပဇ္ဇဖိ တံ၊ ဘေးမဲ့သာခေါင်။ နိဗ္ဗာန်သောင်သို့။ ရောက်အောင်အား ထုတ်လေ့ရှိသော ရှင်ရသေ့ကို။ ခဏ္ဍသော၊အပိုင်းအပိုင်း။ အ

ဆေးယိ၊ဖြတ်၏။သောကလာဇ၊ထိုကလာဇမင်းသည်။မဟာ
ပတာပံ၊ပြင်းစွာပူပန်ခြင်းရှိသော။ ကဋ္ဌုကံ၊ပြင်းထန်သောဝေ
ဒနာရှိသော။ဘယာနကံ၊ကြောက်မက်ဘွယ်ရှိသော။ အဝိစိ၊
အဝိစိငရဲ၌။ ဥပပဇ္ဇ၊ကျ၍။ပစ္စတိ၊ ကျက်ရ၏။ ။ရင်းနှီးသနာ
ဝယ်အဝိပ္ပါယ်ကား။ ။အချင်းတို့၊သတ်ဖြတ်တတ်သောသူ။
ကလာဇသည် ကိုလေသာကို ပြိမ်းစေတတ်သည်ဖြစ်၍။ စင်
ကြယ်ကင်းဘိ၊ ပြစ်မရှိသော။ခန္တိဝါဒိရှင်ရသေ့ကို။ အဘိုင်းအ
ဘိုင်းဖြတ်၏။ ထိုမကောင်းမှု အကုသိုလ်ကံကြောင့်။ ကလာဇ
မင်းယုတ်သည်ပစ္စုပ္ပန်၌မြေမျိုခြင်း။ ပြင်းပြစွာပူလောင်ခြင်းရှိ
သည်ဖြစ်၍။နိရယဝေဒနာ။ အားကြီးစွာဘိစိုးသဖြင့်ကြောက်
မက်ဘွယ် အဆင်း ရှိသော၊ အလျှံ ပြောင်ပြောင်၊ တောက်
လောင်သည်ဖြစ်၍။ အပေါက်အကြားမရှိ။ မဟာ့အဝိစိငရဲ၌။
ဦးခေါင်းစောက်ထိုး။ခြေကားမိုးမြော်။ ထက်လှသောသံလုံတို့
၏အထက်၌ကျ၍။ သွေးပြာယိုစီး။ အဘိုင်းအဘိုင်း ဖြတ်ခြင်းစ
သောနိရယဒုက္ခကို ကြီးစွာခံစားရ၏။ ထိုကြောင့် သူတော်
ကောင်းတို့ကို ပြစ်မှားခြင်း စသော။ မကောင်းမှုမှ။ ဝေးစွာ
ရှောင်ကုန်ရာသည်။

တဆုသက်သေပြဦးပေအုံ့။ ။ဒသဘာတိကဏ္ဍိသားတော်
တို့သည်ကြံကြကုန်၏။ကဏ္ဍဒီပါယနရသေ့သည်ဒိဗ္ဗစက္ခုအ
ဘိညာဉ်ရသည်ဟု ထင်ရှားကျော်စောရ၏။ ထိုရသေ့၏အဖြစ်
ကိုစုံစမ်းအုံ့သောဌာ။ အဆင်းသဏ္ဌာန်နှင့် ပြည့်စုံသော သူကို
တန်းဆာဆင်လျက်။ကိုယ်ဝန်ရှိသောအသွင်ဖြင့်ဝမ်းခွဲသါးရေ
ကိုဘွဲ့စည်းလျက်။ဆောင်ယူပြီးလျှင်။ရသေ့ကိုပြပြီးမှ။ အရှင်
ဘုရား၊ဤသူငယ်သည်ဆောင်သောကိုယ်ဝန်ရှိ၏။ အသို့ဘွား
လတ္တံ့နည်းဟုမေးမြန်းခြင်းကိုပြုကြကုန်၏။ ကဏ္ဍဒီပါယနရှင်
ရသေ့သည်ဒိဗ္ဗစက္ခုဉာဏ်ဖြင့် ကြည့်သည်ရှိသော်။ တကျိပ်
သောမင်းညီနောင်တို့၏ ပျက်စီးအုံ့သောအခါသည်ရောက်ခဲ့
ပြီ။ငါ၏အာယုသင်္ခါရသည်ယနေ့စုတေ့ရလတ္တံ့ဟုမြင်တော်မူ

ဏ္ဍ။ထိုအခါ၊မင်းသားတို့ကိုခေါ်၍။မင်းသားတို့၊ဤသူငယ်သား ဘွားခြင်းသည်သင်တို့အားအဘယ်အကျိုးရှိအံ့နည်းဟုဆိုဏ္ဍ။ အရှင်ဘုရား၊ ပြောဆိုတော်မူပါလောဟုဆိုသည်ရှိသော်။ ဤ သူငယ်မသည် ဤနေ့မှ။ဆုနစ်ရက်မြောက်သောနေ့၌။ ရှားတုံး ဘွားလတ္တံ့။ ထိုရှားတုံးသည်ဝါသုဒေဝမင်းမျိုးတို့ကို ပျက်စီး စေလတ္တံ့။ စင်စစ်သော်ကား။ ဘွားသောရှားတုံးကိုယူ၍။မီး ဖုတ်ပြီးလျှင်။ပြာကိုမြစ်၌ချလေ။လောဟုဆိုဏ္ဍ။ထိုအခါ၊ကဏ္ဍဒီ ပါယနှင်ရသော့ကို မင်းသားတို့သည်ဟယ်၊ စဉ်းလဲသောရ သော့၊ ယောကျ်ားတို့ဟူသည် သားဘွားသည်မရှိဟုဆိုပြီး၍။ ယက်ကန်းကြိုးဖြင့်။ထံနှီးဖူးစည်း၊စည်း၍။သတ်ပုတ်ခြင်းကိုပြု သဖြင့်ထိုအရပ်၌ပင်လျှင်။ကဏ္ဍဒီပါယနှင်ရသော့သည်စုတော့ လေဏ္ဍ။မင်းကြီးတို့သည်ကြားတော်မူလတ်၍။ သားတော်တို့ ကိုခေါ်တော်မူပြီးလျှင်။ရှင်ရသော့ကိုအဘယ်ကြောင့်သတ်ကြ လေကုန်သနည်းဟုလုံးဝအုပ်စုံ။ကုန်စင်အောင်မေးတော်မူသ ဖြင့်ကြားသောခဏာ၌၊ အလွန်ထိတ်လန့်ခြင်းရှိကြသည်ဖြစ်၍။ ထိုသူငယ်အား။ အစောင့်အရှောက်ကိုထားသဖြင့် ဆုနစ်ရက် မြောက်သောနေ့၌။ ရှားတုံးကို ဘွားလေဏ္ဍ။ ထိုရှားတုံးကိုမီး ဖုတ်ပြီးလျှင်။မြစ်၌ပြာကိုမျှောလေဏ္ဍ။ မျှောသောပြာသည်မြစ် ဝတဘက်နံပါး၌၊ ဗြိုကပ်သဖြင့်ရင်းပြာသည် ပြိုနှံးမြက်ပင်ဖြစ် လေဏ္ဍ။ တနေ့သ၌၊မင်းသားတို့သည်သမုဒ္ဒရာ၌ ကစားကုန်အံ့ ဟုကြီးစွာသောမဏ္ဍပ်ကိုဆောက်လုပ်ပြီးလျှင်။ထိုမဏ္ဍပ်ဏ္ဍ၏အ တွင်း၌ပင်လျှင်။ ပွဲသဘင်ကျင်းပသဖြင့် အချင်းချင်းထိပါးသ ဖြင့်နှစ်ဖြာကွဲ၍။ တယောက်သောသူသည် တယောက်သော သူက။ပုတ်ခတ်အံ့ဟုပြိုန်းရွက်ကိုကိုင်ဏ္ဍ။ ကိုင်တိုင်းကိုင်တိုင်း သောပြိုန်းရွက်တို့သည်ရှားလုံ့တန်ဖြစ်၍။အချင်းချင်းပုတ်ခတ် သဖြင့်သေခြင်းပျက်စီးခြင်းသို့ရောက်လေဏ္ဍ။ထိုကြောင့်။ ။ ကဏ္ဍဒီပါယနာသဗ္ဗ၊ဣသိ အန္ဓကဝိန္ဒယော။ အညောညံမရသ လာဟန္ဓာ၊သမ္ဘတ္တာယမသာဝနံ။ ။ဟူ၍ဟောတော်မူဏ္ဍ။ ။

အနက်ကား။ ။အန္ဓကဝိန္ဒယော၊ အန္ဓကဝိန္ဒ၏သားမြေးတို့သည်။ကဏ္ဍဒီပါယနံ၊ ကဏ္ဍဒီပါယနအမည်ရှိသော။ ဣသိ၊ရသေ့ကို။ အာသဇ္ဇ၊ ချဉ်ချယ်ထိပါး။ ရန်းကားသောကြောင့်။ အညောညံ၊ အချင်းချင်း။ မုသလာဟန်နှာ၊ ဂျားကျည်မှေ့ဖြင့် ရိုက်ခတ်။ ပုတ်သတ်ကုန်လျက်။ ယာမသာဝနံ၊ ယာမမင်း၏အာဏာနှုန်းရာ၊ ငရဲရွာသို့။ သမ္ပတ္တာ၊ ရောက်ရှာကြလေ၏။ ။အဓိပ္ပါယ်ကား။ ။အန္ဓကဝိန္ဒ၏သားမြေးမြစ်တို့သည်ကဏ္ဍဒီပါယနရှင်ရသေ့ကိုပုတ်ခတ်၊ သတ်ဖြတ်ခြင်းကြောင့်။ ပစ္စုပ္ပန္နဘဝ အချင်းချင်းပုတ်ခတ်၍။သေကြရခြင်း။နောက်ဘဝ၌၊ငရဲသို့ကျသဖြင့်ကြီးလှသောနိရယဒုက္ခကိုတွေ့ကြုံရ၏။ ထိုကြောင့် နိရယဒုက္ခစသည်မှ။လွတ်ရာလွတ်ကြောင်း။ ကောင်းမြတ်သောကုသိုလ်တရားကို။အားထုတ်ကုန်ရာသည်။

ဝတ္ထုတ္တယထွေ၊ဆိုဦးပေအုံ့။ ။လွန်လေပြီးသောအခါ၊ ငါတို့ဘုရားအလောင်းတော်သည် ဒုနိုးစတ္တာ အမျိုးဌပြစ်၍။ မာတင်္ဂသတို့သားဟုထင်ရှားပြစ်လေ၏။ အကျင့်အားဖြင့်တောအရပ်၌၊ ရသေ့ရဟန်းပြုသဖြင့် မကြာမြင်ဖူး။ အဘိညာဉ် သမာပတ်ကိုရသဖြင့် မာနခက်ထန်သော ဇာတိမဟတ္တ ရှင်ရသေ့ကို ဆုံးမပြီး၍။ ဗာရာ လာသိပြည်မှ။ ထွက်ပြေးသောတသောင်း ခြောက်ထောင်သော ပုဏ္ဏားတို့သည် ယခု အခါ၊ ဘယ်မှာရှိသနည်းဟုဆင်ခြင်သည်ရှိသော်။မဇ္ဈမင်း၏နိုင်ငံ၌၊ နေသည်ကိုသိ၍။ထိုပုဏ္ဏားတို့ကိုဆုံးမအုံ့သောဌာနတန်းခိုးဖြင့် သွား၍။မြို့၏အနီး၌သက်ဆင်းပြီးမှ။သပိတ်ကို လက်စွဲ၍။ မြို့၌ ဆွမ်းခံ အုံ့သောဌာ။ လှည့် လည်၏။ ပုဏ္ဏားတို့ သည် ဘုရားလောင်းကို မြင်၍။ ဤရသေ့သည် မြို့၌နေလတ် သော်။ ငါတို့တည်ရာမရှိပြုသည်ကို ပြုလတ္တံ့ဟုကြံ၍။ လျင်မြန်စွာမင်းကြီးအထံသို့ ကပ်ပြီးလျှင်။ အရှင်မင်းမြတ်၊လှည့်ပတ်တတ် သောဝိဇ္ဇာရိုရှိုးသူသည်ရောက်လာပြီတကားဟု ထိုခိုးသူကိုဘမ်းတော်မူပါဘုရားဟု လျှောက်ကြားလေ၏။ ကောင်းပြီဟုဝန်ခံ

၍။ဘုရားလောင်းလည်းမိသားကဘတ်ကိုယူပြီးလျှင်။အမှတ်မ
ရှိသောနံရံကို မှီလျက်စားလေ၏။ တပါးကို နှုလုံးသွင်းလျက်
စားသော ဘုရားလောင်းကိုမင်း၏အချင်းတို့သည် သနားလျက်
ဖြင့်ပုတ်ခတ်လျက်။ အသက်ကုန်ခြင်းသို့ရောက်စေ၏။ဘုရား
လောင်းမာတင်ရသော့သည် သေလေ၍။ ဗြဟ္မာ့ဗြည်သို့သွား
လေ၏။ ထိုအခါ၊ နတ်တို့အမျက်ထွက်သည်ဖြစ်၍။ အလုံးစုံ
သောမဇ္ဈတိုင်းကို ပြာပူရိုးယိမ်းရှောစေလျက်။တိုင်းမဟုတ်သည်
ကိုပြုလေ၏။ထိုကြောင့်။ ဥပဟာစွမနံမဇ္ဈော၊ မာတင်သို့
ယသသိနေ။ သပါရိသဇ္ဈော ဥဿိုနော၊ မဇ္ဈောရညံ တဒါ အ
ဟု။ ။ဟူ၍ဟောတော်မူ၏။ ။အနက်ကား။ ။မဇ္ဈော၊
မဇ္ဈမင်းသည်။ ယသသိနေ၊ မျှားသော အကျော် အစောရှိ
သော။ မာတင်သို့၊ မာတင်ရသော့၌။ မနံ၊စိတ်ကို။ ဥပဟာစ္စ၊
ထိခိုက်သောကြောင့်။ သပါရိသဇ္ဈော၊ အချင်းအရင်းနှင့် တ
ကွ။ဥဿိုနော၊ အကြွင်းမဲ့ပြတ်လေ၏။ တဒါ၊ထိုမာတင်ရသော့
ကိုပြစ်မှားသောအခါ၌။ မဇ္ဈံ၊မဇ္ဈတိုင်းသည်။ အရညံ၊ တော
ကြီးအတိသည်။အဟု၊ဖြစ်ပြီ။ ။အဓိပ္ပါယ်ကား။ ။အချင်း
တို့၊ မဇ္ဈမင်းသည် မျှားစွာ ကျော်စောခြင်းရှိသော မာတင်ရ
သော့၌။ စိတ်ကိုထိခိုက်သောအားဖြင့် ပြစ်မှားသတ်ဖြတ်ခြင်း
ကြောင့်။ အချင်း အရင်းနှင့် တကွ အကြွင်းမရှိ။ ပြတ်ရှာတိ
၏။ ထိုသို့ပြစ်မှားသတ်ဖြတ်သောအခါ၌၊ မဇ္ဈတိုင်းသည်ပြာပူ
ရိုးယိမ်းရှောသဖြင့်ပစ္စုပ္ပန်ဘဝ၌၊သေကြေပျက်စီးကြသဖြင့်တော
အတိဖြစ်ရ၏။ တမလွန်ဘဝ၌၊ နိရယဒုက္ခကို ခံစားကြရ၏။
ထိုဝဏ္ဏုတို့ကိုထောက်သဖြင့် နိရယဒုက္ခမှ။ လွတ်ရာ လွတ်
ကြောင်း။ ကောင်းမြတ်သော ကုသိုလ် တရားကို အားထုတ်
ကုန်ရာသည်။

ဝဏ္ဏုတာထွေ။ပြဋ္ဌိုးပေအံ့။ ။လွန်လေပြီးသောအခါ၊ ဗာ
ရာဏသီပြည်၌၊ ဗြဟ္မဒတ်မင်းသည် မင်းပြုတော် မှုသတတ်။
ထိုအခါ၊ ငါတို့၏ဘုရားအလောင်းတော်သည်ပုဏ္ဏားဇာတိအမျိုး

ဒ္ဒြစ်၍။သံကိစ္စလုလင်ဟုထင်ရှားကျော်စောလေ၏။ဗြဟ္မဒတ်
မင်းကြီးလည်း သားတော်စုဇ္ဇဗြဟ္မဒတ်မင်းနှင့်တူမျှသော အ
ရှယ်ရှိသည်၏အဖြစ်ကြောင့် သံကိစ္စလုလင်ကိုသားတော်နှင့်
အညီအမျှထားသဖြင့်သားတော်သို့အပ်ထားလေ၏။ထိုအခါ၊
ဗြဟ္မဒတ်မင်းသားတော်သည် အဘာကိုသတ်။ နန်းရပ်ထိုးဖြူ
ကိုလုယူအုံ့ဟုကြံတော်မူပြီးလျှင်။ အဆွေဖြစ်သောသံကိစ္စသ
တို့သားကိုခေါ်တော်မူ၍။ တိုင်ပင်စကား၊ ပြောကြားလေ၏။
ထိုအခါ၊ သံကိစ္စသတို့သားသည် အဘာကိုသတ်ရခြင်းသည်
မျှားသော အပြစ်ရှိ၏ဟုပြောကြား၍။ တားဆီးပိတ်ပင်သော်
လည်း မရသည်၏ အဖြစ်ကိုသိလေ၍၊ မဖြစ်မီ ရှေးအတို့က
လျှင်။ဟိမဝန္တာတောသို့ဝင်၍။ရေသေ့ရဟန်းပြုပြီးလျှင်။ ဘာဝ
နာကို ပွါးသဖြင့်မကြာမြင့်မီ။ အဘိညာဉ် သမာပတ်ကိုရသ
ဖြင့်သစ်မြစ်သစ်သီးသစ်ဥတို့နှင့်မျှတသည်ဖြစ်၍။ သစ်တပင်
ကြား။ ဝါးတပင်အောက် စသည်တို့၌။ မွေလျှော်စွာသိတင်း
သုံးနေတော်မူ၏။ ထိုအခါ၊ဗြဟ္မဒတ်မင်းသည်အဘာကိုသတ်၊
နန်းရပ် ထိုးဖြူကိုလုယူသဖြင့် ကြီးစွာသော ထိတ်လန့်ခြင်းရှိ
သည်ဖြစ်၍။ ထိတ်လန့်ခြင်းမှ ကင်းကြောင်းကိုမေးလို၍။ သံ
ကိစ္စရသေ့ကို။ မြေပဲတွေးမြည်တမ်းလျက်နေလေ၏။ ထိုအ
ခါ၊ သံကိစ္စရှင်ရသေ့သည် ချဉ်ဆားမှိုးအုံ့သောဌ၊။ ဗာရာဏ
သီပြည်၊ မင်းစားဥယျာဉ်သို့ ကပ်တော်မူ၏။ ဥယျာဉ်စောင့်
သည်သိလတ်၍။ သံကိစ္စရှင်ရသေ့လာကြောင်းကို ဗြဟ္မဒတ်
မင်းသားအား။ ပြောကြားလေ၏။ မင်းသားလည်းကြားသည်
နှင့်တပြိုင်နက်။ အဆောလျှင်စွာ။ ဥယျာဉ်သို့လာပြီးလျှင်။ ရ
သေ့၏အထံသို့ချဉ်းကပ်ပြီးမှ။ မိမိ၏ပူပန်ကြောင်းကိုလျှောက်
ထားလေ၏။ ထိုအခါ၊ ဘုရားလောင်းသံကိစ္စရှင်ရသေ့သည်
အဘိညာဉ် တန်းခိုးအားလျှော်စွာ။ ငရဲကြီးရှစ်ထပ်ကို အသိ
သိုးပြ၍။ ဆုံးမတော်မူလိုရကား။ ။ယေဝုဒ္ဓေပရိဘာသန္တိ၊
ဖရှသုပဂ္ဂမာဇနာ။ အနုပစ္စအဒါယဒါ၊ တာလ၀ဏ္ဏု ဘ၀န္တိ

တော။ ။ဟူ၍ဟောတော်မူ၏။ ။အနက်ကား။ ။မဟာရာဇာ၊ မင်းမြတ်။ယေဇနာ၊အကြင်သူတို့သည်။ ဖရှသံ၊ရှန့်ရင်းကြမ်း ကြုတ်စွာ။ ဥပက္ကမာ၊လုံ့လပြု၍။ ဝုဋ္ဌေ၊ အရှယ်အားဖြင့် ကြီး မြတ်သောသူတို့ကို။ပရိဘာသန္တိ၊ ဆဲရေးစွပ်စွဲကုန်၏။ တော၊ ထိုဆဲရေးစွပ်စွဲသောသူတို့သည်။အနုပဠု၊မယားမရှိသည်ဖြစ် ၍။အဒါယဒါ၊သားသျှီးမရှိသည်ဖြစ်၍။ တာလဝတ္ထု၊ဝ၊ထန်းပင် ၎တ်ကဲ့သို့။ဘဝန္တိ၊ဖြစ်ရကုန်၏။ ။အဓိပ္ပါယ်ကား။ ။မင်း မြတ်၊ အကြင်သူတို့သည်ရှန့်ရင်းကြမ်းကြုတ်စွာလုံ့လပြု၍။အ သက်ရှည်အားဖြင့်ကြီးသော။ မြတ်သောသူတို့ကိုဆဲရေးစွပ် စွဲခြင်းကိုပြု၏။ထိုဆဲရေးစွပ်စွဲသောသူတို့သည်သားမယားမ ရှိ။ထန်းပင်၎တ်ကဲ့သို့။ဘဝမျိုးစွာဘို၌။တယောက်ထီးတည်း၊ ဖိခိုရာမရ။လူတုံးဖြစ်ရ၏။အကြင်သူတို့သည်မြတ်သောသူကို ပြစ်မှားသည်ဖြစ်အံ့။ငရဲ၌ကျက်ရသည်၏အဖြစ်ကိုပြအံ့သော ၎။ ။ယောစပဇ္ဇဓိတံဟန္တိ၊ ကတကိစ္စံမဟောသိနံ။ ကာဠ သုတ္တော နိရယော၀၊ စိရရတ္ထာယပစ္စတိ။ ။ဟူ၍ဟောတော် မူ၏။ ။အနက်ကား။ ။မဟာရာဇာ၊ မြတ်သောမင်းကြီး။ ယော၊အကြင်သူသည်။မဟောသိနံ၊ကျေးဇူးအပုံ၊ဂုဏ်အစုကို ရှာဖွေးလေ့ရှိထသော။ကတကိစ္စံ၊ ပြုအပ်ပြီးသောကိစ္စလည်းရှိ ထသော။ ပဇ္ဇဓိတံ၊ ရသေ့ရဟန်းကို။ ဟန္တိ၊သတ်ဖြတ်သည် ဖြစ်အံ့။တသ၊ထိုသတ်ဖြတ်သောသူအား။ကာဠသုတ္တော၊ကာဠ သုတ်အမည်ရှိသော။နိရယော၊ငရဲ၌။စိရရတ္ထာယ၊ ရှည်မြင့်စွာ သောနေ့ညဉ့်တို့ပတ်လုံး။ပစ္စတိ၊ ကျက်ရရှာ၏။ ။အဓိပ္ပါယ် ကား။ ။မင်းမြတ်၊အကြင်သူသည်သီလသမာဓိအစရှိသော ကျေးဇူးအပုံ။ ဂုဏ်အစုကိုဆည်းပူးရှာဖွေးလေ့ရှိသော။ပြုအပ် ပြီးသော ဘာဝနာကိစ္စ၌ မေ့လျော့သော။ ရသေ့ ရဟန်းကို သတ်ဖြတ်ညှဉ်းဆဲသည်ဖြစ်အံ့ထိုသူသည်ရှည်မြင့်စွာနေ့ညဉ့် တို့ပတ်လုံး။ ကာဠသုတ်ငရဲ၌ကြီးစွာသောဆင်းရဲကိုခံရ၏။ထို ကြောင့် မြတ်သောသူကို ပြစ်မှားခြင်းသည် ငရဲ၌ ဖြစ်သော

ဒုက္ခကိုတွေ့ကြုံသည်တကားဟု သံဝေဂတရားကိုအားထုတ်ကုန်ရာသည်။

တရားမစောင့်။ ဖြောင့်မတ်သောအကျင့်မရှိသော မင်းတို့အား။ ပျက်ပြားသောအစဉ်ကို ပြအံ့သောဌာ။ ။ယောစရာ ဇာအခမ္မဌော၊ရဌ္ဌပိဝံသနောမိဂေါ။တာပရိတ္တာဇနုပ္ပဒံ၊တာပနေပစ္ဆပစ္ဆတိ။ ။ဟူ၍ဟောတော်မူ၏။ ။အနက်ကား။ ။မဟာရာဇ၊မင်းမြတ်။ ယောစရာဇာ၊အကြင်မင်းသည်ကား။အခမ္မဌော၊ မင်းကျင့်တရား၊ ဆယ်ပါးဌမတည်။ မိဂေါယထာ သားမိုက်ကဲ့သို့ ဆန္ဒအစရှိသည်တို့၏ အစွမ်းဖြင့် အဂတိသို့လိုက်၍။ရဌ္ဌပိဝံသိနော၊ တိုင်းပြည်နိုင်ငံကိုဖျက်ဆီးတတ်ကုန်၏။ တသ၊ ထိုမင်းမိုက်သည်ကား။ ဇနုပ္ပဒံ၊ ဇနပုဒ်သူ၊ လူအပေါင်းကို။တာပရိတ္တာ၊ပူပန်စေတတ်သောကြောင့်။ ပစ္ဆ၊တမလွန်ဘဝ၌။ တာပနေ၊ တာပန အမည် ရှိသောငရဲ၌။ ပစ္ဆတိ၊ ကျက်ရ၏။ ။အဓိပ္ပါယ်ကား။ ။မင်းမြတ်၊အကြင်မင်းသည် မင်းကျင့်တရား၊ ဆယ်ပါးဌမတည်မှ၍။ သားမိုက်ကဲ့သို့တိုင်းနေပြည်သူ၊ လူအပေါင်းတို့ကိုဆဲရေးမြည်တမ်း။ ပင်ပန်းကြီးစွာ။ နှိပ်စက် ခြင်းကို ပြုတတ်၏။ ထိုမင်းသည် သေသည်မှနောက်ကာလ၌။တာပနငရဲ၌၊ပြင်းစွာပင်ပန်းခြင်းသို့ရောက်၍ကျက်ရ၏။ထိုကြောင့်သူတပါးတို့အား။နှိပ်စက်ခြင်းစသောမကောင်းမှုမှ။ဝေးစွာရှောင်ကုန်ရာသည်။

နှိပ်စက်တတ်သောမင်းတို့အား။နှစ်၏အရေအတွက်ကိုပြလိုရကား။ ။ယာဝဝဿသတဟာ၊ ဿာနိ သတံဒိဗ္ဗာနိပစ္ဆတိ။ အ ဋ္ဌိသဃိပရေတောသော၊ ဒုက္ခံဝေဒေသိဝေဒနံ။ ။ဟူ၍ဟောတော်မူ၏။ ။အနက်ကား။ ။မဟာရာဇ၊မင်းမြတ်။ ယောစရာဇာ၊အကြင်မင်းသည်ကား။ဒိဗ္ဗာနံ၊ နတ်တို့၏အရေအတွက်ဖြစ်ကုန်သော။သတံဝဿသဟာဿာနိ၊အနှစ်တသိန်းတို့ကာလပတ်လုံး။နိရယော၊ငရဲ၌။အ ဋ္ဌိသဃိပရေတော၊မီးလျှံအပေါင်းတို့ဖြင့် ခြိုရံလျက်။ ဒုက္ခံ၊ဆင်းရဲလှစွာသော။ ဝေဒနံ၊

ကြီးစွာသောဝေဒနာကို။ ဝေဒဿိ၊ မပြတ်ခံစားလျက်။ပစ္စတိ၊ ကျက်ရာရ၏။ ။အဓိပ္ပါယ်ကား။ ။မင်းမြတ်၊ အကြင်မင်း ယုတ်သည်ကား။ နတ်တို့၏အရေအတွက်အားဖြင့် အနှစ်တ သိန်းတို့ကာလပတ်လုံး။ ငရဲ၌မီးလျှံ အပေါင်းတို့ဖြင့်ခြုံရုံလျက်။ ဆင်းရဲကြီးလွန်စွာသောဒုက္ခကိုခံစားရသည်ဖြစ်၍။ကျက်ရာရ ၏။ထိုကြောင့် တပါးသောသူတို့အား။ ဆဲရေးပြစ်မှားခြင်းကို မပြုကြရာ။

ငရဲသူသတ္တဝါတို့ခံစားရသောအဖြစ်ကိုပြလိုရကား။ ။ တဿအဂ္ဂိ သိခါကာယာ၊ နိဗ္ဗရန္တိ ပဘာ သရာ။ တေဇော ဘက္ခသဃဂ္ဂာနိလေါမေဟိစနခေဟိစ။ ။ဒုယ္ယမာနေနဂ္ဂေ န၊ နိစ္စိုဏ္ဏရဗါဟိရုံ။ ဒုက္ခာဘိတုန္နောနဒတိ၊ နာဂေါ တုဏ္ဍာ ဗ္ဗ ဟောယထာ။ ။ဟူ၍ဟော်ဟောတော်မူ၏။ ။အနက်ကား။ ။မဟာ ရာဇ၊ မင်းမြတ်။ တဿ၊ ထိုငရဲသူ သတ္တ ဝါ၏။ ကာ ယာ၊ ကိုယ်မှ။အဂ္ဂိသိခါ၊ မီးအလျှံတို့သည်။ နိဗ္ဗရန္တိ၊ ပြိုးပြိုးပြက်။ ပဘာသရာ၊ ထွက်ကြကုန်၏။ တေဇော ဘက္ခသ၊ မီးကိုစား သောငရဲသူသတ္တဝါ၏။ ဂဠာနိ၊ကိုယ်တို့သည်။ လောမေဟိ၊ အမွေးတွင်းတို့နှင့်ရင်း။ နခေဟိ၊ခြေသည်းလက်သည်းတို့နှင့် ရင်း။ သဟ၊ တက္ခ။ ပဘာသရန္တိ၊ ပြိုးပြိုးပြက် ထွက်ကုန်၏။ သော၊ထိုငရဲသူသတ္တဝါသည်။ နိစ္စံ၊အခါခပ်သိမ်း။ အဏ္ဏရဗာ ဟိရုံ၊ကိုယ်တွင်းကိုယ်ပ၊ နှစ်ဌာနကို။ ဒုယ္ယမာနေန၊ရဲရဲပြောင် ပြောင် တောက်လောင်သော။ ဂဠေန၊ ကိုယ်ဖြင့်။ ဒုက္ခာဘိ တုန္နော၊ ဆင်းရဲခြင်းဖြင့် အလွန်နှိပ်စက်သည်ဖြစ်၍။ တုဏ္ဍ ဗ္ဗ တော၊ လုံမချုန်းတောင်းတို့ဖြင့် နှိပ်ကွပ်အပ်သော။ နာဂေါ ယထာ၊ဆင်ပြောင်ကြီးကဲ့သို့။ နဒတိ၊ဟစ်အော်ငိုကြွေး။ဖြည် တမ်း၍ပြေးရာရ၏။ ။အဓိပ္ပါယ်ကား။ ။မင်းမြတ်။ငရဲသူ သတ္တဝါတို့၏ကိုယ်မှ။ မီးလျှံတို့သည်တပြိုင်နက် ပြိုးပြိုးပြက် ထွက်ကြသည်ဖြစ်၍။မီးကိုစားသောငရဲသားသတ္တဝါ၏ကိုယ် တို့သည် မွေးတွင်းတို့နှင့်ရင်း။ ခြေသည်း လက်သည်းတို့နှင့်

ရင်း။တကွပြိုးပြိုးပြက်ထွက်ကုန်၏။ ထိုင်ရဲသူသတ္တဝါသည်အ ဖြိမပြတ် ကိုယ်တွင်း ကိုယ်ပ၌၊ လောင်သော ကိုယ်ရှိသဖြင့် ဆင်းရဲခြင်းဖြင့် နှိပ်စက်သည်ဖြစ်၍။ လုံမချုန်းတောင်းအစရှိ သည်တို့ဖြင့် နှိပ်ကွပ်အပ်သောဆင်ပြောင်ကဲ့သို့။ ဟစ်အော် ငိုကြွေးမြည်တမ်းလျက်။နိရယဒုက္ခကိုတွေ့ကြုံရာကြရ၏။

အကြင် သူသည် တိုင်းပြည်ကို အလိုရှိ၍ရင်း။ ပြစ်မှားလို သောစိတ်ဖြင့်ရင်း။ ပုရိသမာန်ယစ်သဖြစ်ရင်း။ အဘာကိုသတ် ၏။ထိုသူသည်ကာဠသုတ်ဝရဲ၌။ ရှည်မြင့်စွာသောကာလပတ် လုံး။ ကျက်ရသည် တကား။ အကြင်အဘာကို သတ်သောသူ ယုတ်မာသည် ကြေးနီအိုး၌ ကျက်ရ၏။ ကျက်သော ဝရဲသူ သတ္တဝါကိုလည်းလုံမတို့ဖြင့်ထိုးသတ်ကုန်၏။ အရေမရှိသည် ကိုလည်းပြု၏။ ထိုသို့အပြားရှိသောဝရဲသူသတ္တဝါကို မျက်စိ ကန်းသည်ကိုပြု၍။ ကျင်ကြီးကျင်ငယ်တို့ကိုစားသောက်စေ ကုန်၏။ ကြေးနီရေ၌လည်းရပ်စေကုန်၏။ ဝရဲထိန်းတို့သည် ရဲရဲပြောင်ပြောင်။ တောက်လောင်သည်ဖြစ်၍။ ကြိုက်ကြိုက် လှိုက်ဆူ။ ပူလှသောကြေးဆိုင်းကိုရင်း။ ကြာမြင့်စွာပူစေအပ် ကုန်ပြီးသောသံမြှားချိတ်တို့ကိုရင်း။ ယူဝင်ကြိုးဖွဲ့၍။ခံတွင်းကို ဟင်းလင်းပွင့်စေ၍။ ပွင့်သော ခံတွင်း၌။ ရဲရဲ ပြောင်ပြောင်။ တောက်လောင်သော ကြေးနီရေကိုပြည့်စေကုန်၏။ ထိုအာ သတ်ရဲသူ သတ္တဝါ၏ လျှာကိုဖြတ်၍။ ရှေ့သော အဆင်းရှိ သော။ ဆင်ပြောင်ပမာဏရှိသောခွေးတို့သည်ရင်း။ ပြောက် ကျားသောအဆင်းရှိသောခွေးတို့သည်ရင်း။သံနွားတ်သီးဖြင့်ပြီး ကုန်သောဝန်တင်လှည်းပမာဏရှိသောတောကျီးအစရှိသော ဌက်အပေါင်းတို့သည်ရင်း။ ပင်ပန်းနွမ်းရိသော ကျွန်းအစရှိ သောသတ္တဝါတို့ကို သားရောသွေးပါ ဘောက်ထွင်း၍။ စား သောက်ကုန်သကဲ့သို့။ တုန်လှုပ်သောဝရဲသူသတ္တဝါကိုကျတ် ကျတ်ကျတ်ကျတ်မြည်အောင်။ ဝါး၍စားသောက်ကုန်၏။ ဒီး လောင်သော ထန်းပင်ရတ်ကဲ့သို့။ အပေါက်ပေါက် အတွင်း

တွင်း။ ခုတ်ထွင်းအပ်သော ကိုယ်ရှိသော အဘသတ် ငရဲသူ သတ္တဝါကိုငရဲထိန်းတို့သည် ပုတ်ခတ်လျက်။ သွားကြကုန်၏။ မင်းမြတ်၊လူ့ပြည်၌အဘကိုသတ်သောသူတို့သည်။ ထိုနည်း တူစွာ၊ကြေးနီအိုး၌။ကျက်ရှာ၏။

အဘကိုသတ်သည်မှတပါး။ အဝီကိုသတ်သောသတ္တဝါ ကိုပြုတော်မူလိုရကား။ ။ပုဏ္ဏာဝစမာတရံဟာတ္ထိ၊ ဣတောဂတ္ထိ၊ယမက္ခယံ။ဘုသမာပဒ္ဓတေဒုက္ခံ၊အတ္တကမ္မဖလုပဂေါ။ ။ ဟူ၍ ဟောတော်မူ၏။ ။အနက်ကား။ ။ပုဏ္ဏာဝစ၊ သားသည်လည်း။ မာတရံ၊အဝီကို။ ဟာတ္ထိ၊သတ်မိသောကြောင့်။ ဣတောဂ၊ဤလူ့ပြည်မှ။ဂတ္ထိ၊သွားလေ၍။ယမက္ခယံ၊ယမမင်း၏ နေရာ ငရဲရွာ၌။ ဘုသံ၊ ပြင်းစွာ။ ဒုက္ခံ၊ ဆင်းရဲခြင်းသို့။ အာ ပဒ္ဓတေ၊ ရောက်ရ၏။ အတ္တကမ္မ ဖလေန၊ မိမိပြုအပ်သောမ ကောင်းမှုကံ၏ အကျိုးကြောင့်။ ဥပဂေါ၊ ငရဲရွာသို့ရောက်ရ ၏။ ။အဝီပ္ပါယ်ကား။ ။မင်းမြတ်၊သားသည်အမိကိုသတ်မိ သောကြောင့်။ ဤဘဝမှစုတေ့လတ်သော်၊မိမိပြုအပ်သောမ ကောင်းမှု ကံအားလျော်စွာ။ ငရဲရွာ၌၊ ပြင်းစွာသော ဆင်းရဲ ဒုက္ခကိုခံရ၏။ မင်းမြတ်၊ အကြင်သူသည် အမိကိုသတ်သော ကြောင့်။ ငရဲထိန်းတို့သည်အလွန်ပြင်းစွာသံဖြင့်ပြီးကုန်သော လျှော်တို့ဖြင့်။အထပ်ထပ်ရစ်ပတ်၍။ သံယန္တရားတို့၌။ကြေမွ စွာကြိတ်ကြကုန်၏။ အမိကိုသတ်သောငရဲသူကိုကြိတ်သော ကိုယ်မှ။ ယိုစီးသော သွေးတို့ကို မြင်စဉ်ပင်လျှင်။ ထိုငရဲသူ သတ္တဝါတို့အား။ ကိုယ်ကောင်ပကတိ ဖြစ်သော အခါတို့၌။ မည်းမည်း ကြေသော ကြေးနီရေနှင့် တူသော။ ရဲရဲ ပြောင် ပြောင်တောက်သောသွေးကို သောက်စေ ကုန်၏။ စက်ဆုပ် ရွံဘွယ်။ ညှိုညှိုလျှောင်လျှောင်။ အကောင်ပုပ်အဖြစ်သို့ရောက် ၍။ အလွန်မကောင်းသောအနံ့ရှိသော။ မစင်ဟူဆိုအပ်သော ညွန်လည်းဖြစ်ထသော၊ သွေးပြည်နှင့်တူသော.အိုင်သို့လည်း ပစ်ချကုန်၏။ ထိုအမိသတ်ငရဲသားသည် ထိုအိုင်၌သာတည်

နေရဏ်။ ထိုမစင်ငရဲ၌အဓိသတ်သောငရဲသူကိုပိန်းကောလှေ ပမာဏရှိသော သံအပ်နှင့်တူ၏။ ထက်သောနှုတ်သီးရှိသော ဗိုးလောက်တို့သည်အရေကိုကိုက်ဘောက်။ အသားအသွေး တို့ကိုပြင်းစွာစားသောက်ခြင်းကိုပြုကြကုန်ဏ်။ အဓိကိုသတ် သောသူသည် အသူတရာနက်သောငရဲသို့ရောက်၍။ နစ်မွန်း စွာဒုက္ခကို ခံစားလျက်တည်ရဏ်။ ဘင်ပုပ်နံ့သည် ထက်ဝန်း ကျင်မှ။ယူဇနာတိုင်တိုင်ပျံ့.နံ့သည်ဖြစ်၍လိုင်ဏ်။ မင်းမြတ်၊ထို စကားသည်မှန်ဏ်။ မျက်စိရှိသောသူ၏မျက်စိသည်ထိုအပုပ် နံ့ဖြင့်ကြေမွကန်းခြင်းပျက်စီးခြင်းကိုပြုဏ်။အဓိသတ်သောငရဲ သူသည်ထိုသို့သဘောရှိသော၊ ဆင်းရဲကိုခံရဏ်။ ထိုကြောင့် အဓိ သတ်ခြင်း အစရှိသော။ မကောင်းမှုကို ရှောင်ကုန် ရာ သည်။

ဝဏ္ဏ၂တရုဆိုဦးအုံ့။ ။လွန်လေပြီးသောအခါ၊ဗာရာဏသီ မင်းနေပြည်ဝယ်။ စည်းစိမ်ဥစ္စာ၊ ရတနာတို့နှင့်ပြည့်စုံသော၊ ကုဋေ၂မ္ဘီကသူကြွယ်သည် ထင်ရှားရှိသတတ်။ ထိုသူကြွယ်ကို စွဲ၍။ သူကြွယ်မသည် တယောက်သော သို့မိုးကို ဘွားသဖြင့် မျှားစွာသော သူတို့ဏ် နှစ်သက်ခြင်းကို ဖြစ်စေ တတ်သော ကြောင့်။ ဒိယာဟူသော အမည်ကိုမှည့်ကုန်ဏ်။ ထိုသတို့သို့မိုး သည်အဆင်းအဂ်ါနှင့်ပြည့်စုံသည်ဖြစ်၍ ဖွေရုပ်နှင့်တူဏ်။ ထို သတို့သို့မိုးကို ဓိဘတို့သည် ငယ်စဉ်မှစ၍။ ကောင်းစွာစောင့် ရှောက် ထိန်းသိမ်း ခြင်းကိုပြုဏ်။ ထိုသတို့သို့မိုးသည် အရွယ် ရောက်လတ်သောအခါ၊ ကာမဂုဏ်တရား၊မျှားသောအလိုရှိ သည်ဖြစ်၍။အဓိအဘတို့။စောင့်ရှောက်ပြုံးသော်လည်း။ဓိဘ တို့မသိမမြင်စေမူ၍။ယောက်ျားတပါးတို့နှင့်။ကိုလေသာပွါး။ သံသဂ္ဂမျှားသဖြင့် အမှတ်အသား။ထင်ရှားမရှိ။ ဓိဓိဝမ်းဌ်ပဋ္ဌိ သနေ့ စွဲကပ်သည်ကို သိလတ်၍။ ငါသည်တမှုကား။ ဤပဋ္ဌိ သနေ့သည်ကြီးရင့်ခြင်းသို့ရောက်သည်ဖြစ်အုံ့။ အဘမည်သူ ဟုစွဲလမ်းရာမရ။ရှက်ဘွယ်ရှိစွတကားဟုကြံ့သည်အားလျော်

စွာ။ကိုယ်ဝန်ကို ဖျက်ဆီးခြင်းဌာ။ နှိပ်နယ်ခြင်း။ ဖိုးကင်ခြင်း၊ ဆေးစားခြင်း စသည်ကို ပြုသဖြင့် ပြင်းစွာ ပူလောင်သော၊ ဆေးကိုစားသောက်မိသောကြောင့်။ ကိုယ်ဝန်ပျက်ကြွေ။ထို သတ္တိုသို့မိုးလည်းသေဆုံးခြင်းသို့ရောက်ရလေ၏။ ထိုကိုယ်ဝန် ဖျက်သောမိန်းမ၏စံ။ ငရဲ၌ခံရဟန်ကို အမှန်သက်သေ၊ပြဋ္ဌိုး ပေအုံ့။ ။ခုရဝါရမနုဿမ၊တိက္ခံဒုရာဘိသမ္ဘဝံ။ ဒုဂ္ဂံဝဏ္ဏရဏိ နဒိ၊ ပတန္တိ ဂဗ္ဘပါတိနိ ယော။ ။ဟူ၍ဟောတော်မူ၏။ ။ အနက်ကား။ ။မဟာရာဇ၊ မင်းမြတ်။ဂဗ္ဘပါတိ နိ ယော၊ ကိုယ်ဝန်ကိုချသော မိန်းမတို့သည်။ ဒုရာဘိသ မ္ဘဝံ၊ အလွန် ကြောက်မက်ဘွယ်ကိုဖြစ်စေတတ်သော။ တိက္ခံ၊ထက်လှစွာ သော။ ခုရဝါရံ၊ သင်ရုန်းသွားကို။ အနုဿမ၊ လွန်၍။ဒုဂ္ဂံ၊ကူး မြောက်နိုင်ခဲသော။ဝဏ္ဏရဏိ၊ဝဏ္ဏရဏီအမည်ရှိသော။နဒိ၊ ကြီးမိုရိုက်ချောင်းသို့။ပတန္တိ၊ကျရကုန်၏။ ။အဓိပ္ပါယ်ကား။ ။ မင်းမြတ်၊ကိုယ်ဝန်ဖျက်သောမိန်းမတို့သည် အလွန်ကြောက် မက်ဘွယ်ရှိသော။ ထက်လှစွာသော သင်ရုန်းသွားကို နင်းရ သွားရလွန်မြောက်သကဲ့သို့။ကူးမြောက်နိုင်ခဲသော၊ဝဏ္ဏရဏီ အမည်ရှိသောကြီးမိုရိုက်ချောင်းသို့။ ကျရောက်ရကုန်၏။သား ကိုဖျက်သောမိန်းမသည် အလျှံပြောင်ပြောင် တောက်သည် ဖြစ်၍။ကြောက်မက်ဘွယ်ရှိသော၊မီးပုံကြီးကဲ့သို့။ လက်ပံပင် သည်တည်း၏။အလျှံပြောင်ပြောင်တောက်သေါမီးအဟုန်ဖြင့် အထက်သို့။တယူဇနာတိုင်တိုင်တောက်လောင်ခြင်းစ သော၊ ဆင်းရဲကိုခံရာရ၏။ မင်းမြတ်၊ကိုယ်ဝန်ချသောမိန်းမတို့သည် တဆဲ့ခြောက်လက်သစ်အဆူးရှိသော။သံအတိပြီးသော။လက် ပံပင်တို့သည်။ နှစ်ဘက်သောအဘို့တို့၌။ ရှေးရှုဆဲ့ရတက်ရ သဖြင့် ပင်ပန်းခြင်းသို့ ရောက်သည်ဖြစ်၍။ ကူးနိုင်ခဲလှသော။ ဝဏ္ဏရဏီ အမည်ရှိသော။ ကြီးမိုရိုက်ချောင်းသို့၊ ကျရတတ်ရ သည်ဖြစ်၍။ ကြီးစွာသောဆင်းရဲကိုခံရ၏။ ထိုကြောင့်ကာမ ဂုဏ်၌။ လွန်ကျူးပျော်ပါး။လေ၁လည်ခြင်းမျှားသောမိန်းမတို့

သည် ဒိဒိဝမ်းခ္ခ်ိတည်သော သားသွေးတို့ကို နှိပ်နယ်ခြင်း။ ခီး ကင်ခြင်း၊ ဆေးစားခြင်း၊ ပြင်းပြသောဒုက္ခဝေဒနာ။ သေရခြင်း အဆုံးရှိသောပစ္စုပ္ပန်ဒုက္ခ။ လက်ပံ။ ဘင်ဝုပ် စသော။ နိရယ ဒုက္ခဝေဒနာသည် လွန်စွာ နှိပ်စက် ဘိတကားဟု ထိတ်လန့် ခြင်းကိုဖြစ်ကြ၍။ ကာမဂုဏ်တည်းဟူသော။ မြှားထူးပျော်ပါး သွားလာခံစားခြင်းမှ။ ရှောင်ကြဉ်ကုန်ရာသည်။

တိရစ္ဆာန်ကိုသတ်သောငရဲသားအစဉ်ကိုပြအံ့သောဌာ။ ။ ဩရဏ္ဍိကာသူကရိကာ၊ မစ္ဆိကာမိဂဗန္ဓကာ။ စောရာ ဂေါ ဃာတကာလုဒ္ဓါ၊ အဝဏ္ဏဝဏ္ဏကရိကာ။ ။သတ္တိဟိလောဟ ကုဒ္ဒေဟိ၊ နေတ္တိံ သေဟိဥသူဟိစ။ ဟည်မာနှာခါရနှီ။ သမ္ပ တန္တိ အဝံသိရာ။ ။ဟူ၍ဟောတော်မူ၏။ ။အနက်ကား။ ။မ ဟာရာဇ၊ မင်းမြတ်။ ဩရဏ္ဍိကာစ၊ ဆိတ်ကိုသတ်၍။ အသက် မွေးသော သူတို့ကိုဝင်း။ သူကရိကာစ၊ ဝက်ကိုသတ်၍။ အ သက်မွေးသော သူတို့ကိုဝင်း။ မစ္ဆိကာစ၊ ငါးကို သတ်၍အ သက်မွေးသေါသူတို့ကိုဝင်းမိဂဗန္ဓကါစ၊သါးသမင်ကိုသတ် ၍။အသက်မွေးသောသူတို့ကိုဝင်း။စောရာစ၊ ခိုးသူတို့ကိုဝင်း။ ဂေါဃာတကာစ၊ နွားကိုသတ်သော သူတို့ကိုဝင်း။ လုဒ္ဓါစ. ရှုန့်ရင်း ကြမ်းကြုတ်ကုန်သောသူတို့ကိုဝင်း။ အဝဏ္ဏော၊ မချိုး မွမ်းအပ်သော သူတို့ကို။ ဝဏ္ဏကာရိကာစ၊ချိုးမွမ်းခြင်းကို ပြု သောသူတို့ကိုဝင်း။ သတ္တိဟိစ၊ လှံတို့ဖြင့်ဝင်း။လောဟကုဒ္ဒေ ဟိစ။သံဆောံပုတ်တို့ဖြင့်ဝင်း။နေတ္တိံ သေဟိစ၊ သန်လျက်တို့ ဖြင့်ဝင်း။ဥသူဟိစ၊မြှားတို့ဖြင့်ဝင်း။ ဟည်မာနှာ၊ ညှဉ်းဆဲပုတ် ခတ်လျက်။အဝံသိ ရာ၊ဦးခေါင်းစောက်ထိုး။ ခါရနှီ၊ ကြိမ် ဗိုက်ချောင်းသို့။ နိရယပါလာ၊ ငရဲထိန်းတို့သည်။ သမ္ပတန္တိ၊ ပစ်ချကုန်၏။ ။အဓိပ္ပါယ်ကား။ ။မင်းမြတ်၊ ဆိတ်၊ဝက်၊ ငါးကို သတ်၍။ အသက်မွေးသော သူတို့ကိုဝင်း။ သားမှဆိုး တို့ကိုဝင်း။ခိုးသူတို့ကိုဝင်း။ နွားကိုသတ်၍။အသက်မွေးသော သူတို့ကိုဝင်း။ ရှုန့်ရင်းကြမ်းကြုတ်သောသူတို့ကိုဝင်း။မချိုးမွမ်း

အပ်သောသူကို ချီးမွမ်းခြင်းပြုသော သူတို့ကိုရင်း။ ကြောက်မက်ဘွယ် အလျှံပြောင်ပြောင် တောက်သော။လှံမ၊ဆောက်ပုတ်၊သန်လျက်၊မြှားတည်းဟူသောလက်နက်တို့ဖြင့် ထိုးခြင်းခုတ်ခြင်း၊ပစ်ခြင်း၊ ပုတ်သတ်ခြင်းတို့ဖြင့်ပြင်းစွာသောဆင်းရဲကိုပြုပြီးမှ။ဦးခေါင်းစောက်ထိုး။ကြိမ်ပိုက်ချောင်းသို့၊ငရဲသားတို့သည် ပစ်ချသည်ဖြစ်၍။ ပြင်းပြစွာနိရယဒုက္ခကို ခံစားကြရခြင်းသည် ငါးသားအစရှိသော။ သတ္တဝါတို့ကို သတ်ဖြတ်သောသူတို့အား။ကြီးစွာသောဒုက္ခကိုဝေဒွကြရ၏။ထိုကြောင့် ပညာရှိသော ယောက်ျား၊မိန်းမစသော သူတော်ကောင်းတို့အား။ နိရယဒုက္ခကို ကြောက်လန့်သော အားဖြင့် ငါးသားသတ်ခြင်းစသော၊ အကုသိုလ်တရားတို့ကိုပယ်ရှား၍။ ဒါနစသောကုသိုလ်တရားကိုအားထုတ်ကုန်ရာသည်။

ကြက်ဌက်ကိုသတ်သူတို့၏ငရဲကိုပြ၍။ဆုံးမလိုရကား။ ။ အယေမိဂေန မိဂံဟန္တိ၊ပက္ခိဝါပနပက္ခိနာ။ အသန္တော ရဇ သဏ္ဌန္နာ၊ဂတာတေနိရယုသဿဒ္ဓန္တိ။ ။ဟူ၍ဟောတော်မူ၏။ ။ နက်ကား။ ။မဟာရာဇ၊မင်းမြတ်။ ရဇသဏ္ဌန္နာ၊ ကိလေသာတည်းဟူသော မြူဖြင့် မြေးရက်၊ ဖုံးလွှမ်း၊ ပိတ်ပင် အပ်ကုန်သော။ အသန္တော၊သူတော်မဟုတ်။ယုတ်မာကုန်သော။ ယေ ပုဂ္ဂလာ၊ အကြင်ပုဂ္ဂိုလ်တို့သည်။ မိဂေန၊သမင်တိန်ညင်ဖြင့်။ ဝါ၊တယ်သောသမင်ဖြင့်။မိဂံ၊တောသမင်အပေါင်းကို။ဟန္တိ၊ သတ်ကုန်၏။ပက္ခိဝါပန၊ဌက်ကိန်ညင်ဖြင့်။ပက္ခိ၊ဌက်အပေါင်းကို။ ဟန္တိ၊ သတ်ကုန်၏။ တေပုဂ္ဂလာ၊ ထိုပုဂ္ဂိုလ်တို့ သည်။ နိရယုသဿဒ္ဓံ၊ ဥဿဒ္ဓဒေသို့။ ဂတာ၊ ရောက်ကြရ၏။ ။အဓိပ္ပါယ်ကား။ ။မြတ်သောမင်းကြီး၊အကြင်သူသည် တယ်သော သမင်ယဉ်ဖြင့် တောသမင်တို့ကို ပြ၍ သတ်၏။ တယ်ကြက်အစရှိသည်တို့ဖြင့် ကြက်ဌက်စသော သတ္တဝါတို့ကို ဘမ်း၍။သတ်ဖြတ်ခြင်းစသည်ကိုပြု၏။ထိုသူသည်ဥဿဒ္ဓဒေ ဒ္ဓကြီးစွာသောဆင်းရဲကိုခံကြရ၏။

သားငါးအစရှိသော။ သတ္တဝါတို့ကိုသတ်၍။ ငရဲခံသော ငရဲသားတို့အား။ ကြီးမားသော အပြစ်ကို ပြုသ ဆုံးမပြီး၍။ ရှောင်ကြဉ်ရသောသူတို့အား။ မျှားစွာသောအာနိသံသကိုပြ ထို၍။ ။ဇောနိသုတ္တာနိရယာနိ၊ပဏ္ဍိတောအညာနိပါဒိဋ္ဌ တရာနိစေတ္ထ။ခမ္ဗုဇရေသမဏာပြိဟ္ဒဏောသု၊ဇေါကရောသဂ္ဂမ ပေတိဋ္ဌာနံ။ ။ဟူ၍ ဟောတော်မူ၏။ ။အနက်ကား။ ။ မဟာရာဇ၊ မင်းမြတ်။ဇောနိနိရယာနိ၊ ထိုအလုံးစုံသော ငရဲ တို့ကိုရင်း။ ဇွေဇေတေဟိ နိရယေဟိ၊ ထိုငရဲတို့ထက်။ ပါဒိဋ္ဌ တရာနိ၊ အလွန် ယုတ်မာ သောထက် ယုတ်မာ ကုန်သော။ အညာနိစ၊ တပါးသော ငရဲတို့ကိုရင်း။ ပဏ္ဍိတော၊ ပညာရှိ သောသူသည်။သမဏာပြိဟ္ဒဏောသု၊ရဟန်းပုဏ္ဏားတို့၌။ခမ္ဗုံ၊ ကုသလကမ္မပထတရားဆယ်ပါးနှင့်ညီစွာ။ ဖြောင့်မတ်သော တရားကို။ စရေ စရေယ၊ ကျင့်ရာ၏။ ဇေါ စရော၊ ဤသို့တ ရားနှင့်လျှော်စွာကျင့်သောသူသည်။သဂ္ဂံ၊နတ်ပြည်ဟုဆိုအပ် သော။ဌာနံ၊ ချမ်းသာလှစွာ။ ခြောက်ဌာနသို့။ ဥပေတိ၊ရောက် ကြရာ၏။ ။ထိုအခါ၊ဗြဟ္မဒတ်မင်းသည်ထိုငရဲတို့ကိုရင်း။ထိုင ရဲထက် လွန်သော ငရဲတို့ကိုရင်း။ တပါးသော ငရဲတို့ကိုရင်း ကြားရသိရ၍။အမြော်အမြင်ပညာနှင့်ပြည့်စုံသောအမျိုးသား သည် ရဟန်းပုဏ္ဏားအစရှိသော သူတော်ကောင်း တို့အား။ ကုသလတရား။ဆယ်ပါးနှင့်ညီစွာ။ဖြည့်ကျင့်ဆည်းပူးခြင်းကို ပြုကြရာ၏။ ထိုသို့ဖြည့်ကျင့်ဆည်းပူးသော သူတော်ကောင်း တို့အား။ခြောက်ထပ်သောနတ်ပြည်ထွင်။အလိုရှိရာနတ်ပြည် သို့ရောက်ရ၏ဟု သံကိစ္စရှင်ရသေ့၏ တရားစကားကို ကြား နာရ၍။ ဒါနသီလ စသော ကုသိုလ် တရားကို လွန်စွာ အား ထုတ်ပြားသော်လည်း။ ထိုဗြဟ္မဒတ်မင်းသည်အဘကိုသတ် ပိသောအကုသိုလ်ကံကြောင့်။စုတိ၏အခြားမဲ့၍။ အဝီစိငရဲသို့ လားရာရ၏။ ထိုအကြောင်းကို ကြားကြသဖြင့် သူ့အသက် သတ်ခြင်းအစရှိသော။ အကုသိုလ်တရားကို ရှောင်ကြဉ်ကုန်

ရာသည်။ ။(ပါဏာသညာ၊ဝဓကာစိတ္တံ။ဥပက္ကမံဟု။ ။ထိုလုံ့လလေ။အသက်သေသည်။ ။ငါးထွေပါဏာအင်္ဂါတည်း။ ။သတ္တဝါလည်းဖြစ်စေ။သတ္တဝါဟုအမှတ်ရှိစေ။သတိလိုသောစိတ်လည်းရှိစေ။ လုံ့လ လည်းပြုစေ။ ထိုလုံ့လဖြင့်သေစေ။ ၎င်းအင်္ဂါငါးပါးတည်း)။

အဒိန္နသ၊ အရှင်မပေးသော သူတပါးဥစ္စာကို။ အာဒါနံ၊ ခိုးယူခြင်းသည်။ အဒိန္နာဒါနံ၊ အဒိန္နဒါန် မည်၏။ ။လွယ်လင့်တကူ။ သူတပါး၏ဥစ္စာကို ခိုးယူသောသူတို့၏ လားရာ။ ငရဲရွာကို ထင်စွာဝတ္ထုအကျဉ်းပြအံ့။ ။လေးဆဲ့နှစ်ကမ္ဘာထက်၌။ ဗုဒ္ဓသာသနာအမှီးရှိသောသင်္ဃာတော်တို့၏ဆီ၊ ဆန်၊ အစရှိသည်ကိုခိုးယူသုံးဆောင်ပြီးလျှင်။ ဘဏ္ဍာဝထားရာတိုက်ကိုလည်း မီးတိုက်ကြ၏။ ထိုရှစ်သောင်း လေးထောင်သောအမျိုးသားတို့သည်သေသည်၏အခြားမဲ့၌။ ကိုးဆဲ့ နှစ်ကမ္ဘာပတ်လုံး။ငရဲသို့ကျသဖြင့်ကိုယ်ခန္ဓာအသစ်အသစ်။ဖြစ်ခါဖြစ်ခါကျက်ရ၍။ဤဘဒ္ဒကမ္ဘာဝယ်။ အချည်းနှီးသော။ ထမင်းရေစာမှတ်သိပ်လှသော။ ခုဝိပါသပြိတ္တာဖြစ်ကြ၍။ လေးဆူသောဘုရားရှင်တို့၏အကြားဌ၊ ကြီးစွာသောဆင်းရဲကို ခံစားကြရ၍။ ငါတို့ဘုရားလက်ထက်တော်၌၊ရာဇဂြိုဟ်ပြည်။ ဗိမ္ဗိသာရမင်းသည် ဘုရားအမှီးရှိသော သင်္ဃာတော်တို့အား။ ဆွမ်းစသောဝတ္ထုတို့ကိုလှူဒါန်း၍။ပတ္တိဒါန၊ အမျှပေးဝေသောခဏ၊ အနုမောဒနာပြုကြသည်၏အဆုံး၌၊ နတ်ဖြစ်ပြီးသော ချမ်းသာကိုခံစားကြရ၍။ သူတပါးတို့၏ဥစ္စာဘဏ္ဍာတို့ကို ခိုးယူခြင်းအစရှိသော။ အဒိန္နဒါန်သည် မျှားသော အပြစ်ရှိသည် သာတည်းဟုရှောင်ကြဉ်ခြင်းကိုပြုကုန်ရာသည်။

စဉ်းလဲစဉ်းစားခိုးယူသောသူတို့အား။ ငရဲ၌ခံစားရသည်ကိုပြလိုရကား။ ။သာယံပါတော ကုဋ္ဌကာရီ၊ အယောကုဋ္ဌေဟိဟညတိ။ တတောဝန်ဆံ ဒုဂ္ဂတာနံ၊ ပရေသံဘုဥ္ဇတေ

သဒါ။ ။ဟူ၍ဟောတော်မူ၏။ ။အနက်ကား။ ။ဘော၊ ဒိုလူအပေါင်းတို့။ ကုဋေကာရိ၊ စဉ်းလဲ စဉ်းစား ပြုတတ်ကုန်သော။တရားသူကြီးအစရှိသော၊မင်းခယောက်ျားစသောသူတို့ကို။ သာယံပါတော၊ ညနံနက်။ အယော ကုဋေဟိ၊ အလျှံပြောင်ပြောင်တောက်သောသံတူတို့ဖြင့်။ ဟညတိ၊ ပုတ်ခတ်သွားဦးဆဲခြင်းကိုပြု၏။တဝေတာ၊ထိုနောက်မှ။ဒုဋ္ဌတာနံ၊ကူးခတ်နှိုင်ခဲသောတရားသူကြီးအစရှိသော ဇရဲသူသတ္တဝါတို့သည်။ ပရေသံ၊သူတပါးတို့၏။ဝဏ္ဏံ၊အနှိမ်တတ်ကို။သဒါ၊အခါခပ်သိမ်း။ ဘုဉ္ဇတေ၊စားရ၏။ ။အဓိပ္ပါယ်ကား။ ။လူသူတော်ကောင်းအပေါင်းတို့၊ကောက်ကျစ်စဉ်းလဲအနှိုင်အထက်။နှိပ်စက်၍ယူတတ်သော။တရားသူကြီးအစရှိသော။ သူယုတ်မာတို့ကိုညနံနက်၊အလျှံပြောင်ပြောင်တောက်သောသံတူတို့ဖြင့်ပုတ်ခတ်။ သတ်ဖြတ်ခြင်းကိုပြု၏။ပုတ်ခတ်သတ်ဖြတ်ပြီးမှ။ ကူးခတ်နှိုင်ခဲ့သော။ တရားသူကြီးအစရှိသော ဇရဲသူသတ္တဝါသည် သူတပါးတို့၏အနှိမ်တတ်ကိုအခါခပ်သိမ်းစားရသဖြင့် ကြီးလှသောနိုရယဒုက္ခကို တွေ့ကြုံကြရ၏။ ထိုဒုက္ခကို ကြား ကြသဖြင့် အဒိန္နဒါနခံစသောမကောင်းမှုမှ။ရှောင်ကြဉ်ကုန်ရာသည်။

ဇရဲသူသတ္တဝါတို့ခံစားရဟန်ကို တဘန်ပြုလိုရကား။ ။ ဝက်ဘောရ ကာကာဂိဠာ၊ ကာကောလာစ အယော ဖုခါ။ ဝိပ္ပန္နမာနံခါဒန္တိ၊နရံကိပ္ပိသကာရိကံ။ ။ဟူ၍ဟောတော်မူ၏။ ။အနက်ကား။ ။အယောဖုခါ၊ သံနှုတ်သီးဖြင့်ပြီးကုန်သော။ ဘောရ၊ ဘောရဝါရမ္ဘကာ၊ ကြောက်မက်ဘွယ်အဆင်းသဏ္ဌာန်အာရုံလည်းရှိကုန်သော။ ဝက်၊ ကောက်သောလည်နှုတ်သီးလည်းရှိကုန်သော။ကာကာစ၊ အိမ်ကျီးတို့သည်ရင်း။ ဂိဠာစ၊လင်းတတို့သည်ရင်း။ ကာကောလာစ၊ တောကျီးတို့သည်ရင်း။ဝိပ္ပန္နမာနံ၊တုန်တုန်ခိုက်ခိုက်နေစဉ်။ ကိပ္ပိသကာရိကံ၊ ကောက်ကျစ်စဉ်းလဲ။ အနှိုင်အထက်။လုယက်နှိုင်မှု။ခိုးယူတတ်သော။နရံ၊လူကို။ခါဒန္တိ၊ထွင်းဖောက်ထိုးဆွ။စားလေရာ·

၏။ ။အဓိပ္ပါယ်ကား။ ။အချင်းသူတော်ကောင်းတို့၊ သူတပါးဥစ္စာကိုစဉ်းလဲစဉ်းစား။ အနှိုင်အထက်၊ လုယက်နှိုင်မှု။ ခိုးယူတတ်သောလူရှင်ရဟန်းတို့သည် သူတပါးဥစ္စာကို ခိုးယူမိခြင်းကြောင့်။ သေသည်မှ နောက်ကာလ၌။ သံအတိပြီးသောနှုတ်သီး။ ကြောက်လန့်ထိတ်ဘွယ်သောအဆင်းရှိသည်ဖြစ်၍။ ကောက်သောလည်နှုတ်သီးရှိသော။ အိမ်ကျီး၊ တောကျီးလင်းတတို့သည် ထိုငရဲသူ သတ္တဝါအား။ ထိတ်လန့်သည် ဖြစ်၍။ တုန်တုန်ခိုက်ခိုက်နေစဉ်ဘောက်ခွဲထိုးဆွ၍။ စားကြသည်ဖြစ်၍။ ကြီးစွာသော နိရယဒုက္ခကို ခံကြရ၏။ ထိုနိရယ ဒုက္ခကို ကြားကြသိကြရသဖြင့် သူတပါးဘဏ္ဍာကို ခိုးယူခြင်း အစရှိသောမကောင်းမှုမှ။ ဝေးစွာရှောင်ကြဉ်ကုန်ရာသည်။

တနည်းပြလိုသည်ဖြစ်၍။ ။ယေဓိဝလောကသို့ အသာရုကမ္ပိနော၊ အဒိန္နမာဒါယကရောန္တိ ဓိရိတံ။ ဣဓနံရဇတံဇာတရူပဉ္စ၊ အဇေလကဉ္စာပိ ပသုံမဟိံသံ။ တေလုဒ္ဒ ကမ္မာပသ္သာ ဝေတ္ဘာနပါပံ၊ တေမေဇနာသဏ္ဌိဟတာသယန္တိ။ ။ဟူ၍ ဟောတော်မူ၏။ ။အနက်ကား။ ။မဟာရာဇ၊ နေဝိမင်းမြတ်။ ဓိဝလောကသို့၊ အသက်ရှည်သောလူ ပြည်၌။ အသာရုကမ္ပိနော၊ မကောင်းမှုကိုပြုကျင့်လေ့ကျက်တတ်ကုန်သော်။ ယေ အကြင်သူယုတ်မာတို့သည်။ အဒိန္နံ၊ အရှင်သည်ကိုယ်နှုတ်ဖြင့်မ ပေးအပ်သော။ ဣဏံ၊ စပါး၊ ဆန်အစရှိသည်ကိုဝင်း။ ဓနံ၊ ဗျင်းပုဆိုးအစရှိသည်ကိုဝင်း။ ရဇတံ၊ ငွေကိုဝင်း။ ဇာတရူပံ၊ ရွှေကိုဝင်း။ အဇံ၊ ဆိတ်မြန်မာကိုဝင်း။ ဧဠကဉ္စ၊ ဆိတ်ကုလားကိုဝင်း။ ပသုံ၊ နွားကိုဝင်း။ မဟိံသံ၊ ကျွဲကိုဝင်း။ အာဒါယ၊ ခိုးယူ၍။ ဓိရိတံ၊ အသက်မွေးခြင်းကို။ ကရောန္တိ၊ ပြုကြကုန်၏။ လုဒ္ဒကမ္မာ၊ ကြမ်းကြုတ်သောအမှုကိုကျင့်ကုန်သော။ တေ၊ ထိုသူတို့သည်။ ပါပါ၊ မကောင်းမှုအကုသိုလ်ကို။ ပသာ ဝေတ္ဘာန၊ ပွါးစေ၍။ တေ၊ ထိုခိုးယူသောငရဲသူသတ္တဝါအပေါင်းတို့သည်။ သဏ္ဌိဟတာ၊ လုံးမဖြင့်ထိုးဆွကုန်လျက်။ သယန္တိ၊ အိပ်လျက်ခံကြရကုန်၏။ ။

အဓိပ္ပါယ်ကား။ ။မြတ်သောမင်းကြီး၊ ဤလူ့ပြည်ဌာန၊ လူတို့ရှာ၌။ သူတပါးတို့၏ဥစ္စာကို ခိုးယူလေ့ကျက်။ ပြုကျင့်လေ့ ရှိသောသူတို့သည် စပါးအဝတ်ပုဆိုး။ ငွေရွှေတို့ကိုရင်း။ ဆိတ်မြှီမာ။ဆိတ်ကုလား။ နွားကျွဲအစရှိသောသတ္တဝါတို့ကိုရင်းခိုးယူ၍။ အသက်မွေးခြင်းကိုပြုကြ၏။ကြမ်းကြုတ်သောအမှုကိုပြု သောသူတို့သည်မကောင်းမှုကိုပွါးများစေ၍။ထိုင်ရဲသူသတ္တဝါအပေါင်းတို့သည် လုံ့မဖြင့်ထိုးဆွကုန်လျက်။ ကြီးစွာသော နိရယဒုက္ခကိုတုံးလုံးအိပ်ကုန်လျက်၊ခံကြရ၏။ ထိုင်ရဲသူသတ္တဝါတို့ကို မြင်တော်မူသဖြင့် အလောင်းတော် နေမိမင်း သည် ပြင်းစွာသောထိတ်လန့်ခြင်း။ သံဝေဂတရားကို ရတော်မူ၏။ ထိုအကြောင်းကိုထောက်သဖြင့်အမြော်အမြင်နှင့်ပြည့်စုံသော သူတော်ကောင်းတို့သည်သူတပါးတို့၏ ဘဏ္ဍာကိုခိုးယူခြင်း အစရှိသည်တို့မှ။ဝေးစွာရှောင်ကြဉ်၍။ကုသိုလ်တရားကိုအားထုတ်ရာသည်။ ။(သူတပါး၏ဥစ္စာလည်းဖြစ်စေ။ သူတပါးဥစ္စာဟုအမှတ်။ခိုးလိုသောစိတ်။လုံ့လလည်းပြု။ ထိုလုံ့လဖြင့် ခိုးစေ။ဤအင်္ဂါငါးပါးတည်း။ ။ထိုသူတပါး။သိမ်းထားဥစ္စာ။ ဘဏ္ဍာတပါး။သိုဝှေးအမှန်။ထေယျံစိတ်ပ။ ဥဿာဟပေ။တထေ့လုံ့လ။ခိုးယူကြသည်။ ။ဒိန္နင်းတန်အင်္ဂါတည်း)။

ကာမေသု၊ မေထုန်အကျင့်တို့၌။မိန်းမစ္ဆာစာရော၊ မှားသော အားဖြင့် လွန်ကျူး သော အကျင့်သည်။ ကာမေသုမိန်းမစ္ဆာစာ ရော၊ ကာမေသု မိန်းမစ္ဆာစာရမည်၏။ ။မာတုရက္ခိတ အစရှိ သောမိန်းမတို့၌၊လွန်ကျူးသွားလာသော ယောက်ျား။ မိဘလင် ရှတပါး။ အခြားသောသူနှင့်သွားလာပျော်ပါး။ မျှားသောကိ လေသာရှိသော မိန်းမတို့အား။ ကာမေသုမိန်းမစ္ဆာစာရကံသည် အမှန်ဖြစ်ရာ၏။ထိုလွန်ကျူးပျော်ပါး။ သွားလာသောသူတို့၏ လားရာမှန်ဘိ။ဒုဂ္ဂတိကိုပြုလိုရကား။ ။ဇောတဝတ္ထုနိရယော၊ ထဏ္ဍေတိဒိဏကဏ္ဍကေ။နာရိယောအတိစာရိယာ။နရာစပရ

ဒါရဂူ။ ။ဟူ၍ဟောတော်မူ၏။ ။အနက်ကား။ ။ဘော၊ ဘိုရှင်ဘုရားပေါင်းတို့။ အတိစာရိယာ၊ မိမိလင်မှ တပါး။ အခြားသောသူတို့နှင့်သွားလာလွန်ကျူး၍ကျင့်ကုန်သော။ နာရိယောစ၊ သယောက်လင်ငယ်ထားသောမိန်းမတို့သည်ဌင်း။ ပရဒါရဂူ၊သူတပါးသားမယားကိုခိုးယူလျှို့ဝှက်။ကျူးလွန်ဖျက်ဆီးတတ်သော။နရောစ၊လူတို့သည်ဌင်း။ဇော၊ထိုပရဒါရ။ ပြုကျင့်ကြသော။မိန်းမယောက်ျားတို့သည်။ တိဒိဏာဒဏ္ဍာကော၊ထက်လှစွာသောအဆူးရှိသော။တဏ္ဍေ၊ တဏ္ဍနိရယော၊ ထိုလက်ပံပင်ရဲ၌။ ဝဇ္ဇန်၊ ဆင်းရဲကြီးစွာ။ တက်ကြရာကုန်၏။ ။အဓိပ္ပါယ်ကား။ ။သူတော်ကောင်းတို့၊မိမိလင်မှတပါး။အခြားသောသူတို့နှင့်။မေထုန်အမှုဖြင့်လွန်ကျူးပျော်ပါး။ပြုကျင့်လေ့ရှိသော။ မိန်းမတို့သည်ဌင်း။ သူတပါးသားမယားကိုခိုးယူအစု။မေထုန်မှုကိုပြုကျင့်သောသူတို့သည်ဌင်း။ ထိုအတိစာရဒုမှုကို ပြုကျင့်လေ့ကျက် ပျော်ပါးသော။ မိန်းမယောက်ျားတို့သည်ထက်လှစွာသော။ အဆူးရှိသော၊ လက်ပံပင်မှကျကြကုန်၏။ တက်ကြရသည်ဖြစ်၍။ ပြင်းပြလှသောနိရယဒုက္ခကို ဝေဒနာခံကြရ၏။ ထိုကြောင့်လင်ငယ်ယူခြင်း။မယားခိုးခြင်း။အစရှိသောအတိစာရိယအမှုကိုရှောင်ကြဉ်ကုန်ရာသည်။

အကြင်တဏ္ဍေ။ ဆိုဦးပေအုံ့။ ။တေပတန္တိအဝေါခန္ဓာ၊ ဝိဂတ္ကာဝိဟာတာပုထု။သယန္တိဝိနိဝိဒ္ဓဂ္ဂါ၊ဒီဃံဇဂ္ဂတိသဗ္ဗဒါ။ ။ ဟူ၍ ဟောတော်မူ၏။ ။အနက်ကား။ ။ဘော၊ ဘိုရှင်တို့။ တေ၊ ထိုမိမိလင်ကို လွန်ကျူး၍။ ကျင့်သောမိန်းမ။ သူတပါးသားမယားကိုခိုးယူသောယောက်ျားတို့သည်။ အဝေါခန္ဓာ၊ ဦးခေါင်းစောက်ထိုး။ပတန္တိ၊ လက်ပံပင်မှကျကြကုန်၏။ပုထု၊ အသီးအသီး။ဝိဂတ္ကာ၊ စုတ်ပြတ်သောကိုယ်ရှိကုန်သည်။ ဝိဟာတာ၊ပျက်စီးသောကိုယ်ရှိကုန်သည်။ဝိနိဝိဒ္ဓဂ္ဂါ၊ ထိုးကျင်သောကိုယ်ရှိကုန်သည်ဖြစ်၍။ ဒီဃံ၊ ရှည်စွာသောနေ့ညဉ့်တို့ ပတ်လုံး။သဗ္ဗဒါ၊ အခါခပ်သိမ်း။ဇဂ္ဂတိ၊အိပ်ရခြင်းမရှိကြကုန်။ ။

အဓိပ္ပါယ်ကား။ ။အတိစာရိတအမှု၌။ လွန်ကျူးပျော်ပါး။ သွားလာပြုကျင့်သောမိန်းမယောက်ျားအား။ဦးခေါင်းစောက်ထိုး။လက်ပံပင်မှကျကြ၍။ အသီးအသီး၊ စုတ်ပြုတ်ပျက်စီး။အပေါက်ပေါက်အထွင်းထွင်း၊ ထိုးကျင်သည်ဖြစ်၍။ဂျည်မြင့်စွာသောနေ့ညဥ့်ပတ်လုံး။ အခါခပ်သိမ်း။ အိပ်ရခြင်းမရှိ။ ကြီးလှသော နိရယဒုက္ခကို ဝေဒနာခံကြရ၏။ ထိုကြောင့်။နိရယဒုက္ခမှ။ ကင်းစေခြင်းငှါ။ကိလေသာကိုဘာဝနာဖြည့်သိမ်း၍။ ငြိမ်းစေကုန်ရာသည်။

အကြင်တထွေ။ ဆိုဦးပေအုံ့။ ။တတောရတျာပိဝသာနေ၊မဟာတိ ပဗ္ဗတူပမံ။ လောဟာကုန်ကို ပဝဇ္ဇနီ တတ်ကြွအဂ္ဂိသမောဒကံ။ ။ဇေဝံနိဝါစရတ္ကြောစ၊ ဒုဿီလာမောဟပါရုတာ။ အနုဘောဇ္ဈိသက်ကမ္မံ။ ။ဟူ၍ဟောတော်မူ၏။ ။အနက်ကား။ ။တတောဝ၊ ထိုလက်ပံပင်ရဲမှကျသောနောက်မှ။ရတျာပိဝသာနေ၊ ဂျည်မြင့်စွာသောနေ့ညဥ့်တို့၏အဆုံး၌။ မဟာတိ ၊ကြီးမားလှစွာသော။ပဗ္ဗတူပမံ၊ တောင်အတိုင်းအဂျည်ရှိသော။ တတ်ကြွ၊ရဲရဲပြောင်ပြောင်တောက်လောင်သော။ အဂ္ဂိသမောဒကံ၊ မီးနှင့်တူသောရေရှိသော။ လောဟာကုန်ကို ၊ကြေးနီဆိုး၌။ပဝဇ္ဇနီ၊ ရုပ်ကြွရကုန်၏။ ။ဇေဝံ၊ဤသို့ဆိုအပ်ခဲ့ပြီးသောနည်းဖြင့်။ဒိဝါစ၊နေ့၌ရင်း။ ရတ္တောစ၊ညဥ့်၌ရင်း။ မောဟပါရုတာ၊မောဟဖုံးလွှမ်းအပ်ကုန်သော။ဒုဿီလာ၊ သူတပါးသားမယားကိုကာမဂုဏ်ဖြင့်ခိုးယူဖျက်ဆီးတတ်သောသူယုတ်မာတို့သည်။သက်၊မိမိသည် မေထုန်အမှုဖြင့်ပြုအပ်သော။ ကမ္မံ၊ ပြုအပ်သောအကုသိုလ်ကံကို။အနုဘောဇ္ဈိ၊ ကံအားလျော်စွာခံစားရကုန်၏။ ။အဓိပ္ပါယ်ကား။ ။ထိုလက်ပံပင်မှ ကျသော၊နောက်ကာလ၌။ ဂျည်မြင့်စွာသောနေ့ညဥ့်တို့၏အဆုံး၌။တောင်မျှအတိုင်းအဂျည်ပမာဏရှိသော။ ရဲရဲပြောင်ပြောင်တောက်လောင်သော၊မီးလျှံအဆင်းနှင့်တူသော။ကြေးနီရေရှိသောကြေးဆိုး၌။ရုပ်နစ်ကြရ၏။ ဤနည်းဖြင့်နေ့ညဥ့်တို့၌ရင်း။

မောဟဖြင့် ဖုံးလွှမ်း ဒိတ်ပင်အပ်ကုန်သော။ သူတပါးသားမ ယားတို့၌။မေထုန်ဖြင့်လွန်ကျူးပြစ်မှားသောမိန်းမယောကျ်ား တို့သည်မိမိပြုအပ်သောမေထုန်အကျင့်သည်ပြုအပ်သောအ ကုသိုလ်ကံအားလျော်စွာ ပြင်းပြသော။ နိရယဒုက္ခကိုခံကြရ ၏။ ထိုကြောင့်ပညာရှိသူတော်ကောင်းဖြစ်ကုန်သောဥပါသ ကာ။ ဥပါသိကာတို့သည်အတိစာရိယအမှန်။ ကာမေသုမိစ္ဆာ စာရကံသည် ငရဲ၌ခံရကြောင်းကိုသိကြ၍။ ဒါနသီလဘာဝ နာကို။အခါခါဖြည့်သိမ်း၍။ပြိမ်းစေကုန်ရာသည်။

အဆင့်စကား။ ကြားဦးအုံ့။ ။သာဝတ္ထိပြည်ဝယ်။ အနာ ထပိဏ်သူဌေး၏တူဖြစ်သော။ ခေမကအမည်ရှိသောသူဌေး သားသည်ထင်ရှားရှိသတတ်။ ထိုခေမကအမည်ရှိသော သ တို့သားသည်လှပတင့်တယ်။ရှုချင်ဘွယ်သောအဆင်း။ကိုယ် အင်္ဂါနှင့် ပြည့်စုံခြင်းသို့ရောက်၏။ ထိုခေမက သတို့သားကို မြင်ကြသောမိန်းမတို့သည် မိမိတို့၏ ပကတိသော အားဖြင့် ဆောက်တည်ရာမရ။ဆွတ်ဆွတ်ချနှဲချနှဲတုန်လှုပ်သောကိုယ်ရှိကြ၍။ တပေါင်းတည်းမွဲချို၍ထားသောဝါးတို့ကိုတချက်တည်းဖြည် ၍ချသဖြင့်ဖယိုဖရဲ။ ကွဲပြားခြင်းသို့ရောက်သကဲ့သို့။ မိမိတို့၏ ကာမဂုဏ်စိတ်သည် ထိုခေမကသို့ ပြေးသွားကြလေ၏။ ထို ခေမကသည်အဆင်းဥစ္စာ။ ရတနာတို့ကိုစွဲ၍။ပရဒါရ၊ ကာ မေသုမိစ္ဆာစာရ ကံသည် အမှန် အား ကြီး သော အဖြစ်သို့ ရောက်သည်ဖြစ်၍။ မင်းချင်းယောကျ်ားတို့သည် ခေမကကို ဘမ်းယူပြီးလျှင်။မင်းအားဆက်ကြလေ၏။ မင်းလည်းထိုခေမ ကကိုလွတ်စေပြီးလျှင်။အနာထပိဏ်သူဌေးအား။ ပြောကြား လေ၏။ထိုအခါ၊ အနာထပိဏ်သူဌေးသည် တူဖြစ်သောခေမ ကကိုခေါ်၍။ ကျောင်းတော်သို့ သွားပြီးလျှင်။ ဘုရားရှင်အား။ ခေမကပြုကျင့်သော။ အမှုအရာကိုကုန်စင်အောင်။ လျှောက် ကြားပြီးလျှင်။ထိုခေမကအား။တရားရေး။တိုက်ကျေးတော် မှုပါဘုရားဟုလျှောက်ကြားလေ၏။ထိုအခါ၊မြတ်စွာဘုရားသ

ခင်သည်ခေမကအား။ သံဝေဂတရားဖြင့် ဟောကြားတော်မူလို၍။ ။စတ္တာရိဋ္ဌာနာနိနရောပမတ္တော၊ အာပဇ္ဇတိ ပရေဒါရုပသေဝိ။အပုညလာဘံ နနိကာမသေယျ၊နိန္ဒံ တတိယံနိရယံ စတုတ္ထံ။ ။အပုညလာဘောစဂတိစ၊ ပါပိကာ ဘိတဿ ဘိတာယ။ ရတိစထော ကိကာရာဇာဝဒဏ္ဍံ၊ ဂရုကံပနေတိ တဿဘာနရောပရေဒါရံနသေဝေ။ ။ဟူ၍ဟောတော်မူ၏။ ။ အာနက်ကား။ ။ပရေဒါရုပ သေဝိ၊ သူ့မယားကို လွန်ကျူးလေ့ရှိသော။ ပမတ္တော၊ ကုသိုလ် ကောင်းမှု၌။ မေ့မေ့ လျော့လျော့။ ပေါ့ပေါ့တန်တန်နေသော။ နရော၊လူသည်။ စတ္တာရိ၊ လေးပါးကုန်သော။ ဋ္ဌာနာနိ၊ ဒုက္ခ၏ အကြောင်းတို့သို့။ အာပဇ္ဇတိ၊ရောက်၏။အပုညလာဘံ၊ အကုသိုလ်ကိုရခြင်းသို့၎င်း။ နနိကာမသေယျ၊အလိုအတိုင်းမအိပ်ရခြင်းသို့၎င်း။ တတိယံ၊ သုံးခမြောက်။နိန္ဒံ၊ကဲ့ရဲခြင်းသို့၎င်း။ စတုတ္ထံ၊လေးခမြောက်။နိရယံ၊ ငရဲခံရခြင်းသို့၎င်း။ အာပဇ္ဇတိ ရောက်၏။ အပုညလာဘောစ၊ မကောင်းမှုကိုရခြင်းသည်၎င်း။ ဂတိစ၊လားရာဂတိသည်၎င်း။ ပါပိကာ၊ ယုတ်မာ၏။ ဘိတဿ၊ ကြောက်သောယောက်ျား၏။ဘိတာယ၊ ကြောက်သောမိန်းမ၌။ ရတိစ၊မွေ့လျော်ခြင်းသည် လည်း။ ထောကိကာ၊ အနည်းငယ်မျှ သာတည်း။ ရာဇာစ၊မင်းသည်လည်း။ ဂရုကံ၊လေးသော။ ဒဏ္ဍံ၊ ဒဏ်ကို။ ပနေတိ၊ ဖြစ်စေ၏။ တဿဘာ၊ထိုကြောင့်။ နရော၊ လူသည်။ပရေဒါရံ၊သူတပါးတို့၏သားမယားကို။ နသေဝေ၊ မမှီဝဲရာ။ ။အဓိပ္ပါယ်ကား။ ။သူဌေးသား၊ သူတပါးတို့၏သားမယားကိုဖြစ်မှားလွန်ကျူးလေ့ရှိသည်ဖြစ်၍။ကုသိုလ်ကောင်းမှုအစရှိသည်တို့၌။ မေ့မေ့လျော့လျော့။ ပေါ့ပေါ့တန်တန်နေသောသူသည် အပါယ်လေးပါး။ လားခြင်းသို့ ရောက်၏။ မကောင်းမှုအကုသိုလ်ကံကိုရခြင်းကြောင့်။ အလိုရှိတိုင်း၊ ချမ်းသာစွာ မအိပ်ရသောအဖြစ်သို့၎င်း။ သုံးခမြောက်၊ ပညာရှိတို့ကဲ့ရဲခြင်းသို့၎င်း။လေးခမြောက်။နိရယဒုက္ခကို ပြင်းပြစွာခံရ

ခြင်းသို့ရောက်ရ၏။ မကောင်းမှုအကုသိုလ်တရားကို ရခြင်းသည်ရင်း။ လားရာ ဂတိသည်ရင်း ယုတ်မာစွာ၏။ ကြောက်သောယောက်ျားနှင့် ကြောက်သောမိန်းမတို့မှေ့လျော်ရခြင်းသည်အနည်းငယ်မျှသာတည်း။အဂမနီယ၊ အတိစာရိယအမှုကိုပြုကျင့်လေ့ကျက်ပျော်ပါး။ စံစားသောမိန်းမယောက်ျားတို့ကို မင်းတို့သည်ဦးခေါင်းဖြတ်ခြင်း။ တိုင်းပြည်မှနှင်ထုတ်ခြင်း။မျှားသောဥစ္စာဒဏ်ကိုပေးခြင်း။အစရှိသောပျက်စီးခြင်းသို့ရောက်ရာ၏။ ထိုကြောင့် ပရဒါရအမှုကို မပြုကျင့်ဘဲ။ကုသိုလ်တရားကိုသာ။အားထုတ်ကုန်ရာသည်။

သက်သေတခု။ အကျဉ်းပြုအံ့။ ။ကသပ ဘုရားရှင် ၏ လက်ထက်တော်၌။ကုဋေလေးဆယ်ပြည့်စုံ ကြွယ်ဝသောသူဌေးသားလေးယောက်တို့သည် တူမျှသော အကြံရှိသည်ဖြစ်၍။အသပြာ ၄ ပေးသဖြင့်ပရဒါရကံကိုမျှားစွာလွန်ကျူးပြစ်မှားရ၏။ ထိုလေးယောက်သောသူတို့သည်စုတော့လတ်သော်။ မဟာအဝီစိငရဲသို့ ရောက်ကြလေ၏။ ထို မဟာအဝီစိ ငရဲမှ သည်ယူဇနာသုံးဂါဝုတ်အထက်သို့တက်သည် တိုင်အောင်။ ရှည်မြင့် စွာသောကာလပတ်လုံး။ ခံရပြီးမှ။ တဘန်လောဟကုန်ဟု၊ကြေးနီအိုးခွ။ ဦးခေါင်း စောက်ထိုး၊ အနှစ်သုံးသောင်းတိုင်တိုင်ကျ၍။ တဘန်အနှစ်သုံးသောင်းတိုင်မှ။ အိုးဝသို့ပေါ်လာ၍။ ဖိဖိတို့၏ ဆန္ဒအားလျော်စွာ။ ဂါထာဖြင့်အသီးအသီးရွတ်လို၍။ဒု၊သာ၊နု၊သော၊မျှကိုသာ။ တလုံးတလုံးစီ ရွတ်ကြ၍။ အောက်သို့ ကျရ၏။ထိုဂါထာကိုပြုလိုရကား။ ။ဒုဇ္ဇိုဝိတမ ဇိုဝိမှ၊တောသံနောနုဒဒါမသေ။ ဝိဇ္ဇမာနေသုဘောဂေသု၊ ဒီပံ နုကမှမဇ္ဇတေ။ ။သဒ္ဓိဝဿသဟဿာနိ၊ ပရိပုဏ္ဏာနိသဋ္ဌိ သော။နိရယေပစ္စမာနာနံ၊ကုဒါအန္တောဘဝိဿတိ။ ။နတ္ထိ အန္တောကုတောအန္တော၊ နအန္တောပတိဒိဿတိ။ တဒါဟံပ ကတံပါပံ။မမတုယ္ဟမ္ဘရိသ။ ။သောဟံနူနဂ္ဂတောဂတ္ဝါ၊ ယောနိ်လဒ္ဓါနမာနုသံ။ ဝဒညူ သီလသမ္ပန္နော၊ ကာဟာမိကု

လံဗဟုံ။ ။ဟူ၍ဟောတော်မူ၏။ ။အနက်ကား။ ။မာရိ
သ၊အချင်းတို့။ယေသံနော၊ အကြင်ငါတို့သည်။ ဘောဂေသု
စည်းစိမ်ဥစ္စာတို့သည်။ဝိဇ္ဇမာနေသု၊ထင်ရှားရှိကုန်လျက်။ နဒ
ဒါမသော၊မပေးမလှူမိကြကုန်။အတ္တနော၊မိမိ၏။ ဒိပံ၊ကိုးကွယ်
ဖွယ်ရာ၊ကျွန်းကြီးသဘွယ်ဖြစ်သော ကုသိုလ် ကောင်းမှုကို။ နှ
ကမှ၊မပြုမိကြပါကုန်။တေမယံ၊ ထိုငါတို့သည်။ ဒုဗ္ဘိဝိတံ၊မှား
ယွင်းသောအသက်မွေးခြင်းကို။အဇ္ဈိဝိမှ၊မွေးမိကြကုန်၏။ ။
မာရိသ၊ အချင်းတို့။ နိရယေ၊လောဟကုဋ္ဌာ၊ ကြေးနီရေ အိုး
၌။သဗ္ဗသော၊ အခါခပ်သိမ်း။ ပစ္စမာနာနံ၊ ကျက်ရ ကုန်သော
ငါတို့အား။ သဒ္ဓိဝဿသဟဿာနိ၊ အနှစ် ခြောက် သောင်း
တို့သည်။ ပရိပုဏ္ဏာနိ၊ ပြည့်ကုန်ပြီ။ ကုဒါ၊ အဘယ် အခါမှ။
အဇ္ဇေါ၊အဆုံးသည်။ ဘဝိဿတိ၊ဖြစ်ပါတော့အုံ့နည်း။ ။
မာရိသ၊ အချင်းတို့။ တဒါ၊ ထိုသူဌေးသားဖြစ်သော အခါ၌။
ပကတံ၊ စိတ်တူကိုယ်မှ။ပြုခဲ့ကြသော။ ပါပံ၊ မကောင်း မှုကံ
သည်။ မမစ၊ ငါ့အားရင်း။ တုယ္ဘဉ္စ၊သင်တို့အားရင်း။အဇ္ဇေါ၊
အဆုံး သည်။ နုပတိ ဒိဿတိ၊ မထင်။ ။သောအဟု၊ ထို
ငါတို့သည်။ ဇာတော၊သံရည်ပွက်ပွက်။ ပူချက်မစဲ။ ဤငရဲထဲ
မှ။ဂတ္ဝါ၊သွားရ၍။မာနုသံယောနိ၊လူတို့၏ပဋိသန္ဓေကို။ လဒ္ဓါ
နုန၊ အကယ်၍ ရသည်ဖြစ်အုံ့။ ဝဒညူ၊ အလှူခံပုဂ္ဂိုလ်တို့၏
ကျေးဇူးကိုသိ၍။ သီလသမ္ပန္နော၊ သီလနှင့်ပြည့်စုံသည်ဖြစ်၍။
ကုသလံ၊ကုသိုလ်ကို။ဗဟုံ၊များစွာ။ ကာဟာမိ၊ဆည်းပူးတော့
အုံ့။ ။ထိုဂါထာဝယ်။အဓိပ္ပါယ်ကား။ ။အချင်းတို့၊ငါတို့
မင်းတို့သည် စည်းစိမ်ဥစ္စာတို့၊ ထင်ရှားရှိပါလျက်။ လှူဒါန်း
ခြင်းကို မပြုကြကုန်။ မိမိတို့၏ဓိဝိရာ၊ ကျွန်းကြီးသဘွယ်ဖြစ်
သော ကုသိုလ်ကောင်းမှုကို မပြုကြ။ ငါတို့သည် မကောင်း
သောအသက်မွေးခြင်းဖြင့် မွေးကြသည်တကား။ ။အချင်း
တို့ လောဟကုဋ္ဌာ ကြေးနီအိုး၌။ အခါခပ်သိမ်းကျက်ကြသော
ငါတို့အား။အနှစ်ခြောက်သောင်းရှိခဲ့ပြီ။အဘယ်အခါမှအဆုံး

သို့ရောက်မည်ကိုလည်းမသိကြရသည်တကား။ ။အချင်းတို့၊သူ့ဌေးသားဖြစ်စဉ်အခါ၌။စိတ်တူကိုယ်မျှ။ ပြုကြသော မကောင်းမှုအကုသိုလ်ကံသည်။ငါ့အားရင်း။ သင်တို့အားရင်း။ အဆုံးမထင်နိုင်သည်တကား။ ။ငါသည်သံရည်ပွက်ပွက်။ ပူချက်မစဲ။အလျှံစွဲသောလောဟကုန်တို့၊ဤမည်သောငရဲ၌သွားရရောက်ရ၍။ လူ၏ဘဝကိုအကယ်၍ရသည်ဖြစ်အုံ့။ အလှူခံပုဂ္ဂိုလ်တို့၏ ကျေးဇူးကိုသိ၍။ သီလနှင့်ပြည့်စုံစွာ။ ကုသိုလ်ကောင်းမှုကိုမျှားစွာဆည်းပူးအုံ့သည်သာတည်း။ ။ရင်းဂါထာကို ရွတ်ကြစဉ်ပင်လျှင်။ လောဟကုန်တို့၊ ပြောင် ပြောင်တောက်သောသံရည်၌၊ဦးခေါင်းစောက်ထိုးနှစ်ကြရ၏။ ထိုကြောင့်ကာမေသုဓိဆွာစာရကံသည် အလွန်ကြီးစွာခံရသည်တကားဟုထိတ်လန့်ခြင်းသံဝေဂကိုဖြစ်ကုန်ရာသည်။

တဆုသက်သေကား။ ။လွန်လေပြီးသောအခါ။ ဣရေပန်းထိမ်သည်ယောက်ျားသည် ပရဒါရိယဓိဆွာစာရကံကို သွားလာလွန်ကျူးသည်၏အဖြစ်ကြောင့်။သေသည်မှအခြားမဲ့၌။မဟာအဝီစိငရဲသို့ရောက်လေ၏။ ထိုအဝီစိငရဲ၌။ မျှားစွာသောနှစ်လတို့ပတ်လုံး။ကြီးစွာသောနိရယဒုက္ခကို ခံစားပြီးမှ။ တိရစ္ဆာန်ဘုံ၌ဆိတ်အဖြစ်ကိုရ၏။ ထိုဆိတ်အရွယ်ရောက်လတ်သော်။အသိုးထုတ်ခံရ၏။ထိုဘဝမှစုတေ့သော်။နွားဘဝကိုရ၍။ အသိုးထုတ်ခံရပြန်၏။ နွားဘဝမှစုတေ့လတ်သော်။ သင်သည်ဘဝမျှားစွာ။သံသရာက။ ကာမေသုဓိဆွာစာရကံကို အမှန်လွန်ကျူးသောသူဖြစ်၍။ သင်ပြုသောကံအားလျှော်စွာ။အကုသိုလ်ကံသည်အမှန်တိုက်တွန်းလာသည်ဖြစ်၍။ကာမစည်းစိမ်ကိုမခံစားစေခြင်းငှါ။ယောက်ျားမဟုတ်။ဖိန်းမမဟုတ်။ နပုန်းပဏ္ဍာကြီးဖြစ်လေတော့ဟုဓိဆွာစာရ၊အကုသလစေတနာကံသည်မဆိုသော်လည်းဆိုဘိသကဲ့သို့။နပုန်းပဏ္ဍာကြီးဖြစ်ရ၏။ ထိုဘဝမှစုတေ့လတ်သော်။ ကာမေသုဓိဆွာစာရ အကုသိုလ်ကံကြောင့်။ဆင်းရဲခေါင်းပါး။ ကြွေးမြီအားကြီးလှသော

လှည့်သွားသို့ ဖြစ်လာ၍။ အဋ္ဌယ်ရောက်သောအခါ။ မြို့ရှင်အားအသိမ်းမယားဏ်အဖြစ်ဖြင့်ဖြစ်ရ၍။ကြီးစွာသောဒုက္ခကို တွေ့ရ၏။ ထိုဘဝမှစုတေ့လတ်သော်။ ငါတို့ဘုရားရှင်လက်ထက်တော်၌။ဥဒေ္ဓနိပြည်ဝယ်။ မျိုးစွာသောစည်းစိမ်ဥစ္စာ၏သော သူဌေး သို့ဖြစ်လာ၍။ ဣသိဒါသိ ဟူသော အမည်ကို မှည့်၏။ ထိုသတ္တိုသို့သည် အချိန်အဋ္ဌယ် ရောက်လတ်သော်။ သာကေတသူဌေးသားနှင့် ထိမ်းမြားမိ။ မကြာမြင့်မီ သူဌေးသားကစွန့်ပစ်လေ၏။ ထိုနောက်မိဘတို့သည် အထီးကျန်လူ။ သူဆင်းရဲနှင့်ထိမ်းမြား၍ထား၏။ ထိုသူဆင်းရဲလည်း သူဌေးသို့နှင့်လခွဲမျှသာပေါင်းဘော်၍စွန့်ပြီးလျှင်။ခွက်လက်စွဲလျက်။ တောင်းမြတောင်း၍စားလေ၏။ထိုအခါ၊ ဣသိဒါသိအမည်ရှိသောသူဌေးသို့သည် ယောက်ျား တပါးတို့ သည် ငါ၌တပ်ခြင်း ကင်းဖြတကားဟု နှုလုံးပြု၍။ တရားတော်ကို နာယူပြီးလျှင်။ဘိက္ခု။ နိမတို့၏အထံ၌။ရဟန်းပြုသဖြင့် အဘိညာဏ်သမာပတ်နှင့် တကွ။ ရဟန္တာမ ဖြစ်၍။ ဣသိ ဒါသိ ထေရိမဟု ထင်ရှားကျော်စောလေ၏။ ထိုမထေရ်မသည် ရှေးရှေးသောဘဝက။ ကုသိုလ် ကောင်းမှုကို မျိုးစွာ ဆည်းပူး၍။ အစဉ်မပြတ်။ဆက်ခါဆက်ခါ။ယောက်ျားကောင်းစင်စစ်။ဖြစ်တနှိပါလျက်။ရွှေပန်းထိမ်သည်အဖြစ်မှ။ပရဒါရ၊ ကာမေသုမိစ္ဆာစာရကိုလွန်ကျူးပျော်ပါး။ဖြစ်မှားမိသောမကောင်းမှုအကုသိုလ်ကံကြောင့်။အဟိတ်တိရစ္ဆာန်၊နဂပုန်းပဏ္ဍုကာ မိန်းမတို့ဖြစ်၍။ နိဗ္ဗာန်ကို မျက်မှောက်ပြု ရခြင်းသည် အလွန် ရှက်ဘွယ်ရှိစွတကားဟု နှုလုံးထား၍။ ကာမေသု မိစ္ဆာတရားတို့ကိုရှောင်ကြဉ်ကုန်ရာသည်။ ။(အဝိစိပ။နိရယဟု။အစ္ဆပသုံ။ ။ထုတ်တုံသိုးပ။ပဏ္ဍုကတထွေ။နှစ်ထွေမိန်းမ။ဖြစ်တုံရသည်။ ။ ဘဝငါးထွေ။ပရဒါရအကျိုးတည်း)။

အတိစာရိယမိန်းမ၏နိရယကား။ ။ကောလိဏ္ဍိယောဇ္ဈဝ လောကေအသုဒ္ဓကမ္မာ၊ အသံယတံအစရိ'သု တာတိဏ္ဍရှုပါ။

ပတိ်ုဝိပ္ပဟာယအညမာစာရုံရတိဝိတ္ကဟောတု၊ တာဇီဝလောကသို့ ရမာပရိတ္တာခန္ဓာတိဝတ္ထုနှိ သဇောတိဘုတာတိ။ ။ ဟူ၍ဟောတော်မူ၏။ ။အနက်ကား။ ။မဟာရာဇ၊ မင်းမြတ်။ ဤဇီဝလောကသို့၊ဤလူ့ပြည်ဌာနခု၌။ အသုဒ္ဓကမ္မာ၊မစင်ကြယ်သောအမှုကိုပြုကုန်သော။ ကောလိတ္ထိယော၊ အမျိုးသို့မိုးတို့သည်။ အသံယတံ၊ ကိုယ်နှုတ်နှလုံး။ မစောင့်သောအကျင့်ကို။ အစရိုံသု၊ လွန်ကျူး၍ကျင့်ကြကုန်၏။အတိတ္ထရူပါ၊ လင်နေ၍မရောင့်ရဲနိုင်သောသဘောရှိကုန်ထသော။တာ၊ ထိုသွားလာတတ်သောမိန်းမတို့သည်။ ပတိ်ုမိမိ၏လင်ကြီးကို။ ဝိပ္ပဟာယ၊စွန့်ပစ်၍။ရတိဝိဠုဟောတု၊ မြှားထူးပျော်ရွှင်လိုခြင်းဟူသော အကြောင်း ကြောင့်။ အညံ၊ မိမိလင်မှတပါးသောယောကျ်ားငယ်သို့။အာစရိုံသု၊သွားလေ့ပျော်ပါးလွန်ကျူးစေကုန်၏။တာ၊ထိုမိန်းမတို့သည်။ဇီဝလောကသို့၊ အသက်ရှည်သောလူ့ပြည်၌။ ရမာပရိတ္တာ၊ မိမိ၏နှလုံးကိုလင်ငယ်နှင့်မှေ့လျော်စေပြီး၍။ သဇောတိ ဘုတာ၊ အလျှံ တပြောင် ပြောင်တောက် ကုန်သော။ ခန္ဓာ၊ တောင်ကြီး လေးလုံး တို့သည်။ အတိဝတ္ထုနှိ၊ကြိတ်ကုန်၏။ ။အဓိပ္ပါယ်ကား။ ။နေမိမင်းမြတ်၊ အဆင်းအဂ်ါ။ယုတ်မာစက်ဆုပ်ဘွယ်။ ယိုစီးသောသွေးပြည်တို့ဖြင့်လိမ်းကျံလျက်။ ယင်မမဲရိုင်းတို့ဖြင့်ဝန်းရံကိုက်ခဲလျက်။ နွားသတ်ရာအရပ်၌။ လှီးဖြတ်၍ ထားအပ် သော နွားသေ ကဲ့သို့။သံမြေ၌ ခါးတိုင်အောင်မြှုပ်ပြီးလျှင်။ အလျှံပြောင်ပြောင်။ တောင်ကြီး လေးလုံး ကြိတ်သော ငရဲသူမသည် ကား။ မင်းမြတ်၊ဤလူ့ပြည်ဌာန။လူ့ဒေသ၌။မစင်ကြယ်သောအတိစာရအမှုကိုပြုကျင့်ကုန်သောအမျိုးသို့မိုးတို့သည်ကိုယ်နှုတ်နှလုံး။ မစောင့်သုံးသောအကျင့်ယုတ်ကို လွန်ကျူး၍ ကျင့်ကြကုန်၏။ လင်နေသော အမှု၌၊မရောင့်ရဲနိုင်သော သဘောရှိကုန်သော သွားလာတတ်သော မိန်းမတို့သည် မိမိလင်ကိုစွန့်၍။ မြှားထူးပျော်ရွှင်လိုခြင်းဟူသောအကြောင်းကြောင့်။မိမိလင်မှတပါး။

ယောက်ျားငယ်သို့ သွားလာပျော်ပါး။ လွန်ကျူးစေကုန်၏။ ထို ပိန်းမသည် အသက်ရှည်သော လူ့ပြည်၌။ ပိပိနှလုံး အလိုရှိ တိုင်း၊ လင်ငယ်နှင့် မေ့လျော်စေ ပြီး၍။ အလျှံ ပြောင်ပြောင် တောံကုန်သော တောင်ကြီးလေးလုံးတို့သည် ဖြာဖြာ ယိုစီး သော သွေးရှိသည်ဖြစ်၍။ ကြိတ်ကြကုန်၏။ အမြင်မကောင်း သောကိုယ်လက်အင်္ဂါ။ ဖြာဖြာယိုစီးသော။ သွေးပြည်တို့ဖြင့် လိမ်းကျံ သောကိုယ်ရှိသည်ဖြစ်၍။ ယင်တို့ဖြင့်ထိုးဆွဝိုင်းအုံ။ ပြောင်ပြောင်တောက်သော သံတောင်လေးလုံးတို့ဖြင့် ကြိတ် သည်ဖြစ်၍။ မှုန်မှုန်ညက်ညက်။ ကြေမွပျက်စီးသည်ဖြစ်၍။ အ သစ်အသစ်၊ ခံရသောဝေရဲသူမတို့၊ ခံကြရသောအဖြစ်ကိုကြား ကြ သိကြရသော ပိန်းမတို့သည် ထိုဝေရဲသူကို စံယူ နှိုင်းဆ သဖြင့်သံဝေဂတရားကို နှုလုံးထား၍။ အတိစာရိယဖြစ်သော ဒုစရိုက်တရားကို ဝေးစွာကြဉ်ရှောင်ကုန်ရာသည်။

ပရဒါရကံကို။ လွန်ကျူးသောဝေရဲသားတို့ကိုပြုလို၍။ ။ ယေဇိ၀လောကေ အသာရ ကမ္မာနိ၊ ပရဿဒါရာနိအတိက္ကမန္တိ။ တေတာဒိသာအ၀ံသိရာ၊ နိရယေပတန္တိ တေ၀ဿာနိ။ ။ ဗဟူနိတဏ္ဍုနိရယေ၊ သုဒုက္ခံ၀ေဒနံ၀ေဒယန္တိ။ နဟိပါပကာ ရိဿတာဏာ၊ သကေဟိ ကမ္မေဟိ ပူရကိုတဿ။ ။ဟူ၍ ဟောတော်မူ၏။ ။အနုက်ကား။ ။မဟာရာဇ၊ မင်းမြတ်။ ဇိ၀လောကေ၊ အသက်ရှည်သောလူ့ပြည်၌။ အသာရကမ္မာနိ၊ မကောင်းမှုကိုပြုကုန်သော။ ယေ၊ အကြင်သူတို့သည်။ ပရဿ၊ သူတပါး၏။ ဒါရာနိ၊ မယားတို့ကို။ အတိက္ကမန္တိ၊ လွန်ကျူးကုန် ၏။ တာဒိသာ၊ ထိုသို့သဘောရှိကုန်သော။ တေ၊ ထိုသူတို့သည်။ အ ၀ံသိရာ၊ ဦးခေါင်းစောက်ထိုး။ နိရယေ၊ ငရဲ၌။ ပတန္တိ၊ ကျ ကုန်၏။ မဟာရာဇ၊ မင်းမြတ်။ တေ၊ ထိုသူတို့သည်။ ဗဟူနိ ၀ဿာ နိ၊ များစွာသောနှစ်တို့ပတ်လုံး။ တဏ္ဍုနိရယေ၊ ထိုငရဲ၌။ သုဒုက္ခံ၊ အလွန်ဆင်းရဲသော။ ၀ေဒနံ၊ ဒုက္ခ၀ေဒနာကို။ ၀ေဒယန္တိ၊ ခံစား ရကုန်၏။ သကေဟိကမ္မေဟိ၊ ပိပိပြုအပ်သော မကောင်းမှုတို့

ဖြင့်။ပူရကျွိတသ၊ ခြုံရုံအပ်သော။ ပါပကာရိသ၊ မကောင်း မှုကိုပြုသော သူအား။ တာဏာ၊ ကိုးကွယ်ရာ သည်။ နဟိဘ ဝိသ၊ နို့၊မဖြစ်နိုင်ကုန်။ ။အဓိပ္ပါယ်ကား။ ။အသက်ရှည် သောလူ.ပြည့်ဌာန၊လူ.ဒေသ၌။ မကောင်းမှုကို ပြုကုန်သော သူတို့သည်သူတပါး၏သားမယားကိုကာမေသုမိစ္ဆာစာရကံ ဖြင့်လွန်ကျူးပြစ်မှား၏။ ထိုသို့လွန်ကျူးပြစ်မှားသော သူတို့ သည်ဦးခေါင်းစောက်ထိုး။ငရဲ၌ကျရ၏။ ထိုသူတို့သည် မျှား စွာသောနှစ်တို့ပတ်လုံး။ငရဲ၌အလွန်ဆင်းရဲသော။ဒုက္ခဝေဒနာ ကိုခံစားရကုန်၏။ ဒိဒိပြုအပ်သော မကောင်းမှုဖြင့် ခြုံရုံအပ် သော။ဝါ၊ခြုံရုံအပ်သည်ဖြစ်၍။မကောင်းမှု ကိုပြုသော သူတို့ အား။ ကိုးကွယ်လည်းလျှောင်း။ ပုန်းအောင်းရာမရှိကုန်ရာတ ကား။ ထိုအကြောင်းကို ထောက်၍။ ကုသိုလ်တရားကို အား ထုတ်ကုန်ရာသည်။ ။(ဝိသတိသာ၊ယောက်ျားမှာ။မှန်စွာပရ ဒါရတည်း။ ။မာတာပိတာ။နှစ်ဝစုံစွာ။ဘာတာဘာဘဂိနီ။ညာတိ ဂေါတ္တာ။ဓမ္မမှန်ထွေ။ ရှစ်ယောက်လေ။ ကာမေလွတ်ဘိ။ ။ သာရက္ခနှင့်။ သပရိဒဏ်။ခန်ဆန္ဒ၊ ဘောဂပဒူ၊ ဩဒပတ္တိ။ ဩဘာဒူစုမ္ဘ။ဒါသိကမ္ဘ။ဓဇမုဟုတ္တိကာ။ ဆဲ့နှစ်ဖြာသည်။ ။ ပိန္ဆာစာရကံကြီးတည်း။ ။အဂမနီယဒေ့။ ဝတ္ထု၊ အမှန်။ သေဝနံစိတ္တ။လုံ.လမ္ဘိဝ။မဂ္ဂေမဂ္ဂ။သွင်းကသာယာ။ ဤလေးဖြာ သည်။ ။ပိန္ဆာစာရအင်္ဂါတည်း။ ။မမ္ဘိဝအပ်သောဝတ္ထု၊။ မ္ဘိဝလိုသောစိတ်။ထိုလုံ.လဖြင့်မ္ဘိဝခြင်း။ မဂ်ကိုမဂ်ခြင်းသွင်းသ ဖြင့်သာယာခြင်း။ဧင်းလေးပါးတည်း)။

ဇေတေန၊ ဤချွတ်ယွင်းစေလိုသော စေတနာဖြင့်။ ရသာ၊မ ဟုတ်မမှန်သောအားဖြင့်။ဝဒ၊ နို့၊ဆိုတတ်ကုန်၏။ဣတိတသ္မာ၊ ထိုသို့မဟုတ်မမှန်သောအားဖြင့် ဆိုကြောင်းဖြစ်သော သတ္တို ကြောင့်။သောသဘာဝေါ၊ထိုသဘောတရားသည်။ ရသာဝါ ဒေါ၊ရသာဝါဒမည်၏။ ။ချွတ်ယွင်းစေလိုသောစေတနာဖြင့်မ

ဟုတ်မမှန်သော စကား ကိုပြောဆိုခြင်းသည် မုသာဝါဒကံ မည်၏။ ထိုမုသာဝါဒ ကံသည် အမှန်နိရယဂတိသို့ လားရ၏။ ။ထိုအကြောင်းကိုထင်စွာပြဦးအုံ့။ ။ငါတို့မြတ်စွာ ဘုရားရှင်သည်သဃီသ တော်အပေါင်း ခြံရံလျက်။ ဇေတဝန် ကျောင်းတော်၌။သိတင်းသုံးနေတော်မူသောအခါ။မြစ်ရေအ ယဉ်ကဲ့သို့ မျှားသော ပူဇော်သကာရှိ၏။ ထိုအခါ၊ တိဿတို့ သည် ယုတ်သောလာဘ်ပူဇော်သကာ ရှိသည်ဖြစ်၍။ ကြံကြ ကုန်၏။ငါတို့မင်းတို့သည်ရှင်ကြီးဂေါတမအား။ ထင်ရှားပေါ် လာသည်မှစ၍။ပိုးမြည်မြှုံးကဲ့သို့။မထွန်းလင်းနိုင်ရာ။ လာဘ်ပူ ဇော်သကာသည်ဆုတ်ယုတ်ခဲ့၏။ အဘယ်မည်သော သူနှင့် ပေါင်းပေါ်၍။ရှင်ဂေါတမ၏အကျော်အစောမဲ့ကိုပြုရအုံ့နည်း ဟုကြံ၍။ သုန္ဒရိ နန္ဒာနှင့် ပေါင်း၍။ ရှင်ဂေါတမ၏ အကျိုးကို ယုတ်စေအုံ့ဟုနှလုံးပြု၍။ဝိဝိတို့၏တိတ္ထိကျောင်းဌာနေကြ၏။ထို အခါ၊သုန္ဒရိနန္ဒာသည်တိတ္ထိတို့၏ကျောင်းသို့လာခဲ့၍။တိတ္ထိတို့ ကိုရှိခိုးလျက် နေ၏။ တိတ္ထိတို့သည် သုန္ဒရိနန္ဒာအား။ စကားမ ပြော။တုဏ္ဍိဘောဘလေ။ ဆိတ်ဆိတ်နေကြ၏။ ထိုအခါ၊ သုန္ဒရိ နန္ဒာသည်အရှင်ဘုရားတို့၊ အဘယ်ကြောင့် ဆိတ်ဆိတ်နေကြ ကုန်သနည်းဟုဆို၏။တိတ္ထိတို့သည် သုန္ဒရိမည်ရ၊ချစ်နှမ၊ ရှင် ကြီးဂေါတမသည်မျှားသောပူဇော်သကာရှိ၏။ ငါတို့မှုကား။ နည်းသောလာဘ်ရှိသည်ကိုသင်သည်လျစ်လျူ။ရှုဘိ၏ဟု ဆို ကြ၏။ သုန္ဒရိပရိဗိုဇ်မသည်အသို့ပြုရအုံ့နည်းဟုမေး၏။ သင် သည်ရှုဘွယ်ဘနန်း။ ဆန်းကြယ်သောအဆင်းသဏ္ဌာန်တို့နှင့် ပြည့်စုံ၏။ကိုယ်အင်္ဂါတို့၌။ဆန်းကြယ်သောပန်းနုံ့သာစသည် တို့ဖြင့်တန်းဆာဆင်လျက်။ နံနက်အခါ။ လူအပေါင်းတို့သည် ကျောင်းသို့လာကြကုန်အုံ့။ ထိုအခါ၊ သင်သည် ရေ့ရဲသော ဆံ။ နွမ်းသောပန်းရှိသည်ဖြစ်၍၊ ကျောင်းတော်မှပြန်သည်ဟု အဟာန်ပြု၍။လာသည်ဖြစ်အုံ့။ လူအပေါင်းတို့သည်ရှင်မသုန္ဒရိ၊ ဘယ်မှလာသနည်းဟု မေးကြသည်ဖြစ်အုံ့။ ငါသည်ညဉ့်သုံး

ယံပတ်လုံး။ ဂန္ဓကုဋီတိုက်၌။ ရှင်ဂေါတမကို ကာမဂုဏ်ဖြင့် လုပ်ကျွေးရသည်ဟု ပြောဆိုပြီးလျှင်။ ငါတို့ကျောင်းသို့လာခဲ့လော။ထိုနည်းတူစွာ။ ညဉ့်အခါ၌လည်း လူတို့ မေးကြလတ်သော်။ဘုရားရှင်အား။ ကာမဂုဏ်ဖြင့် လုပ်ကျွေးဆုံသော ဌာ။ သွားသည်ဟုမမှန်စကား။ ရသားပြောကာ။ငါတို့ကျောင်းသို့လာလျှည့်ဟု ဆိုမြဲ စေလေ၏။ သန္ဓရိမလည်းတိတ္ထိတို့မှာတိုင်းပြောဆိုမြဲ။ နှစ်ရက် သုံးရက် မြောက်လျှင်။ သေသောက်ကြွေးတို့ကိုခေါ်မြဲ။အသပြာပေးပြီးလျှင်။ သန္ဓရိနန္ဒာကိုသတ်မြဲ။ ဗေတဝန်ကျောင်းတော်၏အနီး။ ပန်းမှန်စွန့်ရာအရပ်၌။ ထားလေလောဟုစေလိုက်၏။ သေသောက်ကြွေးတို့သည် တိတ္ထိတို့ မှာတိုင်းပြု၏။ထိုအခါ၊တိတ္ထိတို့သည်သန္ဓရိပရိဗိုဇ်မပျောက်ပြီတကားဟုအုတ်အုတ်ကျက်ကျက်ပြောဆိုပြီးလျှင်။ မင်းကြီး၏အထံသို့ပြောကြားလေ၏။ မင်းကြီးလည်း ယုံမှားသောအရပ်၌၊ ရှာလောဟုဆို၏။ တိတ္ထိတို့သည် နေ့အဘို့၌ ကျောင်းတော်မှာ ရှိ၏။ထိုကြောင့်ယုံမှားရှိ၏ဟုပြောဆိုပြီးလျှင်။ တိတ္ထိတို့သည် တပည့်သားနှင့်တကွ။ရှာမှေကြသည်ရှိသော်။ကျောင်းတော်အနီးအပါး။ ပန်းမှိုက်ကြားဝှေ့ ဝှေ့ကြ၍။ သန္ဓရိအလောင်းကို ညောင်စောင်းခွ၌တင်ပြီးလျှင်။မြို့တွင်းသို့သွင်း၍။ ရှင်ဂေါတမ၊ တပည့်သားတို့သည် ရှင်ဂေါတမပြုသော မကောင်းမှုကိုဖုံးလွှမ်းလိုသောကြောင့်။သန္ဓရိနန္ဒာကိုသတ်၍။ အမှိုက်ပုံ၌၊ထားသည်ဟုမင်းကြီးအား။ ပြောဆိုကြ၏။ မင်းကြီးလည်း ထိုအလောင်းကို တိတ္ထိတို့ ပြောသည်အတိုင်းပြောဆို၍။ မြို့အလုံးလှည့်လည်ပြီးမှ။သုသာန်၌ပြေမ်းဖွဲ့ပြီးလျှင်။ အစောင့်အရှောက်နှင့်တကွ။ကောင်းစွာထား၍။မင်းကြီးသည်သန္ဓရိပရိဗိုဇ်မကို ဘုရားတပည့်သားမှတပါး။ အခြားသောသူတို့သတ်သောအဖြစ်ကို သိစေတော့အုံ့ဟု မင်းချင်းယောက်ျားတို့ကိုသေတင်းကုပ်သို့စေလေ၏။ ထိုအခါ၊ သေသောက်ကြွေးတို့သည် သေတင်းကုပ်၌။ သန္ဓရိနန္ဒာကိုသူတချက်ငါနှစ်ခါ။အစရှိသည်တို့

ဖြင့် ကုန်စင်အောင် ပြောဆိုကြ၏။ မင်းချင်း ယောက်ျားတို့သည် သေသောက်ကြွေးတို့ကို ဘမ်းယူပြီးလျှင်။ မင်းကြီးသို့ ဆက်ကြကုန်၏။မင်းကြီးမေးတော်မူလတ်သော်။ တိဏ္ဍိတို့အသပြာပေး၍။ စေခိုင်း ကြောင်းကို ကုန်စင်အောင်။ လျှောက်ကြားလေ၏။ ထိုအခါ၊ မင်းကြီးသည်တိဏ္ဍိတို့ကိုခေါ်၍။ မေးတော်မူ၏။တိဏ္ဍိတို့သည်မှန်ပေသည်ဟုဝန်ခံကြ၏။ ထိုအခါ၊ တိဏ္ဍိတို့အား။ အလောင်းကိုထမ်းစေလျက်။ ဤအမှုကား။ရှင်ဂေါတမ တပည့်သားတို့အမှုမဟုတ်။ ငါတို့အမှုပေဟု ပြောဆိုလျက်။ မြို့အလုံးကိုပျံ့နှံ့စေပြီးမှ။သေသောက်ကြွေး။တိဏ္ဍိတို့ကို သူသတ်ယောက်ျားအထံသို့ အပ်သဖြင့် မင်းဒဏ်ပေး၍။ သေသည်၏အခြားမဲ့၍။နိရယဂတိသို့လားကြလေ၏။ထိုအခါ၊ မြတ်စွာဘုရားရှင်သည် ရောက်လာသောပရိသတ်တို့အား။မရသာဝါဒ၊ပါဏာဝတိပါတ၊ဂရဟိတအစရှိသည်ကိုပြုသောသူတို့အား။မျှားသောအပြစ်ရှိသည်ကိုဟောတော်မူလို၍။ ။အဘုတဝါဒိနိရယံဥပေတိ၊ ယောစာပိကတ္တာနကရောမိစာဟာ။ ဥဘောတေပစ္စသမာဘဝန္တိ၊နိဟီနကမ္မာမာနုဇာပရဏ္ဍ။ ။ ဟူ၍ဟောတော်မူ၏။ ။အနုက်ကား။ ။အဘုတဝါဒိ၊မဟုတ်မမှန်ပြောဆိုလေ့ရှိသောသူသည်ရင်း။ ယော၊အကြင်သူသည်၊ကတ္တာ၊ မိမိသည်ပြုမိပါလျက်။ နကရောမိတိ။မပြုမိပါဟူ၍။အဟာ၊ဆို၏။သောစာပိ၊ ထိုသူသည်ရင်း။ နိရယံ၊ငရဲသို့။ ဥပေတိ၊ ရောက်ရ၏။ ဥဘောပိ၊ နှစ်ယောက်လည်းဖြစ်ကုန်သော။တေမာနုဇာ၊ထိုလူတို့သည်။နိဟီနကမ္မာ၊ယုတ်သောအမှုရှိကုန်သည်ဖြစ်၍။ပရဏ္ဍ၊နောက်ဖြစ်သော။ပစ္စ၊တမလွန်ဘဝ၊သေကာလ၌။သမာ၊ငရဲခံရခြင်းတူမျှကုန်သည်။ဘဝန္တိ၊ဖြစ်ကုန်၏။ ။အဓိပ္ပါယ်ကား။ ။မဟုတ်မမှန်ပြောဆိုသောသူသည်ရင်း။အကြင်သူသည်ပြုပြီး၍။မပြုဟုပြောဆိုသေါသူသည်ရင်း။ ငရဲသို့ရောက်ရာ၏။ထိုနှစ်ယောက်သောသူတို့သည်ယုတ်မာသောအကျင့်ရှိကြသည်ဖြစ်၍။ သေသည်မှနောက်ကာလ၌။

တူမျှသောနိရယဒုက္ခကိုခံကြရ၏ဟုဟောတော်မူ၏။ ။ထို
ကြောင့် သုန္ဒရိနန္ဒာသည်မဟုတ်မမှန်မရသားဆိုခြင်းကြောင့်။
ပစ္စုပ္ပန်ဘဝ၌ သေသောက် ကြွေးတို့သတ်ဖြတ်၍။ ယခုဘ ဝ၌။
ဆင်းရဲဒုက္ခကိုတွေ့ကြုံရခြင်း။တမလွန်ဘဝ၊နောက်ကာ လ၌။
အဝီစိငရဲ၌။ အလျှံပြောင်ပြောင် တောက်သော သံမြေငရဲ၌။
မျှားစွာသော နှစ်လတို့ပတ်လုံး။ ကြီးစွာသော ဆင်းရဲကိုခံ ရ
ခြင်းစသောနိရယ ဒုက္ခကိုတွေ့ကြုံရခြင်းသည်မုသာဝါဒ ကံ
၏အကျိုးစက်သာဖြစ်သည်တကား။ထိုကြောင့်အပါယ်ဘေး
မှ။ကြောက်သောအားဖြင့်ဖြောင့်မှန်သောစကားကိုသာ ပြော
ကြား၍။ကုသိုလ်တရားကိုပွါးများကုန်ရာသည်။

သက်သေတရကား။ ။စိတ္တမာဏဝိက အမည်ရှိသော
မိန်းမယုတ်သည်ပရိသတ်လေးပါးတို့၏အလယ်၌။ ဘုရားရှင်
အား။ မမှန်သောစကားဖြင့်လင်စွဲသောအဖြစ်ကိုသိကြားမင်း
သိ၍။လေးယောက်သောနတ်သားတို့ကိုခေါ်ပြီးလျှင်။လူ့ပြည်
သို့ဆင်းသက်၍။ထိုအကြောင်းကိုပရိသတ်တို့အား။ ထင်ရှား
သိစေအံ့ဟုနတ်သါးတို့သည်ကြွက်ယေယောင်ဆောင်၍။ သစ်
ခွံရစ်သောကြိုးကိုတပြိုင်နက်ကိုက်ဖြတ်၍။ ရုံအပ်သောပုဆိုး
တို့ကိုလေသည်အထက်သို့မသဖြင့်။ ရင်ခွင်မှသစ်ခွံ ကျ၍။နှစ်
ရသောခြေများတို့သည်ပြတ်လေ၏။ ထိုအခါ၊ မျှားစွာသော
လူတို့ သည်အခွင့်ခဲ လှံတန်အစ ရှိသည်တို့ဖြင့်။ပုတ်ခတ်ကုန်
လျက်။ ဧတဝဝန်ကျောင်းတော် အတွင်းမှ။ ထုတ်ကြကုန်၏။
မြတ်စွာဘုရားရှင်၏မျက်နှာတော်ကွယ်သောအရပ်၌။ မဟာ
မြင်းမိုရ်။ ထိုထိုသောတောင်တို့ကို မတုန်မလှုပ်ရွက်ဆောင်
ခြင်းဌာစွမ်းနိုင်သောမဟာပထဝီမြေကြီးသည်တလံမျှရှိသော
မိန်းမယုတ်၊စိတ္တမာဏကိုရွက်ဆောင်ခြင်းဌာ။ မစွမ်းနိုင်သကဲ့
သို့။ အပေါက်အကြားနှစ်ဖြာခွဲ၍ ပေးသဖြင့်မိဘတို့သည်ပေး
အပ်သောကမ္ဘလာနိကိုဝတ်ရုံဘိသကဲ့သို့။ ငရဲမီးလျှံ။ အမှန်စွဲ
သဖြင့်အဝီစိငရဲသို့ရောက်လေ၏။ ထိုအခါ၊ရောက်လာသော

ပရိသတ်တို့အား။တရားဟောတော်မူလို၍။ ။ကော်ဓမ္မံအတိ
တသ၊ရသာဝါဒသမ္ဘဝနှုန်းနော။ဝိတိဏ္ဏာပရလောကသ၊နတ္ထိ
ပါပံအကာရိယံ။ ။ဟူ၍ဟောတော်မူ၏။ ။အနုက်ကား။ ။ဓ
ကော်ဓမ္မံ၊ တရုသောသစ္စာတရားကို။ အတိတသ၊လွန်သော။ရ
ဝါဒသ၊ချွတ်ယွင်းသောစကားကို။ ဝိတိဏ္ဏာပရလောကသ။
တမလွန်လောကသို့သက်သော။သမ္ဘဝနှုန်း၊ သတ္တဝါအား။ အ
ကာရိယံ၊မပြုမိသော။ပါပံ၊မကောင်းမှုသည်။နတ္ထိ၊မရှိ။ ။အ
ဓိပ္ပါယ်ကား။ ။တရုသောသစ္စာတရားကိုလွန်သော။ ချွတ်
ယွင်းသောစကားကိုလွန်သော။ လူနတ်နိဗ္ဗာန် ချမ်းသာဟုဆို
အပ်သော။ တမလွန်လောကသို့သက်သောသတ္တဝါအား။မပြု
မိသောမကောင်းမှုမည်သည်မရှိဟု ဟောတော်မူ၏။ ။ထို
ကြောင့် ရသာဝါဒတရားတပါးသည် ပါဏာတိကပါတအစ
ရှိတို့ကို မပြုမိကပင်။ လှည့်ဖြားမှု ပြောမည်ဟု နှုတ်ထားရာ
သည်၏အဖြစ်ကြောင့်။ တရုသောတရားကို လွန်သည်ဟုဆို
သည်။ဂင်းစိန္ဓမာဏသည်မဟုတ်မတရား။ ရသားဆိုသည်၏
အဖြစ်ကြောင့်။ ပစ္စုပ္ပန်ဘဝ၌။ပရိသတ်လေးပါးတို့၏အလယ်
၌။အဝတ်ပုဆိုးကျ၍။ကြီးစွာသောအရှက်ကိုရခြင်း။သစ်ခွံကျ
သဖြင့်ခြေပြတ်၍။ ဆင်းရဲကိုရခြင်း။ အုပ်ခဲလုံတန်တို့ဖြင့်ပုတ်
ခတ်၍။ကြီးစွာသောဆင်းရဲကိုရခြင်း။ ဘဝမလွန်ဘဝ၌၊ အဝီစိ
ငရဲသို့ကျသဖြင့် ကြီးလှသောဆင်းရဲကိုခံရခြင်းသည် ရသာ
ဝါဒကံကြောင့်ဖြစ်၏။ ထိုကြောင့်ရသာဝါဒကိုဝေးစွာရှောင်
ကုန်ရာသည်။

အကြင်ဝတ္ထု၊ တဏှာကား။ ။လွန်လေ ပြီးသောအခါ။
ကသိုပဘုရားရှင်၏ သာသနာ တော်ဝယ်။ ငါးရာသော သိ
တင်းသည်တို့၏အကြီးဖြစ်သော၊သိတင်းသည်ကြီး၏မယား
သည်ခရီးအကြား ပန်းအားဖြေရာအရပ်၌။ သေသောက်ကြွေ
နှင့်အတိစာရိကအမှုဖြင့် လွန်ကျူးပြစ်မှားခြင်းသို့ရောက်၏။
ထိုအခါ၊မျှားစွာသောသူတို့သိကြ၍။ သိတင်းသည်ကြီးအား။

ပြောကြားကြကုန်၏။သိတင်းသည်ကြီးလည်းငါး ရာသောသိ
တင်းသည်မတို့နှင့် တကွ။ သိတင်း သည်မကြီးကို ခေါ်ပြီး
လျှင်။သင်သည်အတိစာရအမှုကိုပြုကျင့်လွန်ကျ။ ။ခြင်းသည်
မှန်၏လောဟု မေးလတ်သော်။ ငါကားဤအမှုကို မသိဟုဆို
လျှင်။မယုံရကား။ အပါးဌိုရ်သောခွေးကိုပြ၏။ ငါသည်အတိ
စာရိယအမှုကို အကယ်၍ ပြုသည်ဖြစ်အုံ့။ ဤပြတ်သောနား
ရွက်ရှိသော၊ ခွေးနက်ကြီးသည် ထိုထိုသို့သောဘဝတို့ဌ။ငါ
အသားကိုလိုက်၍စားပါစေသောဟု မမှန်သောစကားဖြင့်မ
သားကွယ်ဝှက်၍။ သစ္စာပြု၏။ယင်းသို့ပြုသော်လည်းထိမိန်းမ
စကားကိုမယုံရကား။သွားဘော်ဖြစ်သောမိန်းမတို့ကိုမေး၏။
အဘော်ဖြစ်သော မိန်းမတို့သည် သိသျှက်နှင့် ကွယ်ဝှက်၍။
ပြောဆိုသည်ဖြစ်အုံ့။ ထိုမိန်းမ၏ ကျွန်ပင် ဖြစ်ပါစေတော့ဟု
ကျိန်ဆိုကြကုန်၏။ ထိုမိန်းမတို့တွင်။ အတိစာရိယ အမှုကိုပြု
ကျင့်သောမိန်းမသည်အတိစာရိယကြောင့်ရင်း။သိလရှိသော
လင်ကိုလှည့်စားမိသော မုသာဝါဒကြောင့်ရင်း။ မကြာမြင့်မီ
သေလွန်၍။ဟိမဝန္တာဝယ်။ကဏ္ဏမုဏ္ဍာဒိုင်၏အနီးအပါး၌။ဝိမာ
နပေတိနတ်သွင်းဖြစ်လေ၏။ထိုဗိမာန်၏အနီးအပါး၌။အကုသိုလ
ကံ၏အကျိုးကိုခံစားအုံ့သောဌ။ တရုသောရေကန်သည်ဖြစ်
လာ၏။ ကြင်းသောမိန်းမတို့သည် မုသာဝါဒကံကြောင့်။ ထို
မိန်းမ၏အထံ၌။ကျွန်မဖြစ်လာကြ၏။ ထိုကြောင့်။ ။သေသာ
စပဏ္ဍသတာ ဣတ္ထိယော ကာလံကတာ သပတ ကမ္မဝသေန
တသာယေဝ ဒါသိယောဟုတ္ထာနိဗ္ဗတ္တိံသု။ ။ဟူ၍ဟော
တော်မူ၏။ ။အနက်ကား။ ။သေသာ၊ ကြင်းကုန်သော။
ပဏ္ဍသတာ၊ ပါးရာအတိုင်းအရှည်ရှိကုန်သော။ ဣတ္ထိယောစ၊
မိန်းမတို့သည်ရင်း။ ကာလံကတ္ထာ၊သေကုန်၍။ သပတာကမ္မဝ
သေန၊မမှန်စကားကျိန်ဆိုသောကံ၏အစွမ်းကြောင့်။တသာ
ယေဝ၊ ထိုမုသာဆို၍။ လင်ယေယ်ယူသော မိန်းမ၏သာလျှင်။
ဒါသိယော၊ကျွန်မတို့သည်။နိဗ္ဗတ္တိံသု၊ ဖြစ်ကြကုန်၏။ ။ထို

ဓိနိုးမကြီးသည်ဓိသကကံကြောင့်။ နေ့အဘို့၌။ နတ်တို့ကဲ့သို့ ခံစားရ၏။ညဉ့်သန်းခေါင်ရောက်လတ်သော်။ အိပ်ရာမှထ၍။ ရေကန်၏အနီးအပါးသို့သွားရ၏။ ထိုရေကန်၏အပါး၌။ဆင်ပြောင်ပမာဏ၊ ထက်လှစွာသော အစွယ်ရှိသောရှားဖီးခဲကဲ့သို့။ရဲရဲပြောင်ပြောင်တောက်သည်ဖြစ်၍ ကြောက်မက်ဘွယ်ပြတ်သောနှားရွက်ရှိသော၊ခွေးနက်ကြီးသည်။ အသားဟူသမျှကိုကိုက်စားပြီး၍။အရိုးတို့ကိုရေကန်၌ပစ်ချ၍ကွယ်ပျောက်လေ၏။ ။ထိုမိန်းမကြီးသည်မုသာဝါဒကံကြောင့်။ အာဘန်တလဲလဲ။ ခွေးစားခံရခြင်းဟုဆိုအပ်သော။ ဆင်းရဲကိုခံရ၏။ ထိုကြောင့်မုသားပြောဆိုခြင်းမှ။ရှောင်ကြဉ်ကုန်ရာသည်။

ဝဏ္ဏုတ္တရတွေ့။ပြဦးပေအုံ့။ ။လွန်လေပြီးသောအခါ၊ဗာရာဏသီပြည်၌။မင်းနှင့်တကွ။ မျိုးစွာသောလူအပေါင်းတို့သည် ကြီးစွာသောပွဲသဘင်ကိုဖြစ်စေကြ၏။ ထိုသဘင်ကိုကြည့်အုံ့သောဌာ။ လူ၊နဂါး၊ဂန္ဓုန်စသောနတ်တို့သည် ကြည့်လာကြကုန်၏။ ထိုအခါ၊နတ်သားလေးယောက်တို့သည်။ ကဏ္ဍရုအမည်ရှိသော နတ်ပန်းကို ပန်ဆင်လျက်။ ပွဲသဘင် သို့လာကြကုန်၏။ ထိုအခါ၊ တဆဲ့ခြောက်ယူဇနာရှိသော။ ဗာရာဏသီပြည်အလုံးသည် နတ်ပန်းတို့ဖြင့်ပျံ့နှံ့၍လှိုင်လေ၏။ ထိုအခါ၊ လူတို့သည် ထိုပန်းကိုစုံစမ်း လတ်သော်။ နတ်သားတို့သည် ဤလူတို့ကား။ငါတို့ကိုစုံစမ်းသည်ဟုသိကြ၍။ထိုလူအပေါင်းတို့သည်မြင်စေခြင်းဌာ။ မိမိတို့၏အာနုဘော်ဖြင့်မင်းရင်ပြင်ကောင်းကင်ထက်၌။ နတ်တို့သည်ထင်ရှားပြလေ၏။ထိုအခါ၊ လူအပေါင်းတို့သည် မြင်ကြ၍။ သင်တို့သည် အဘယ် မည်သောနတ်တို့ပေနည်းဟုမေးမြန်းခြင်းကိုပြုကြ၏။ ငါတို့ကား တာဝတိန်သာနတ်တို့တည်းဟု ပြောဆိုကြကုန်၏။ သင်နတ်တို့သည်အဘယ်အကျိုးဌာ။ လာကုန်သနည်းဟု မေးကြကုန်၏။ နတ်တို့သည်သဘင်ကိုကြည့်အုံ့သောဌာ။ လာသည်ဟုဆိုကြကုန်၏။ လူတို့သည်ကား အရှင်နတ်မင်းတို့၊ သင်တို့ဆင်

ယင်သောပန်းသည် အာဘယ်မည်သောပန်းတို့ပါနည်းဟုမေး မြန်းကြကုန်၏။ ကဏ္ဍရု အမည်ရှိသော နတ်ပန်းတည်းဟုဆို လတ်သော်။တာဝတိံသာနတ်ပြည်၌။ ပန်းတို့သည်ပေါများ ပါကုန်၏။ ဤပန်းကို အကျွန်ုပ်တို့အား။ ပေးပါ ကုန်လောဟု တောင်းကြ ကုန်၏။ နတ်သား တို့သည် လူအပေါင်းတို့၊ ဤ ကဏ္ဍရုဖြစ်သော နတ်ပန်းသည် ကြီးသော အာနုဘော်ရှိ၏။ နတ်တို့အားရင်း။လူတို့တွင်။ အကြင်သူသည်သီလသမာဓိနှင့် ပြည့်စုံ၏။ ထိုသူအားရင်း ဆင်ခြင်းဌါထိုက်၏ဟုဆို၏။ ထိုအ ခါ၊ပုဏ္ဏားသည်ဓိဓိသဏ္ဌာန်၌၊ ထိုဂုဏ်တို့သည်မရှိဘဲလျက်။ ထိုဂုဏ်တို့သည် ငါ၌ရှိကုန်၏ဟု မုသားဆို၍ပန်ဆင်အံ့။လူအ ပေါင်းတို့သည် ငါ၌ဤဂုဏ်တို့သည် ရှိပေစွတကားဟု ထင် ရှားခြင်းသည်ဖြစ်လတ္တံ့ဟုနှလုံးပြု၍။ မမှန်စကား။ မုသားဆို ပြီးလျှင်။ နတ်ပန်းကိုဆင်လေ၏။ ထိုနတ်သားတွင်။အကြီးဆုံး ဖြစ်သောနတ်သားသည် လူအပေါင်းတို့၊အကြင်သူသည် သူ တပါး၏ဥစ္စာကိုလည်းမခိုး။ မုသားလည်းမဆို။စည်းစိမ်ဥစ္စာ ကိုရခြားသော်လည်း ပမာဒတရားနှင့်မယှဉ်။ အကြင်သူသည် မြမြိုခိုင်ခံ့၏။ ကံကံ၏ အကျိုးကိုလည်း ယုံကြည်၏။ သူတော် ကောင်းတို့စကားကိုယုံကြည်၍။ပျက်ပြားမရှိ။ ကောင်းသော အရသာကိုသူတပါးအားဝေ၍။ သုံးဆောင်လေ့ရှိ၏။ ထိုသူ အားသာ။ဆင်ထိုက်၏ဟုဆို၏။ ထိုအခါ၊ ပုဏ္ဏားသည်လည်း ထိုဂုဏ်တို့သည်ငါ၌ရှိ၏ ဟုဆို၍တောင်းပြီးလျှင်။ နတ်ပန်းကို ဆင်လေ၏။ နတ်တို့သည် နတ်ပြည်သို့ ပြန်လေ၏။ ထိုအခါ၊ ပုဏ္ဏား၏ ဦးခေါင်း၌။ ပြင်းစွာသောဝေဒနာသည်ကြီးစွာနှိပ် စက်ခြင်းသို့ ရောက်၏။ ထက်လှ ပွာသော တောင်ထွတ်တို့ သည်ကြိတ်ဘိသကဲ့သို့ရင်း။ သံပြားဖြင့် ညှပ်ဘိသကဲ့သို့ရင်း။ ဆင်းရဲပင်ပန်းစွာဖြစ်လာ၍။ ပုဏ္ဏားလည်း ထိုမှ ဤမှလည်းလဲ လျက်။ပြင်းစွာသောအသံဖြင့်ဟစ်အော်လျက်။ခံစားရ၏။မင်း အစရှိသော ပရိသတ် တို့သည် အကြောင်း အာဘယ်နည်းဟု

မေးလေ၏။ ငါသည်ထိုဂုဏ်တို့မရှိဘဲလျက်။မုသားဆိုမ၍။နတ်ပန်းကို ဆင်မိချေ၏။ မုသားဆိုသောငါ့အား။ မျှားစွာဆင်းရဲခြင်းသို့ရောက်သည် ဖြစ်၍။ နတ်ပန်းကို ငါ၏ကိုယ်မှ။ ယူကြကုန်လောဟုဆို၏။ ထိုပန်းသည် သံပြားမယ်နစ္စသကဲ့သို့။ ယူခြင်းငှါ မတတ်နိုင်ကြကုန်။ ထိုပုဏ္ဏားကို ဒီပိအမိမသို့ဆောင်ရကုန်၏။ ထိုအခါ၊ မင်းကြီးလည်း ထိုပုဏ္ဏား ပြောတိုင်း။ မှန်သည်ဖြစ်အံ့။ဤဒုဿီလပုဏ္ဏားသည် မချွတ်သေလတ္တံ့။ အသို့ပြုကြအံ့နည်းဟုမေးတော်မူလတ်သော်။ အမတ်ကြီးတို့သည် အာရုဏ်မင်းမြတ်၊ ပွဲသဘင်ကို ကမြကသည်ဖြစ်အံ့။ ထိုနတ်တို့သည် လာမြဲလာသည်ဖြစ်အံ့။ တောင်းပန်ကြပါကုန် အံ့ဟု ဆို၍။ ပွဲဂိုဏ်ချင်းပကြကုန်၏။ နတ်တို့သည် အစဉ် အတိုင်းလာလတ်၍။ထိုဒုဿီလပုဏ္ဏားကိုဆောင်ယူ၍။ တောင်းပန်ကြသ ဖြင့်နတ်တို့သည်ထိုဒုဿီလပုဏ္ဏားအား။ မုသာဝါဒကံ၏ အစွမ်းအားဖြင့် ကြီးမားသောဒုက္ခကိုတွေ့ရသည်တကားဟုဆို၍။ ။အတ္တနောမုသာဝါဒဖလံ လဒ္ဓန္တိ မဟာဇနသ ဒုဿီလ ဗြာဟ္မဏံ ဂရဟိတ္မာ သိသတောပုဗ္ဗရုမ္မိဒုကံအပနေတ္မာ။ မဟာဇနသ ဩဝါဒံဒတ္မာ။သကဋ္ဌာနမေဝအဂမံသု။ ။ဟူ၍ တော်တော်မူ၏။ ။အနက်ကား။ ။အတ္တနော၊ မိမိ၏။မုသာဝါဒဖလံ၊ မုသား ဆိုမိသော မကောင်းကျိုးကို။ တယာ၊ သင်ပုဏ္ဏားမိုက်သည်။ လဒ္ဓံ၊ရ၏။ ဣတိ၊ဤသို့။မဟာဇနသ၊မျှားစွာသောင်းသောင်း။လူအပေါင်း၏။မဏ္ဍေ၊အလယ်၌။ ဒုဿီလ ဗြာဟ္မဏံ၊မုသားဆိုသောပုဏ္ဏားကို။ဂရဟိတ္မာ၊ကဲ့ရဲ့၍။သိသတောပုဗ္ဗရုမ္မိဒုကံ။ပန်းကုံးကို။အပနေတ္မာ၊ ဖယ်ယူ၍။မဟာဇနသ၊လူအပေါင်းအား။ ဩဝါဒံ၊အဆုံးအမကို။ ဒတ္မာ၊ပေးလတ်၍။သကဋ္ဌာနမေဝ၊မိမိတို့၏နေရာ။တာဝတိံသသို့သာလျှင်။အဂမံသု၊သွားကြကုန်၏။ ။အဓိပ္ပါယ်ကား။ ။မိမိသည်ပြောဆိုအပ်သော။ မုသာဝါဒအကျိုးကို သင်ပုဏ္ဏားသည် ဆင်းရဲလှသောဒုက္ခကိုခံရ၏ဟုဆို၍။ မျှားစွာသောလူ

အပေါင်းတို့၏အလယ်၌။ ဒုဿီလပုဏ္ဏားကိုကဲ့ရဲ့သဖြင့်ဟ်ဆို၍။ဦးခေါင်းမှပန်းကိုနှုတ်ယူပြီး၍။လူအပေါင်းအား။မုသားဆိုခြင်းသည်ပစ္စုပ္ပန်၊သံသရာ။နှစ်ဖြာသောဘဝတို့၌။ မျှားသောအပြစ်ရှိ၏ဟုဆုံးမပြီး၍။ ဖိုဖိတို့၏နေရာ တာဝတိန်သာသို့ပြန်လေ၏။ ထိုကြောင့်သူတော်ကောင်းတို့သည် မုသားဆိုခြင်းအစရှိသော အကုသိုလ် တရား တို့ကို ရှောင် ကြဉ် ကုန်ရာသည်။

မုသာဝါဒကံသည်အမှန်ရဲသို့လားရ၏။ထိုကြောင့်။ ။ဒေဝဒတ္တောမုသာဝါဒံကတ္တွာ ပထဝိ$^{\circ}$ပဝိဋ္ဌော။ အဝီစိပရာယနောဇာတော။ ။ဟူ၍ဟောတော်မူ၏။ ။အနက်ကား။ ။ဒေဝဒတ္တော၊ ဒေဝဒတ်သည်။မုသာဝါဒံ၊ မုသားဆိုခြင်းကို။ကတ္တွာ၊ပြု၍။ပထဝိ$^{\circ}$၊မြေသို့။ပဝိဋ္ဌော၊ဝင်လေသည်ရှိသော်။အဝီစိပရာယနော၊အဝီစိငရဲလျှင်။လည်းလျှောင်းရာရှိသည်။ ဇာတော၊ဖြစ်၏။ ။အဓိပ္ပါယ်ကား။ ။ရှင်ဒေဝဒတ်သည်မုသားဆို၍။ သဃီသာတော်ကိုသင်းခွဲမိသောကြောင့်။ အဝီစိငရဲ၌။မတုန်လှုပ်စိမ့်သောဌာ။ နံပါးလေးဘက်ထိပ်ထက်၌။ သံတံကျင်လျှို၍၊ ရဲရဲပြောင်ပြောင်။တောက်လောင်သောသံမြေသံတံကျင်တို့၌။ ကြီးစွာသောနိရယဒုက္ခကိုခံရခြင်းသည်မုသာဝါဒကံ၏အကျိုးသာတည်းဟုဟောတော်မူ၏။ထိုကြောင့်ငရဲဘေးမှကြောက်ကုန်ရာသည်။

မုသာဝါဒကံသည်စင်စစ်တမူကား။ ဣန္ဒနုသဘာဝဟုဆိုအပ်သောငရဲဓိုးစာ။ဖြစ်ကြသည်သာတည်း။ ထိုကြောင့်။ ။အလိကံဘာသမာနုဿ အပဏ္ဏမဇ္ဇီပုဏ္ဏို တောပဏ္ဍံ အညထာနံဝိယာကရေ။ ။ဟူ၍ဟောတော်မူ၏။ ။အနက်ကား။ ။ပဏ္ဍံ၊ ပြဿနာကို။ပုဏ္ဏိ$^{\circ}$တော်၊ မေးအပ်သော။ယော၊ အကြင်စေတီ ယမင်းသည်။ဇာနံ၊သိလျှက်။ နံ၊ထိုပြဿနာကို။ အညထာ၊တပါးသောအခြင်းအရာအားဖြင့်။ဝိယာကရေ၊ဖြေဆိုခဲ့၏။ အလိကံ၊မဟုတ်မမှန်။ဟောက်ပြန်သောစကားကို။ဘာသမာနုဿ၊

ဆိုသော။ တဿ၊ ထိုစေတီယ မင်းအား။ ဒေဝတာ ကိုယ်၌ စောင့်ကြပ်။ လေးယောက်သော နတ်မြတ်တို့သည်။ အပက္ကမန္တီ၊ ဘဲရှားကြကုန်၏။ မုခဒ္ဒ၊သင်၏ခံတွင်းသည်လည်း။ ပူတံကံ အပုပ်အတိသည်။ ဝါတိ၊လှိုင်ခဲ့၏။ သကဒ္ဒါဒနာစ၊ ဝိဝိ၏ တည်ရာကောင်းကင်မှလည်း။ခံသတိ၊ပြေဘို့ကျ၏။ ။ပြဿနာကိုမေးအပ်သော အကြင်သူသည် သိလျက်။ ထိုပြဿနာကိုတပါးသော အခြင်းအရာအားဖြင့် ပြေဆိုခဲ့သည်ဖြစ်အံ့။ မဟုတ်မမှန်။ ဘောက်ပြန်သောစကားကိုပြေဆိုသောသူအား။ ကိုယ်၌စောင့်သောလေးယောက်သောနတ်ကောင်း။နတ်မြတ်တို့သည် ဘဲသွားလေ၏။ မုသားပြောသောသူ၏ ခံတွင်းသည်လည်း။ ပုပ်သောအနံ့သည် လှိုင်လေကုန်၏။ ဝိဝိ၏တည်ရာ။ ကောင်းကင်မှလည်းကျလေ၏။ထိုကြောင့်။ မုသားကိုမပြောဆိုရာ။ ထိုကြောင့်။ ။သစ္စဟိသစ္စံဘဏသိ၊ ဟောဟိရာဇ ယထာပုရေ။မုသာစေဘာသသေရာဇ၊ ဘူမိယံပတိဋ္ဌစေတိယ။ ။ဟူ၍ဟောတော်မူ၏။ ။အနက်ကား။ ။စေတိယ၊ စေတိယမင်း။သစ္စံ၊မှန်သောစကားကို။ သစ္စဟိဘဏသိ၊အကယ်၍ဆိုသည်ဖြစ်ငြားအံ့။ ပုရေယထာ၊ ရှေးဦးကဲ့သို့။ ဟောဟိ၊ဖြစ်လေလော့၊စေတိယ၊စေတိယအမည်ရှိသောမင်းမြတ်။ မုသာ။ မမှန်သောစ ကားကို။ သစ္စဘာသသော၊ အကယ်၍ ပြောဆိုငြားအံ့။ဘူမိယံ၊မြေ၌၊ပတိဋ္ဌ။တည်လော။ ။အဓိပ္ပါယ်ကား။ ။စေတိယမင်းမြတ်၊မှန်ကန်သောစကားကိုအကယ်၍ပြောဆိုသည်ဖြစ်ငြားအံ့။ ရှေးဦးကဲ့သို့ကောင်းကင်သွားခြင်းအစရှိသည်၌ ဖြစ်လေလော့။ စေတိယမင်းမြတ်၊မဟုတ်မမှန်သောစကားကို အကယ်၍ဆိုငြားအံ့။ မြေ၌တည်ရာ၏ဟု အဓိပ္ပါယ်လာသည်။ ။ထိုကြောင့်မုသားမဆိုရာ။

မုသားဆိုသောသူတို့အား။ မြေသို့ဝင်ရသည်၏အဖြစ်ကို ပြလိုရကား။ ။မဟာဇနောစေတိယရာဇာ ဣသိ အဂ္ဂေါ သေတ္ဌော။ မုသာဝါဒံဝတ္ဌာအဝိစိ ပရိဗ္ဗောတိဘယပ္ပတ္တောအ

ဟောသိ။ ။ဟူ၍ဟောတော်မူ၏။ ။အနက်ကား။ ။မ
ဟာဇနော၊ လူတို့၏မင်းဖြစ်သော။ စေတိယရာဇာ၊ စေတိယ
မင်းသည်။ ဣသိ၊ကပိလဂ္ဂင်ရသော့ကို။ အကြောသေတ္ထာ၊ဆဲ
ရေး၍။ မုသာဝါဒံ။ မဟုတ်မမှန်။ဘောက်ပြန်ချုတ်ယွင်းသော
စကားကို။ဝတ္ထာ၊ဆို၍။အဝိစိ။ အဝိစိငရဲသို့။ပရိဗ္ဗော၊ဝင်လေ
၏။ဣတိ၊ဤသို့။ ဘယပ္ပတ္တော။ ထိတ်လန့်ခြင်းသို့ရောက်သည်။
အဟောသိ၊ဖြစ်လေ၏။ ။အဓိပ္ပါယ်ကား။ ။လူတို့ကိုအစိုး
ရသောစေတိယမင်းသည် ကပိလဂ္ဂင်ရသော့ကိုဆဲရေးတိုင်း
ထွာ၍။မဟုတ်မမှန်။ ဘောက်ပြန်ချုတ်ယွင်းသောစကားကိုဆို
၍။အဝိစိငရဲသို့ဝင်ရသဖြင့် ထိတ်လန့်ခြင်း သို့ရောက်လေ၏။
ထိုကြောင့်။သေသည်မှနောက်။ငရဲသို့ရောက်ခါမှ။မုသားကို
မဆိုပါဟု တောင်းပန်သော်လည်း လွတ်ခွင့်ကို မရရာ။ ထို
ကြောင့်မုသားဆိုခြင်းမှ။ရှောင်ကြဉ်ကုန်ရာသည်။

ဆိုရန်စကားကား။ ။သောရာဇာဇွမိနာပတ္တော၊ အနှ
လိက္ခစရောပုရေ။ပါဝကျွိပထိုဇ ဇဋ္ဌော၊ဟိနဇ္ဈောပတ္တပရိယာ
ယံ။ ။တသ္မာဟိ ဆန္ဒာဂမနံ၊ နုပသံသန္တိ ပဏ္ဍိတာ။ အဒုဋ္ဌ
စိတ္တောဘာသေယျ၊ ဂိရံသစ္စုပသဋ္ဌိတံ။ ။ဟူ၍ဟောတော်
မူ၏။ ။အနက်ကား။ ။ဘိက္ခဝေ၊ရဟန်းတို့၊ ဇဋ္ဌော၊အမျိုး
ဖြတ်သော။ သောရာဇာ၊ထိုစေတိယမင်းသည်။ ပုရေ၊ရှေးဦး
အနှ လိက္ခစရော။ ကောင်းကင်သို့ သွားသည်ဖြစ်၍။ ပဋ္ဌာ
နောက်မှ။ ဇွမိနာ၊ ဤကောယကလမ္ဗအမည်ရှိသော အဆွေ
ခင်ပွန်းယုတ်နှင့်။ ပတ္တော၊ တွေ့ကြုံလတ်၍။ ဟိနဇ္ဈော၊ယုတ်
သော သဘော ရှိသည်ဖြစ်၍။ ပတ္တ ပရိယာယံ၊ သေခြင်းသို့
ရောက်သည်ဖြစ်၍။ ပထိုဇ၊ဖြေသို့။ ပါဝကျွိ၊ဝင်ရလေပြီ။ ။
တသ္မာဟိ၊တသ္မာဇေ၊ ထိုကြောင့်သာလျှင်။ ပဏ္ဍိတာ၊ပညာရှိ
တို့သည်။ဆန္ဒာဂမနံ၊ဆန္ဒာဂတိသို့လိုက်ခြင်းကို။ နုပသံသန္တိ၊
မချီးမွမ်းကုန်။ အဒုဋ္ဌစိတ္တောဘာ၊ ဆန္ဒာဂတိအစရှိသည်ကိုမဖျက်
ဆီးအပ်သောစိတ်ရှိသည်ဖြစ်၍။ သစ္စုပသဋ္ဌိတံ၊သစ္စာနှင့်စပ်

သော။ဂိရုံ၊စကားကို။ဘာသေယျ၊ပြောဆိုရာ၏။ ။အဓိပ္ပါယ်ကား။ ။ချစ်သားတို့၊အမျိုးမြတ်ဖြစ်သောစေတီယမင်းသည် ရှေးကကောင်းကင်၌။သွားသည်ဖြစ်၍။ နောက်မှ၌ကောယကလမ္ဘအမည်ရှိသောအဆွေခင်ပွန်းယုတ်နှင့်တွေ့ကြုံလတ်၍။ ယုတ်သောသဘောရှိသည်ဖြစ်၍။ သေခြင်းသို့ရောက်သဖြင့် မြေထဲသို့ဝင်ရလေ၏။ ထိုကြောင့်သာလျှင်။ ပညာရှိတို့သည် ဆန္ဒာဂတိသို့ ထိုက်ခြင်းကို မချီးမွမ်းကုန်။ ဆန္ဒာဂတိ အစရှိသည်ကိုမဖျက်ဆီးအပ်သောစိတ်ရှိသည်ဖြစ်၍။ သစ္စာနှင့်စပ်သောစကားကို ဆိုရာ၏။ ထိုကြောင့်။ မမှန်သော စကားကို ပယ်ရှား၍။မှန်သောစကားကိုသာပြောဆိုကုန်ရာသည်။

မမှန်သော စကားကို ပြော်ဆိုသဖြင့် အကျိုးလေးပါးတို့ တည်း။ ဤလေးပါး၏အကျိုးကိုပြလိုရကား။ ။အဘိရူပါ။ဒီ ဃာယုကေ။ပြောဟွဟော။ ဂဟာပတိ။ ပိယမနေ၊ ဤလေးထွေ သည်။ ။သေချာစတုဇ္ဇဋ္ဌိသဘောတည်း။ ။(မမှန်ဝဏ္ဏ၊။ ချွတ်ယွင်းစိတ်လေ။တထွေချွတ်က။လုံ့လဟူရာ။မှန်သည်သာ တည်း။ တပါးသူက။ထိုစကားနှက်။ ဓိပ္ပါယ်ချက်ကို။ ဆက် ဆက် သိစေ။ ဤလေးထွေသည်။ ။မှတ်လေ ရသာဝါဒ အဂ်ါတည်း)။

သုရတိသူရဘာဝံကရောတိတိသုရော။ ။ယောရသော၊ အကြင်အရည်သည်။ သုရတိ သူရဘာဝံ၊ ရဲရင့်သောအဖြစ် ကို။ကရောတိ၊ပြုတတ်၏။ဣတိတသ္မာ၊ ထိုသို့ရဲရင့်သည်၏အ ဖြစ်ကိုပြုတတ်သောသတ္တိကြောင့်။သုရော၊သုရမည်၏။ ။သု ရေနကတာသုရာ။ ။သုရေန၊သူရာမူဆိုးသည်။ကတာ၊ပြုအပ် ၏။ဣတိတသ္မာ၊ထိုကြောင့်။သုံရာ၊သုရမည်၏။ ။ဝင်းသုရာ သည် ရိုက်မဲတွေ့ဝေသည်၏အဖြစ်။ ယုတ်သောအဖြစ်ကိုပြု တတ်၏။ထိုကြောင့်။ ။ဆခေါမေဂဟာပတိပုတ္တအာဒိနဝါသု ရာမေရယမဇ္ဇပမာဒဋ္ဌာနနုယောဂေဣတ္ထိတ္ထိတဗ္ဗာ။သန္ဓိဋ္ဌိကာဝေန

ဇာနိ။ကလဟပဝေနံ။ရောဂါနံအာယတနံ။အကိတ္တိဇနနံ။ကော ပိနဝိဒ္ဓံသနံ။ပညာယဒုဇ္ဇလိကရဏ်ဆမိဒံ။ ။ဟူ၍ဟောတော်မူ၏။ ။အနက်ကား။ ။ဂဟပတိပုတ္တ၊သူဌေးသားဖြစ်သော သိဂ်ါလ။သုရာမေရယမဇ္ဇပမာဒဋ္ဌာနနှင့်ယှဉ်ရာ၌။ ဤမေဆအာဒီနဝါ၊ ဤခြောက်ပါးသောအပြစ်တို့ကို။ ဤဆိုတဘဲ၊ အလိုရှိအပ်ကုန်၏။ သန္ဓိဋ္ဌိကာ၊ မျက်မှောက်ထင်ထင်၊မြင်စကောင်းသောဘဝ၌။ ဝနဇာနိ၊ စည်းစိမ်ဥစ္စာ၏ဆုတ်ယုတ်ခြင်းသည်ရင်း။ကလဟာဝေနံ၊ငြင်းခုံခိုက်ခနှိပ်ပွါးများခြင်းသည်ရင်း။ရောဂါနံ၊အနာ ရောဂါတို့၏။အာယတနံ၊ဖြစ်ခြင်းပွါးများခြင်း တည်ရာ၏ အကြောင်းသည်ရင်း။ အကိတ္တိဇနနံ။ အကျော်အစောမ ဖြစ်ခြင်း၏အကြောင်းသည်ရင်း။ ကောပိနဝိဒ္ဓံသနံ၊ အရှက်အ ကြောက်မရှိ။ဟိရိသြတ္တပ္ပကိုမျက်ဆီးခြင်းသည်ရင်း။ပညာယ၊ အတတ်ပညာ၏။ ဒုဇ္ဇလိ ကရဏံ၊ အားနည်းခြင်းကို ပြုခြင်း သည်ရင်း။ ဟောတိ၊ဖြစ်၏။ ။အဓိပ္ပါယ်ကား။ ။သိဂ်ါလ သူဌေးသား၊သုရာငါးပါး၊ မေရယငါးပါး တို့ကိုကျူးလွန်ပြစ် မှားခြင်းနှင့် ယှဉ်ရာတို့၌။ဤခြောက်ပါးသောအပြစ်တို့ကို အ လိုရှိအပ်ကုန်၏။သန္ဓိဋ္ဌိကာ၊မျက်မှောက်ထင်ထင်၊မြင်ကောင်း သောပစ္စုပ္ပန်ဘဝ၌။စည်းစိမ်ဥစ္စာ၏ဆုတ်ယုတ်ပျက်စီးရခြင်း သည်ရင်း။ခိုက်ရန်မျက်ပွါးငြင်းခုံများခြင်း။ရောဂါအနေရာယ်။ အသွယ်သွယ်တို့၏ ဖြစ်ပွါးခြင်းတည်ရာ၏ အကြောင်းသည် ရင်း။ အကျော်အစောမဲ့ဖြစ်ခြင်း၏ အကြောင်းသည်ရင်း။ အ ရှက် အကြောက်မရှိ။ ဟိရိသြတ္တပ္ပကို၊ မျက်ဆီးတတ်၏။ အ တတ်ပညာ၏အားနည်းခြင်းကိုလည်းပြုတတ်၏။ ထိုကြောင့် သေသောက်ခြင်းစသော မကောင်းမှုကို ရှောင်ကြဉ် ကုန်ရာ သည်။

ဝနကုန်ခန်း၊ သေခန်း ဝင်သော သူဌေးသားကို ပြဆိုပေ အုံ့။ ။အတုလ၊ဥတ္တမရာဇာဖြစ်တော်မူသော မြတ်စွာဘုရား

ရှင်သည်ဧတဝဝနိ်ကျောင်းခ္ခ။ သိတင်းသုံးတော်မူသောအခါ၊ အနာထပိဏ်သူဌေးဏ်ေ တူသည်မိဘတို့ သေဆုံး လတ်သော်။ ကုဋေ့ လေးဆယ်သော ဓနဥစ္စာ။ ရတနာတို့ကို ကောင်းစွာ သိမ်းဆည်းသည်ကို မပြုမူ၍။ သေသောက် ကြွေး တို့နှင့် ပေါင်းဘော်စပ်ဘက်လျက်။သေတင်းကုပ်သို့သွား၍။သောက်စားမြိုးထူးပျော် ရွှင်ခြင်းခ္ခ။လေ့လာသုံးဆောင်ခြင်းကိုပြုသဖြင့် ရတနာဓနရွှေမှစ၍။ အိမ်ပါပျက်စီးခြင်းသို့ ရောက်သည်ဖြစ်၍။ကိုးကွယ်ရာမရရာကား။ အနာထပိဏ်သူဌေးအထံခ္ခ။ ချဉ်းကပ်လေ၏။ထိုအခါ၊ အနာထပိဏ်သူဌေးသည် တူအား။သေသောက်ခြင်းသည် မျှားစွာအပြစ်ရှိသည် ၏ အဖြစ်ကိုပြုပြီး၍။ ရောင်းဝယ် ဘောက်ကား။ ကောင်းစွာ စားစေ ခြင်းဌ။ တထောင်သောဥစ္စာကိုပေး၍လွှတ်လေ၏။ထိုအခါ၊ သူဌေးသားသည်အသပြာကို ခါးဝယ်ထိုက်လျက်။ သေတင်းကုပ်သို့ ဝင်၍။သေသောက်ကြွေးတို့နှင့်တကွ။ စားသောက်သုံးစွဲခြင်းကို ပြုသဖြင့်မကြာမြင့်မီ။ကုန်ခန်းခြင်းသို့ရောက်သည်ဖြစ်၍။ တဘန်သွား၍တောင်းပြန်သော်။ ငါးရာပေးပြီးလျှင်။ ရှေးအတိုင်းဆို၍လွှတ်လိုက်၏။ ထိုနည်းတူစွာ။ သေတင်းကုပ်သို့ဝင်၍။ သေသောက်ခြင်းစသည်ကို ပြုသဖြင့် ကုန်မြဲကုန်လေ၏။ တဘန်တောင်းလတ်သော်။ ပုဆိုးကြမ်းမျှကိုသာပေး၍ လွှတ်လေ၏။ ထိုပုဆိုးကြမ်းလည်းသေတင်းကုပ်သို့ ရောက်သဖြင့် ကုန်ပြန်၏။ တဘန်တောင်းလတ်သော်။ အိမ်မှနှင်ထုတ်၍ လွှတ်သဖြင့် ကိုးကွယ်ရာမရ။ခွက်လက်စွဲလျက်။ တောင်းစားခြင်းပြု၍။ အသက်မွေးရသဖြင့် အတိဒုက္ခသို့ ရောက်ရသည် ဖြစ်၍။ တခုသော ထင်းစင်ကိုမှီလျက်။ဥစ္စာပျက်ပြုန်း။အသက်ဆုံးခြင်းသို့ ရောက်၏။ ထိုကြောင့်။ သေသောက်ခြင်း စသော။ မွဲ မွဲ လျော့လျော့။ပေါ့ပေါ့တန်တန်။မမှန်စကား။ပြောကြားခြင်းကို ဖြစ်စေတတ်သော။ အစာအာဟာရတို့ကို စားသောက် သုံးဆောင်။ ပျော်ရွှင်မြူးထူးသောသူတို့အား။ ပစ္စုပ္ပန်ဘဝခ္ခပင်။

ဥစ္စာကုန်ခန်းပျက်စီးခြင်း။ မင်းဒဏ်သင့်ခြင်း။ အသက်ဆုံးရှုံး ခြင်းစသော ဆင်းရဲ၊တမလွန်ဘဝ၊ နောက်ကာလ၌။ ကြီးစွာ သော နိရယဒုက္ခကို ခံကြရ သည် သာတည်း။ ထို ဒုက္ခ ကို ကြောက်ထိတ်ကြသဖြင့် ကုသလ တရားကို ပွါးများကုန်ရာ သည်။

ဝတ္ထုတရုကား။ ။လွန်လေပြီးသောအခါ၊ဗာရာဏသီ ပြည်၌။ ငါတို့ဘုရားအလောင်းတော်သည် သူဌေးမြို့၌ဖြစ်၍။ တယောက်သော သားသည် ဘွားမြင်လာသဖြင့် မျှားစွာချစ် ခြင်းသို့ရောက်၏။ထိုသူဌေးသည်ဒါနသီလအစရှိသည်တို့ကို မျှားစွာဆည်းပူး၍။စုတ်ပြယ်သော်။တာဝတိန်သာနတ်ပြည် ၌သိကြားမင်းဖြစ်လေ၏။ သူဌေးသားသည် ဗိဘတို့ သေလွန် လျှင်။အပၸမာဒထားအပ်သော။ စည်းစိမ် ဥစ္စာတို့ကို သေအရက် သောက်၍။ မလောက်ရကား။ မြို့ပ်ထားသော ကုဋေ လေး ဆယ်ကို ထုတ်ဘော် ၍။ သေတင်းကုပ်ကိုဆောက်လုပ် ဖြီး လျှင်။လူအပေါင်းခြံရုံလျက်။ သေအရက်သောက်စားခြင်းကို ပြု၏။ထိုအခါ၊မှားယစ်ခြင်းသို့ရောက်သဖြင့် ကျွမ်းသ‌ဦး၊ကခြေ သည် အစရှိသောသူတို့အား။ တထောင်တထောင်မျှ လေဝံ သောဥစ္စာကိုပေးလျက်။ သေအရက်ကြူးခြင်း။ အနှီကြူးခြင်း။ ပိန်းမကြူးခြင်း။ပွဲလမ်းသဘင်။ပျော်ရွှင်မြူးထူးလျက်။ သွားလာ သုံးဆောင်ခြင်းကိုပြုသဖြင့်မကြာမြင့်မီ။ကုဋေ့ လေးဆယ်နှင့် တကွ။ရှိသမျှစည်းစိမ်ဥစ္စာတို့သည် ကုန်ခန်းခြင်းသို့ ရောက် သဖြင့် ဖြိုခြင်ပင်ပန်းခြင်းသို့ ရောက်၏။ ပုဆိုးကြမ်း စုတ်ကို ဝတ်လျက်။ခွက်လက်စွဲကာ။တောင်းရန်း၍စားရ၏။ အဘဖြစ် သောသိကြားမင်းသည် သား၏အကြောင်းကို ဆင်ခြင်လတ် သော်။ ဆင်းရဲဖြိုခြင်ပင်ပန်းသောအဖြစ်ကိုသိ၍။ နတ်ပြည်မှ ဆင်းသက်၍။အလိုခပ်သိမ်းပြီးစေတတ်သော။ တာရုသောအိုး ကိုပေးပြီးလျှင်။ချစ်သား၊အကြင်အခြင်းဖြင့်။ ဤအိုးသည်မကွဲ။ ထိုအခြင်းဖြင့်ကောင်းစွာစောင့်ရှောက်ပါလော့။ ဤအိုးသည်

မကွဲမပျက်ဘဲ။ အမြဲတည်သည်ဖြစ်အံ့။ ချစ်သား၊ဥစ္စာကိုပေး တတ်သောအိုးတည်း။ ကောင်းစွာစောင့်ရှောက်လေ့ဟုဆုံး မ၍။ နတ်ပြည်သို့ပြန်လေ၏။ သူ၌ပြေးသား လည်း ထိုအိုးကိုရ သည်မှစ၍။ အလိုရှိတိုင်း သောက်စား၍။ သွားလာလှည့်ပတ် ၏။တနေ့သ၌။ မျှားစွာသောသေကိုသောက်၍။ မှုးယစ်သဖြင့် ရူးသွပ်ခြင်းသို့ ရောက်သဖြင့် အိုးကို မြှောက်ခါ မြှောက်ခါ။ လက်ခံ၍ကစားသဖြင့်မှုးယစ်တိမ်းပါးသည် ဖြစ်၍။ မဘမ်းမ ဘဲနှုတ်လွဲ၍။ မြေသို့ကျသဖြင့် ထိုအိုးသည်ကွဲခြင်းသို့ ရောက် လေ၏။ အိုးကွဲသည်မှစ၍။ ငတ်ငတ်ခေါင်းပါးခြင်းသို့ရောက် သဖြင့် ပုဆိုးကြမ်းစုတ်ဝတ်လျက်။ ခွက်လက်စွဲကာတောင်း ရန်း၍စားရသဖြင့် အလွန်ပြုံ၊ငြင်ပင်ပန်းခြင်းသို့ ရောက်သည် ဖြစ်၍။ တခုသောထင်းစည်းကိုဖြိုလျက်။ သေခြင်း အဆုံးသို့ ရောက်ရ၏။ထိုကြောင့် သေသောက်သော သူတို့သည် ဥစ္စာ ပျက်ပြုန်း။အသက်ဆုံးခြင်းအစရှိသောပစ္စုပ္ပန်ဒုက္ခ။ တမလွန် ဘဝ၊နောက်ကာလ၌။ငရဲသို့ကျ၍။ငရဲသားတို့သည်ရဲရဲပြောင် ပြောင် တောက်လောင်သောသံမြေ၌။ အိပ်စေပြီးလျှင်။အလျှံ တပြောင်ပြောင်တောက်သောသံကောက် တို့ဖြင့် အထက် အောက် ခံတွင်းကို ဘွင့်၍။ ကြိုက်ကြိုက် ဆူသော။ သံရည် လောင်းခြင်းကို ခံရခြင်းတည်းဟူသောနိရယဒုက္ခမှ။ လွတ် သော်လည်း ပြိတ္တာဘုံသို့ရောက်သဖြင့် ခံတွင်းစွတ်လောက်ရုံ မျှရေ မသောက်ရဘဲ။ သဲပူခရိုး၌ သွားရသဖြင့်ကြီးစွာသော ဆင်းရဲအစရှိသောပေတဒုက္ခ။ခွေးဝက်အစရှိသောတိရစ္ဆာန် ဘုံတို့၌။ ဖြစ်လာရသောဘဝတို့၌ဖြစ်၍။ ရူးသွပ်ရခြင်းစသော တိရစ္ဆာနဒုက္ခ။ လူ့ဘုံ၌ဖြစ်ပါသော်လည်း တပါးသောသူတို့ နှင့်အသွင်၊အပြင်မတူ။သေအရက်အစရှိသည်ကိုသောက်စား မိသောအကုသိုလ်ကံသည် အမှန်အခွင့် ပေးသည်ဖြစ်၍။ အ ခြင်း၊ဆွံ့ခြင်း၊မပြီမပြင်၊မနှီးဘမ်းခြင်း။ လျှာရေထွက်ခြင်းအစ ရှိသောဒုက္ခ။သရိုသရော်။မရေတွက်နိုင်သောဘဝတို့၌။သူရူး

ဖြစ်ရခြင်းသည်သုရာမေရယက်ကြောင့်။ဖြစ်ကြရကုန်၏။နိရ
ယဒုက္ခ။ပေတဒုက္ခ။တိရစ္ဆာနဒုက္ခ။ မနုဿဒုက္ခကိုကြားကြသိ
ကြရသောသူတို့သည် ထိုဒုက္ခအစု။မကောင်းမှုမှ။ ကြောက်
သောအားဖြင့် သေအရက်သောက်စားခြင်းအစရှိသော အ
ကုသိုလ်တရားကိုပယ်ရှား၍။ဘာဝနာစသော ကုသိုလ်တရား
ကိုအားထုတ်ကုန်ရာသည်။

တနည်းဆိုရန်ဝတ္ထုကား။ ။အခဆင့်စကားကြားဦးအံ့။ ။
သာဝတ္ထိပြည်၌။ ငါးရာသော အမျိုးသားတို့သည် ဤသို့အကြံ
ဖြစ်၏။ဒေါ်ဒေါ်အချင်းတို့၊ ငါတို့မင်းတို့၏ ဒါယကာမတို့သည်သူ
တော်ကောင်းတို့၏တရားတို့၌။ မေ့လျော့ခြင်းမျှားခဲ့၏။ထိုမိန်း
မတို့ကိုဝိသာခါသို့အပ်ကြကုန်အံ့ဟု တိုင်ပင်ပြောဆိုပြီးလျှင်။
ဝိသာခါအထံသို့ဆောင်နှင်းကြကုန်၏။ဝိသာခါလည်းကောင်း
ပြီဟုဝန်ခံလေ၏။ထိုမိန်းမတို့သည်ဥယျာဉ်သို့ရင်း။ကျောင်းသို့
ရင်း။ ဝိသာခါနှင့်သာ။ အတူတကွ သွားကြရ၏။ ထိုမိန်းမတို့
သည် တခုသော ကာလ၌။ ခုနစ်ရက်ပတ်လုံး။ သေပွဲသဘင်
သည်ဖြစ်လတ္တံ့။ ဤသို့သေပွဲသဘင်ကို ကြွေးကြော် သည်ရှိ
သော်။မိမိတို့၏လင်အလို၌။ သေရည်ကိုမျှားစွာစိုရင်ကုန်၏။
ထိုယောကျ်ားတို့သည် သေပွဲ သဘင်ကို ပျော်ပါးပြီး၍။ ရှစ်
ရက်မြောက်သောနေ့၌။ အမှုကို ပြုအံ့သောဌာ။ မိမိမယားတို့
အားထားခဲ့၍။ သွားကြလေ၏။ ထိုမိန်းမ တို့သည် ငါတို့သည်
ကား။လင်တို့၏ မျက်မှောက်၌။ သေရည်ကိုသောက်ခြင်းဌာန
ရကြကုန်။ ကြွင်းသောသေရည် သည်ရှိခဲ့၏။ ဤသေရည်ကို
သောက်ခြင်းသည် အကြင်သို့သော အခြင်းအရာ အားဖြင့်မ
သိကြကုန်။ထိုသို့သောအခြင်း အရာအားဖြင့် သောက်ကြကုန်
အံ့။ထိုအခါ၊ဝိသာခါအထံသို့သွားကြ၍။ရှင်မဝိသာခါ၊ဥယျာဉ်
သို့ သွားကြပါကုန်အံ့ဟုဆိုကြ၏။ ဤသို့ဆိုလတ်သော်။ ဝိသာ
ခါသည်ကောင်းပြီ။ရှင်မတို့၊ သွားလိုသည်ဖြစ်အံ့။ပြုဘွယ်ကိစ္စ
ကိုပြုကြ၍။ ထွက်ကြကုန်လေဟု ဆို၏။ ဝိသာခါနှင့် တကွ။

ထွက်ကြသောမိန်းမတို့သည်။ ဗန်းဖုံးသော အသွင်ဖြင့် သေ
ရည်ကို ဆောင်ယူခဲ့ပြီးလျှင်။ ဥယျာဉ်သို့ရောက်သဖြင့် သေး
ရည်သေရက်ကိုသောက်ကြ၍။ မှုးယစ်လျက်သွားကြကုန်၏။
ဤမိန်းမတို့ပြုသောအမှုသည် မသင့်ပြီတကား ဂျင်ဂေါတမ၏
တပည့်မဖြစ်သော ဝိသာခါသည်သေရည်သောက်၍။ သွား
ကြပြီတကားဟု တိုင်ထို တပည့်သား တို့သည် ကဲ့ရဲ့ ကြကုန်
လတ္တံ့။"ဤသို့ကြံ၍။ ထိုမိန်းမတို့ကိုဤသို့ဆို၏။ဂျင်မတို့၊ဂျင်မတို့
ပြုကြသောအမှုသည်မသင့်ကြကုန်။ ငါ့အားလည်းအဂ္ဂိန်စော
မဲ့သည်လည်းဖြစ်ခဲ့ရာ၏။ဂျင်မတို့၏လင်တို့သည်လည်းဇမျက်
ထွက်ကြကုန်လတ္တံ့။ ယခုအခါ၌၊ အသို့ပြုကြကုန်အံ့ဟုဆို၏။
ဂျင်မဝိသာခါ၊နာယောင်ပြုကြပါကုန်အံ့ဟုဆိုကြ၏။ ဒိဋ္ဌိတို့၏
အမှုဖြင့်ထင်ရှားကုန်လတ္တံ့ဟုဆို၏။ ထိုမိန်းမတို့သည်အိမ်သို့
ပြန်လတ်၍။နာယောင်ဆောင်၍နေကြ၏၊ ထိုအခါ၌၊ မိန်းမတို့
၏လင်တို့သည် အမှုလုပ်ရာမှလာကြ၍။ ဤမည်ဤမည် သော
မိန်းမသည် အဘယ်မှာနည်းဟု မေးလေ၏။ နာသည်ဟုဆို
လေလျှင်။ကြားသောခဏ၌၊ဤမိန်းမတို့သည်မချွတ်သေရည်
သောက်၏ဟုဆိုပြီးလျှင်။ ပုတ်ခတ်ညှဉ်းဆဲခြင်းကို ပြုသဖြင့်
ဆင်းရဲခြင်းသို့ ရောက်ကြ၏။ ထိုမိန်းမတို့သည် တဘန် သေ
ရည်သဘင်ကြွေးသောအခါ၌။သေရည်သောက်ခြင်းကိုအလို
ရှိပြန်သည်ဖြစ်၍။ ဝိသာခါသို့ချဉ်းကပ်ပြီးလျှင်။ ဂျင်မဝိသာခါ၊
ဥယျာဉ်သို့သွားကြကုန်အံ့ဟုဆိုကြ၏။ထိုအခါ၊ဝိသာခါသည်
ဂျင်မတို့၊ဧရေးကလည်းအဂ္ဂိန် အစော်မဲ့ကိုဂျင်မတို့သည်ပြုခဲ့ပြီ။
သင်တို့သွားလော့။ ငါကား မလိုက်ပြီဟုဆို၏။ ထိုမိန်းမ တို့
သည်ယခုအခါ၊ဤသို့မပြုပါဟုဆို၍။ ဝိသာခါသို့ကပ်ပြီးလျှင်။
ဂျင်မဝိသာခါ၊ ဘုရားကိုဖူးမြင်အံ့သောဌာ။ ကျောင်းတော်သို့
သွားပါကုန်အံ့ဟု ဆိုကြ၏။ဂျင်မတို့၊ ကျောင်းတော် သို့သွား
ခြင်းသည်။သင်တို့၏သွားလိုတပြီးကား။ပြင်ဆင်ကြကုန်လော
ဟုဆို၏။ထိုမိန်းမတို့သည်ပန်းတောင်းခ၌။ ပန်းတို့ကိုယူစေ၍။

သေရည်ပြည့်သော လက်ကိုင်ခွက်တို့ကို လက်တို့ဖြင့် ဆွဲ၍။ ကြီးစွာသော ပုဆိုးကိုခြုံလျက်။ဝိသာခါကိုကပ်၍။ ဝိသာခါ နှင့်တကွ။ကျောင်းတော်သို့ဝင်လတ်သော်။သင့်တင့်ရာအရပ် ၌၊နေထိုင်လျက်။ လက်ဖြင့် ဆောင်ယူခဲ့သော။ ခွက်၌ပါသမျှ သေရည်ကိုသောက်၍။ ခွက်တို့ကို ပစ်စွန့်ပြီးလျှင်။ တရားသ ဘင်ဝယ်။ဘုရားရှင်၏မျက်မှောက်တော်၌၊ နေကြကုန်၏။ ထို အခါ၊ဝိသာခါသည်ဘုန်းတော်ကြီးသောအရှင်ဘုရား။ ဤမိန်း မတို့အား။ တရားဟောတော်မူပါဟု တောင်းပန်လေ၏။ ထို မိန်းမတို့သည် မူးယစ်သော အဟုန်ဖြင့် တုန်လှုပ်သောကိုယ် ရိကြသည်ဖြစ်၍။ကကြကုန်အံ့။ သီကြကုန်အံ့ဟုစိတ်တို့ကိုဖြစ် စေကြကုန်၏။ ထိုအခါ၊ မာရ်နတ်မင်း၏ အပင်း အသင်းဖြစ် သောတယောက်သောနတ်သားသည် ထိုမိန်းမတို့၏ကိုယ်၌ ပူးကပ်၍။ရှင်ဂေါတမရှေ့မှဘောက်ပြန်သောအခြင်းအရာကို ပြတော့အံ့ဟုဤသို့ကြံ၍။ ထိုမိန်းမတို့၏ကိုယ်တို့၌ပူးကပ်၏ထို မိန်းမတို့တွင်။ အချို့သောမိန်းမတို့သည် မြတ်စွာဘုရားရှင်၏ ရှေ့တော်၌။လက်ခုတ်တီးလျက်။ ရယ်မောခြင်းကိုပြု၍နေကြ ကုန်၏။အချို့သောမိန်းမတို့သည်ကခြင်းဌာအားထုတ်ကြကုန် ၏။ မြတ်စွာဘုရားရှင်သည်ဤသို့ဖြစ်ကြခြင်းသည်အကြောင်း ဘယ်နည်းဟု ဆင်ခြင်သည်ရှိသော်။ နတ်လှည့်ဖြားသောအ ဖြစ်ကိုသိတော်မူ၍။ဤအခါ၌၊မာရ်မင်းစစ်သည်တို့၊ အခွင့်ကို ရစိမ့်သောဌာ။ ငါမပေး တော့အံ့။ ထိုစကားသည်မှန်၏။ ငါ သည်ဤကမ္ဘာမှပြန်၍ရေသည်ရှိသော်။ လေးသင်္ချိုနှင့်ကမ္ဘာ တသိန်း၊ကာလပတ်လုံး။ ဖြည့်ဆည်းပူးတော်မူအပ်သောပါရ မီတော်သည် မာရ်မင်း၏စစ်သည်တို့သည် အခွင့် ကိုရစိမ့် သောဌာ။ဖြည့်ကျင့်တော်မူသည်မဟုတ်။ သေသောက်သော မိန်းမတို့၊ ထိတ်လန့်စိမ့်သောဌာ။ အောက်ဖြစ်သောမျက်မွေး တော်မှ။ညှိုသောရောင်ခြည်တော်တို့ကို လွှတ်တော်မူ၏။ ထို ခဏ၌ပင်။အရိုက်အတိပြီး၏။ ထိုမိန်းမတို့သည်ထိတ်လန့်ခြင်း

ဖြစ်ကြကုန်၏။ သေဘေးမှ ကြောက် ကုန်သော ဓိနိုးမတို့၏ ကိုယ်တွင်းသို့ ရောက် ကုန်သော သေရည် တို့သည် ကြေ ပျောက်ခြင်းသို့ရောက်လေ၏။ ထိုအခါ၊ ဖြတ်စွာဘုရားရှင်သိ တင်းသုံး နေတော်မူသော ပလ္လင်တော်၌၊ ကွယ်တော်မူခဲ့၍။ မြင်းမိုရ်တောင်ထိပ်၌။ရပ်တော်မူလျက်။ဥဏ္ဏလုံမွေးရှင်တော် မှ။ဖြူသောရောင်ခြည်တော်ကိုလွှတ်တော်မူသဖြင့်တထောင် သောလရောင်တို့သည် တဖြိုင်နက် တက်သဖြင့် ထွန်းလင်း ခြင်းသို့ရောက်သကဲ့သို့ဖြစ်၏။ ထိုအခါ၊ ထိုဓိနိုးမတို့ကို ခေါ် တော်မူ၍။ငါဘုရားအထံတော်သို့လာကုန်သောသင်တို့သည် မေ့မေ့လျော့လျော့။ ပေါ့ပေါ့တန်တန် လာခြင်းဌာ။မသင့်ကြ ကုန်။ သင်တို့အားမေ့လျော့သည်၏ အဖြစ်ကြောင့် သာလျှင် မာရ်မင်းစစ်သည်တို့အား။အနွင့်ကိုရသဖြင့်သာလျှင် သင်တို့ အား။ရယ်မောခြင်းအစရှိသည်ကိုမပြုအပ်သည်၌။ရယ်မော ခြင်းကိုပြုစေ၏။ ယခုအခါ၌၊ သင်တို့သည် ရာဂအစရှိသော ဓိုးကိုပြိမ်းစိမ့်သောဌာ။လုံ့လပြုကြကုန်လော၀ဟုဓိနိုးတော်မူပြီး ၍။ ။ကိုံနုဟာသောကိမာနနှော၊နိစ္စံပဇ္ဇလိတောသတိ။အနု ကာရေနသြနုဒ္ဓါ၊ ပဒီပံနဂဝေသထ။ ။ဟူ၍ဟောတော်မူ ၏။ ။အနုက်ကား။ ။နိစ္စံ၊အမြ။ပဇ္ဇလိတော၊ကိလေသာမီး၊ ညိုးညိုးပြောင်ပြောင်။ တောက်လောင်ခြင်းသည်။သတိ။ ဖြစ် လျက်။ကိုံနု၊အာဘယ်ကြောင့်။ ဟာသော၊ ရှင်ခြင်းသည်၊ဘဝ တိ၊ဖြစ်သနည်း။ ကိုံ၊အာဘယ်ကြောင့်။ အာနနှော၊ နှစ်သက် ခြင်းသည်။ဘဝတိ၊ဖြစ်သနည်း။ အနုကာရေန၊အဝိဇ္ဇာတည်း ဟူသော။ အမိုက်မှောင်ကြီးသည်။သြနုဒ္ဓါ၊ပိတ်ဆီးမြှေးရက် အပ်ကုန်သော။ တုမှော၊ သင်တို့သည်။ပဒီပံ၊ ပညာတည်းဟူ သောဆီမီးကို။ နဂဝေသထ၊ အာဘယ်ကြောင့်မရှာဖွိုးကြကုန် သနည်း။ ။ဤသို့ဟောတော်မူ အပ်သောဒေသနာတော်၏ အဆုံး၌၊ ငါးရာသော ဓိနိုးမတို့သည် သောတာပတ္တိ ဖိုလ်သို့ ရောက်ကြကုန်၏။ သေအရက်အစရှိသည်တို့ကိုသောက်စား

ခြင်းသည်လောကဋ္ဌ၊ စည်းစိမ်ဥစ္စာ ကုန်ခန်းခြင်း၊ အရက်အကြောက်မရှိ။ရူးသွပ်ရခြင်း၊အစရှိသောမကောင်းမှုကိုတွေ့ကြုံကြရ၏။ ထိုကြောင့်ဘာဝနာစသော။ သူတော်ကောင်းတို့၏တရားကိုအားထုတ်ကုန်ရာသည်။

သေရည် သောက်စားသော သူတို့အား၊ မျှားစွာ ယုတ်သည်၏အဖြစ်ကို ဟောတော်မူလို၍။ ။သုရာပါနံဘိက္ခဝေ အာသေဝိတံ ဘာဝိတံ ဗဟုလီကတံ နိရယသံဝတ္တနိကံ တိရစ္ဆာနယောနိသံဝတ္တနိကံ။ပေတ္တိဝိသယသံဝတ္တနိကံ။ ယောသဇ္ဇလဟုသုရာပါနသေဝိပါကော။သောမနဿသဟဂတသညုမ္မတ္တကသံဝတ္တနိကော။ ။ဟူ၍ဟောတော်မူ၏။ ။အနက်ကား။ ။ဘိက္ခဝေ၊ရဟန်းတို့။အာသေဝိတံ၊ မပြတ်မှီဝဲအပ်သော။ ဘာဝိတံ၊ပွါးစေအပ်သော၊ဗဟုလီကတံ၊အကြိမ်များစွာ။လေ့လာအပ်သော။သုရာပါနံ၊သေသောက်ခြင်းသည်။ နိရယသံဝတ္တနိကံ၊ငရဲ၌ဖြစ်စေတတ်သည်။တိရစ္ဆာနသံဝတ္တနိကံ၊ တိရစ္ဆာန်ဘုံ၌ဖြစ်စေတတ်သည်။ ပေတ္တိဝိသယသံဝတ္တနိကံ၊ ပြိတ္တာဘုံ၌ဖြစ်စေတတ်သည်။ဟောတိ၊ဖြစ်၏။သုရာပါနသေဝနသည်၊သေအရက်သောက်ခြင်း၏။ ယောဝိပါကော၊ အကြွင်အကျိုးသည်။ သဇ္ဇလဟု၊ အလုံးစုံ တို့ထက် ယုတ်သည်။ ဝါ၊ အားနည်းသည်။ ဟောတိ၊ဖြစ်၏။သောဝိပါကော၊ ထိုအယုတ်ဆုံးဖြစ်သောအကျိုးသည်။မနဿသဟဂတသ၊လူဖြစ်သောသူအား။ ဥမ္မတ္တကသံဝတ္တနိကော၊ ရူးသွပ်ခြင်းကိုဖြစ်စေတတ်သည်။ ဟောတိ၊ဖြစ်၏။ ။အဓိပ္ပါယ်ကား။ ။ချစ်သားရဟန်းတို့၊မပြတ်မှီဝဲအပ်သော။အဘန်တလဲလဲ၊ပွါးစေအပ်သော၊အကြိမ်များစွာ၊လေ့လာအပ်သော။ သေအရက်သောက်ခြင်းသည် ငရဲ၌ဖြစ်စေတတ်သည်။တိရစ္ဆာန်ဘုံ၌ဖြစ်စေတတ်သည်။ ပြိတ္တာဘုံ၌ဖြစ်စေတတ်သည်။ သေအရက်သောက်ခြင်း။ သောက်သောသူတို့အား။ နည်းသောအကျိုးသည်အလုံးစုံသောသိက္ခာပုဒ်တို့ထက် ယုတ်သည်။ အားနည်းသည်ဖြစ်၏။ အယုတ်ဆုံး ဖြစ်

သောအကျိုးသည် လူဖြစ်သော်လည်း ရူးသွပ်ခြင်းကိုဖြစ်စေ တတ်၏။သေသောက်သောသူ။ ငပေတူတို့သည်ငရဲကိုကျမှ။ လွတ်ပါအဘော။ လူ.ပြည်ဌာန။လူ.ဒေသ၌။ဒါနသိလံ။ ဘာဝနံ ကို။ ပြုပါမည်ဘုရားဟု တောင်းပန်ပြားသော်လည်း။ ဟဲ့သေ ရည်သောက်။ နင်ဘာကိုကြောက်သလဲ။ ဇုဋ္ဌုပ္ပါဒ။နဝဂ်သာ သနာ။ ကြိုကြိုက်ပါလျက်။ ငဲ့ကွက်ကင်းကွာ။ ငွေသာခွါဖြုတ်ဖြုတ်။ ငရဲကို ဝယ်ယူသော ငရိုက်သား၊ နင်ပြုသည့်နင့်ကံ။ နင်ခံရ သည်တကားဟု။ အလျှံတောက်လျက်။ သံမြေထက်၌။ ပက် လက်အိပ်ခါ။နှစ်ဖြာသံကောက်။အာစောက်ဟာဖြ။ရဲရဲသံရည်။ လောင်းသည်ခါမှ။ငိုတမြည်ကြွေးလျက်။ ကြီးစွာသောဆင်း ရဲကိုခံရ၏။

သုရာမေရယ သိက္ခာပုဒ်သည် အလွန်ထက်သည်ကိုပြုအံ့ သောဌာ။ ။အဝိစေ့ဆိုသုရာမေရယ မဇ္ဇပမာဒဌာနမေဝမ ဟာသာဝဇ္ဇံ။ နတထာ ပါဏာတိပါတာ ဒယော။ တသ္မာမ နုဿဘူတသာဝိဥမ္ဘတ္တကဘာဝသံဝတ္တနေန အရိယဓမ္မနှုရာ ယကရဏတော။ ။ဟူ၍မိန့်တော်မူ၏။ ။အနက်ကား။ ။ အဝိစ၊စင်စစ်သော်ကား။ ဇွေ၊ဤငါးပါးသိလတို့တွင်။ သုရာ မေရယ မဇ္ဇပမာဒဌာနမေ၀၊ သုရာမေရယ် မဇ္ဇပမာဒဌာန သည်သာလျှင်။ မဟာသာ၀ဇ္ဇံ၊ အားကြီးသောအပြစ်ရှိ၏။ ပါ ဏာတိပါတာဒယော၊ ပါဏာတိပါတ အစရှိသည်တို့သည်။ တထာ၊ထိုအတူ။ မဟာသာ၀ဇ္ဇံ၊ ကြီးသောအပြစ်ရှိသည်၊ နု ဟောန်တို့၊မဖြစ်ကုန်။ကသ္မာ၊အဘယ်ကြောင့်နည်းဟူမူကား။မ နုဿဘူတသာဝိ၊လူဖြစ်လျက်လည်း။ ဥမ္မတ္တကသံ၀တ္တနေန၊ ရူးသွပ်သောအဖြစ်ကိုဖြစ်စေသဖြင့်။ အရိယဓမ္မနှုရာယကရ ဏတော၊အရိယာတို့၏တရား၏ အနှုရာယ်ကိုပြုခြင်းကြောင့် တည်း။ ။အဝိပ္ပါယ်ကား။ ။ဤသုရာမေရယကံသည်လေး ပါးသောကံတို့ထက်အားကြီး၏။ အဘယ်ကြောင့် အားကြီး သနည်း။ ဤသုရာမေရယကံသည်သောက်ပြီးသည်မှနောက်

ခ်ီ၊သေရည်လွန်ကျ။။ ယစ်မူးသွပ်ရူးသောသူတို့သည် သူ့အသက်ကိုသတ်ခြင်း။ သူ့ဥစ္စာကို ခိုးယူခြင်း၊ သူ့သားအိမ်ရာကိုပြစ်မှားခြင်း။ မဟုတ်မမှန်ရသားဆိုခြင်း၊ အရိယာပုဂ္ဂိုလ်တို့ကိုပြစ်မှားခြင်း။ တရားတော်ကို ဖျက်ဆီးနှိုင်ခြင်းစသော။ မကောင်းမှုတို့ကို လွယ်မိုးဖိုးစေနှိုင်သောသတ္တိရှိသည်၏ အဖြစ်ကြောင့်။လေးပါးသောကံတို့ထက်။ အားကြီးထက်မျက်၏ဟုမှတ်အပ်၏။ ။(သုရာမှန်လ္ယ။သောက်လိုကမူ။သောက်မူပိတာ။ မူးယစ်လာသည်။ ။လေးဖြာပါဏာအင်္ဂါတည်း)။

အကုသိုလ်အစု။မကောင်းမှုကိုရောပြွမ်း၍ပြုလိုရကား။ ။ ယာစဘရိယာ ဓနက္ကိတာ၊ သာမိကံ အဝမညတိ။ သဿုံဝါ သဿုရုံဝါဒိ၊ ဒေဋ္ဌံဝါပိနန္ဒနံဝါ။ ။တဿာဝကော်နု ဒိဋ္ဌဂ္ဂိ၊ နိဗ္ဗာဟန္တိသဗ္ဗနံ၊ သဗ္ဗာမမတ္တံကိမိနံ။ ဒိဋ္ဌံပသတိ အတ္တနိ။ ဝိညာပေတုံနသက္ကောတိ၊ တာပနေပုနပစ္ဆတိ။ ။ဟူ၍ဟောတော်မူ၏။ ။အနက်ကား။ ။ဘော၊အိုအချင်းတို့။ ဓနက္ကိတာ၊ ဥစ္စာဖြင့်ဝယ်အပ်ကုန်သော၊ ယာစဘရိယာ၊ အကြင်မယားသည်လည်း။သာမိကံ၊လင်ကို။ အဝမညတိ၊မထီမဲ့မြင်ပြု၏။ သဿုံဝါ၊ ယောကျ္ဗမ ယောကျ်ားသူကိုရင်း။ သဿုရုံဝါ၊ ယောကျ္ဗမ မိန်းမသူကိုရင်း။ ဒေဋ္ဌံ ဝါပိ၊ ခဲအိုကိုရင်း။ နန္ဒနံဝါ၊ ယေဘုံမကိုရင်း။အဝမညတိ၊မထီမဲ့မြင်ပြု၏။ ။ဘော၊အိုလူအပေါင်းတို့။တဿာ၊ထိုသူယုတ်မာမ၏။မေ့ခံ၊ခံတွင်းကို။ဝကော်နု၊ သံချနိုးတောင်းဖြင့်။ ဝိဝရိတ္တွာ၊ဘွင့်၍။ ဝကော်နု၊ သံမြှားချိတ်ဖြင့်။ဒိဋ္ဌဂ္ဂိ၊ လျှာဖျားကို။ သဗ္ဗနံ၊ကြိုးဘွဲ့လျက်။နိဗ္ဗာဟန္တိ၊ငင်ထုတ်ကြ ကုန်၏။ ကိမိနံ၊ ပိန်းကောကြီးလောက် ပမာဏ ရှိသော။ ပိုးလောက်တို့ပြည့်သော။ သဗ္ဗာမမတ္တံ၊မိမိ၏တလံအတိုင်းအရှည်ရှိသော။အတ္တနိ၊မိမိ၏။ဒိဋ္ဌံ၊လျှာကို။ ပသတိ၊မြင်ရ၏။ဝိညာပေတုံ၊ ငရဲထိန်းတို့ကိုချမ်းသာပေးပါဟု တောင်းပန်ခြင်းဌာလည်း။ နသက္ကောတိ၊ မတတ်နိုင်။ ပုနပိ၊ တဘန်

လည်း။တာဝပနေ၊တာဝပနင်ရဲ့။ပစ္စတိ၊ကျက်ရ၏။ ။အဓိပ္ပါယ်ကား။ ။အပေါင်းလူတို့။ ဥစ္စာဝယ်သောမိန်းမ အစရှိသော သူတို့သည် လင်ကိုလည်းမထိမ့ဲမြင်၊ မလေးမစားပြုတတ်၏။ ယောကျ္ဃမယောက်ျားသူ။ ခဲအိုယောက်မအစရှိသည်တို့၌၊ မလေးမစား။ ရန်းကားခြင်းအစရှိသည်ကိုပြု၏။ အချင်းတို့၊ထိုယုတ်မာသောမိန်းမ၏ ခံတွင်းကို သံချနိုးတောင်းဖြင့် ဘွင့်၍။ ကောက်သောသံမြှားချိတ်ဖြင့် လျှာဖျားကိုကြိုးဘွဲ့လျက်။ ငရဲသားတို့သည်ငင်ထုတ်ကြကုန်၏။ပိန်းကောကြီးလောက်ပမာ ဏရှိသောဖိုးလောက်တို့ဖြင့်ပြည့်သောပိပိ၏တလံအတိုင်းအရှည်ရှိသောပိပိ၏လျှာကိုမြင်ရ၏။ငရဲထိန်းတို့ကိုချမ်းသာပေးတော်မူပါဟုတောင်းပန်ခြင်းဌာလည်းမရ။ တာဝန်တာဝပနင်ရဲ့ သို့ကျရ၏။ အသက်ရှည် အစရှိသည်တို့ဖြင့် ကြီးမြတ်သော သူတို့ကို မရှိမသေ။ မလေး မစား၊ ပေါ့ပေါ့ တန်တန်။ မမှန်တရား၊ ပြောဆိုလေ့ကျက် ပြုကျင့်သောရဟန်းရှင်လူ။ ပိန်းမ၊ ယောကျ်ား်အား။သေသည်မှနောက်ကာလ၌။မဟာအဝီစိငရဲ့ သို့ကျရ၍။ရဲရဲပြောင်ပြောင်၊ တောက်လောင်သော သံမြေ၌။ ငရဲသားတို့ကပက်လက်ထားပြီးလျှင်။ အထက်မေး၊အောက်မေးတို့ကို။ အလျှံပြောင်ပြောင်တောက်သောသံချနိုးတောင်းတို့ဖြင့်ဆွဲငင်၍၊ ခံတွင်းကို ဘွင့်စေပြီးမှ။ ထက်လှစွာပြောင်ပြောင်တောက်သောသံမြှားချိတ်ဖြင့်လျှာကိုထုတ်ငင်ခြင်း။အလျှံတောက်သော သံကြိုးတို့ဖြင့် ချည်လျက်။ ဒုက္ခစက်ခြင်း စသောအဝီစိဒုက္ခမှ။ လွတ်ငြားလတ်သော်။ တာဝန်တာဝပနင်ရဲ့ ဌာနရခြင်းသည် လင်ယောကျ္ဃမ အစရှိသော။ အသက်ရှည် ကြီးသောသူတို့ကိုမရှိမသေပြုသော သူတို့အားသာ။ ခံကြရာ၏။ထိုကြောင့်ရှိသေခြင်းကိုပြုကုန်ရာသည်။

ဝဏ္ဏုတ္တရတွေ့ပြဦးပေအုံ့။ ။မြတ်စွာဘုရားရှင်သည်။ ဗာရာဏသီပြည်၊ မိဂဒါဝုန်တော၌။ သီတင်းသုံးတော်မူသောအခါ၊ဗာရာဏသီပြည်၌။ သဒ္ဓါတရားနှင့်ပြည့်စုံသော နန္ဒိယဥပါ

သကာသည်ရတနာသုံးပါးခို။ မြတ်နိုးကြည်ညြို၏။ စွန့်ကြဲပေး ကမ်းလှူဒါနိုးလေ့ရှိ၏။ ထိုအခါ၊ နန္ဒိယ၏မိဘတို့သည် အိမ်၏ အနီးဖြစ်သော ဦးရိုး၏သို့။ ရေဝတီကို နန္ဒိယအား။ပို့ဆောင် ခြင်းဌာနအလိုရှိ၏။ ရေဝတီကိုသဒ္ဓါတရားခေါင်းပါးသောမိန်း မဖြစ်၍။နန္ဒိယကားအလိုမရှိ။ နန္ဒိယ၏မိဘတို့သည်ကားရေဝ တီကိုခေါ်ပြီးလျှင်။ ရှင်မ၊ သင်သည် ဤအိမ်သို့လာ၍။ သဃီဝ တော်တို့အား။ နေရာခင်းခြင်းအစရှိသောဝတ်ကိုကောင်းစွာ ပြုသည်ရှိသော်။ နန္ဒိယနှင့် ထိမ်းမြား၍။ သင်သည်ဤအိမ်သို့ ရောက်လတ္တံ့.ဟုဆုံးမ၏။ ရေဝတီလည်း ဆုံးမတိုင်းလိုက်၍ပြု၏။ထိုအခါ၊အမိသည် ရေဝတီအား။ ဆုံးမခြင်းဌာ၊လွယ်၏ဟု သားအား ကြားလေ၏။ သားသည် ဆုံးမလွယ်သည် ဖြစ်ခဲ့။ ကောင်း၏ဟုဝန်ခံ၏။ ထိုသူ နှစ်ယောက်ကို နေ့ရက်ချိန်းချက် ခြင်းကိုပြု၍။ထိမ်းမြားကြ၏။ ထိုအခါ၊ နန္ဒိယသည်ရှင်မရေဝ တီ၊ ဘုရားတရားသဃီဝ မိဘတို့ကို ကောင်းစွာပြုစုပါက။ဤ အိမ်၌။ နေရလတ္တံ့.။မမေ့မလျော့နှင့်ဟုဆုံးမ၏။ ရေဝတီသည် ကောင်းပြီဟု ဝန်ခံ၍။ သဒ္ဓါတရား မရှိသော်လည်း ရှိသကဲ့သို့ လင်အလိုသို့လိုက်၍။ ပေါင်းဘော်ကြသဖြင့် နှစ်ယောက်သော သားတို့ကို ရလေ၏။ နန္ဒိယ၏ မိဘတို့သည် သေဆုံးခြင်းသို့ ရောက်လေ၏။ အလုံးစုံသောစည်းစိမ်သည်ရေဝတီအားသာ ဖြစ်လေ၏။ နန္ဒိယလည်းအလှူရှင်ဖြစ်၍။ သဃီဝတော်တို့အား လုပ်ကျွေး၏။ အထိုးကျန်သူ။ သူဆင်းရဲတို့အားလည်း အိမ်တံ ခါးခို။ချက်မြဝတ်ကိုဖြစ်စေ၏။မိဂဒါဝုန်တောခွဲလည်ခန်းတိုက် လေးခု။ ရုတ်ထွက်လေးလုံး။ စုလစ်မွန်းချန် ရှိသော ကျောင်း ကို ဆောက် ပြီး၍။ အိပ်ရာညောင် စောင်း၊အင်းပျဉ်တို့နှင့်တ ကွ၊ဘုရားအမှုးရှိသော သဃီဝတော်တို့အား။ လှူဒါနိုးပြီးလျှင်။ မြတ်စွာဘုရားရှင်လက်တော်ခို၊ ရေစက်ချ၍။ လှူဒါနိုးသည်နှင့် တကွ။တာဝတိန်သာနတ်ပြည်ခို။အလျားအနုံတဆဲ့နှစ်ယူဇနာ။ အစောက်ယူဇနာတရှိသော။ ရတနာခုနစ်ပါးဖြင့်ပြီးသော။

နတ်သွီးအပေါင်းတို့ဖြင့်ကြွေးကြော်သံရှိသော။ နတ်ပြာသာဒ်ပေါက်၏။ရှင်မောဂ္ဂလာန်သည် နတ်ပြည်၌၊ ဒေသစာရိ၊ယှည့်လည်လည်လတ်သော်။ ထိုပြာသာဒ်ကိုမြင်၍။ပြုန်လာ ပြီးလျှင်။ ပရိသတ် လေးပါး အလယ်၌။ ဘုရား ရှင်ကို ဘုန်းတော် ကြီးယှသော မြတ်စွာ ဘုရား၊ ပြုအပ်သော ကောင်းမှု ရှိကုန် သော လူတို့၏ လူ.ပြည်၌ တည်ကုန်စဉ်။ နတ်ပြည်၌၊ ဗိမာန်ပေါက်ပါမည် လောဟု လျှောက်၏။ ။ဘုရားရှင်သည် ချစ်သား မောဂ္ဂလာန်၊ သင်သည်နန္ဒိယ၏ ဗိမာန်ကိုကိုယ်တိုင် မြင်အပ်သည် မဟုတ်လော။ အဘယ်ကြောင့် ငါဘုရားကို လျှောက်ထားပြန် သနည်းဟု မိန့်တော် မူသော်။ ဤသို့ မှန်ပေသည် အရှင်ဘုရားဟုလျှောက်ထား၏။ ထိုနောက်မှ ရှင်မောဂ္ဂလာန် အား။ ဘုရားမြတ်စွာသည် အရပ်တပါးသို့သွား၍။ ကြာမြင့်မှ ပြန်လာသော ယောက်ျားကို အဆွေအမျိုး။ အဆွေခင်ပွန်းတို့သည် ခရီးဦးကြိုဆိုလျက်။ နှစ်သက်စွာခံယူကုန်သကဲ့သို့။ ထိုအတူ ပြုအပ်သော ကောင်းမှုရှိသောသူသည် ဤပစ္စုပ္ပန်လောကမှ။ တမလွန်လောကသို့ သွားသောသူကို မိမိပြုအပ်သော ကောင်းမှု တို့သည် ဆီးကြိုလျက်။ နှစ်သက်စွာ ခံယူ ကုန်၏ ဟု ဟောတော်မူ၏။ ။နန္ဒိယလည်း ထိုစကားကိုကြား၍။ အတိုင်းထက်အလွန်၊ကုသိုလ်ကောင်းမှုကိုအားထုတ်၏။ ထို အခါ၊နန္ဒိယသည်ကုန်သွယ်ခြင်းဌာ။အရပ်တပါးသို့သွားလတ်သော်။ မယားဖြစ်သောရေဝတီကိုခေါ်၍။ ရှင်မ၊သင်သည်ငါ သည် ဖြစ်စေအပ်သော သဃီဝအား လှူမြဝတ်။ ဗုန်းတောင်း စားတို့အား။ ပေးမြဝတ်တို့ကို မပျက်စေဘဲ။ မမေ့ မလျော့၊ ပြုရစ်ပါဟုမှာခဲ့၏။ ရေဝတီလည်းကောင်းပြီဟုဝန်ခံ၏။နန္ဒိယ လည်း အရပ်တပါးသို့ သွားသော်လည်း အကြင် အကြင်အရပ်၌၊တည်းခိုနေထိုင်၏။ထိုထိုအရပ်၌။ရဟန်းသဃီဝတို့အား ၎င်း။ ဗုန်းတောင်းစားတို့အား၎င်း။စည်းစိမ်အားလျှော်စွာ၊ဒါနကိုပြုသည်သာတည်း။ နန္ဒိယအား။အစဉ်သနားသဖြင့် ဝေး

သောအရပ်မှလာ၍။ ရဟန္တာတို့သည် အလှူခံကုန်၏။ ရေဝ
တိသည်ကား။နန္ဒိယသွား၍။နှစ်ရက်သုံးရက်မျှသာ။အလှူဝတ်
ကိုဖြစ်စေ၍။ ဗုဒ္ဓဘုရားတို့အား ပေးမြဝတ်ကိုဖြတ်၍။
ရဟန်းသဃီသောတော်တို့အားလည်း ဆန်ကွဲထမင်း။ ပုန်းရည်
ဟင်းကိုသာလှူ၏။ရဟန်းသဃီတို့စား၍ဗိုဗိုစားကြွင်း။ထ
မင်းပါးပိုင်း။အမဲပိုင်းတို့ကိုဖယိုဖရဲကြ၍။အိမ်နီးချင်းလူသူတို့
အား။ရဟန်းတို့အမှုကိုရှုကြပါကုန်။သဒ္ဓါ၍လှူအပ်သောဝတ္ထု
ကိုဖျက်ဆီးကောင်းသလောဟုပြ၏။ နန္ဒိယလည်းအရင်းဥစ္စာ
နှင့်တကွ အုပ်မြတ်ရ၍။ ပြန်လာသော် ထိုအကြောင်းကို သိ၍။
ရေဝတိကို အိမ်မှနှင်ထုတ်၏။ အိမ်သို့ရောက်၍။ နှစ်ရက်သုံး
ရက်မြောက်သောနေ့၌။ အလှူဝတ်ကို ဖြစ်စေ၏။ အဆွေခင်
ပွန်းတို့ဆုံးမ၍။ ရေဝတိကိုအိမ်သို့ သွင်းသော်လည်း။ စားရုံ
ဝတ်ရုံမျှကိုသာ ပေး၏။ နောက် အခါ၌၊ နန္ဒိယ သေလွန်၍။
တာဝတိန်သာဝယ်။ ဗိုဗိုဗိမာန်၌ဖြစ်လေ၏။ ရေဝတိကား။အ
လုံးစုံသောဒါနဝတ်ကိုဖြတ်၍။ ဤသူတို့ကြောင့်။ ငါ၏လာဘ်
လာဘသည် ယုတ်၏ဟု ရဟန်း သဃီတို့ကို ဆဲရေးလျက်
လှည့်လည်၏။ ထိုအခါ၊ ဝေဿဝဏ်နတ်မင်းသည်ဘိလူးနှစ်
ယောက်တို့ကိုအချင်းတို့၊သွားကြကုန်။ဗာရာဏသီပြည်၌၊ရေ
ဝတိကိုဤနေ့မှရှုနစ်ရက်မြောက်သောနေ့၌။ အသက်ရှည်စည်။
ငရဲတွင် ပစ်ချကုန်အုံ့။ ကြွေးကြော် ကြဲလေကုန်ဟုစေ၏။ ထို
ကြွေးကြော်သံကိုကြား၍။လူအပေါင်းအား။ အလွန်ထိတ်လန့်
၏။ ရေဝတိကား။ ပြာသာဒ်ထက်သို့ တက်ပြီးလျှင်။တံခါးကို
ပိတ်၍နေ၏။ ရှုနစ်ရက်မြောက်သော နေ့၌။ မကောင်းမှု ကံ
တိုက်တွန်းသောကြောင့်။ ဝေဿဝဏ်နတ်မင်းသည်စေအပ်
သော။ အလွန်ကြောက်မက်ဘွယ်အဆင်းရှိသော။ ဘိလူးနှစ်
ယောက်တို့သည်အလွန်ယုတ်မာသောရေဝတီ၊ ထလောဟု
ဆိုပြီးလျှင်။မောင်းနှစ်ဘက်တို့ကိုကိုင်ပြီးလျှင်။ လူအပေါင်းတို့
သည်ဖြင်စေသတည်းဟုအလုံးစုံသောမြို့ခရိုးဌ။ ချာချာ ပတ်

လည်လျက်။တာဝတိန်သာနတ်ပြည်သို့ဆောင်၍။နန္ဒီယဇိမာန်
ဌိစည်းစိမ်ကို ပြလျက်။ ဥဿဒဇရဲ၏ အနီးအပါးသို့ ရောက်
စေကုန်၏။ ရေဝတီလည်းနတ်ပြည်ဌ၊ သင်တို့ပြသောဇိမာန်
သည် အဘယ်သူ၏ ဇိမာန်နည်းဟု မေး၏။ ဘီလူးတို့ သည်
လည်းနန္ဒီယဥပါသကာ၏ဇိမာန်တည်းဟုဆိုကုန်၏။ ထိုအခါ၊
ရေဝတီက။ ငါသည်နန္ဒီယဥပါသကာ၏မယားပင်ဖြစ်သည်။
ငါ့လင်နှင့်အတူတကွ စံပျော်ပါ၏။ သင်တို့ပြသောငရဲကိုငါ
မမြင်လိုဟုဆို၏။ ထိုအခါ၊ဘီလူးတို့သည်ရေဝတီ၊သင်သည်
လူ.ပြည်ဌ။အလွန်ဝန်တို၏။ ရဟန်းသင်္ဃာတို့ကိုဆဲရေး၏။ထို
မကောင်းမှုကြောင့်။ သင့်နေရာကား။ငရဲသာတည်း။ နတ်ရွာ
မဟုတ်ဟူ၍ ကွယ်လေ၏။ နတ်ဘီလူးနှစ်ယောက် ကွယ်လေ
လျှင်။ ထိုဘီလူး တို့နှင့်တူစွာ။ ငရဲထိန်းနှစ်ယောက် တို့သည်
လာ၍။သံသဝကမည်သောဘင်ဝုပ်ငရဲသို့ပစ်ချမည်ဟုဆွဲငင်
လာသည်ကိုရေဝတီမြင်လေ၍။ ဤငရဲကား။အဘယ်ငရဲနည်း
ဟုမေး၏။ဤငရဲကား။ သံသဝကမည်သောငရဲတည်း။ အသူ
တရာနက်၏။ ဤငရဲ၌သင်သည် အနှစ်တထောင်တို့ ပတ်လုံး။
ကျက်ရလတ္တံ့.ဟုဆိုသော်။ အဘယ်မကောင်းမှုကြောင့်။ ငါ
ကျက်ရအံ့နည်းဟုမေး၏။သင်သည်လူ.ပြည်ဌနေစဉ်။ ဝန်တို
သဖြင့်ရဟန်းသင်္ဃာ၊ ဖုန်းတောင်းစားတို့အား။ ဆဲရေးသော
မကောင်းမှုကံကြောင့်။ကျက်ရလိမ့်မည်။သည်သာမကသေး။
ဤငရဲ၌။ အနှစ်တထောင်တို့ပတ်လုံး ကျက်၍။ ထွက်ရပါက။
လက်ဖြတ်ခြင်း၊ခြေဖြတ်ခြင်း၊ နှားနှာခေါင်း ဖြတ်ခြင်း တို့ကို
လည်းခံရကုန်လတ္တံ့။ ထက်စွာသော။သံနွားတံသီးရိုကုန်သော။
ကျီးလင်းတတို့သည်သုံးဂါဝုတ်မျှလောက်သော သင်၏ကိုယ်
ကိုထိုးဆိတ်၍။ စားကြကုန်လတ္တံ့.ဟုဆိုသော်။ ရေဝတီသည်
လူ.ပြည်သို့ တဘန်ပြန်၍။ ကျွန်တော်မကို ဆောင်ကြပါ။ လူ.
ပြည်သို့ရောက်သောအခါ။ မျှားစွာသော ကုသိုလ်ကောင်းမှု
ကိုပြုပါအံ့ဟုဆို၏။ ငရဲထိန်းတို့လည်း ဟဲ့ရေဝတီ၊သင်သည်

လူ့ပြည်၌။ရခဲလှစွာသောလူ့အဖြစ်ကိုရ၍။ ဘုရားပွင့်ရာကာလနှင့်ကြုံကြိုက်သဖြင့် နန္ဒိယ သူတော်ကောင်းနှင့် ပေါင်းဝိပါလျက်ပင်။မေ့လျော့လေစွ။ယုတ်မာသောအမှုကိုများစွာပြုခဲ့ပြီတကား။ယခုမှမြည်တမ်းခြင်းဌာ။ အရာမဟုတ် ပြီဟုဆို၍။ဦးခေါင်းစောက်ထိုး။ ခြေကားမိုးမြော်၊ ငရဲသို့ပစ်ချလေကုန်၏။ ဤရေဝတီသည်မုသာဝါဒ၊ဖရုသဝါစာတို့၏ အစွမ်းအားဖြင့် များစွာသောအကုသိုလ်ကံကြောင့်။ ငရဲ၌၊ကြီးစွာသောဆင်းရဲကိုခံရ၏။ ထိုကြောင့်မုသာဝါဒ၊ ဖရုသစသောအကုသိုလ်တရားတို့သည် အပါယဂတိသို့လားရသည် တကားဟုနှုတ်ထား၍။ ဒါနသီလစသောကုသိုလ်တရားကိုအားထုတ်ကုန်ရာသည်။

ဝတ္ထု၊တထွေ။ပြဦးပေအုံ့။ ။သာဝတ္ထိပြည်၌။ အမျိုးသားတယောက်သည် ဘုရားရှင်၏တရားတော်ကို နာရသဖြင့် တရားတော်၌၊များစွာမြတ်နိုးခြင်းရှိသည်ဖြစ်၍။ဘုရားရှင်သာသနာတော်၌၊ရဟန်းပြုသဖြင့်တိသမဏ ဏ ရဟူသောအမည်ကိုရလေ၏။ဝိပဿနာဘာဝနာကိုလွန်စွာအားထုတ်စဉ်ပင်။ရောဂါသည်ဖြစ်လာ၍။ရှေးဦးစွာအစကား။မုန်ညင်းစေ့မျှပေါ်လာ၏။ထိုမှနောက်၌။ နှမ်းစေ့၊ပဲစေ့၊ဆီးစေ့၊ကလောစေ့၊ဆီးသီး၊ ဆီးပြွှာသီး၊ဥသျှစ်သီးမျှလောံသောအနာတို့သည်ကိုယ်အလုံး၌ ပေါက်သဖြင့်မကြာမြင့်မီ ပေါက်ကွဲ၍။ ကိုယ်အလုံးသည် အပေါက်အပေါက်ဖြစ်၏။ ပုတိဂတ္တတိသမဏ ဏ ရဟူသောအမည်သည်ဖြစ်၏။ ထိုမဏ ဏ ရအား။ နောက်အဘို့၌၊ အရိုးတို့သည်ကျိုးခြင်းသို့ရောက်လေကုန်၏။သုတ်သင်ရှင်းလင်းသောသူမရှိသည်ဖြစ်၍။ ဝတ်အပ်သော ကိုယ်ဝတ် သင်းပိုင်တို့၌၊ သွေးပြည်တို့သည် လိမ်းကျံသည်ဖြစ်၍။ မုန့်ပိုင်းကိုကွန်ရက်အုပ်သကဲ့သို့ဖြစ်၏။ တပည့်တို့သည်လည်းစွန့်ကြကုန်၏။ ထိုမဏ ဏ ရသည်ကိုးကွယ်ရာမရသည်ဖြစ်၍။ အိပ်လျက်ဝေဒနာကိုခံစားရ၏။ မြတ်စွာဘုရားရှင်သည်မိုးသောက်ထ အခါ၌

ဥာဏ်တော် ကွန်ရက်ကိုဖြန့်၍။ ကြည့်တော်မူသည်ရှိသော်။ ပူတိဂတ္တတိသမထေရ်သည် ထင်လာ၏။ မြတ်စွာဘုရားရှင်သည်ပူတိဂတ္တ တိသမထေရ်အား။ အရဟတ္တမဂ်လ်ရခြင်း၏ အကြောင်းကိုမြင်တော်မူ၍။ ဤတိသမထေရ်ကို တပည့်တို့ စွန့်ကြပြီ။ငါမှတပါး။ကိုးကွယ်ရာမရှိပြီဟုသိတော်မူ၍။ဂန္ဓကုဋိတိုက်မှထွက်တော်မူ၍။ကျောင်းစဉ်ဒေသစာရီ။လှည့်လည်သကဲ့သို့။မီးတင်းကုပ်သို့ကြွတော်မူ၏။ အိုးကိုဆေးပြီးလျှင်။ခုံနောက်ထက်သို့ တင်၍။ ရေပူသောအဖြစ်ကို ငုံ့လင့်တော်မူလျက်။ မီးတင်းကုပ်ဌာသာနေတော်မူ၏။ ရေပူသောအဖြစ်ကိုသိတော်မူ၍။ကြွတော်မူပြီးလျှင်။ ထိုရဟန်း၏ အိပ်ရာညောင်စောင်းကိုကိုင်တော်မူလျက်။ ရပ်တော်မူ၏။ထိုအခါ၊ ရဟန်းတို့လာ၍။အခရင်ဘုရား၊ဘဲတော်မူပါ။အကျွန်ုပ်တို့သည်ကိုင်ပါကုန်အုံ့။ဤသို့လျှောက်ထားပြီးလျှင်။ညောင်စောင်းကိုမီးတင်းကုပ်သို့ ဆောင်ကြကုန်၏။ ဘုရားရှင်သည် မှုတ်ကို ကိုင်ပြီးလျှင်။ရေနွေးကိုလောင်းတော်မူ၏။ ထိုရဟန်းတို့သည်တိသမထေရ်၏သက်နှီးကိုထူကြစေ၍။ရေနွေးဖြင့်နယ်စေပြီးလျှင်။ အနည်းငယ်ပူသောနေ့ခ်ိန်ခ်ိန်ကိုစေ၏။ထိုအခါ၊ တိသမထေရ်၏အနိုးခ်ိ၊ ရပ်တော်မူပြီးလျှင်။ ကိုယ်ကို ရေနွေးဖြင့် ဆွတ်၍ တိုက်ပြီးလျှင်။ရေချိုးစေ၏။ထိုမထေရ်အား။ ရေချိုးပြီးသော အခဆုံးခ်ိ။ ဝတ်သောသက်နှီးသည် ခြောက်ခြင်းသို့ရောက်၏။ ထိုအခါခ်ိ၊သက်နှီးကိုဝတ်စေ၍။ ဆွတ်သောသက်နှီးကိုဖွပ်စေ၏။ထိုအခါ၊ မထေရ်၏ကိုယ်သည် ရေပြတ်ခါမျှခ်ိ။ ခြောက်ခြင်းသို့ရောက်၏။ ထိုတိသမထေရ်သည်တထည်ကိုဝတ်၍။ တထည်ကို ရုံ၏။ ပေါ့သောကိုယ်၊ တည်ကြည်သော စိတ်ရှိသည်ဖြစ်၍။ ညောင်စောင်းခ်ိ အိပ်၏။ ဘုရားရှင်သည်တိသမထေရ်၏ခေါင်းရင်းခ်ိရပ်တော်မူလျက်။ဆုံးမအံ့သောဌာ။ ။ အစိရုံဝတယံကာယော၊ ပထိုံ အဓိသေသတိ။ ဆုဒ္ဓေါအပေတဝိညာဏော၊ နိရတ္ထံဝကလိက်ရုံ။ ။ဟူ၍ဟောတော်

မှုတ်။ ။အနုက်ကား။ ။အယံကာယော၊ဤတလံမျှလောက်သောကိုယ်ကို။ဆုဒ္ဓေါ၊စွန့်ပစ်အပ်သည်ဖြစ်၍။အပေတာဝိညာဏော၊ ကင်းသောဝိညာဉ်ရှိသည်ဖြစ်၍။ နိရတ္တံ၊ အသုံးမဝင်။ ကျိုးမဖြင်သော။ ကလိကံရံဇ္ဈဝ၊ထင်းဖွဲ့ဆွေးကဲ့သို့။ အစိရံ၊မကြာမြင့်မီ။ပထဝိ၊မြေ၌။ အဓိသေဿတိ၊ဝတာ၊ အိပ်ကြရလိမ့်သည်တကား။ ။ဤသို့ဟောတော် မှုအပ်သော ဒေသနာတော်၏အဆုံး၌၊ ပုဂတိတ္ထတိသမထေရ် ရဟန္တာအဖြစ်သို့ရောက်၍။ ပရိနိဗ္ဗာန်ပြုလေ၏။ ဤပုတိဂတ္ထ တိသ မထေရ်သည် နိဗ္ဗာန် ရောက်ကြောင်း။ ကောင်းမြတ်သော ကုသိုလ်ကောင်းမှု ရှိပါတုံလျက်။ အဘယ်ကြောင့် ရောဂါအနာမျှားခြင်း။ အရိုးတို့သည် ကျိုးကြွေကျခြင်း။ မိမိ၏အိပ်ရာညောင်စောင်းမှ။ ထခြင်းဌာမစွမ်းနိုင်။ ငတ်မွတ် ရေသိပ်ခြင်း ဟုဆိုအပ်သော။ ပြင်းစွာဒုက္ခကို ခံရခြင်းသည် အကြောင်း အသို့နည်းဟု မြတ်စွာဘုရားရှင်အား လျှောက်ကြားကုန်၏။ ထိုအခါ၊ မြတ်စွာဘုရားရှင်သည် ထိုပုတိဂတ္ထတိသမထေရ်၏ အတိတ်အကြောင်းကိုဟောတော်မူလို၍။ ချစ်သားတို့၊ရှိသေစွာနာကုန်လောဟု မိန့်တော်မူပြီး၍။ ချစ်သားတို့၊ဤတိသသည် ကဿပဘုရားရှင်လက်ထက်တော်၌။ဌက်မှုဆိုးဖြစ်၍။မျှားစွာသောဌက်တို့ကိုသတ်၍။ အစိုးရသောမင်းတို့အားဆက်ရ၏။ ထိုမင်းတို့အား ပေး၍။အကြွင်းကိုရောင်းချ စားသောက်ခြင်းကိုပြု၏။ ရောင်းကြွင်းကို သတ်၍ ထားသည်ဖြစ်ခဲ့။ ပုပ်ကုန်လတ္တံ့။ အကြင်အခြင်းဖြင့်မပုပ်။ ထိုအခြင်းဖြင့်ပြုခဲ့ဟု နှုလုံးသွင်း၍။ ကြက်ဌက် စသော သတ္တဝါတို့၏ ခြေထောက် အတောင်တို့ကို ချိုးဖဲ့ရုပ်၍ထား၏။ နှစ်ရက် မြောက်သောနေ့၌ လည်းရောင်းချ၏။ မျှားစွာရသောကာလ၌၊မိမိအလိုဌာ။ ချက်ပြုတ်၍စား၏။ထိုမှုဆိုးအား။တနေ့သ၌ ကောင်းမြတ်သောအရသာကိုချက်လတ်သော်။ အာလဝေါကုန်ပြီးသော ရဟန္တာတပါးသည် ဆွမ်းခံကြွလတ်သော်။အိမ်တံခါးဦးရပ်တော်မူ၏။

ထိုဌက်မှုဆိုးသည်မထေရ်၌၊ ကြည်ညှိသောစိတ်ရှိသည်ဖြစ်
၍။ငါသည်မျှားစွာသောကြက်ဌက်တို့ကိုသတ်၍စားလှပြီ။အ
ရှင်ကောင်းသည်ငါ၏အိမ်တံခါးဦးရပ်၏။အိမ်တွင်းဦးလည်းအ
ရသာနှင့်ပြည့်စုံသော ဘောဇဉ်သည်ရှိ၏။ ဆွမ်းကိုလှူတော
အံ့ဤသို့ကြံ၍။ ရဟန္တာအာရှင်မြတ်၏သပိတ်ကိုယူပြီးလျှင်။ သ
ပိတ်ကိုပြည့်စေ၍။ ကပ်လှူပြီးလျှင်။ ငါးပါးသောရှိခိုးခြင်းဖြင့်
ရှိခိုး၍။ အရှင်ဘုရား၊ အရှင်ဘုရားသိသောတရားကိုသိရပါထို
၏ဟုဆုတောင်း၏။ရဟန္တာအာရှင်မြတ်သည် ဥပါသကာ၊သင်
အလိုရှိသည်အတိုင်းပြည့်စုံစေဟုအနုမောဒနာပြု၍ ကြွလေ၏
ဟုအတိတ်ဝတ္ထုကိုဟောတော်မူ၏။ ။ထိုမထေရ်သည်အရိုး
ကျိုးခြင်းထွက်ခြင်းစသောဆင်းရဲကိုခံစားရခြင်းသည်ကြက်
ဌက်တို့ကို သတ်ဖြတ် ချိုးဖဲ့သော အကုသိုလ်ကံ၏ အကျိုး
တည်း။ ။(အရဟတ္တမဂ်လ်ကိုရခြင်းသည် ဆွမ်းလှူသောအ
ကျိုးဆက်သာတည်း)။ ။ထိုကြောင့် မဂ်ဉာဏ်မဂ်လ်ဉာဏ်။
နိဗ္ဗာန် ထုတ်ချောက်။ ရောက်လိုသော သူတော်ကောင်းတို့
သည်ကုသလတရား။ဆယ်ပါးကိုအားထုတ်ကုန်ရာသည်။

တခုသော ဝတ္ထုကား။ ။ရှင်မောဂ္ဂလာန်မထေရ်မြတ်
သည်ရာဇဂြိုဟ်ပြည်သို့ဆွမ်းခံအံ့သောဌာ။ဂိဇ္ဈကူဋ်တောင်မှ။
ကြွတော်မူရာ။ ခရီးအကြာဦး။ အလျားယူဇနာငါးဆယ်။ ဦး
ခေါင်းကားယူဇနာကိုးဆယ်။ ကိုယ်ကား နှစ်ဆဲ့ငါးယူဇနာရှိ
သောကျိုးပြတ္တာသည် ခေါင်းမှ လောင်သောမီးလျှံသည် အ
မြီးတိုင်အောင်လောင်၏။ အမြီးမှထသောမီးလျှံသည် ခေါင်း
တိုင်အောင် လောင်၏။ လက်ျာ အတောင်မှ ထသော မီးလျှံ
သည်လက်ဝဲအတောင်စွန်တိုင်အောင်လောင်၏။ အလည်မှထ
သောမီးလျှံသည် ထက်ဝန်းကျင်နှံ့စွာလောင်၏။ ထိုပြတ္တာကို
မြင်လေလျှင်အ။ပါးသို့ချဉ်းကပ်၍။ ပြတ္တာကိုမေးလိုရကား။ ။
ပဠုယောဇနိကာ ဓိဝ္ဘာ၊ သိသံတေ နဝယောဇနံ။ ကာယော
အစ္ဆုဂ္ဂတောတုယ္ဘံ၊ ပဠုဝိသတိယောဇနံ။ ကိံ နုကမ္မံကရိတ္ထော

နေ။ပဏ္ဍောသိဒုက္ခမိဒိသန္တိ။ ။ဟူ၍မိန့်တော်မူ၏။ ။အာနက်ကား။ ။ဘောပေတာ၊အိုပြိတ္တာ။တော၊ သင်၏။သိသံ၊ဦးခေါင်းသည်။နဝယောဇနိကံ၊ကိုးယူဇနာရှိ၏။ ဒီဃာ၊လျှာသည်။ ပဉ္စယောဇနိကာ၊ငါးယူဇနာရှိ၏။တုယ္ဟံ၊သင်၏။ကာယော၊ကိုယ်သည်။ ပဉ္စဝိသတိ ယောဇနံ၊ နှစ်ဆဲ့ငါးယူဇနာ တိုင်တိုင်။ အစ္ဆုဋ္ဌတော၊ အထက်သို့တက်၏။ ကိံ နု ကမ္မံ၊ အဘယ်မည့်သောမကောင်းမှုကံကို။ကရိတ္ထာနု၊ပြု၍။ ဣဒိသံ၊ဤသို့သဘောရှိသော။ဒုက္ခံ၊ကြီးစွာသောဆင်းရဲသို့။ ပဏ္ဍော၊ရောက်သည်။ အသိ၊ဖြစ်သနည်း။ ။အဓိပ္ပါယ်ကား။ ။အချင်းပြိတ္တာ၊သင်၏ဦးခေါင်းသည်ကိုးယူဇနာရှိ၏။လျှာသည်ငါးယူဇနာရှိ၏။သင်၏ကိုယ်သည် နှစ်ဆဲ့ငါးယူဇနာ တိုင်တိုင် အထက်သို့ တက်၏။ အဘယ်မည့်သောမကောင်းမှုကံကိုပြု၍။ ဤသို့ဦးခေါင်းအမြီး၊ လက်ဝဲ၊ လက်ျာ။ ထက်ဝန်းကျင်သော အရပ်မှ။ ရဲရဲပြောင်ပြောင်။တောက်လောင်မစဲ။ အလျှံစွဲသော။ဆင်းရဲဒုက္ခသို့။ ရောက်သနည်းဟုမေး၏။ ထိုအခါ၊ ကျီးပြိတ္တာသည်ရှင်မောဂ္ဂလာန် အမေးကို လျှောက်ထားလို၍။ ။အဟံဘန္တေ မောဂ္ဂလာန၊ ကာသပသ မဟောသိနော။ သံဃသာသအာဘဏ္ဍံ ဘဏ္ဍံ၊ အာဟာရေသိ ယဒိ ဆွကန္တိ။ ။ဟူသောဂါထာကို လျှောက်၏။ ။အနုက်ကား။ ။ဘန္တေမောဂ္ဂလာန၊ အရှင်ဘုရားမောဂ္ဂလာန်။ အဟံ၊ အကျွန်ုပ်သည်။ မဟောသိနော၊သိလက္ခန္ဓာ။စသည်ကျေးဇူး။ဂုဏ်အထူးကို ဆည်းပူးရှာမှီးတော်မူလေ့ရှိသော။ ကာသပသ၊ကာသပမြတ်စွာဘုရားရှင်၏။ကာလေ၊ လက်ထက်တော်၌။ သံဃသာ၊သဃီတော်၏။ အတ္ထာယ၊အလို၌။ အာဘဏ္ဍံ၊ဆောင်ယူခဲ့သော။ ဘဏ္ဍံ၊ဆွမ်းကို။ယဒိ ဆွကံ၊အလိုရှိသနည်း။ဝါ၊သုံးလုပ်။အာဟာရေသိ၊မျှော်မိ၏။တသာ၊ ထိုမကောင်းမှုကံ၏။ ဖလံ၊အကျိုးတည်း။ ။ဤသို့ပြိတ္တာက လျှောက်၏။ ။အရှင် ဘုရား၊ မောဂ္ဂလာန်၊ အကျွန်ုပ်သည် ကာသပ မြတ်စွာဘုရားရှင်၏ လက်ထက် တော်၌။ ရဟန်း

သစ္စာတို့အား။ဆွမ်းခံအံ့သောဌာ။ရွာတွင်းသို့ဝင်ကြ၏။လူတို့
သည်သစ္စာတို့ကိုမြင်လျှင်။ မြတ်နိုးခြင်းရှိကြသည်ဖြစ်၍။ စ
ရပ်ခွဲနေစေပြီးမှ။ယာဂုကပ်ခြင်း။ ခဲဘွယ်တို့ကိုလှူ၍ဖြေဆေး
ခြင်း။ဆိုနယ်ခြင်းကိုပြုပြီးလျှင်။ ဆွမ်းဘုဉ်းပေးသောအချိန်ကို
ငုံ့လင့်လျက်။ တရားတော်ကိုနာ၍နေကြကုန်၏။ တရားနာပြီး
သည်အခဆုံးခွဲ။မထေရ်တို့၏သပိတ်တို့ကိုယူ၍။မိမိတို့၏အိမ်ခွဲ၊
အထူးထူးသောအရသာရှိသော။ ဘောဇဉ်ကိုပြည့်စေလျက်။
ဆောင်ကြကုန်၏။ ထိုအခါခွဲ၊ အကျွန်ုပ်သည်ကျီးဖြစ်၍။စရပ်
အမိုးခွဲ နားနေလျက်။ ဆွမ်းယူခဲ့သည်ကို မြင်၍။ တယောက်
သောသူ။ ဆောင်ယူခဲ့သော သပိတ်မှ။ သုံးကြိမ်တိုင်တိုင်ခံ
တွင်းပြည့်အောင်။ သုံးလုပ်သော ဆွမ်းတို့ကို ထိုးယူ၏။ ထို
ဆွမ်းသည် သစ္စာ၏ဆွမ်းလည်းမဟုတ်သေး။ သစ္စာတော်
အား။ရည်မှတ်၍လည်းမလှူသေး။ ရဟန်းတို့သည်ဆောင်ယူ
ခဲ့သောအကြွင်းလည်းမဟုတ်ခဲ့။ မိမိတို့အိမ်မှဆောင်ခဲ့၍။ လူ
တို့၏ဥစ္စာဖြစ်ကောင်းအံ့။ သက်သက်သစ္စာတော်အား။ရည်
မှတ်၍ဆောင်ခါမျှသာဖြစ်ပါ၏။ သုံးလုပ်သောဆွမ်းကို ထိုးမိ
၍။ဤမျှသည်ရှေးမကောင်းမှုပါတည်း။ အကျွန်ုပ်သည်သေ၍။
ထိုမကောင်းမှုကံ၏အကျိုးကြောင့်။ အဝီစိငရဲ၌ကျက်ရ၍။ထို
အဝီစိငရဲ၏အကြွင်းဖြင့် ယခုအခါခွဲ၊ ဂိဏ္ဍကုန် တောင်ဝယ်။
ပြိတ္တာဖြစ်၍။ဤဆင်းရဲကိုခံရ၏ဟုလျှောက်၏။ဤသက်သေကို
သိကြ၊ကြားရသဖြင့်ကြောက်ထိတ်လန့်ဘွယ်။ ကြီးစွာဆင်းရဲ
စွတကားဟုနှုလုံးထား၍။မိဘဆရာ။သစ္စာဦးကိုစားသောက်
သုံးစွဲခြင်းစသည်ကိုဝေးစွာရှောင်ကြဉ်ကုန်ရာသည်။

တရသောဝတ္ထုကိုဆိုဦးအံ့။ ။နှစ်ဆဲ့ငါးယူဇနာအတိုင်း
အရှည် ရှိသော မြေပြိတ္တာ၏ ကိုယ်ခွဲ။ အလျှံ ပြောင် ပြောင်
တောက်လောင်သော ငရဲမီးရှိသောအဖြစ်ကို ကြားကြ၍။ ရ
ဟန်းတို့သည် မြတ်စွာဘုရားရှင်အား။ အတိတ်အကြောင်းကို
တောင်းပန်ကြစဉ်။အတိတ်ကိုဆောင်တော်မူ၏။ ။လွန်လေ

ပြီးသောအခါ၊ ဗာရာဏသီပြည်ကိုအမှီပြု၍။ မြစ်ကမ်းဌပဏ္ဍ
ကဗုဒ္ဓါ၏ ကျောင်းကို ပြုကြကုန်၏။ အရှင်ပဏ္ဍိကဗုဒ္ဓါသည်
ထိုကျောင်းဌ နေတော်မူလျက်။ နေ့စဉ်မပြတ်။ မြို့ဌဆွမ်းခံကြွ
တော်မူ၏။ မြို့သူမြို့သားတို့ သည်လည်း ညနံနက် ပန်းနံ့သာ
လက်စွဲကြလျက်။ပဏ္ဍိကဗုဒ္ဓါကိုဖူးအုံ့သောဌာ။လာကြကုန်၏။
ဗာရာဏသီပြည်ဌ နေသော။ တယောက်သော ယောဂျားသည်ထိုခရီးကိုမှီ၍။လယ်လုပ်ခြင်းကိုပြု၏။လူအပေါင်းသည်
ညနံနက်ပဏ္ဍိကဗုဒ္ဓါကို ဖူးအုံ့သောဌာ သွားလတ်သော်။ ထို
လယ်ကိုနင်း၍။သွားကြကုန်၏။ လယ်လုပ်ယောဂျားသည်ငါ
၏ လယ်ကိုမနင်းကြပါလင့်ဟုမြစ်သော်လည်း တားမြစ်ခြင်း
ဌာမရကုန်။ထိုအခါဌ၊လယ်လုပ်ယောဂျားအား။အကြံဖြစ်၏။
ဤအရပ်ဌ၊ရှင်ပဏ္ဍိကဗုဒ္ဓါ၏ကျောင်းမရှိသည်ဖြစ်အုံ့။ငါ့လယ်
ကို မနင်းကြ ကုန်ရာ။ ထိုလယ်လုပ် ယောဂျားသည် အရှင်
ပဏ္ဍိကဗုဒ္ဓါ၊ဆွမ်းခံဝင်သောအခါဌ၊ အသုံးအဆောင် တို့ကို
ဖျက်ဆီးပြီးလျှင်။သခ်ၣါမ်းကျောင်းကိုမီးတိုက်၏။ ပဏ္ဍိကဗုဒ္ဓါ
သည် မီးလောင်သည်ကို မြင်တော်မူ၍။ အရပ်တပါးသို့ ကြွ
တော်မူ၏။ လူအပေါင်းတို့သည် ပန်းနံ့သာကို လက်စွဲလျက်။
လာကြသည်ရှိသော်။ မီးလောင်သောကျောင်းကိုမြင်ကြ၍။ငါ
တို့၏အရှင်သည် အဘယ်အရပ်ဌ။ နေတော်မူအံ့နည်းဟု ဆို
ကြကုန်၏။ ထိုလယ်လုပ်ယောဂျားသည် လူအပေါင်းတို့နှင့်
တကွသွား၍။ လူအပေါင်းတို့၏အလယ်ဌ၊ ရပ်လျက်သာလျှင်
ဤသို့ဆို၏။ ငါသည်ထိုသခ်ၣါမ်းကျောင်းကိုမီးတိုက်၏ဟုဤသို့
ဆို၏။ ထိုအခါဌ၊ လူအပေါင်းတို့သည်ထိုသူကိုဘမ်းကြကုန်။
ဤသူယုတ်မာကိုမှီ၍။ငါတို့မင်းတို့သည်ပဏ္ဍိကဗုဒ္ဓါကိုဖူးမြင်
ခြင်းဌာမရကြကုန်။ ဤသို့ဆို၍။ လုံတန်၊အုပ်ခဲအစရှိသည်တို့
ဖြင့်ပုတ်ခတ်၍။ အသက်ကုန်ခြင်းသို့ ရောက်၏။ ထိုသူသည်
အဝီစိငရဲဌ။မျှားစွာသောနှစ်တို့ပတ်လုံးကျက်ရ၍။အကုသိုလ်
ကံကြွင်း၏အစွမ်းဖြင့်ဤဂိဏ္ဍကုဋ္ဌီတောင်ဌ။ ဖြေပြိတ္တာဖြစ်ရ၏

ဟုဟောတော်မူ၏။ ။နဟိပါပံကတံကမ္မံ၊သဇ္ဇုဒိရံဝမုဇ္ဇတိ။ ဒဟန္တံဗာလမန္ဒေတိ၊ဘသ္မာဆန္နောဝပါဝကောတိ။ ။ဟူ၍ ဟောတော်မူ၏။ ။အနက်ကား။ ။သဇ္ဇုဒိရံ၊ညှစ်ယူစအ သစ်ဖြစ်သောနွေရည်သည်။ နမုစ္စတိဣဝ၊ မချည်မသိုး။ အခိုးမ လွတ်သေးသကဲ့သို့။ကတံ၊ပြုသစ်စဖြစ်သော။ ပါပံ၊မကောင်း မှုကံသည်။ နမုစ္စတိ။ အခိုးမလွတ်သေး။မုစ္စန္တော၊အခိုးလွတ် လတ်သည်ရှိသော်။ ဘသ္မာဆန္နော၊ ပြာဖုံး၍ထားအပ်သော။ ပါဝကောဣဝ၊မီးကဲ့သို့။ဗာလံ၊သူမိုက်ကို။ ဒဟန္တံ၊လောင်စေ လျက်။ အန္ဒေတိ၊အစဉ်လိုက်၏။ ။အဓိပ္ပါယ်ကား။ ။ညှစ် ယူစဖြစ်သောနွေရည်သည် သိုးပုပ်ခြင်းမရှိသကဲ့သို့။ ပြုအပ် သောအသစ်ဖြစ်သောအကုသိုလ်ကံသည်အကျိုးမပေးသေး။ အနုံ့အခိုးလွတ်လတ်သော်။ ပြာဖုံး၍ထားအပ်သောမီးကျိုးကဲ့ သို့။မိုက်သောသူကိုလောင်စေလျက်။ အစဉ်လိုက်၏ဟုဟော တော်မူ၏။ ။ထိုကြောင့် အကုသိုလ်ကံကို ပြုကျင့်သောသူ တို့သည် ငါ၌ အကုသိုလ်အကျိုး မပေးပြီ တကားဟု ဝမ်း မြောက်ဝမ်းသာ ပြုသောသူတို့အား။ မှားသော နှလုံးသွင်းမှု သာဖြစ်ချေသည်။ စင်စစ်မှုကား။ဤဘဝ၌လည်းဒေါမနဿ စေတနာ၏အစွမ်းအားဖြင့်အဆင်းသဏ္ဌာန်။ ရုပ်လက္ခဏာ၏ ဘောက်ပြန်ခြင်း။ ပရိသတ်တို့၏အလယ်သို့ဝင်ခြင်းဌာ။မစွမ်း နိုင်သည်၏အဖြစ်စသော။ပစ္စုပ္ပန်ဘဝ၌ဖြစ်သော။အကုသိုလ် ကံတို့ကိုပြုကျင့်သောဒုက္ခ။တမလွန်ဘဝ၌။ နိရယဒုက္ခ။ပေတ ဒုက္ခ။ တိရစ္ဆာနဒုက္ခတို့ကို ဝေ့ကြိုရတော့မည်တကားဟု နှ လုံးထား၍။ ဘာဝနာစသောကုသိုလ်တရားတို့ကို အားထုတ် ကုန်ရာသည်။

တဆသော သက်သေကား။ ။ရှင်မောဂ္ဂလာန်မထေရ် သည်ဂိဇ္ဈကူဋ်တောင်မှ။ ကြွတော်မူ၍။ သုံးဂါဝုတ် ပမာဏရှိ သောကိုယ်ရှိ၏။ထိုပြိတ္တာ၏ကိုယ်၌။ ခြောက်ထောင်သောသံ တူတို့ဖြင့်ရဲရဲတောက်၏။ မီးလျှံတို့ဖြင့်ထိမှ၍မှစွဲကုန်၏။ထိပ်

ထက်ဦးကျ၍ကျ၍ထူကုန်၏။ ဦးခေါင်းသည်ကွဲခြင်းသို့ရောက်ကုန်၏။ ကွဲတိုင်းကွဲတိုင်းသောခေါင်းသည် တဘန်အသစ်အသစ်ဖြစ်၍ခံရ၏။ ကြင်နာသောအသံကိုလည်းပြု၏။ထိုစကားကိုအကျဉ်းဆိုရန်ကား။ ။သင်္ဘောကုဋေသဟာသသာနိ၊ပရိပုဏ္ဏာနိ သဗ္ဗသော။သိသေတုယ္ခံနိပ္ပတန္တိ၊ဘိန္ဒန္တိတဝမတ္ထကန္တိ။ ။ဟူ၍ ဖိနိုးဆိုတော်မူ၏။ ။အနက်ကား။ ။ဘောပေတာ၊ဒေဝီ ပြိတ္တာ။ သဗ္ဗသော၊ အချင်းခပ်သိမ်း။ သင်္ဘောကုဋေသ ဟာသသာနိ၊ ခြေခံထောင်ကုန်သောသံတူတို့သည်။ ပရိပုဏ္ဏာနိ၊ထက်ဝန်းကျင်ပြည့်ကုန်ပြီ။ တုယ္ခံ၊သင်၏။ သိသေ၊ဦးခေါင်းဌ။နိပ္ပတန္တိ၊ကျလာကုန်၏။ တဝ၊သင်၏။ မတ္ထကံ၊ဦးခေါင်းကို။ ဘိန္ဒန္တိ၊ခွဲကုန်၏။ ။အကျဉ်းအကျယ်။ နှစ်သွယ်သော အကြောင်းကိုသိအံ့သောဌာ။ဘုရားရှင်ကိုလျှောက်ထားကြကုန်၏။ ထိုအခါ၊ မြတ်စွာဘုရားရှင်သည် အတိတ်ကိုဆောင်တော်မူလိုလို။ ။ လွန်လေပြီးသောအခါ၊ဗာရာဏသီပြည်ဝယ်။ ကျောက်စရစ်ခဲဖြင့်ဆင်ရုပ်။မြင်းရုပ်ထင်အောင်။ ပစ်စွမ်းနိုင်သော။သာဓုတို့အတတ်ကို တတ်စွမ်းသော သူဆွံ့သည် ထိုအတတ်ကိုမှီ၍။ မင်းအိမ်မှရအပ်သောစည်းစိမ်ကိုတယောက်သောသူဖြင်သဖြင့်ထိုသူဆွံ့၏အထံသို့။ ချဉ်းကပ်ပြီးလျှင်။ သူဆွံ့ကို နှစ်သက်စေ၍။ အတတ်ကိုတောင်းယူ၏။ ဆရာဖြစ်သော သူဆွံ့သည် ဤသို့မှာ၏။ အမောင်၊ ဥစ္စာရှင်ရှိသောကျွန်းကိုပစ်သည်ဖြစ်အံ့။ ငါးရာသောဒဏ်ကိုဆောင်ရလတ္တံ့။ လူကိုပစ်သည် ဖြစ်အံ့။ တထောင်သောဒဏ်ကိုဆောင်ရလတ္တံ့။ အရှင်မရှိသည်ကိုသာပစ်ရာ၏ဟု ဆုံးမ၍လွှတ်လိုက်၏။ ထိုယောက်ျားသည် ခါးပိုက်ဌေကြောက်စရစ်ခဲကိုထည့်၍။အရှင်မရှိသောသူကိုရှာလျက်သွား၏။ ထိုအခါ၊ သုနေတ္တာပဋ္ဌေကဗုဒ္ဓါသည်ထိုမြို့ကိုမှီ၍။သိတင်းသုံးနေတော်မူ၏၊ ပဋ္ဌေကဗုဒ္ဓါသည်ထိုမြို့ကိုဆွမ်းခံအံ့သောဌာဝင်စဉ်။မြို့တခါးအကြားဌမြင်လတ်၍။ဤသူသည် ပါဘမရှိ။ ဤသူကိုပစ်သည်ဖြစ်အံ့။ ဒဏ်မရှိ။ ဤသူကိုပစ်၍အ

တတ်ကိုစမ်းအံ့ဟုထိုသူယုတ်သည် ရှင်ပဋ္ဌေကဇုဒ္ဓါ၏လက္ခဏာနားတွင်းကိုရည်၍။ ကျောက်စရစ်ခဲဖြင့်ပစ်၏။ကျောက်စရစ်ခဲသည် လက္ခဏာနားဖြင့်ဝင်လေ၍၊ လက်ဝဲနားမှ ထွက်လေ၏။ ဒုက္ခဝေဒနာသည် ပြင်းစွာ နှိပ်စက်သည်ဖြစ်၍။ ပဋ္ဌေကဇုဒ္ဓါသည်ဆွမ်းခံခြင်းဌာ။ မစွမ်းနိုင်သည်ဖြစ်၍။ ကောင်းကင်ခရီးဖြင့်ကြွတော်မူပြီးလျှင်။ သခ်မ်းကျောင်းသို့ဝင်တော်မူ၍။ ပရိနိဗ္ဗာန် ပြုတော်မူ၏။ ထိုအခါ၊ လူတို့သည် ရှင်ပဋ္ဌေက ဇုဒ္ဓါ၊ မကြွလာသဖြင့်ကျောင်းသို့ သွားကြပြီးလျှင်။ ပဋ္ဌေကဇုဒ္ဓါပရိနိဗ္ဗာန်ပြုသောအဖြစ်ကိုသိကြ၍။ ဘုရားမြတ်တမ်းခြင်းကိုပြုကြ၏။ ထိုကျောက်စရစ်၊ ပစ်သော သူသည်လူအပေါင်းတို့သွားကြသည်ကို မြင်လေလျှင်။ ထိုအရပ်သို့လိုက်၍။ ပဋ္ဌေကဇုဒ္ဓါကိုသိသဖြင့် ငါသည်ပဋ္ဌေကဇုဒ္ဓါကို တံခါး၏အကြားဌ။ အတတ်ကို စမ်းသော အားဖြင့် ကျောက်စရစ်နှင့် ပစ်၏ဟုဆို၏။ ထိုသူကိုဘမ်းဆီးပုတ်ခတ်။ရိုက်သတ်ခြင်းကို ပြုကြ၍။ သေသည်၏အခြားမဲ့ဌ။ မဟာအဝီစိငရဲသို့ရောက်ရ၏။ ။ မဟာပထဝီမြေကြီးသည်မျှားစွါသောယူဇနာမြင့်သည်တိုင်အောင်ကျက်ရ၍။ထိုဝိပါက်၏အကြွင်းဖြင့်ဤဂိဇ္ဈကူဋ်တောင်ဌ။ သဠဋ္ဌကုဋုပြိတ္တာဖြစ်ရ၏။ ထိုပြိတ္တာ၏အကျိုးမရှိသည်၏အဖြစ်ကို ဟောတော်မူလို၍။ ။ယာဝဒေဝ အနုဏ္ဍာယ၊ ဥတ္တိုဗာလသ ဇာယတိ။ ဟန္တိဗာလသ သုဏ္ဍာသံ၊ ရုဒ္ဓမသ္သနိပါတယန္တိ။ ။ဟူ၍ဟောတော်မူ၏။ ။အနက်ကား။ ။ ဗာလသ ရိုက်သောသူ၏။ ဥတ္တိုဗာ၊အဋ္ဌာရသ၊သိပ္ပမကျန်။ ကျမ်းဂန်ပေစာ၊ သိလိမ္ဘာသောအဖြစ်သည်။ ဗာလသ၊ ရိုက်သောသူအား။ ယာဝဒေဝအနုဏ္ဍာယ၊ အကြင်အကျိုးမဲ့ဖြစ်ခြင်းဌာ သာလျှင်။ဇာယတိ၊ဖြစ်၏။ဗာလသ၊ရိုက်သောသူ၏။သုဏ္ဍာသံ၊ ဖြူစင်သောကုသိုလ်အဘို့ကို။ ဟန္တိ၊ပယ်ဖျောက်တတ်သည်။ ဟောတိ၊ ဖြစ်၏။ အသ၊ ထိုသူရိုက်၏။ ရုဒ္ဓံ၊ပညာတည်းဟူသောဦးထိပ်ကို။ နိပါတယံ။ ပြတ်၍ကျစေတတ်သည်။ဟော

တိ၊ ဖြစ်၏။ ။ဤဒေသနာတော်၏အဆုံးဌ။ များစွာသောသူတို့
အား။ တရားထူးကိုရကြ၍။ ရှင်မဟာမောဂ္ဂလာန်သည်ဂိဏ္ဍကုဋ်
တောင်မှ။ ဆင်းတော်မူလတ်သောအခါ။ ။အဒ္ဒသံကုန္တာ။ ။
အစရှိသော စကားကို မိန့်၏။ ။ထိုဒေသနာ၏ အဓိပ္ပါယ်
ကား။ ။ကောင်းကင်သို့သွားသော။ အိုးစရည်းကြီးလောက်
ဝေးစေကြီးသောပြိုင်္ဂလာကိုဖြင်၏။ ထိုပြိုင်္ဂလာသည်သွားသောအ
ခါ၊ အိုးစရည်းကြီးလောက်ရှိသောမိမိ၏ဝေးစေကို ပခုံးထက်
ထမ်း၍သွားရ၏။ ထိုင်သောအခါ၊ ဝေးစေ၏အထက်ဌထိုင်ရ၏။
ထိုပြိုင်္ဂလာကို သံနှုတ်သီးဖြင့် ပြီးကုန်သော ကျီးတို့သည်ရင်း။
လင်းတတို့သည်ရင်း။ စွန်ရဲတို့သည်ရင်း။ အစဉ်လိုက်၍လိုက်
၍။ ထိုးကြောဘောက်ကြကုန်၏။ ထိုပြိုင်္ဂလာသည် အော်ဟစ်ငိုကြွေး
မြည်တမ်းလျက်။ သွားသည်ကိုဖြင်၏။ ငါ့ရှင်တို့၊ ထိုငါ့အား။
ဤသို့အကြီးဖြစ်၏။ အချင်းတို့။ အုံ့ဘွယ်သရဲရှိစွ။ မဖြစ်ဘူးမြဲဖြစ်
ပေစွ။ ဤသို့သဘောရှိသောကျီး၊ လင်းတ၊ စွန်ရဲတို့သည်ဖြစ်
ကုန်လတ္တံ့။ ။ဤသို့သဘောရှိသော။ အတ္တဘောကိုရခြင်းသည်
ဖြစ်လတ္တံ့။ ထိုအခါ။ မြတ်စွာဘုရားရှင်သည်ချစ်သားတို့၊ ထို
သတ္တဝါသည်ဤရာဇဂြိုဟ်ပြည်၌၊ တရားကိုမမှန်ကောက်ကျစ်
စဉ်းလဲတံဆိုးစား၍။ တရားစီရင်သောသူတည်း။ ထိုသူသည်
တရားမသူကြီးအဖြစ်မှ။ စုတေ့လတ်သော်။ အဝီစိငရဲ၌။ များ
စွာသော နှစ်တို့ပတ်လုံး ကျက်ရ၍။ အကုသိုလ်ကံကြောင်း၏အ
စွမ်းဖြင့် ဤဂိဏ္ဍကုဋ်တောင်၌၊ ကုန်ဆွယ်ပြိုင်္ဂလာဖြစ်ရ၏ဟုဟော
တော်မူ၏။ ထိုကြောင့်သူတပါး၏ဥစ္စာကိုစဉ်းလဲစဉ်းစား။ တ
ရားကောက်ကျစ် လှည့်ဖြားမှု။ စားသောက်သောသူတို့သည်
မထင်ရှားစေခြင်းငှါ။ တိတ်တဆိတ် တံဆိုးလက်ဆောင်စား
ခြင်း။ မမှန်တရားစီရင်သောသူတို့မှာ။ နိရယဒုက္ခကိုခံစားပြီး
မှ။ ပေတဒုက္ခ၌။ ဝေးစေကြီး၍။ ထင်ရှားဖြစ်၍ခံရ၏။

ရှင်မောဂ္ဂလာန်သည် ဂိဏ္ဍကုဋ်တောင်မှ။ ကြွတော်မူသော
အခါ။ ။အဒ္ဒသံပုရိသံ။ ။အစရှိသောဒေသနာကို မိန့်

တော်မူ၏။ ။အဓိပ္ပါယ်ကား။ ။ငါ့ရှင်တို့၊ မစင်တွင်းခ၌ ဦးခေါင်းနှင့် တက္ပ။ နစ်မွန်းသည် ဖြစ်၍။ ဝိုင်ကြွေး မြည်တမ်း လျက်။ ဆင်းရဲခံရသောသတ္တဝါသည်ရှိ၏။ ထိုသတ္တဝါသည် အုံ့ဘွယ်ရှိစွတကား။ ငါတို့သည်ဤသို့သောဘဝမှလွတ်ရပေ ပြီဟုဆို၏။ ထိုအခါ၊ မြတ်စွာဘုရားရှင်သည်ချစ်သားတို့၊ ထို သတ္တဝါသည် ဤရာဇဂြိုဟ်ပြည်၌၊ သူတပါးတို့အား။ စောင့် ရှောက် သိမ်းဆည်းလုံခြုံစေအပ်သော။ အရှင်ရှိသော ပိန်းမ အတွေ့ကိုတွေ့စေလျက်။ မစင်အတွေ့နှင့်တူသော ကာမဂုဏ် ချမ်းသာဖြင့် စိတ်အလိုရှိတိုင်းမွေ့လျော်၍။ ဝိပါကာဝသေသ ဟုဆိုအပ်သော။ အာရုံပဋိသန္ဓေတူသော။ ကံအားလျော်စွာ။ မစင်အတွေ့ကို ခံစားလျက်။ ဆင်းရဲကြီးစွာ ဖြစ်ခြင်းဌာ။ ထို ဂိဏ္ဍကုဋ္ဌေတောင်၌၊ပြိုင်ဘာဖြစ်လာရ၏ဟုဟောတော်မူ၏။ ။ ရှင်မဟာ မောဂ္ဂလာန်သည် ဂိဏ္ဍကုဋ္ဌ တောင်မှ။ ကြွတော်မူ သောအခါ။ ။အဒ္ဒသံပုရိသံ။ ။အစရှိသော ဒေသနာကို ပိန့်တော်မူ၏။ ။အဓိပ္ပါယ်ကား။ ။ငါ့ရှင်တို့၊မစင်တွင်းခ၌၊ ဦးခေါင်းနှင့်တက္ပနစ်လျက်။ လက်နှစ်ဘက်တို့ဖြင့်ကော်ခတ် ယူငင်စားသည်ကိုမြင်ရ၏။ အလွန်အုံ့ဘွယ်ရှိစွ။ မဖြစ်ဘူးမြဲ ဖြစ်ပေစွ။ ငါတို့သည် ဤသို့သောဆင်းရဲမှ။ လွတ်ရပေဖြီဟု ပိန့်၏။ ထိုအခါ၊ မြတ်စွာဘုရားရှင်သည်ရဟန်းတို့၊ဤသတ္တဝါ သည်ဤရာဇဂြိုဟ်ပြည်၌။ ကြမ်းတမ်းသောပုဏ္ဏားတည်း။ထို ပုဏ္ဏားသည်ကသိပမြတ်စွာဘုရားသာသနာတော်၌။ရဟန်း သင်္ဃာတို့ကိုဆွမ်းဖြင့်ဘိတ်၍။ တရုသောစားကျင်း၌၊မစင်ကို ပြည့်စေလျက်။ ဆွမ်းစားအုံ့သောအခါကိုကြားစေ၍။ ရဟန်း သင်္ဃာတို့ကြွလာသောအခါ၊ဤသို့ဆို၏။ အိုအာချင်းတို့။အလိုရှိ တိုင်းစားလိုမှုလည်းစားကြ။ ယူလိုမှုလည်းယူကြဟုဆို၏။ ထို မကောင်းမှုကံ၏အကျိုးဖြင့်ဤဂိဏ္ဍကုဋ္ဌ တောင်၌၊ဂူထခါဒက ပြိုင်ဘာဖြစ်၏ဟုဟောတော်မူ၏။ ထိုကြောင့်ယခုအခါ၊ ဥပါသ ကာ။ဥပါသိကာ၊ သာမဏေ၊ ရဟန်း၊ အခန်းခန်း သောသူတို့

သည် ဂုဏ်အားရှယ်ရင့်။ ကြီးမြင့်သောသူတို့၌။ ရှိသေခြင်း ကင်း၍။ ကြမ်းတမ်းသော စကား။ ဟင်း။ ဟော၊ စားလော သောက်လော။ ပြောဆိုသောမိန်းမ၊ ယောကျ်ား၊ ရဟန်း၊ သာမ ဏောတို့သည် ထိုသို့မကောင်းသောစကားကို ပြောဆိုမိပြား အုံ့။ ဤကြမ်းကြုတ်သောပုဏ္ဏားကဲ့သို့နိရယဒုက္ခ၊ ပေတဒုက္ခ၊ တိရစ္ဆာနဒုက္ခတို့ကိုတွေ့ကြုံရသည်တကားဟုထိတ်လန့်ခြင်း သံဝေဂဖြစ်ကြ၍။ ဖရုသဝါစာ တရားတို့ကို ဝေးစွာ ရှောင် ကြည်ကုန်ရာသည်။

ဂိဏ္ဍကုဋ္ဌိတောင်မှ။ ကြွတော်မူသောအခါ။ ။အဒ္ဒသံနိန္တိ ဇုတိုံ။ ။အစရှိသောဒေသနာကိုဟော၏။ ။အဓိပ္ပါယ် ကား။ ။ငါ့ရှင်တို့၊ ကောင်းကင်၌သွားသောအရေမရှိသော ပိန်းမကိုမြင်၏။ ထိုပိန်းမကိုသံနွတ်သီးဖြင့်ပြီးကုန်သော။ လင်း တ၊ ကျီး၊ စွန်ရဲတို့သည် အစဉ် လိုက်၍ လိုက်၍။ ထိုးဆိတ် ဘောက်ခွဲ၍ စားကြသဖြင့် ကြင်နာသော အသံကိုပြု၍။ ကြီး စွာသောဆင်းရဲကိုခံရ၏။ ငါ့ရှင်တို့၊ အုံ့ဘွယ်ရှိစွ။ မဖြစ်ဘူးမြဲ ဖြစ်စွတကား။ ဤသို့သဘောရှိသော။ အတ္တဘောဖြစ်ရခြင်း သည် ဆင်းရဲစွတကားဟုဆို၏။ ထိုအခါ၊ မြတ်စွာဘုရားရှင် သည်ရဟန်းတို့၊ ထိုမိန်းမသည်ဤရာဇဂြိုဟ်ပြည်၌။ လင်ငယ် နေတတ်သော မိန်းမတည်းဟု ဟောတော်မူ၏။ ထိုကြောင့် အဋ္ဌကထာ၌။ ။ယသ္မာမာတုဂါမောနာမအတ္တနောဟေသောအ နိသရော။ သာစတံသာမိကဿသန္တိကံဟသိတုံ ထေနတ္ထာပ ရေသံအာဘိရတိံ ဥပ္ပါဒေသိ။ တသ္မာကမ္မသဘာဝတာယသုခ သမ္ဘသိတံခံသိတွာဒုက္ခသမ္ဘသိတံ အနုဘဝိတုံနိန္တိဝိတ္ထိဟုတ္ထာဥပ ပန္နော။ ။ဟူ၍ဟောတော်မူ၏။ ။အနက်ကား။ ။မာတု ဂါမောနာမ၊ မာတုဂါမတို့မည်သည်ကား။ အတ္တနော၊ မိမိ၏။ ဟသော၊ အတွေ့၌။ အနိသရော၊ အစိုးမရ။ စ၊ အကျိုးကိုဆိုအုံ့။ သာစ၊ ထိုမိန်းမသည်လည်း။ သာမိကဿ၊ လင်၏။ သန္တိကံ၊ ဥစ္စာ ဖြစ်သော။ တံဟသိတုံ။ ထိုအတွေ့ကို။ ထေနတ္ထာ၊ ခိုး၍။ ပရေသံ။

တပါးသောသူတို့နှင့်။အဘိရတိ၊ကိလေသာနှင့်ပျော်ပါးခြင်းကို။ယသွာ၊အကြင်ကြောင့်။ဥပ္ပါဒေသိ၊ဖြစ်စေ၏။ တသွာ၊ထိုသို့မြေလျော်ခြင်းကိုဖြစ်စေတတ်သောကြောင့်။ကမ္မသဘာဝတာယ၊ မေထုန်ပြုအပ်သော ကံနှင့်တူသော။ သုခသမ္မတိ၊ချမ်းသာသောအတွေ့ကို။ ဓံသိတ္မာ၊ဖျက်ဆီး၍။ ဒုက္ခသမ္မတိ၊ဆင်းရဲသောအတွေ့ကို။ အနုဘဝိတုံ၊ခံစားခြင်းငှါ။ နိစ္စဝိတ္တိ၊အရေမရှိသောမိန်းမသည်၊ဟုတ္မာ၊ဖြစ်၍။ဥပပန္နော၊ ဖြစ်လေ၏။ ။ရင်းအဋ္ဌကထာကိုထောက်သဖြင့်မိန်းမတို့သည်မိမိ၏ကိုယ်၌ရှိသော အင်္ဂါကြီးငယ်ကို မိမိ၏ဥစ္စာမဟုတ်။ လင်၏ဥစ္စာသာဖြစ်ချေသည်။ ယောက်ျားတပါးနှင့် ကာမဂုဏ်ဖြင့်မြေလျော်အံ့။ အတိစာရိက ကာမေသု မိစ္ဆာစာရ ဖြစ်သောကြောင့်။ သေသည်မှနောက်ကာလ၌။ ဒုက္ခများစွာတွေ့ကြုံရ၏။ထိုကြောင့်ကြဉ်ရှောင်ကုန်ရာသည်။

ရှင်မဟာမောဂ္ဂလာန်ထေရ်သည်ဂိဇ္ဈကူဋ်တောင်မှ။ဆင်းသက်တော်မူစဉ်။ ။အဒ္ဒသံဘိက္ခုဝေဟာသံ။ ။ဟူသောပါဠိကိုမိန့်၏။ ။ထိုပါဠိ၏ အဓိပ္ပါယ်ကား။ ။ငါ့ရှင်တို့၊ကောင်းကင်သို့သွားသော ရဟန်းပြိတ္တာကိုမြင်၏။ ထိုရဟန်းပြိတ္တာ၏ဒုကုန်သည်လည်းရဲရဲတောက်၏။ အလျှံစွဲ၏။ ထက်ဝန်းကျင်လည်း အလျှံနှင့်တကွဖြစ်၏။ သပိတ်သည်ရင်း။ ခါးပန်းသည်ရင်း။ ထက်ဝန်းကျင် အလျှံစွဲ၏။ ကိုယ်သည်လည်းရဲရဲပြောင်ပြောင် တောက်လောင်၏။ ထိုပြိတ္တာသည်နာကြင်သော အသံကိုပြု၏။ ငါ့ရှင်တို့၊ထိုငါ့အား ဤသို့သော အကြံသည်ဖြစ်၏။အချင်းတို့၊အံ့ဘွယ်ရှိပေစွ။ မဖြစ်ဘူးမြဲဖြစ်ပေစွ။ ဤသို့သဘောရှိသည် မည်သောပြိတ္တာသည်ဖြစ်လတ္တံ့။ ဤသို့သဘောရှိသည်လည်း ဖြစ်သောအတ္တဘောကို ရခြင်းသည်ဖြစ်၏ဟုဆို၏။ ထိုအခါ၊ မြတ်စွာဘုရားရှင်သည်ချစ်သားတို့၊ ဤပြိတ္တာတို့သည်ကသိုပဘုရားရှင်၏သာသနာတော်၌၊ယုတ်မာသောရဟန်းတည်း။ ထိုယုတ်မာသောရဟန်းသည် လူအ

ပေါင်းတို့၏သဒ္ဓါကြည်ဖြူ။ ပေးလှူအပ်သော ပစ္စည်းလေးပါး တို့ကိုစားသောက်၍။ ကာယဒွါရ၊ ဝစီဒွါရတို့ဖြင့်မစောင့်ဘဲ။ ပျက်သောသိလ ရှိသည်ဖြစ်၍။ စိတ်အလိုရှိတိုင်း။ မြှိုးထူးပျော်ပါး။သွားလာခြင်းကိုပြု၏။ထိုဘဝမှ။ စုတေ့လတ်သော်။တဆူသောဘုရားရှင်၏အကြား။ငရဲ၌ကျက်၍။ ပြိတ္တာဘုံ၌ဖြစ်သည်ဟု ဟောတော်မူ၏။ ထိုအတ္ထုပ္ပတ္တိကို သိကြ။ကြားကြ ကုန်သော။ ရဟန်းယောက်ျား၊ ရဟန်းမိန်းမ၊ သာမဏေ၊ သာမဏေရိတို့သည်တရားကိုအားထုတ်ကုန်ရာသည်။

ရှင်မောဂ္ဂလာန်ထေရ်သည်ဂိဇ္ဈကူဋ်တောင်မှ။သက်တော်မူသောအခါ၊ ချုနစ်ဦးသော ပြိတ္တာတို့အား။ ကိုယ်ရုံသက်နှိုး၊ ခါးပန်းအစရှိသည်တို့ဖြင့် ရဲရဲပြောင်ပြောင်၊ တောက်လောင်သည်ဖြစ်၍။ ကြင်နာသောအသံရှိသောပြိတ္တာတို့၏ အဖြစ်ကို ဘုရားရှင်အား လျှောက်ရာတွင်။ ဘုရားရှင်သည်ချစ်သားတို့၊ ဤချုနစ်ယောက်သော သူတို့သည် ကဿပဘုရားသာသနာတော်၌၊ရဟန်းပြုကြ၏။ထိုရဟန်းတို့သည်ဘာဝနာတရားတို့ကိုအားမထုတ်ဘဲ။ ပါပဓမ္မဖြစ်သောတရားကိုသာအားထုတ်ကြ၍။သေသည်၏အဆုံး၌၊အဝီစိငရဲ၌ကျက်၍။ဝိပါက်အကြွင်းဖြင့်ဤဂိဇ္ဈကူဋ်တောင်၌၊ပြိတ္တာဖြစ်၍။ ကြီးစွာခံစားရသည်ကို ဟောတော်မူလိုရကား။ ။ကာသာဝကဏ္ဍာ၇ဟာ၀ေါ၊ ပါပဓမ္မာ အသညတာ။ ပါပါ ပါပေဟိ ကမ္မေဟိ၊ နိရယဉ္စေဥပ ပဇ္ဇရေ။ ။ဟူ၍ဟောတော်မူ၏။ ။အနက်ကား။ ။ကာသ ဝကဏ္ဍာ၊ သက်နှိုးကိုလည်း၌ရောက်ကုန်ထသော။ ၇ဟာ၀ေါ၊ မျှားစွာကုန်ထသော။ ပါပဓမ္မာ၊ ယုတ်မာသောအကျင့်ရှိကုန်ထသော။ အသညတာ၊ မစောင့်စည်းကုန် ထသော။ ပါပါ၊ ယုတ်မာကုန်သော။တေဘိက္ခု၊ထိုချုနစ်ယောက်သောရဟန်းတို့သည်။ ပါပေဟိ၊ယုတ်မာကုန်သော။ ကမ္မေဟိ၊အကုသိုလ်ကံတို့ကြောင့်။ နိရယံ၊ငရဲ၌။ ဥပပဇ္ဇရေ၊ ဖြစ်ကြကုန်၏။ ။ သက်နှိုးကိုလည်း၌ရောက်ကုန်သော။မျှားစွာယုတ်မာသောအ

ကျင့်ရှိကုန်သော။ မစောင့်စည်းယုတ်မာသော အကျင့်ရှိကုန်သော။ ခုနစ်ယောက်သောရဟန်းတို့သည်ယုတ်မာကုန်သော အကုသိုလ်ကံတို့ကြောင့်။ ငရဲဌာပြစ်ကြကုန်၏ဟုဟောတော်မူ၏။ထိုကြောင့်ရဟန်းပြုကြကုန်သောသူသူငါငါ။မျှားစွာသော ရဟန်းတို့သည် အတ္တုကြံသန်၊ ပရဝမ္ဘန်၊ ကူလဒူသကာ၊ လာဘေနလာဘနိဓိဂိသန်။သာမန္တ၏ဗပ္ပနစသောအကုသိုလ်တရားတို့ကိုပယ်ရှားမ၍။ ပါတိမောက္ခ၊ဣန္ဒြိယ၊ သန္နိဿိတ၊အာဇီဝတို့ကိုနေ့ညဉ့်မပြတ်။ ကြေးမုံမြတ်ကို။ မပြတ်စေရ။ ကျင့်ကြမ္မသာ။နိရယ၊ပေတ၊တိရစ္ဆာန်ဘဝမှ။ လွတ်ကြရအောင်။အားထုတ်ကုန်ရာသည်။ ။အကုသလကမ္မကထာနိဋ္ဌိတာ။

• သုဠုံ၊ကောင်းသောလူ၊နတ်၊ နိဗ္ဗာန်သုံးတန်သောချမ်းသာသို့။ဂတိ၊လားရာတည်း။ ဣတိ၊ ထိုကြောင့်။ သုဂတိ၊ သုဂတိမည်၏။ ။သုဂတိသို့ သွားရာ သွားကြောင်း။ ကောင်းမြတ်သောကုသိုလ်တရားကို အားထုတ်ကြရမည်။ ။ယာဝမ္ဘဝါတိ၊အကြင်တရားသဘောသည်။ကုန်ဆုံတော၊စက်ဆုပ်အပ်ကုန်သော။ပါပဝမ္မော၊ယုတ်မာသောအကုသိုလ်တရားတို့ကို။သလယဉ်ကမ္မော်၊ဝိဠုံသော်၊ဖျက်ဆီးတတ်ကုန်၏။ ဣတိတသ္မာ၊ ထိုသို့ အကုသိုလ် တရားတို့ကို ဖျက်ဆီး တတ်သော သတ္တိကြောင့်။ သာဝမ္ဘဝါတိ၊ ထိုတရားသဘောသည်။ ကုသလာ၊ ကုသိုလ်မည်၏။ ။အကုသိုလ်တရားကိုပယ်ရှားမှသာ။ပြုစင့်ဖွံ့ဖြိုးစွာ။ပေးစွမ်းနိုင်သော သတ္တိရှိသော ကုသိုလ်တရားကို အားထုတ်နိုင်ရာသည်။ ။ထိုကြောင့်။အကုသလပ္ပဝတ္တိတော နိဝတ္တိတ္မာ။ ကုသလကရဏော ယော ဝပရိနာမိတံ။ ။ဟူ၍မိန့်အပ်၏။ ။အနက်ကား။ ။အကုသလပ္ပဝတ္တိတော၊ အကုသိုလ်၏ ဖြစ်ခြင်းမှ။ နိဝတ္တိတ္မာ၊ နစ်စေ၍။ ကုသလကရဏော ယော ဝ၊ကုသိုလ်ကိုပြုရာ၌သာလျှင်။ပရိနာမိတံ၊ပြီးစေနိုင်၏။ ။ မပြတ်ဖြစ်ခြင်း၊ စသည်တို့၏အစွမ်းဖြင့်ကာမာဝစရကုသိုလ်

စေတနာသည် သောမနဿဖြစ်က။ မဟာပ္ပလဒါကျိုးကိုရ၏။ ရင်းသောမနဿဖြစ်ခြင်းသည်။ ။သဒ္ဓါဗဟုလတာဝိသုဒ္ဓဒိဋ္ဌိ တာအာနိသံသဒဿာဝိတာတိ။ ဇေမေတ္တသောမနဿသဟ ဂတာဘာဝေါ ဝေဒိတဗ္ဗော။ ။ဟူ၍ ပိန့်တော်မူ၏။ ။အ နက်ကား။ ။သဒ္ဓါဗဟုတာ၊သဒ္ဓါတရားများသောအားဖြင့် ရင်း။ ဝိသုဒ္ဓဒိဋ္ဌိတာ၊ စင်ကြယ်သောအယူရှိသောအဖြစ်ရင်း။ အာနိသံသဒဿာဝိတာ၊ အကျိုးအာနိသင်ကို သိမြင်နိုင်သော အဖြစ်သည်ရင်း။ဣတိဇေ၊ဤသို့။ဇေ့ဆ၊ဤအရာ၌။ သောမနဿ သဟဂတာဘာဝေါ၊ သောမနဿအဖြစ်ကို။ ဝေဒိတဗ္ဗော၊သိ အပ်၏။ ။အဓိပ္ပါယ်လွယ်ပြီ။ ။သောမနဿသဟဂုတ်၊ ဉာဏသမ္ပယုတ်၊ ကာမာဝစရကုသိုလ်ဟောသည် များသော အကျိုးကို ဖြစ်စေ၏။ ။ဉာဏ်၏ ဖြစ်ဟန်ကား။ ။ကမ္မတော ဥပပတ္တိတော ဣန္ဒြိယ ပရိပါကတော ကိလေသ ဒူရဘာဝ တောတိ ဣမေဟိပနေတ္ထကာရဏေဟိ ဉာဏသမ္ပယုတ္တတာ ဝေဒိတဗ္ဗာ။ ။ဟူ၍ဟောတော်မူ၏။ ။အနက်ကား။ ။ကမ္မ တောစ၊ ပဋိသန္ဓေပေး အပ်သောကံ အားဖြင့်ရင်း။ ဥပပတ္တိ တောစ၊ ပဋိသန္ဓေ အားဖြင့်ရင်း။ ဣန္ဒြိယ ပရိပါက တောစ၊ ပညာခြေရင့်သောအားဖြင့်ရင်း။ ကိလေသဒူရ ဘာဝတောစ၊ ကိလေသာမှဝေးသောအားဖြင့်ရင်း။ ဇေ့ဆပန၊ဤအရာ၌ကား။ ဣမေဟိကာရဏေဟိ၊ဤလေးပါးသောအကြောင်းတို့ကြောင့်။ ဉာဏ သမ္ပယုတ္တတာ၊ ဉာဏသမ္ပ ယုတ်၏ အဖြစ်ကို ဝေဒိ တဗ္ဗာ၊သိအပ်ကုန်၏။ ။တိဟိတ် ပဋိသန္ဓေကို ပေးနိုင်သော ကာမာဝစရကုသိုလ်ကံ။တိဟိတ်ပဋိသန္ဓေ။ ပညာ၏ရင့်ခြင်း။ ကိလေသာဝေးသောအဖြစ်။ဤလေးပါးသည်ဉာဏ်ဖြစ်၏။

ကုသိုလ်သည်ဒါနမယကုသိုလ်။ သီလမယကုသိုလ်။ဘာဝ နာမယကုသိုလ်အားဖြင့်သုံးပါးတည်း။ထိုသုံးပါးတို့တွင်။ဒါန ဖြင့်ပြီးသောကုသိုလ်ကို ပြုလိုရကား။ ။ယဒါဟိ နိုလပိတ လောဟိတောဒါတောသုပုပ္ပါဒိသု အညတရံလဘိတ္ထာ။ ဝဏ္ဏ

ဝသေနအာဘုဇိတွေ့ဝဏ္ဏဒါနံမယ္ယတ္တိ။ ဗုဒ္ဓရတနာဒိနိပူဇေတိ။ တဒါဒါနမယံဟောတိ။ ။ဟူ၍မိန့်၏။ ။အနက်ကား။ ။ဟိ၊ထိုစကားသည်မှန်၏။ယဒါ၊အကြင်အခါ၌။နိုလပိတလော ဟိတောဒါတေသု၊ အညို၊ အရွှေ၊ အနီ၊ အဖြူဟု ဆိုအပ်ကုန်သော။ပုပ္ပါဒိသု၊ပန်းအစရှိသည်တို့တွင်။ အညတရံ၊တပါးပါးသော၀ဏ္ဏ၊ကို။လဘိတွာ၊ရ၍။၀ဏ္ဏ၀သေန၊အဆင်း၏အစွမ်းဖြင့်။အာဘုဇိတွာ၊နှလုံးသွင်း၍။မယ္ယာ၊ငါ၏။ ၀ဏ္ဏဒါနံ၊၀ဏ္ဏဒါနတည်း။ဤတိမနသိကတွာ၊ ဤသို့နှလုံးသွင်း၍။ ဗုဒ္ဓရတနာဒိနိ၊ ဘုရားရတနာအစရှိသည်တို့ကို။ပူဇေတိ၊ပူဇော်၏။ တဒါ၊ထိုအခါ၌။ဒါနမယံ၊ဒါနဖြင့်ပြီးသောကုသိုလ်သည်။ဟောတိ၊ဖြစ်၏။ ။ရင်းဒါနမယကုသိုလ်သည်တချုချုအဆင်းရှိသော၀ဏ္ဏ၊ကိုရ၍။ အဆင်း၏အစွမ်းဖြင့်အာရုံပြု၍။ ငါသည်အဆင်းကိုလျှုရသောဒါနတည်းဟု အာရုံပြု၍။ ဘုရားအစရှိသည်တို့ကိုပူဇော်သည်ဖြစ်အံ့။ထိုအခါ၊ဒါနမယကုသိုလ်မည်၏။ ။ရင်းကုသိုလ်ပြုသော ၀ဏ္ဏ၊ကိုဆိုအံ့။ ။ဘဏ္ဍာ ဂါရိက သဃိ ပိတ္တောကိရ ကေ သုဝဏ္ဏခစိတံ၀ဏ္ဏံလဘိတွာ။ ဣဒံပိ၀ဏ္ဏံသု ၀ဏ္ဏ၀ဏ္ဏံ။ သမ္ဘာသမ္ဘုဒ္ဓေါပိ သုဝဏ္ဏ၀ဏ္ဏော။ သုဝဏ္ဏ ၀ဏ္ဏံ ၀ဏ္ဏံသုဝဏ္ဏ၀ဏ္ဏသေသ၀ အနုဋ္ဌပိက် အမ္ဘာကဉ္စ ၀ဏ္ဏဒါနံဘ ဝိသတိတိမဟာစေတိယေအာရောပေသိ။ ဇေရုပေကာလေ ဒါနမယံဟောတိတိ၀ေဒိတဗ္ဗံ။ ။ဟူ၍မိန့်အပ်၏။ ။အနက်ကား။ ။ကိရ၊အဆင့်စကား၊ကြားဦးအံ့။ဘဏ္ဍာဂါရိကသဃိ ပိတ္တော၊ ဘဏ္ဍာဂါရိက သဃိပိတ္တ မထေရ်သည်။ ကေ၊ တခုသော။သုဝဏ္ဏခစိတံ၊ရွှေဖြင့်ခြယ်လယ်အပ်သော။၀ဏ္ဏံ၊ပုဆိုးကို။လဘိတွာ၊ရ၍။ ဣဒံပိ၀ဏ္ဏံ၊ ဤပုဆိုးသည်လည်း။ သုဝဏ္ဏ ၀ဏ္ဏံ၊ရွှေသောအဆင်းရှိ၏။ သမ္ဘာသမ္ဘုဒ္ဓေါပိ၊ ဖြတ်စွာဘုရား ရှင်သည်လည်း။သုဝဏ္ဏ၀ဏ္ဏော၊ရွှေသောအဆင်းရှိ၏။သုဝဏ္ဏ ၀ဏ္ဏံ၊ ရွှေသော အဆင်းရှိသော။ ၀ဏ္ဏံ၊ ပုဆိုးသည်။ သုဝဏ္ဏ ၀ဏ္ဏသေသ၀ ရွှေသောအဆင်းရှိသည်သာလျှင်ဖြစ်သောဖြတ်

စွာဘုရားရှင်အားသာလျှင်။အဝိနိ ဆွေရိကံ။လျှော်၏။အမှာကဋ္ဌ။ ငါတို့အားလည်း။ဝဏ္ဏဒါနံ၊ ဝဏ္ဏဒါနသည်။ ဘာဝိသတိ၊ဖြစ်လတ္တံ့။ဤတိ၊ဤသို့။ မဟာစေတိယေ၊ မဟာစေတီ၌။အာရောပေတိ၊တင်၏။ဝေရူပေ၊ဤသို့သဘောရှိသော။ ကာလေ၊အခါ၌။ဒါနမယံ၊ဒါနမယကုသိုလ်သည်။ ဟောတိ၊ဖြစ်၏။ ။ရင်း ဝတ္ထုသည်ဒါနမယကုသိုလ်ဖြစ်၏ဟုမှတ်။

သီလမယကုသိုလ်ကိုဆိုအံ့။ ။ယဒါပနတထာဂတပမေဝ ဒေယျဓမ္မံလဘိတ္မာ။ မယ္ဟံကုလဝံသောကုလတန္တိကုလပဝေဏီ။သောကုလဝတ္တံ့တေန္တိ ဗုဒ္ဓရတနာဒိနိပူဇေတိ။တဒါသီလမယံဟောတိ။ ။ဟူ၍ပိန့်အပ်၏။ ။အနုက်ကား။ ။ယဒါပန၊အကြင်အခါ၌ကား။တထာဂတပမေဝ၊ထိုသို့သဘောရှိသည်သာလျှင်ဖြစ်သော။ ဒေယျဓမ္မံ၊လှူဘွယ်ဝတ္ထုကို။လဘိတ္မာ၊ရ၍။သော၊ဤသည်ကား။မယ္ဟံ၊ငါ၏။ ကုလဝံသော၊ အမျိုးမှလာသောအနွယ်တည်း။ ကုလတန္တိ၊အမျိုး၏အစဉ်တည်း။ ကုလပဝေဏီ၊ အမျိုး၏အဆက်တည်း။ ဇေတံ၊ဤသည်ကား။ ကုလဝတ္တံ့၊အမျိုး၏အကျင့်ဝတ်တည်း။ ဤတိ၊ဤသို့။ ဗုဒ္ဓရတနာဒိနိ၊ ဘုရားရတနာအစရှိသည်တို့ကို။ပူဇေတိ၊ပူဇော်၏။တဒါ၊ ထိုအခါ၌။သီလမယံ၊သီလမယကုသိုလ်သည်။ဟောတိ၊ဖြစ်၏။

ဘာဝနာမယကိုပြုအံ့။ ။ယဒါပနတာဒိသေနဝတ္ထုနာရတနတ္တယသဿုဇံကတ္မာ။ အယံဝဏ္ဏောခယံဂ ဆိ္ဆသတိ။ဝယံ ဂ ဆိ္ဆသတိတိ ခယဝယံပဋ္ဌပေတိ။ တဒါဘာဝနာမယံဟောတိ။ ။ဟူ၍ပိန့်အပ်၏။ ။အနုက်ကား။ ။ယဒါပန၊အကြင်အခါ၌ကား။ တာဒိသေန၊ထိုသို့သဘောရှိသော။ဝတ္ထုနာ၊ဝတ္ထုဖြင့်။ရတနတ္တယသဿ၊ရတနာသုံးပါးအား။ ပူဇံ၊ပူဇော်ခြင်းကို။ ကတ္မာ၊ပြု၍၊အယံဝဏ္ဏော၊ ဤအဆင်းသည်။ခယံ၊ကုန်ခြင်းသို့။ ဂ ဆိ္ဆသတိ၊ ရောက်လတ္တံ့။ ဝယံ၊ ပျက်ခြင်းသို့။ ဂ ဆိ္ဆသတိ၊ ရောက်လတ္တံ့။ဤတိ၊ဤသို့။ခယဝယံ၊ကုန်ခြင်းပျက်ခြင်းကို။ပဋ္ဌ

ပေတိ၊ ဖြစ်ခ၊ စ၏။ တဒါ၊ ထိုအခါ၌။ ဘာဝနာမယံ၊ ဘာဝနာမယ ကုသိုလ်သည်။ ဟောတိ၊ ဖြစ်၏။

ဒါနမယ၊ သီလမယ၊ ဘာဝနာမယ၊ သုံးဝသော လူ့ဒါန်းပုံကို ပြုပြီး၍။ သုံးပါးသောကံ၊ ဖြစ်ဟန်ကိုပြဆိုဦးအံ့။ ။ယဒါတိ ကိ ရတနာနိသာဟ ဣဿ နပုဂ္ဂေ သ္မိ သ ပဝတ္တတိ။ တဒါ ကာယ ကမ္မံ ဟောတိ။ ။ဟူ၍မိန့်အပ်၏။ ။အနက်ကား။ ။ယဒါ၊ အကြင်အခါ၌။ တိ ကိ ရတနာနိ၊ သုံးပါးသော ရတနာတို့ကို။ သာဟ ဣဿ၊ မိမိလက်ဖြင့်။ ပုဂ္ဂေ သ္မိ၊ ပုဂ္ဂိုလ်သောသူအား။ ပဝတ္တတိ၊ ဖြစ်၏။ တဒါ၊ ထိုအခါ၌။ ကာယ ကမ္မံ၊ ကာယကံ သည်။ ဟောတိ၊ ဖြစ်၏။ ။ကာယကံအခြားမဲ့၌။ ဝစီကံကိုပြ အံ့။ ။ယဒါတိ ကိ ရတနာနိ ပုဂ္ဂေ သ္မိ ဝုတ္တဒါရဒါသကမ္မပေါ ရိသာဒယောပိ အာဏာပေတွာ ပုဇာ ပေတိ။ တဒါ ဝစီ ကမ္မံ ဟောတိ။ ။ဟူ၍မိန့်အပ်၏။ ။အနက်ကား။ ။ယဒါ၊ အ ကြင်အခါ၌။ တိ ကိ ရတနာနိ၊ သုံးပါးသော ရတနာတို့ကို။ ပု ဂ္ဂေ သ္မိ၊ ပုဂ္ဂိုလ်သောသူသည်။ ဝုတ္တဒါရဒါသကမ္မပေါရိသာ ဒယောပိ၊ သားမယား၊ ကျွန်၊ အမှုလုပ်ယောကျ်ားအစရှိသော သူတို့ကိုလည်း။ အာဏာပေတွာ၊ စေခိုင်း၍။ ပုဇာပေတိ၊ ပူဇော် စေအံ့။ တဒါ၊ ထိုအခါ၌။ ဝစီကမ္မံ၊ ဝစီကံသည်။ ဟောတိ၊ ဖြစ် ၏။ ။အဝိပ္ပါယ်လွယ်၏။ ။မနောကံကိုဆိုအံ့။ ။ယဒါတ ဒေဝဝုတ္တပ္ပကာရံ ဝိဇ္ဇမာနကဝတ္ထုံ အာရဗ္ဘ ဝဏ္ဏဒါနံ ဒဿသာမိ တိ စိန္တေတိ။ တဒါ မနောကမ္မံ ဟောတိ။ ။ဟူ၍မိန့်၏။ ။အနက် ကား။ ။ယဒါ၊ အကြင်အခါ၌။ တ ဒေဝ၊ ထိုအတူသာလျှင်။ ဝုတ္တပ္ပ ကာရံ၊ ဆိုအပ်ပြီးသော။ ဝိဇ္ဇမာနကဝတ္ထုံ၊ ထင်ရှားရှိသော ဝတ္ထုကို။ အာရဗ္ဘ၊ အာရုံပြု၍။ ဝဏ္ဏဒါနံ၊ ဝဏ္ဏဒါနကို။ ဒဿသာမိ၊ ပေးတော့အံ့။ ဣတိ၊ ဤသို့။ စိန္တေတိ၊ ကြံ၏။ တဒါ၊ ထိုအခါ၌။ မ နောကမ္မံ၊ မနောကံသည်။ ဟောတိ၊ ဖြစ်၏။ ။(ရှင်းကံတို့ကို ရေးသည်ရှိသော်။ ကျယ်အံ့စိုး၍မရေးလိုက်ပြီ)။

ဒါနမေဝမယံ ဒါနမယံ။ ဒါနမေဝ။ ဒါနသည်လျှင်။ မယံ၊ ပြီး

သည်တည်း။ဒါနမယံ၊ ဒါနသည်ပြီးသည်။ ။ဒါနသည်ပြီး
စေသောအကျိုးအာနိသံသကိုပြုလိုရကား။ ။ဘုရားမြတ်စွာ။
စိန္ဒေယျာသည်။ သာဝတ္ထိပြည်။ဇေတဝန်ကျောင်းဌ၊သိတင်း
သုံးနေတော်မူ၏။ ထိုအခါ၊ ပန္ထိကသဏ္ဌာရ္ဂျာဌ။စိတ္တအမည်ရှိ
သော သူကြွယ်သည် ဘုရားရှင်ကို မဖူးတွေ့ရဘဲ။ ရှင်သာရိ
ပုတ္တရာတို့၏ တရား တော်ကို ကြားနာ ရသဖြင့် သောတာ
ပတ္တိမဂ်။ သောတာပတ္တိဖိုလ်ကိုရ၏။ မဖူးတွေ့ရဘဲ သာလျှင်။
အနာဂါမိမဂ်။ အနာဂါမိဖိုလ်တို့ကို ရ၏။ ထိုစိတ္တ သူကြွယ်
သည် ဘုရားရှင်ကို ဖူးမြင်အံ့သောဌာ။ သွားမည်ဟု ကြံသည်
အားလျော်စွာ။ လိုက်လိုသော ရဟန်းရှင်လူ အပေါင်း တို့ကို
ဘိတ်ကြား၍။ ငါးရာသော လှည်းတို့ဌ။ ထောပတ်!ပျား၊ဆီ စ
သောစားနပ်ရိက္ခာတို့ကိုလမ်းခရီးအကြား၌။အလုံးစုံသောသူ
တို့အား။ ပင်ပန်းခြင်းမရှိစေရ။ လောက်ငအောင် တင်စေ၍၊
သွားအံ့သောဌာ၊ သဃီဝေါတို့အား။ အကြောင်းကြား၍။ရ
ဟန်းယောက်ျားငါးရာ။ ရဟန်းမိန်းမငါးရာ။ဥပါသကာ၊ ဥပါ
သိကာအပေါင်းနှင့်တကွ၊သွားကြ၏။ဒါယိကပရိသတ်နှင့်တကွ။သုံး
ထောင်သောသူတို့သည်ယူဇနာသုံးဆယ်ရှိသော်ခရီး၌သွား
သည်ရှိသော်။အကြင်အခြင်းဖြင့်ယူဇနာသုံးဆယ်ရှိသောခရီး
ဌ။ယာဂုဘတ်အစရှိသည်တို့ဖြင့်။ စိုးစဉ်းမျှ၍ငဲ့ခြင်းမရှိသည်
ဖြစ်၍။ထိုအခြင်းဖြင့်စိရင်၏။ စိတ္တသူကြွယ်လာသည်ကိုသိကြ
၍။နတ်တို့သည်ယူဇနာတိုင်း၊ယူဇနာတိုင်းတည်းခိုရာအိမ်တို့
ကိုဘန်ဆင်း၍။နတ်ဌဖြစ်သောခဲဘွယ်သောဇဉ်၊အမျှော်ယာဂု
အစရှိသည်တို့ဖြင့် လူအပေါင်းအား။လုပ်ကျွေးကြကုန်၏။ တ
စုံ တယောက်သောသူမျှ။ မငတ်သည်မရှိ။ ထိုသို့ လုပ်ကျွေးသ
ဖြင့်၊နေ့တိုင်းနေ့တိုင်းတယူဇနာသွားလတ်သော်။တလစေ့သ
ဖြင့်သာဝတ္ထိပြည်သို့ရောက်၏။ လှည်းတို့ဌပါသော။ ရိက္ခာတို့
သည်ဆောင်ခဲ့တိုင်းရှိ၏။နတ်လူတို့ပေးသောလက်ဆောင်တို့
ဖြင့်သာ။ ကျွေးမွေးလျက် ရောက်၏။ မြတ်စွာဘုရားရှင်သည်

ရှင်အာနန္ဒာကို ခေါ်တော်မူ၍။ချစ်သားအာနန္ဒာ၊ယနေ့မွန်းလွဲသောအခါ၌။ စိတ္တသူကြွယ်သည်ငါးရာသောလှည်းတို့ဖြင့် ဘုံရုံလျက်လာ၍။ ငါဘုရားကိုရှိခိုးလတ္တံ့။ အရှင်ဘုရား၊ ဘယ်သို့လျှင်ထိုသူကြွယ်အား။အရှင်ဘုရားကိုရှိခိုးသောကာလ၌။တစုံတရသောတန်းခိုးပြာဒိုဟာသည် ဖြစ်လတ္တံ့။လောဟုလျှောက်ထား၏။အာနန္ဒာ၊ဖြစ်လတ္တံ့။ ထိုသူကြွယ်လာ၍။ ငါဘုရားကိုရှိခိုးသောအခါ၌၊ ဤရှစ်မင်းပယ်စားရှိသော အရပ်၌၊ပုဆစ်နှုးဝန်းပမာဏ။ ငါးပါးသောအဆင်းရှိသော၊ ပန်းမိုးယိုးသည်ရွာလတ္တံ့။ဟုမိန့်တော်မူ၏။ ထိုစကားကိုကြား၍။ သာဝတ္ထိပြည်၌နေသောသူတို့သည် စိတ္တသူကြွယ်သည် ကြီးသောတန်းခိုးရှိ၏။ ယနေ့လာ၍။ ဘုရားရှင်ကို ဖူးလတ္တံ့။ ဤသို့သော တန်းခိုးသည်ဖြစ်လတ္တံ့။ ငါတို့သည် ကြီးသော ကောင်းမှုကို ကြည့်ခြင်းငှါ။ ရတော်စွဟု ဤပူဇော်သကာကိုယူ၍။ ခရီးနှစ်ဘက်တို့၌။နေကြကုန်၏။ကျောင်းတော်၏အနီးသို့ရောက်သောကာလ၌။ ငါးရာသောရဟန်းတို့ကို ရှေးဦးစွာကြွစေကုန်၏။ စိတ္တသူကြွယ်သည်။ ရှင်မတို့၊ သင်တို့သည် ငါတို့နောက်မှ။လာကုန်ကြဟုဒါယိကာမတို့ကိုထားခဲ့၍။ ငါးရာသောဥပါသကာတို့ခြံရုံလျက်။ ဘုရားအထံသို့ ဝင်လေ၏။ မြတ်စွာဘုရားရှင်၏ရှေ့တော်၌။ ရပ်ခြင်းထိုင်ခြင်းကိုပြုသောသူမရှိကုန်။ မြတ်စွာဘုရား၊ ကြွတော်မူသော ခရီး၏နံပါးနှစ်ဘက်တို့၌။ တုန်လှုပ်ခြင်းမရှိ။ရပ်လျက်စိတ္တသူကြွယ်သည်ကြီးစွာသောဘုရားခရီးသို့သက်လေ၏။ သုံးပါးသော ဖိုလ်သို့ရောက်သော အရိယာသာဝကသည် ကြည့်ရာကြည့်ရာ အရပ်သည်တုန်လှုပ်၏။ ဤစိတ္တသူကြွယ်ကိုလူအပေါင်းသည်ကြည့်ကြ၏။ စိတ္တသူကြွယ်သည် မြတ်စွာ ဘုရား ရှင်၏ ရောင်ခြည်တော် ခြောက်သွယ်ကြားသို့ဝင်၍။ နှစ်ခုသော ဗမျက်တို့၌၊ မြတ်စွာဘုရား ရှင်၏ခြေတော် တို့ကိုရှိခိုး၏။ ထိုခဏ ခြင်းဖြင့် သာလျှင်။ ငါးပါးသောအဆင်းရှိသော ပန်းမိုးယိုးသည်ရွာ၏။ တဆောင်သော

ကောင်းချီးကိုဖြစ်စေကုန်၏။ထိုသူကြွယ်သည် မြတ်စွာဘုရား အထံတော်၌ တလေနေ၍။ ဘုရားအမှီး ရှိသော ရဟန်းသင်္ဃာ တော်တို့အား။ထိုလပတ်လုံး။ကျောင်းတွင်း၌နေစေ၍။ကြီးစွာ သောဒါနကိုပြု၏။ ဒါဒိနှင့်အတူပါသော သင်္ဃာတို့ကို လည်း ကျောင်းတွင်း၌ ပြုစု၏။ တလပတ်လုံး။ ဘုရား အမှီး ရှိသော သင်္ဃာတော်ကို လှူဒါန်းပူဇော်ခြင်းကိုပြုသော်လည်း ဒါဒိ၌ပါ သောဘဏ္ဍာတို့ကိုမလှူဒါန်းရ။ မျှားစွာသောသူတို့ပို့သသော လက်ဆောင်တို့ကိုသာလှူဒါန်း၏။ဒါဒိမှဆောင်ခဲ့သောမျှား၊သ ကာ၊ထောပတ်အစရှိသောငါးရာသောလှည်းတို့ဖြင့် ဆောင် ခဲ့သော ဘဏ္ဍာတို့ကိုစုပုံလှူဒါန်းပြီးလျှင်။ ဧတဝဝန်ကျောင်း တော်မှ ပြန်လတ်သော်။ လမ်းခရီး အကြား၌။ နတ်တို့သည် စိတ္တ သူကြွယ်အား။ အချည်းစည်း မပြန်စိမ့်သောဌာ။ ငါးရာ သောလှည်းတို့၌။ ရတနာ ခုနစ်ပါးတို့ကို ပြည့်စေကြကုန်၏။ ထိုအကြောင်းကို အဂ္ဂဝင်အာနန္ဒာမထေရ်သည်ကြား၍။ ဘုရား ရှင်အားလျှောက်ကြား၏။ ထိုအခါ၊ မြတ်စွာဘုရား ရှင်သည် အာနန္ဒာမထေရ်အား။ဟောကြားတော်မူလို၍။ ။သင်္ဘေါသိ လေနသမ္မနော၊ယသောဘောဂသမ္ပဒါတော။ယံယံပဒေသံပဇ တိ၊တတ္ထတတ္ထေဝပူဇိတော။ ။ဟူ၍ဟောတော်မူ၏။ ။အ နက်ကား။ ။သင်္ဘေါ!သင်္ဘါတရားရှိသော။သိလေန၊သီလနှင့်။ သမ္မနော၊ပြည့်စုံသောသူသည်။ ယသော၊ အကျော်အစောရှိ သည်ဖြစ်၍။ ဘောဂ သမ္ပဒါတော၊ စည်းစိမ် ဥစ္စာနှင့် ပြည့်စုံ သည်ဖြစ်၍။ ယံယံပဒေသံ၊ အကြင်အကြင်အရပ်သို့။ ပဇတိ၊ ဆည်းကပ်သည်ဖြစ်အုံ့။ တတ္ထတတ္ထေဝ၊ ထိုထိုအရပ်၌ သာ လျှင်။ပူဇိတော၊နတ်လူတို့သည်ပူဇော်ကြ၏။ ။အရှင်အာနန္ဒာ သည် စိတ္တသူကြွယ်၏ အတိတ်အကြောင်းကို လျှောက်ကြား ၏။ထိုအခါ၊မြတ်စွာဘုရားရှင်သည် ချစ်သားအာနန္ဒာ၊ ဤစိတ္တ သူကြွယ်သည် ကဿပဘုရားရှင်၏ သာသနာတော်ဝယ်။ မှု ဆိုးမျိုးဌာပြုဖြစ်၍။ ကြီးပွါးခြင်းသို့ရောက်လတ်သဖြင့်တနေ့သ၌။

ဖိုးယမ်းကြီး သည်းထန်စွာ ရွာလတ်သော်။ သား သမင်တို့ကို သတ်ဖြတ်အုံ့သောဌာ။ လုံမ၊ လေးမြှားအစရှိသောလက်နက် တို့ကိုယူ၍။ တောသို့သွားပြီးလျှင်။ သမင်သားတို့ကိုရာလတ် သော်။တခုသောချောက်ကမ်းပါးခွ။ဦးခေါင်းကိုရုံလျက်။ဘာ ဝနာပွါးသော ရဟန်း တဦးကိုမြင်၍။ ဤအရှင်ကောင်းသည် ရဟန်းတို့၏တရားကိုအားထုတ်တော်မူ၏။ထိုရဟန်း၏အလို ဌာ။ဆွမ်းကိုဆောင်အုံ့ဟုနှုလုံးပြု၍။လျှင်စွာအိမ်သို့သွား၍။မီးဖို ခွ။ ယမန်နေ့ကဆောင်ခဲ့သော တခုသောအမဲရှိ၏။ ဆွမ်းကို ချက်စေ၍။ ဆွမ်းခံသောရဟန်းတို့ကိုလည်းပင့်ဘိတ်၍။ အိမ် ခွနေစေပြီးလျှင်။မိန်းမအားလှူဒါန်းစေ၏။ တပါးသောသူကိုမ စေဘဲ။ဆွမ်းတောင်းခွထည့်၍သွားလတ်သော်။ခရီးအကြားခွ။ အဝေးဝေးသော ပန်းတို့ကိုဆွတ်ခူး၍။ ဆွမ်းတောင်းနှင့်တကွ ယူပြီးလျှင်။ မ.ထေရ်၏ ထံသို့သွားပြီးလျှင်။ အရှင် ဘုရား၊ အ ကျွန်ုပ်အား၀ိုးမြှင့်တော်မူပါ!ဤသို့ဆို၍။သပိတ်ကိုယူပြီးလျှင်။ ဆွမ်းကိုပြည့်စေ၍။မထေရ်၏လက်ခွထား၍။ပန်းတို့ကိုပူဇော် ပြီးလျှင်။အကျွန်ုပ်အား။ဤသို့အရသာရှိသောဆွမ်းသည်ပန်းနှင့် တကွစိတ်ကိုနှစ်သက်စေသကဲ့သို့။ ထိုနည်းတူစွာ။ ဖြစ်လေ ရာရာဘ၀တို့ခွ။အထောင်သော လက်ဆောင်ဘဏ္ဍာတို့သည် လာ၍။ အကျွန်ုပ်၏ စိတ်ကို နှစ်သက်စေ၍။ ငါးပါးသော အ ဆင်းရှိသော ပန်းဖိုးသည်လည်း ရွာပါစေသတည်းဟုဆု တောင်း၏။ထိုမှစ၍။ ဒါနသိလတို့ကို အသက်ရှည်သမျှကာ လပတ်လုံး ဆည်းပူး၍။ နတ်ပြည်ခွဖြစ်၏။ ဖြစ်ရာအရပ်ခွ။ ပု ဆစ်ပမာဏရှိသောပန်းဖိုးသည်ရွာသတည်း။ ။ယခုအ ခါခွ၊ မျှားသောလက်ဆောင်၊ ပန်းဖိုးရွာခြင်း။ ငါးရာသော လှည်းတို့ခွ။ရတနာခုနစ်ပါးပြည့်ခြင်းတို့သည် မှုဆိုးအဖြစ်မှ။ လှူဒါန်းသောဒါန၏အကျိုးစက်တည်းဟုဟောတော်မူ၏။ ထို ကြောင့် ယခုအခါ၊ မျှားစွာသော သူတော် ကောင်းတို့သည် ကောင်းမြတ်သောစေတနာ။ မဟာကုသိုလ်ဥာဏသမ္ပယုတ်

ဟောဖြင့်။ နိဗ္ဗာန်ချမ်းသာ ကိုတောင်းချ။ ကောင်းစွာ လျှောခါနိုး ကုန်ရာသည်။

ပေးအပ်သော၀ယ်ထွေ့။ အလျှံခံ ပုဂ္ဂိုလ်တို့၏ စင်ကြယ်ပြား သော်လည်းစေတနာသန်သော်ခါန။ဥာဏသမ္ပယုတ္တအသင်္ခါ ရိက၊ မဟာကုသိုလ်ဟောမဖြစ်က။ မဟာပွလ အကျိုးကိုရနိုင် မည်မဟုတ်ရာ။ ဟောစေတနာပိတိဖြစ်က။ မဟာပွလ အကျိုး ကို။ဖြိုးဖြိုးဝေဆာ။ ရနိုင်ရာ၏။ ကုသိုလ်ဟော ဖြစ်သော ပိတိ သည်မျှားသောအာနိသင်ရှိ၏။ ။ပိတိသည် ခုဒ္ဒကာပိတိ၊ခ ဏိကာပိတိ၊ဩက္ကန္တိကာပိတိ၊ ဥဗ္ဗေဂါပိတိ၊ဖရဏာပိတိ၊ဟု ငါးပါးရှိ၏။ဒါနသိလဘာ၀နာတို့တွင်။ ဒါနပြုသောအခါ၊ ကု သိုလ်စေတနာဟောစိတ်ဖြင့် မလှူမီ၊လှူဆဲ၊ လှူပြီး၊ ခဏသုံးပါး တို့တွင်။ တရုတ်သောခဏ၌။ ဟော၏အစွမ်းဖြင့်ဝမ်းမြောက်ဝမ်း သာ။ ကိုယ်အလုံး၌။ ကြက်သီးမွေးညင်းထသကဲ့သို့ဖြစ်သော ပိတိသည်ခုဒ္ဒကာပိတိ။ ။ခဏတိုင်းခဏတိုင်း။လျှပ်စစ်ထ သကဲ့သို့ဖြစ်သောပိတိသည်ခဏိကာပိတိ။ ။သရဇ္ဇရာကမ်း၌ လှိုင်းထိုးတို့သည်တက်ခါတက်ခါကျသကဲ့သို့ဖြစ်သောပိ တိသည် ဩက္ကန္တိကာပိတိ။ ။ကိုယ်အလုံး အ၀ဝက်သို့ကြွ တက်သောပိတိသည် ဥဗ္ဗေဂါပိတိ။ ။ဂွမ်းဆိတိသကဲ့သို့။ ကိုယ်လုံးတစိမ့်စိမ့်နှစ်သက်သောပိတိသဉ္ဇာဖရဏာပိတိ။ ထို ပိတိတို့တွင်။ဥဗ္ဗေဂါပိတိသည်အားကြီး၏။ ။ထိုပိတိကို၀ယ်ထွေ့ ဆိုအံ့။ ။ပုဏ္ဏား၀ယ်ထွေ့ကဝါသိတိသမထေရ်သည် လပြည့်နေ့ ၌။ညဉ့်အခါစေတီတော်သို့သွား၍။ လရောင်ကိုမြင်၍။ စေတီ တော်သို့ရှေးရှုသည်ဖြစ်၍။ဤအခါ၌။ လေးပါးသောပရိသတ် တို့သည် မဟာစေတီတော်ကို ရှိခိုးကြကုန်၏။ သဘောအား မြင်သည်၏ အစွမ်းဖြင့်ဘုရားလျှင်အာရုံရှိသော။ ဥဗ္ဗေဂါပိတိ ကိုဖြစ်စေ၍။ အင်္ဂါတေလိမ်းကျံအပ်သော အပြင်၌။ ပုတ်ခတ် အပ်သည်ဖြစ်၍။ဆန်းကြယ်သော ဂြင်ပုကဲ့သို့ကောင်းကင်၌ တက်သဖြင့် မဟာစေတီအပြင်၌သာလျှင်တည်၏။ထိုကြောင့်

ဒါန သီလဘာဝနာတို့ကို အားထုတ်ကြသောအခါ။ ဗိတိတို့သည် ဖြိုးဖြိုးမြန်းမြန်းရှိစေခြင်းငှါ။ ကုသလစေတနာ၊ မှန်စွာ အားထုတ်ကြရမည်။

ဝတ္ထုတရုဆိုဦးအုံ့။ ။ဂိရိကဏ္ဍကကျောင်း၏ ဗိရာသာ လျှင်ဖြစ်သောဝတ္ထုကာလကရှာ၌။တယောက်သောအမျိုးသို့ သည်ဘုရားလျှင်အာရုံရှိသော။ ဥဗ္ဗေဂါဗိတိဖြင့် ကောင်းကင် သို့တက်၏။တက်သောအစဉ်ကိုပြုအုံ့။ ။ထိုသတို့သို့၏မိဘ တို့သည်ညဉ့်အခါ၌။တရားတော်ကိုနာအုံ့သောငှါ။ ကျောင်း သို့သွားကြလတ်သော်။ချစ်သို့၊သင်သည်လေးသောကိုယ်ဝန် ရှိ၏။ အခါမဟုတ်သောအခါ၌သွားရ၏။ ထိုက်ခြင်းငှါမသင့်။ ငါတို့သည်သင်၏အာတို့ကိုပြု၍။ တရားတော်နာခဲ့အုံ့။ဆို၍သွား ကြ၏။ ထိုသို့သည်ထိုက်ထိုသော်လည်းမိဘတို့ကို ပြုနှိုးလှန်၍။ ပြောခြင်းငှါမဝံ့သည်ဖြစ်၍။အိမ်၌ကျန်ရစ်သည်ဖြစ်၏။အိမ်တံ ခါးခွန်ရပ်လျက်။ လရောင်ဖြင့် ဂိရိကဏ္ဍကကျောင်း။ ကောင်း ကင်ခွစေတိပြင်ကိုကြည့်လျက်။ စေတိ၏ဆိပါးပူဇော်ခြင်းကို မြင်၏။ လေးပါးသော ပရိသတ်တို့သည်လည်း ပန်းနံ့သာတို့ ဖြင့်စေတိတော်၌။ ပူဇော်ခြင်းကိုပြု၍။ လကျိုလှည့်ခြင်းကိုပြု ကုန်လျက်။ရေဟန်းသင်္ဃာအပေါင်းတို့၏ သရဏာယ်သောအ သံကိုကြား၏။ထိုအခါ၌၊သတို့သို့အား။ဤသူတို့သည်ဘုန်းကံ ရှိပေ၏။အကြင်သူတို့သည်ကျောင်းသို့သွား၍။ ဤသို့သဘော ရှိသောစေတိပြင်၌။ အဘန်တလဲလဲသွားလာခြင်းငှါ။ ဤသို့သ ဘောရှိသည်လည်းဖြစ်သော။ ချိုမြိန်သောတရားကို နာခြင်း ငှါ။ ရကြကုန်၏။ ဤသို့ပုလဲသွယ်အဆင်းနှင့် တူသော စေတိ တော်ကိုမြင်စဉ်ပင်လျှင်။ ဥဗ္ဗေဂါဗိတိသည်ဖြစ်၏။ ထိုသတို့ သို့သည်,ကောင်းကင် သို့ပျံ၍။ မိဘတို့ရှေးဦးစွာ သာလျှင်။ စေတိပြင်၌သက်လေ၍။ စေတိတော်ကိုရှိခိုးလျက်ပင်နေလင့် ၏။ထိုသတို့သို့၏မိဘတို့သည်လာခဲ့၍။ ရှင်မသည်အဘယ်ခ ရီးဖြင့်လာသည် ဖြစ်သနည်းဟုမေး၏။ ကောင်းကင်ခရီးဖြင့်

လာ၏ဟုဆို၏။ ချစ်သို့၊ ကောင်းကင်တို့ မည်သည်ကား။ ရဟန္တာဝုဋ္ဌိုလ်တို့သည်ကြွတော်မူ၏။ ဤသို့ဆိုလတ်သော်။ငါ့အားလရောင်ဖြင့်စေတီတော်ကို ကြည့်လျက်ရပ်စဉ်။ ဘုရားလျှင်အာရုံရှိသော အားကြီးသောပီတိသည်ဖြစ်၏။ထိုအခါ၌။ ငါသည် မိမိရပ်သည်၏ အဖြစ်ကိုမသိ။ ယူသော နှိမ်တ်ဖြင့်သာလျှင်။ကောင်းကင်သို့ပျံ၍။စေတီအပြင်၌တည်ရ၏။ ဤသို့ဥဇ္ဇေဂါပီတိသည်အားကြီးသောဖြစ်ခြင်းရှိ၏။ကုသိုလ်ပြုကုန်သောသူတော်ကောင်းတို့သည်ကာမာဝစရကုသိုလ်၊ စေတနာ၊ဥာဏသမ္ပယုတ်၊ အသင်္ခါရိက၊ ဧာပီတိဖြစ်ပါက။ မျှားမြှတ်သောအကျိုးရကုန်သည်။ ။

မြတ်စွာဘုရားရှင်သည် ပလလည်းတော၌။ ဝါကပ်တော်မူ၏။ထိုအခါ၊ပလလဉ်းဆင်သည်ဘုရားရှင်အား။ လုပ်ကျွေးပြုစု၏။ ထိုအခါ၊တခုသောမြောက်သည်ဘုရားရှင်အားဆင်မင်းလုပ်ကျွေးသည်ကိုမြင်လေ၍။ အကြီးဖြစ်၏။ ဤဆင်သည်မြတ်စွာဘုရားရှင်အား။ အလွန်ရှိသေလေးမြတ်လှစွာပြုစု၏။ငါကဲ့သို့တိရစ္ဆာန်ဖြစ်လျက်လုပ်ကျွေးပေသည်။ငါလည်းကောင်းမှုတို့ကိုဆည်းပူးအံ့ဟုနှလုံးပြု၍။ ပျားကောင်မရှိသောပျားအုံကိုရှာ၍။ဘုရားရှင်အား။ကပ်ဆက်ပြီးလျှင်။သစ်ပင်ထက်သို့တက်ပြီးလျှင်။ ဘုရားရှင်သည်ဘုဉ်းပေးတော်မူအံ့လေဟု သစ်ပင်ထက်မှ။ကြည့်လျက်နေ၏။မြတ်စွာဘုရားရှင်သည်ထိုမျှောက်ကပ်သောပျားကိုဘုဉ်းပေးတော်မူ၏။ မျှောက်သည်ဘုဉ်းပေးတော် မူသည်ကို မြင်သဖြင့် အလွန် ဝမ်း မြောက် ဝမ်းသာသော။ဧာစိတ်ရှိသည်ဖြစ်၍။ကခုန်မြူးထူးခြင်းကိုပြု၏။ထိုအခါ၊ဆွဲသော သစ်ကိုင်း။ နင်းသောသစ်ကိုင်းတို့သည် ကျိုး၍ရှားရှားပါးပါး၏အထက်သို့ကျသဖြင့်စုတ်ပြဲလေ၍။ တာဝတိန်သားနတ်ပြဲည့်ဝယ်။ယူဇနာသုံးဆယ်ရှိသောရွှေဗိမာန်၌။ နတ်သို့းတထောင်ခြိုရုံလျက်။မဇ္ဈဒေဝနတ်သားဖြစ်၍။ ကြီးစွာသောနတ်တို့၏ စည်းစိမ်ကို ခံစားရ၏။ ထိုအဟိတ် တိရစ္ဆာန်ကို

ထောက်၍။ ငါတို့သူငါ၊ လူပေတကားဟု ကြိုးစား၍။ ဒါနစ သောကုသိုလ်တရားကို အားထုတ်ကုန်ရာသည်။

သက်သေတရ ပြဦးအုံ့။ ။ဘုရား မြတ်စွာ။ ဝိဇ္ဇနေယျာ သည် စမ္မာပြည်၏အနီး။ဂဠုရရေကန်၌။သိတင်းသုံးနေတော် မူ၏။ထိုအခါ၊ စမ္မာပြည်သူ ပြည်သားတို့သည် တရားတော် ကိုနာအုံ့သောဌာ။ ပန်းနုံ့သာလက်စွဲလျက် လာပြီးလျှင်။ ဘုရား ရှင်ကို ရိုသေစွာရှိခိုးလျက်။တရားတော်ကိုနာကြ၏။ မြတ်စွာ ဘုရားရှင်သည် တရားတော်ကိုဟောတော်မူစဉ်။ တကောင် သောဘားသည် မြတ်စွာဘုရား အသံတော်၌။ နိမိတ်ကိုယူ လျက်နေ၏။ ထိုဘားကို တယောက်သော နွားကျောင်းသား သည်။ လုံတန်ဖြင့် ဦးခေါင်းကိုထောက်လျက်ရပ်၏။ ထိုဘား သည်သေလေ၍။တာဝတိန်သာနတ်ပြည်၌။ တဆဲ့နှစ်ယူဇနာ ရှိသော ရွှေဗိမာန်၌ဖြစ်လေ၏။ အိပ်ပျော်ရာမှနိုးသကဲ့သို့။ထို ရွှေဗိမာန်၌။နတ်သွီးအပေါင်းခြံရံလျက်။မိမိကိုယ်ကိုမြင်၍။ အို· နတ်သွီးတို့၊ငါမည်သည်ကား။ ဤဗိမာန်၌ဖြစ်၏။အဘယ်မည် သောကောင်းမှုကံကို ပြုသနည်းဟုဆင်ခြင်လတ်သော်။မြတ် စွာဘုရား၏ အသံတော်၌။အာရုံကိုယူသည်မှ။တပါးသောတ စုံတရသောအကြောင်းကိုမမြင်။ ထိုဘားနတ်သားသည် ထို ခဏာ၌ပင်လျှင်။ ဗိမာန်နှင့်တကွလာခဲ့၍။ မြတ်စွာဘုရား ရှင်၏ ခြေတော်ကို ရိုသေစွာဦးဖြင့်ရှိခိုး၏။ မြတ်စွာဘုရားရှင်သည် သိတော်မူလျက်။မေးတော်မူလို၍။ ။ကောင်မေဝန္ဒတိပါဒါနိ၊ ဣဒ္ဓိယာယသသာဇလံ။အာဘိက္ကန္တေနဝဏ္ဏေန၊ သဗ္ဗာသြဘာ သယံဒိသာ။ ။ဟူ၍မိန့်တော်မူ၏။ ။အနက်ကား။ ။ဣဒ္ဓိ ယာ၊တန်းခိုးအားဖြင့်ရင်း။ ယသသာ၊ အခြံအရံအားဖြင့်ရင်း။ ဇလံဇလနေ့၊တောက်ပစေလျက်။အာဘိက္ကန္တေန၊ အလွန်နှစ် သက်ဘွယ်သော။ ဝဏ္ဏေန၊ အဆင်းဖြင့်၊ သဗ္ဗာဒိသာ၊ ခပ် သိမ်းသော အရပ်မျက်နှာတို့ကို။ သြဘာ သယံ၊ သြဘာသ ယနေ့၊ ထွန်းလင်းတောက်ပစေလျက်။မေမမ၊ငါ၏။ပါဒါနိ၊

ခြေတော်တို့ကို။ဝန္ဒတိ၊ရှိခိုးသောသူသည်။ကော၊အဘယ်သူ
နည်း။ဣတိ၊ဤသို့။ပုဏ္ဏ၊မေးတော်မူ၏။ ။အဓိပ္ပါယ်ကား။ ။
တန်းခိုးအားဖြင့် ၎င်း။ အခြံအရံအားဖြင့်၎င်း။ တောက်ပ စေ
လျက်။ အလွန် နှစ်သက် ဘွယ်သော အဆင်းဖြင့် ခပ်သိမ်း
သော အရပ်မျက်နှာတို့ကို တောက်ပစေလျက်။ ငါဘုရားရှင်
၏ခြေတော်တို့ကိုရှိခိုးသောသူသည် အဘယ်သူနည်းဟုမေး
တော်မူ၏။ ထိုအခါ၊ဘားနှတ်သားသည်ဗိမိ၏ အဖြစ်ကိုထင်
ရှားစွာလျှောက်ထားလို၍။ ။မဏ္ဍူကောဟံပုရေအသိ၊ဥဒ
ကေဝါရိဂေါစရော။တဝမ္မံသုဏာန္တသ၊အဝဓိဝဏ္ဏပါလကော
တိ။ ။ဟူသောဂါထာဖြင့်လျှောက်၏။ ။အနုက်ကား။ ။
ဘန္တေ၊ရှေဘုန်းတော်ရှင်။ အဟံ၊ အကျွန်ုပ်သည်။ ပုရေ၊ရှေး
ဘဝက။ဥဒကေ၊ရေ၌။ ဝါရိဂေါစရော၊ရေ၌ကျက်စားသော။
မဏ္ဍူကော၊ ဘားသည်။ အသိ၊ဖြစ်ပြီ။တဝ၊ အရှင် ဘုရား၏။
ဝမ္မံ၊ တရား တော်မြတ်ကို။ သုဏာန္တသ။ နာစဉ်။ ဝဏ္ဏပါလ
ကော၊နွားကျောင်းသားသည်။အဝဓိ၊ သတ်၏။ဣတိ၊ဤသို့။အ
ဝေါစ၊နှားတော်လျှောက်၏။ ။အဓိပ္ပါယ်ကား။ ။အကျွန်ုပ်
သည် ရှေးဘဝ၌။ ရေ၌ကျက်စားသော ဘားဖြစ်ပါသည် ဘု
ရား။အရှင်ဘုရားတရားတော်မြတ်ကိုနာစဉ်။နွားကျောင်းသား
သတ်၍ စုတေ့ပါသည်ဘုရားဟု နှားတော်လျှောက်၏။ မြတ်
စွာ ဘုရားရှင်သည် ဘား နှတ်သားအား။ တရားဒေသနာကို
ဟောတော်မူ၏။ ဒေသနာတော်၏အဆုံး၌။ ရှစ်သောင်းလေး
ထောင်သောအမျိုးသားတို့အား။အကျွတ်တရားကိုရ၏။ဘား
နှတ်သားလည်း ဗိမိနေရော။ တာဝတိန်သာသို့ ပြန်လေ၏။ ထို
ကြောင့် ယခုအခါ။ ဗုဒ္ဓုပ္ပါဒ၊နဝမခဏာ၌။ ကြိုကြရသောသူ
တော်ကောင်းတို့သည် တိရစ္ဆာန် ဖြစ်သော ဘားသည် တ
ရားတော်၏နိဿရဏာတ္ထ၊ဝိရာဂအစရှိသောဂုဏ်ကိုစိုးစဉ်းမျှ
မသိ။ ဥာဏ်ကင်းဘိသော အဟိတ်အမှန်၊တိရစ္ဆာန်သည် အ
သံတော်ကိုအာရုံပြုသောကြောင့်။ သုဂတိအမှန်။ နှတ်ရှာ၌စံ

ရဏ္ဍ။ထိုနတ်သားကိုထောက်သဖြင့် ငါတို့သူငါ။ လူပါပေတ ကားဟုကြိုးစား၍။ဒါနသီလဘာဝနာတရားတို့ကို အားထုတ် ခွင့်ရကြသည်အားလျှော်စွာ။အားထုတ်ကြခြင်း။ ရတနာသုံး ပါးတို့အား။ နေ့ညဉ့်မပြတ်။ ကုသလ စေတနာ။ သဒ္ဓါဇောမ လပ်။ ဆည်းကပ်သောသူတို့သည် ဘားနတ်သားမျှမက။မိမိ ဏ၀ါလိုရာ။ သုံးပြာသော ချမ်းသာတို့တွင်။ လိုရာဌာနသို့။ တဝ တည်းရောက်ကုန်ရာသည်။

အဆင့်စကားကြားပေအုံ့။ ။နေမိမင်းကြီး၊ နတ်ပြည်သို့ ကက်လတ်သော်။တဆဲ့နှစ်ယူဇနာ။ ပတ္တမြားဖြင့်ပြီးသောငါး ခုသော စုလစ်မွန်ချွန် အမှန်းထုဗိကာတို့ဖြင့် တန်းဆာ ဆင် အပ်သည်ဖြစ်၍။ငါးခုသောခန်းတိုက်ရှိသော။ ဥယျာဉ်ဗိမာန် ပဒေသာပင်တို့ဖြင့်ခြံရံအပ်သော။ ဗိရဏီနတ်သို့ပြီးဏ၀ါကောင်း ကင်၌တည်သော ဗိမာန်ကိုမြင်၍။ ထိုနတ်သို့ပြီးသည်ပြာသာဒ် ပေါင်း ခြံရံလျက်။ ပတ္တမြားလေသာ ပြူတင်းကို ဘွင့်လျက်။ ကြည့်သည်ကိုမြင်၍။ အဘယ်သူနည်းဟုမာတလိကဲ့ မေးဏ၀။ မာတလိလည်း အကြောင်းကြားလို၍။ ။ပဠုရုပံ ဒိဿတိ ဒဝိမာနံ၊မာလာပိလန္ဓနံ သယနသမဏ္ဍေ။ တတ္ထဋ္ဌာသိ နာရိမ ဟာနုဘာ၀ါ၊ ဥစ္ဆာ၀စံဇုဒ္ဓိဝိကုဗ္ဗနာ။ ။ဟူ၍ဟောတော် မူ၏။ ။အနက်ကား။ ။ဇုဓ၊ ဤတာ၀တိန်သာနတ်ပြည်၌။ ဗိရဏီတိ၊ ဗိရဏီဟူ၍။ဝိသုတာ၊ ထင်ရှား၏။ ပဠုရုပံ၊စုလစ် မွန်ချွန်း။အမှန်းထုဗိကာ တပ်သောခန်းတိုက်ငါးခုရှိသော။မာ လာပိလန္ဓနံ၊ ပန်းအစရှိသော။ ဘယက်တန်းဆာတို့ဖြင့် တန်း ဆာဆင်ထသော။ ဒဝိမာနံ။ ထိုဗိမာန်ဖြစ်သော်။ သယနသ။ အိပ်ရာ တိုက်ခန်း၏။ မဏ္ဍေ၊ အလယ်၌။ ဒိဿတိ၊ ရှုအပ်၏၊ တတ္ထ၊ထိုတိုက်ခန်း၌။ မဟာနုဘာ၀ါ၊ ကြီးသောအာနုဘော် ရှိသော။နာရိ၊နတ်သို့ပြီးသည်။အဿသိ၊နေ၏။ဥစ္ဆာ၀စံ၊အထူးထူး အပြားပြားမျှားသော။ ဇုဒ္ဓိဝိကုဗ္ဗနာ၊ နတ်၏တန်းခိုးကိုကြည့် လျက်။ ဒိဿာ၊ မြင်၍။ ပုဿိ၊မေးဏ၀။ ။အဓိပ္ပါယ်ကား။ ။

မင်းမြတ်၊ ကသဿပမြတ်စွာဘုရားရှင်၏လက်ထက်တော်၌။တ
ယောက်သောပုဏ္ဏားဖ၏အိမ်၌။ အိမ်ကျွန်မမှ မွေးဘွားသော။
အသိုးဖြစ်သောကျွန်မသည် အကျိုးအကြောင်းတို့၌ လိမ္မာ၏။
မျှားသောအကြားအမြင်ရှိ၏။ ထိုအခါ၊ ပုဏ္ဏားသည် ရှစ်ပါး
သောသလာကာဘတ်ကိုလှူဒါန်းခြင်းဌာ။ အလိုရှိသည် ဖြစ်၍။
ရဟန်းသင်္ဃာအား။ လှူဒါန်းလေကုန်၏။ ထိုပုဏ္ဏားသည်အိမ်
သို့သွား၍။ နက်ဖြန်မှစ၍။ တပါး တပါးသော ရဟန်းသင်္ဃာ
အား။တကျပ်စီကိုပြု၍။ ရှင်မ၊ရှစ်ပါးသောစာရေးတံဘတ်ကို
စီရင်ပါဟုပုဏ္ဏားမကိုဆို၏။ ပုဏ္ဏားမသည် အိမ်ရှင်ပုဏ္ဏား၊
လုပ်ကျွေးခြင်းဌာမတတ်နိုင်ပါဟု ဆို၍ပယ်လေ၏။ သို့မဟုတ
ဘန်စေခိုင်းပြန်၏။ သို့မဟုတ်ထိုနည်းတူစွာပယ်လေ၏၊ ထိုအ
ခါ၊ကျွန်မကိုခေါ်၍။ချစ်သို့၊သင်သည်တတ်နိုင်ကောင်းအုံ့လေ
ဟုမေးလေ၏။ကျွန်မလည်းတတ်နိုင်သေါအဖြစ်ကိုပုဏ္ဏားအား။
ပြောကြားလေ၏။ ပုဏ္ဏားလည်း ကျွန်မအား။ အပ်နှင်းလေ၏။
ကျွန်မလည်းဝမ်းမြောက်ဝမ်းသာ။ သဒ္ဓါတရားနှင့်တကွ။ရိုသေ
စွာယာဂုခဲဘွယ် အစရှိသည်တို့ကိုစီမံ၍။ သလာကာဘတ်ကို
ရသဖြင့် လျှောက်ပတ်သော အခါကို သိ၍။ နွားချေးတို့ဖြင့်
လိမ်းကျံအပ်သော။ ခင်းထားအပ်မြတ်သော နေရာ၌။ ရဟန်း
တို့ကို နေစေပြီးမှ။ တန်ခူးအားဖြင့် အရပ်တပါးမှ လာသော
သားကို အမိသည်တကြိမ်မျှ ဝမ်းမြောက်ခြင်းသို့ ရောက်သ
ကဲ့သို့။ထိုနည်းတူစွာ။ကျွန်မသည်ရဟန်းတို့အား။ဝမ်းမြောက်
ဝမ်းသာ။ အခါခပ်သိမ်း။ ရိုသေစွာလုပ်ကျွေး၍။မိမိ၏ဘဏ္ဍာ
ကိုလည်းထည့်သွင်း၍လှူဒါန်း၏။ ထိုကျွန်မသည် ပေးကမ်းလှူ
ဒါန်းခြင်းဂုဏ်နှင့်ပြည့်စုံ၏။ သီလသမာဓိဌာလည်းတည်ကြည်
၏။ ထိုကောင်းမှု၏အကျိုးစက်ကြောင့်။ ကြီးမြတ်သောစည်း
စိမ်ကိုရ၏ဟုပြောကြား၏။ ထိုဗိရဏီနတ်သို့သည် ပဏ္ဍာမြား
ဗိမာန်၊ဥပသျှာဥ်ပဒေသာဝင်တို့ခြံရံလျက်။တဝေထောင်သောနတ်
သို့တို့နှင့်တကွစံစားရခြင်းသည် ပရပေသက။ သူတပါးတို့။

စေပါးသောဝတ္ထုကိုလျှောဒါနိုးရသောအကျိုးစက်ကြောင့်သာ။ ဤမျှသော စည်းဗိမ်ကို ရရှာ၏။ ငါတို့သူငါ။ မျှားစွာသော သူ တို့မှာ။သဒ္ဓါတရားနှင့်တကွ။ပြုဆွ စေတနာ၊ပေးလှူပါက။ ဗိရဏိနတ်သို့ဝင်ထက်။ဆထက်ထောင်ရာ။ကဲလွန်စွာ၏ဟုနှလုံး ပြု၍။ ဝမ်းမြောက်ဝမ်းသာ။ ပေးကမ်းခြင်း စသော ကုသလ တရားကို အားထုတ် ကုန်ရာသည်။ ။ကုသိုလ်၏ အမြှင့် တည်း။ ။ကုသလကမ္မကထာနိဋ္ဌိတာ။

သိလနဏေနသိလံ။ ။သိလနဏေန၊ ကာယကံ၊ဝစီကံ မနောကံတို့ကို ကောင်းစွာ ဘဲ့ချိတတ်သောကြောင့်။ သိလံ သိလမည်၏။ ။သိလသည် ကာယကံ၊ဝစီကံ၊ မနောကံတို့ ကိုကောင်းစွာထားသည်၏အဖြစ်။ကောင်းသောသိလ၌တည် သည်ဖြစ်၍။တပါးသောအာရုံသို့။ ပြေးသွားခြင်းမရှိ။ကောင်း စွာဘဲ့ချိတတ်သည်၏အဖြစ်ကြောင့်။ သိလမည်၏။ ထိုသိလ သည်လက္ခဏာ၊ရသ၊ပစ္စုပဋ္ဌာန်၊ပဒဋ္ဌာန်အားဖြင့်လေးပါးရှိ၏။ ထိုလေးပါးတို့တွင် သိလမရှိသည်၏ အဖြစ်။ အပြစ်မရှိသော ဂုဏ်၌ တည်သောအဖြစ်သည် သိလ၏လက္ခဏာမည်၏။ အ ပြစ်မရှိသည်၏အဖြစ်သည်ရသမည်၏။စိုးရိမ်ကြောင့်ကြ။ဗျာ ပါရေနည်းသောအဖြစ်သည်ပစ္စုပဋ္ဌာန်မည်၏။ ရှက်ကြောက် ခြင်းမှနည်းသောအဖြစ်သည်ပဒဋ္ဌာန်မည်၏။ သိလဆောက် တည်သောသူတို့အား။ မိမိဆောက်တည်အပ်သော သိလ၌။ လက္ခဏာစသောလေးပါးသောအနက်တို့ကိုအချက်ကျသိ၍။ သိလကိုမကျိုးစေရ။ စောင့်ရှောက်ကြမူ။လိုရာဌာန။မြတ်သုခ သို့။မဆွမှန်စွာ။ရောက်ကုန်ရာ၏။ ထိုကြောင့်။ ။ဥပါသက ဥပါသိကာနံ နိစ္စသီလာဒိဝသေန ပဉ္စသိက္ခာပဒါနိ။ သတိဝါ ဥဿာဟေဒသ။ ဥပေါသထင်ဝသေန အဋ္ဌာတိ။ ဣဒံဂဟဋ္ဌ သိလံ။ ။ဟူ၍ဟောတော်မူ၏။ ။အနက်ကား။ ။ဥပါသက ဥပါသိကာနံ၊ ဥပါသကာ၊ ဥပါသိကာမတို့အား။ နိစ္စသီလာဒိ

ဝသေနှ၊အမြဲဆောက်တည်အပ်သောသိလ၏အစွမ်းဖြင့်။ပဠု
သိက္ခာပဒါနိ၊ ငါးပါးသောသိက္ခာပုဒ်တို့ရင်း။ ဥဿာဟော၊ရွှေ
ငွေကိုစွန့်ခြင်းဌာစွမ်းနိုင်သည်။သတိ၊ရှိလတ်သော်။ဒသ၊ဆယ်
ပါးသော သိက္ခာပုဒ်တို့ကိုရင်း။ ဥပေါသထဂ်ဝသေနှ၊ ဥပေါ
သထ၊အဂ်ါရှိသောသိလ၏အစွမ်းဖြင့်။ အဠ၊ရှစ်ပါးသောသိ
လတို့ကိုရင်း။ ဣတိဣဒံ၊ ဤသုံးပါးသည်။ ဂဟဋ္ဌသိလံ၊ လူတို့
စောင့်အပ်သောသိလမည်၏။ ။ဤငါးပါးသိလ။ ရှစ်ပါးသို
လ။ဆယ်ပါးသိလကိုသာ။ ဥပါသကာ၊ ဥပါသိကာမတို့။စောင့်
ထိန်းကြ၍။သုဂတိသို့ရကြသောအစဉ်ကိုဆိုအံ့။

လွန်လေပြီးသောအခါ၊ဗြဟ္မဒတ်မင်းသည်မင်းပြုသတတ်။
ထိုအခါ၊ကာသိကတိုင်း၌။ ဓမ္မပါလအမည်ရှိသောရှာသည်ရှိ
၏။ထိုရှာ၌၊ ဓမ္မပါလမျိုးဟုထင်ရှားသောပုဏ္ဏားသည်ရှိ၏။ထို
ပုဏ္ဏားအိမ်၌။ အယုတ်အားဖြင့်ကျွန်အမှုလုပ်မှုစ၍။ ငါးပါးသို
လစောင့်ခြင်း အစရှိသော။ ရှစ်ပါးသိလကိုလည်း ဆောက်
တည်ကုန်၏။ ထိုအခါ၊ဓမ္မပါလအမျိုး၌။ ဘွားမြင်သောသား
ကိုဓမ္မပါလဟူသောအမည်မှည့်၏။ ထိုသတို့သားကိုအတတ်
ပညာသင်စိမ့်သောဌာ။ အဘဖြစ်သောပုဏ္ဏားသည်အသပြာ
တထောင်ကို ပေး၍။ တက္ကသိုလ်ပြည်သို့ စေလေ၏။ ဘုရား
လောင်း သည် တက္ကသိုလ်ပြည်သို့ သွား၍။ ဒိသာပါမောက္ခ
ဆရာထံ၌ အတတ်ကို သင်၏။ ဓမ္မပါလ လုလင်သည် ငါးရာ
သေါသူတို့၏အကြီးဖြစ်လေ၏။ထိုအခါ၊ဒိသာပါမောက္ခဆရာ
၏သားကြီးသည်သေလေ၏။ဆရာကြီးသည်တပည့်အပေါင်း
ဆွေမျိုးအပေါင်းခြံရံ၍ကြွေးမြည်တမ်းလျက်။သုသာန်သို့သွား
၍။သဂြိုဟ်ခြင်းကိစ္စကိုပြု၏။သုသာန်၌၊ဆရာတပည့်အပေါင်း
တို့သည်သောင်းသောင်းညိုးမျှ။ငိုကြွေးကြ၏။ ထိုလူအပေါင်း
တို့တွင်။ ဘုရားလောင်းဖြစ်သောဓမ္မပါလမျှသာ ကျန်လေ၏။
ထိုအခါ၊သုသာန်မှပြန်ကြသောအခါ၊သခ်ါရတရားကိုမလွန်
နိုင်ကြ။ငယ်သောသူသည်ရင်း။အလတ်ဖြစ်သောသူသည်ရင်း။

ကြီးသောသူသည်ရင်း။ သေကြသည်သာတည်းဟု ပြောဆို
ကြ၏။ ထိုအခါ၊ဓမ္မပါလလုလင်သည်ငါတို့အမျိုးခ်ီ။ငယ်သော
သူကား သေရိုးမရှိ။ ကြီးမှသေသည်ဟုဆို၏။ ထိုအကြောင်း
အရာကိုဆရာကြီးမှား။ ပြောကြားကြကုန်၏။ဆရာကြီးသည်
ဓမ္မပါလလုလင်ကိုခေါ် ပြီးလျှင်မေးလေ၏။ ထိုအခါ၊ ဓမ္မပါလ
လုလင်စကားကိုကြား၍။ ထိုဓမ္မပါလ လုလင်သည် အုံ့ဘွယ်
သရဲရှိသောစကားကိုဆို၏။ ထိုစကားသည်အကယ်မှန်သည်
ဖြစ်အုံ့။ငါသည်ထိုအသက်ရှည်ကြောင်း။ကောင်းသောတရား
ကိုဖြစ်အုံ့ဟု ကြံ၏။ ဒိသာပါမောက္ခ ဆရာသည် သားသေ၏
ကိစ္စပြုလတ်၍။ ခုနစ်ရက်မြောက်သောအခါ၊ ဓမ္မပါလလုလင်
ကိုခေါ်ပြီးလျှင်။ ငါသည်ငယ်သောသူတို့ မသေသောအဖြစ်
ကိုစုံစမ်းချေအုံ့။ ငါလာသည်တိုင်အောင်။ ဤသူတို့ကို ပညာ
သင်ပါဆို၍။ တခုသောဆိတ်ရိုးကိုယူ၍။ ရေမိုးဆေးပြီးလျှင်
အိတ်ခ်ိုထည့်၍။ အလုပ်အကျွေးတယောက်ကိုသာခေါ်လေ၍။
တက္ကသိုလ်ပြည်မှသည်ကာသိကနိုဂုံး၊ဓမ္မပါလရွာသို့မေးမြန်း
၍သွားလတ်သော်။ ဓမ္မပါလလုလင်၏တံခါးခ်ိုရပ်လေ၏။ထိုအ
ခါ၊ဓမ္မပါလပုဏ္ဏားကြီး၏ကျွန်အမှုလုပ်တို့တွင်။အကြီးဆုံးဖြစ်
သောသူသည်ဆရာ၏လက်မှ။ ထီးဘိနပ်ကိုယူ၏။ငယ်သော
သူတို့သည်အလုပ်အကျွေးအထံမှ။အိတ်ကိုယူကြ၏။ထိုအခါ၊
ဓမ္မပါလ၏ဆရာလာကြောင်းကို မဟာဓမ္မပါလ ပုဏ္ဏားအား။
ပြောကြားပါဟု ဆို၏။ ကျွန်အမှုလုပ်တို့သည် မဟာဓမ္မပါလ
ပုဏ္ဏားကြီးအား။ ပြောကြားလေလျှင်။ မဟာဓမ္မပါလ ပုဏ္ဏား
သည်လျှင်မြန်စွာလာပြီးလျှင်။ဤအရပ်သို့လာတော်မူလေဟု
အိမ်သို့ဆောင်ပြီးလျှင်။ ပလ္လင်ခ်ိုနေစေ၍။ ခြေဆေးခြင်းစသော
အလုံးစုံသောကိစ္စကိုပြီးစေ၍။ ဒိသာပါမောက္ခဆရာအား။ထ
မင်းစားပြီးသော်။ ချမ်းသာစွာနေ၍။ စကားပြောကြသောအ
ခါခ်ိုမှ။ တက္ကသိုလ်ဆရာသည် မဟာဓမ္မပါလပုဏ္ဏားကြီးကို၍
သို့ပြောဆို၏။ သင်တို့သားဖြစ်သောဓမ္မပါလသည်ဗေဒင်သုံး

ပုံကိုလည်းတတ်၏။ တဆဲ့ရှစ်ရပ်သော အတတ်တို့ကိုလည်း ကမ်းတဘက်ကူး၏။ သို့သော်လည်းတပါးသောဝေဒနာကပ် သည်ဖြစ်၍။ သေခြင်းသို့ရောက်လေပြီ။ စိုးရိမ်ခြင်းဌာမသင့်ပြီ။ ကြီးကြီးငယ်ငယ်။ ရွယ်ရွယ်လတ်လတ်သောသူတို့သည်သေ တတ်သောသဘောသာတည်းဟုဆိုလေ၏။ ထိုအခါ၊ ဓမ္မပါလ ပုဏ္ဏားကြီးသည် လက်ချတ်လက်ပန်း တီးလျက်။ သည်းထန် စွာရယ်မောခြင်းကိုပြု၏။ အဘယ်ကြောင့်ရယ်ပါသနည်းဟု မေး၏။ ငါတို့သားဓမ္မပါလသည်မသေ။ တစုံတယောက်သော သူဖြစ်တန်၏ဟုဆို၏။ ထိုအခါ၊ အရိုးကိုထုတ်ပြီးလျှင်။ ဤအရိုး သည်ဓမ္မပါလ၏ အရိုးတည်းဟုဆိုပြန်၏။ ထိုအခါ၊ မဟာဓမ္မ ပါဏပုဏ္ဏားသည်ဤအရိုးကား။ ဆိတ်၊ ခွေးအစရှိသောသတ္တ ဝါတို့၏အရိုးသာတည်း။ ငါတို့၏အမျိုးသည် အဆက်ဆက် သေရိုးမရှိ။ သင်သည် မုသားပြောဘီ၏တကားဟုလက်ချတ် လက်ပန်းတီး၍။ အမျှားရယ်ကြကုန်၏။ ဒိသာပါမောက္ခဆရာ သည်ဝမ်းမြောက်ဝမ်းသာခြင်းသို့ ရောက်၍။ အချင်းပုဏ္ဏား၊ သင်တို့၏အမျိုးခို အဘယ်ကြောင့် ငယ်စဉ်မသေသနည်းဟု မေးလို၍။ ။ကိုံတေဝ တံကိုံ ပန ဗြဟ္မစရိယံ၊ ကိသသု စိဏ္ဏသသအယံဝိပါကော။ အက္ခာဟိမေ ဗြာဟ္မဏ ဇေတမတ္ထံ၊ ကသ္မာဟိတုမ္ဘံဒဟရာနမိယျရေ။ ။ဟူ၍ဆိုတော်မူ၏။ ။ အနက်ကား။ ။ဗြာဟ္မဏ၊ ဓမ္မပါလပုဏ္ဏား။ တေတယာ၊ သင် သည်။ ဝတံ၊ ဆောက်တည်အပ်သောအသက်ရှည်ကြောင်း။ ကောင်းမြတ်သောအကျင့်သည်။ ကိုံ၊ အဘယ်နည်း။ ကိုံ ပန ဗြဟ္မစရိယံ၊ အဘယ်မည်သောမြတ်သောအကျင့်ကို။ စရိတံ၊ ကျင့်အပ်သနည်း။ အယံဝိပါကော၊ ဤအသက်ရှည်ခြင်းအကျိုး သည်။ ကိသသုစိဏ္ဏသ၊ ကောင်းစွာကျင့်အပ်သောအဘယ် မည်သော အကျင့်၏။ ဝိပါကော၊ အကျိုး နည်း။ ဗြာဟ္မဏ၊ ပုဏ္ဏား။ ဇေတမတ္ထံ၊ ထိုအသက်ရှည်ကြောင်းဖြစ်သောအကျင့် ကို။ မေ၊ ငါ့အား။ အက္ခာဟိ၊ ကြားပါဦးလော။ ကသ္မာဟိ၊ အ

ဘယ့်ကြောင့်လျှင်။ တုမ့ံ၊သင်တို့၏။ ကုလေ၊အမျိုးခ္ခ။ဒဟာရ၊ ငယ်သောသူတို့သည်။ နမိယျရေ၊မသေကုန်သနည်း။ ။အ ဓိပ္ပါယ်ကား။ ။အဆွေ ပုဏ္ဏား၊ သင်သည် အသက်ရှည် ကြောင်း။ ကောင်းမြတ်သောအကျင့်သည်အဘယ်နည်း။ အ ဘယ် မည်သော အကျင့်ကို ကျင့်သနည်း။ ဤအသက်ရှည် ကြောင်း။ ကောင်းမြတ်သော အကျိုးသည် ကောင်းစွာကျင့် အပ်သောအဘယ်မည်သောအကျင့်၏အကျိုးနည်း။ ပုဏ္ဏား၊ အသက်ရှည်ကြောင်း။ ကောင်းမြတ်သော အကျင့်ကို ကျွန်ုပ် အားကြားဘိလော့။ အဘယ်ကြောင့်လျှင်။ သင်တို့၏အမျိုးခ္ခ။ ငယ်သောသူတို့၊မသေကုန်သနည်းဟုမေးလေ၏။ ။ထိုအ ခါခ္ခ၊ ဝမ္မပါလ ပုဏ္ဏားကြီးသည် အကျင့်ဂုဏ်ဖြင့်ထိုအမျိုးခ္ခ။ ငယ်သောသူတို့မသေကုန်။ ထိုဂုဏ်တို့ကိုပြအံ့သောဌာ။ ။ မယဉ္ဇ ဘရိယံ နာတိက္ကမာမ၊ အမ့ံစ ဘရိယာနာတိက္ကမာမ။ အညြတာ ဟိဗြဟ္မစရိယံစရာမ၊ တသ္မာဟိ အမ့ံဒဟာရန မိယျရေ။ ။ပါဏာတိ ပါတာဝိရမာမသဗ္ဗေ၊ လောကေအ ဒိန္နာဒါနံပရိဝဇ္ဇယာမ။ အမဇ္ဇပါနာ နမုသာဝါဒဏာမ၊ တသ္မာ အမ့ံဒဟာရနမိယျရေ။ ။ဟူသောဂါထာတို့ကိုမိန့်ဆိုတော် မူ၏။ ။အနက်ကား။ ။အာစရိယ၊ ဆရာ။ မယဉ္ဇ၊ငါတို့ သည်လည်း။ ဘရိယံ၊မယားကို၊ နာတိက္ကမာမ၊ လွန်၍တပါး သောမိန်းမသို့သွားလာခြင်းမရှိကုန်။အမ့ံ၊ငါတို့၏။ဘရိယာစ၊ မယားတို့သည်လည်း။နာတိက္ကမာမ၊ လွန်ကျူး၍တပါးသော ယောကျ်ားသို့သွားလာခြင်းမရှိကုန်။ တာဟိ၊ထိုသူ့လင်သူ့မ ယားတို့မှ။အညြတာ၊ကြဉ်ရှောင်ကုန်၍။ဗြဟ္မစရိယံ၊မြတ်သော အကျင့်ကို။ စရာမ၊ကျင့်ကြကုန်၏။ တသ္မာဟိ၊ ထိုကာမေသု မိစ္ဆာစာရမှ၊ကြဉ်ရှောင်သည်၏အဖြစ်ကြောင့်သာလျှင်။အမ့ံ၊ ငါတို့၏။ ကုလေ၊ အမျိုးခ္ခ။ ဒဟာရ။ ငယ်သောသူတို့သည်။ နမိယျရေ၊မသေကြကုန်။ ။အာစရိယ၊ဆရာ။မယံ၊ငါတို့သည်။ ပါဏာတိပါတာ။ သူ့အသက်ကိုသတ်ခြင်းမှ။ ဝိရမာမ၊ကြဉ်

ပါကုန်၏။ သဗ္ဗေ၊အလုံးစုံသောငါတို့သည်။လောကေ၊လော
ကတွင်။ အဒိန္နာဒါနံ၊အရှင်သည်ကိုယ်နှုတ်ဖြင့်မပေးသောသူတ
ပါးဥစ္စာကို။ ပရိဝဇ္ဇယာမ၊ ရှောင်ကြဉ်ပါကုန်၏။ အမဇ္ဇပါနာ
သေရည်သေရက်ကိုမသောက်ကြပါကုန်။ မုသာ၊ချွတ်ယွင်း
သောစကားကို။နဘဏာမ၊မဆိုပါကုန်။ တဿ၊ဟိ၊ထိုငါးပါး
သိလ။မြဲသောကြောင့်သာလျှင်။ အမှ၊ငါတို့၏။ ကုလေ၊အမျိုး
၌။ဒဟရာ၊ ငယ်သောသူတို့သည်။ နမ်ယျရေ၊မသေကုန်။ ။
အဓိပ္ပါယ်ကား။ ။ဆရာ၊ငါသည်လည်း မယားကိုလွန်ကျူး
၍။တပါးသောမိန်းမတို့၌။ သွားလာခြင်းမရှိ။ မယားတို့သည်
လည်း ယောကျ်ားတပါးတို့၌။ သွားလာလွန်ကျူးခြင်းမရှိကြ
ကုန်။ထိုသူ့လင်သူ့မယားတို့မှ။ကြဉ်ရှောင်ကြကုန်၍။ကျင့်ကြ
ပါကုန်၏။ ထိုကာမေသု မိစ္ဆာ စာရကံကို ကြဉ်ရှောင်သော
ကြောင့်သာလျှင်။ ငါတို့၏အမျိုးမှ။ ငယ်ရွယ်စဉ် မသေကြ
ကုန်။ ဆရာ၊ငါတို့သည် သူ့အသက်ကို သတ်ခြင်းမှ။ ရှောင်
ကြဉ် ကြကုန်၏။ ခပ်သိမ်း သော သူတို့သည် လောကတွင်၊ သေ
ရည် သေရက် သောက်ခြင်း၊မုသားပြောဆိုခြင်းတို့မှ၊ရှောင်
ကြဉ်ပါကုန်၏။ ထိုပဋ္ဌသိ၊ မြဲသောကြောင့်သာလျှင် ငါတို့၏
အမျိုးမှ၊ ငယ်ရွယ်ကပင် မသေကြကုန်ဟု ပြောဆိုလိုသော်။
တက္ကသိုလ်ဆရာ အကြင်သူသည် တရားကိုယုံကြည်ဖြတ်နိုး
နှစ်သက်သည်ဖြစ်၍။မပေါက်ကြား၊လုံခြုံစွါစောင့်ရှောက်၏။
ထိုတရားစောင့်သောသူကို တရားတော်စောင့်ရှောက်သည်
၏အဖြစ်ကြောင့်။ ငါတို့၏သားဓမ္မပါလသည် မသေပေရာဟူ
၏။ထိုစကားကိုကြား၍။ဒိသာပါမောက္ခဆရာသည် ငါ၏လော
ခြင်းသည် မျှားသော အကျိုးရှိ၏ဟု ဝမ်းမြောက် ဝမ်းသာရှိ
သည်ဖြစ်၍။ ဓမ္မပါလသတို့သား၏ အဘဖြစ်သော ပုဏ္ဏားကို
ကန်တော့၍။ ငါ၏လောခြင်းသည်သင်တို့အား။ စုံစမ်းခဲ့သော
ဌါသာလျှင်။ ဆိတ်ရိုးတို့ကို ဆောင်ခဲ့၏။ သင်၏သားဓမ္မပါလ
သည်အနာဂင်းသည်သာဘည်း။သင်တို့စောင့်သုံးအပ်သော

တရားကို ငါ့အားပေးပါဟု တောင်းဏ။ အလုံးစုံသောတရား ကိုပေးသဖြင့် နှစ်ရက် သုံးရက်နေ၍။တက္ကသိုလ်ပြည်သို့ ပြန်လေဏ။ ဤသို့ငါးပါးသီလပြည့်စုံသောသူတို့သည်စင်စစ်အား ဖြင့်အသက်ရှည်ခြင်းစသောသုခကိုသိကြရဏ။ ငါးပါးသီလ၊ ရှစ်ပါးသီလ။ ဆယ်ပါးသီလတို့သည်လက်သစ်သီလမဟုတ်။ လက်ဟောင်းကြီးအစစ် ဖြစ်သောကြောင့်။ အကျိုးမဟာပွလ ဖြစ်သည်ဟုရှုကြည့်၍ပညာဝရဖိန့်ဖြင့်နှိုင်းချိန်ရမည်၊ ငါး ပါး သီလသည်သုဂတိဘဝ။ချမ်းသာကိုရဏ။ ထိုကြောင့်။ ။အ ထဿာပဠဿိလောနိဒတ္တာ အပ္ပမတ္တာရက္ခာ ဟိတိ ဝတ္တာပက္ကဒိ။ ။ဟူ၍ဟောတော်မူဏ။ ။အနက်ကား။ ။အထ၊ထိုတောင် လျှင်ချောက်ကြား၊ငါးကောက်စားသောအခါ၌။ အသာ၊ ထို ဗျိုင်းမအား။ပဠဿိလောနိ၊ ငါးပါးသောသီလတို့ကို။ဒတ္တာ၊ပေး၍။အပ္ပမတ္တာ၊မမေ့မလျော့။ရက္ခာဟိ၊စောင့်ရစ်ပါ။ဣတိ၊ဤသို့။ ဝတ္တာ၊မှာခဲ့၍။ပက္ကမိ၊တာဝတိန်သို့ပြန်လေဏ။ ။ထိုသုဇာတာ အလောင်းဗျိုင်းမသည် ငါးပါးသီလကို ဆောက်တည်သော အကျိုးစက်ကြောင့်။ တာဝတိန်သာ၌။ သိကြားမြောက်သား ဖြစ်ရဏ။ ။ပစ္ဆုပ္ပန်ဘဝမှာလည်း ကောင်းမြတ်သော ချမ်း သာတို့ကိုရဏ။ထိုကြောင့်။ ။တေဇိဝိတဝုတ္တိယာဝနံပဠဿိ လောနိအခဏ္ဍာနိကတ္တာရက္ခာဟိ။ ။ဟူ၍ဟောတော်မူဏ။ ။ အနက်ကား။ ။တေ၊ရှင်မအား။ဇိဝိတဝုတ္တိယာ၊ချမ်းသာစွာ အသက်မွေးခြင်းငှါ။ ဝနံ၊ရွှေဖြင့်ပြီးသောသန္ဓားသီးတည်း။ပဠ ဿိလောနိ၊ငါးပါးသောသီလတို့ကို။ အခဏ္ဍာနိ၊မကျိုးမပေါက် သည်ဘို့ကို။ကတ္တာ၊ပြု၍။ ရက္ခာဟိ၊စောင့်ရှောက်ပါ။ဣတိ၊ဤ သို့။ဝတ္တာ၊ဆို၍။ ပက္ကမိ၊ဘဲလေဏ။ ။အဝိပ္ပါယ်ကား။ ။အ လွန် ခေါင်းပါးခြင်းသို့ ရောက်သော၊ အိုးထိန်းသည်ဏ၏ သို့ သည် ငါးပါးသီလကို မကျိုး မပေါက်။ ကောင်းစွာ စောင့် ရှောက်သည်ဏ၏အဖြစ်ကြောင့်။ ပစ္ဆုပ္ပန်ဘဝ၌၊ရွှေဖြင့်ပြီးသော သန္ဓားသီးကိုရ၍။ ကိုယ်စိတ်နှစ်ဖြာ။ချမ်းသာသုခ။အမှန်ရ၍။

ဒါနသီလတို့ကို လွန်စွာအားထုတ်သဖြင့် ထိုသီလစသည်တို့၏အကျိုးကြောင့်။ တာဝတိန်သာ ဘုံ၌။ သိကြားမင်းမြောက်သားသုဇာတာနတ်မိဘုရား ဖြစ်ကြောင်း။ ထုံးဟောင်း သက်သေကို ထောက်၍။ ယခုအခါ၊ ဒါယကာ၊ ဒါယိကာမတို့သည် တတ်အားသမျှ။ လုံ့လပြု၍။ ငါးပါးသီလကိုလုံခြုံစွာ။ ကိုယ်တွင်းခ္ဍထားကုန်ရာသည်။

ဝတ္ထုတရ ထုတ်ပေအံ့။ ။ကဿပဖြတ်စွာဘုရား၏ စာသနာတော်၌။ဗာရာဏသီပြည်ဝယ်။ အရှယ်သင့်တင့်။ တူလင့်သောစေတနာ။ သဒ္ဓါတက်ပွါး။ တရားဆည်းကပ်သော ဒါယိကာမတို့သည်။ ထိုသူတို့တွင်။ တဦးသော ဒါယိကာမသည်ဤသို့ကြံ၏။ ငါတို့မှကား။ ညီညွတ်သောသမာဓိနှင့်ကြ၏။ ငါတို့မှကား။ လူ့အဖြစ်ကိုရကြသည်အားလျှော်စွာ။ အမှန်သီလကို ဆောက်တည်တော့အံ့ဟု အညီအညွတ် စည်းဝေးညှိနှိုင်း၍။ ၅စ်ပါး သီလကို ဆောက်တည် ကြ၍။ ဒါနအစရှိသည်တို့ကိုအသက်ရှည်သရွေ့ကာလပတ်လုံး။ ဖြည့်ကျင့်ကြ၍။ သေသည်၏အဆုံး၌၊ တာဝတိန်သာနတ်ပြည်ဝယ်။ ဗလဖြင့်ခြံရုံအပ်သော။ ရွှေ့ချ။ကွန်ရက် တို့ဖြင့် တန်းဆာဆင်အပ်သည်ဖြစ်၍။ အမှန်း ထုဗိ.ကာ တပ်သော၊ အထောင် သောပြာသာဒ်တို့၌။ ကောင်းစွာဆန်းကြယ်သော ကခြင်း၊သီခြင်း၊ တီးမှုတ်ခြင်းတို့နှင့်ပြည့်စုံသည်ဖြစ်၍။ ကောင်းစွာဆန်းကြယ်သော နတ်သွေးအပေါင်းခြံရုံလျက်။ ကြီးစွာသော စည်းစိမ်ကို ခံစားကြရ၏။ထိုကြောင့်။ ။ယာကစိနာရိယောဇ္ဇဝလောကော၊ သိလဝန္တိယောဥပါသိကာယော။ဒါနေရတာနိစ္စံပသန္နစိတ္တာ၊ သစ္ဆေဒ္ဒိတာဥပေါသထေအပ္ပမတ္တာ။ ။သံယမာသံဝိဘာဂါ စ၊တာဝိမာနသွိ$^{\circ}$မောဒရေတိ။ ။ဟူ၍ဟောတော်မူ၏။ ။ အနက်ကား။ ။ဇ္ဇဝလောကော၊ဤလူ့.ဘုံ၌။ယာကာစိ၊အချို့ကုန်သော။ နှ.ာရိယော၊မိန်းမတို့သည်။သိလဝန္တိယော၊သိလရှိကုန်သော။ဥပါသိကာယော၊ ဥပါသိကာမတို့တည်း။ ဒါနေ၊ပေး

ကမ်းလွှားဒါနိုးခြင်းခို့။ရတာ၊ ရှင်ရှင်လနိုးလနိုး။ဝမ်းပနိုးသာစွာ။ မြွေလျှောက်ရာ၏။ နိစ္စံ၊အခါခပ်သိမ်း။ ပသန္နစိတ္တာ၊ ကြည်လင်သောစိတ်ရှိကုန်၏။ သစ္ဆေ၊မှန်သောစကားခို့။ဋ္ဌိတာ၊တည်ကြကုန်၏။ ဥပေါသထေ၊ဥပုသ်ဆောက်တည်ခြင်းခို့။အပ္ပမတ္တာ၊ မမေ့မလျော့အားထုတ်ကြကုန်၏။ ။သံယမာ၊ ကိုယ်၊နှုတ်၊ နှလုံး။သုံးပါးကိုစောင့်ကြကုန်၏။သံဝိဘာဂါစ၊ခွဲဝေပေးကမ်းလှူဒါနိုးလေ့လည်းရှိ၏။ တာ၊ထိုမိနိုးမတ္ရိသည်။ဝိမာနဿိ၊နှတ်ဗိမာန်ခို့။မောဒ၊ရေမောဒရတိ၊မြွေလျှောက်စွာစံပျော်ရ၏။ ။အဓိပ္ပါယ်ကား။ ။ရှစ်ပါးသိလ၏အာနိသင်ကိုထင်စွာပြက။ဆုံးဆမရောက်ရာ။ ။အရိယာအစစ်။ဖြစ်ပေသောအနာထပိဏ်၊ ဝိသာခါ အစ ရှိသော သူတို့သည် ကုသိုလ် လမ်းကြောင့်။ ကောင်းကောင်းကြီးသိတော်မူသောသူတို့ပါလျက်။ အချက်ကိုမသိထင့်။ လက်ဟောင်းဖြစ်သောရှစ်ပါးကိုသာ ဆောက်တည်ကြ၏။ ထိုနည်းတူစွာ။ ဘုရိဒတ်၊ စမ္မေယျ၊နဂါး၊ဂဠုန်၊ သိကြား၊ကောရပ္ပ၊ဇနက္ကာ၊နေမိ။မဟာသုဒဿနစသောဘုရားလောင်း တို့သည် ရှစ်ပါးကိုသာစောင့်ကြ၏။ ဇနက္ကဇာတ်ခို့ကား။ ။သုမ္ဘာသုဘာသုပ္ပတိ မရတ္တကမ္ဗု၊ပဂ္ဂယ္ဟသောဝဏ္ဏမယာယပါတိယာ။ ဘုဇ္ဇသုဘတ္တံဇူတိ မံဝဒေသိ၊ သဒ္ဓါစိတ္တာ တမဟံနောတိဗြ။ိ ။ဟူ၍ ဟောတော်မူ၏။ ။အနက်ကား။ ။သုမ္ဘာသုဘာ၊ ကြည်ညိုဘွယ်သော။ ဖြတ်သောအဆင်းကိုဆောင်သော။ သုပ္ပတိမရတ္တကမ္ဗု၊ နွေရတနာတို့ဖြင့်ကောင်းစွါတန်းဆာဆင်အပ်သော်။လည်ခို့စွပ်သော။ပတ္တမြားလည်ရွှဲတန်းဆာညိုညွတ်စွာသော။ ယာဒေဝဓိတာ၊ အကြင်နှတ်သို့ပြီးသည်။ သဒ္ဓါစိတ္တာ၊ သဒ္ဓါနှင့် ယှဉ်သော စိတ်ရှိသည်ဖြစ်၍။ သောဝဏ္ဏမယာယ၊ နွေဖြင့်ပြီးသော။ ပါတိယာ၊ခွက်ကို။ပဂ္ဂယ္ဟ၊ချီ၍။ဘတ္တံ၊ထမင်းကို။ ဘုဇ္ဇသု၊စားလော့။ဇူတိ၊ဤသို့။ မံ၊ငါ့ကို။ ဝဒေသိ၊ ဆိုရ၏။ တံဒေဝဓိတံ၊ ထိုနတ်သို့ပြီးကို။ နောတိ၊ ဥပုသ် ဆောက်တည်သောကြောင့်။ ငါမစားဟူ၍။

အဟံ၊ငါသည်။ဗြ||ဓိ၊ဆိုရ်။ ။အဓိပ္ပါယ်ကား။ ။ပညာအ
ဖန်အထွတ်ဖြစ်သောဘုရားလောင်းစသော။သူတော်ကောင်း
တို့၏သွားလာသော။ လမ်းဟောင်းကို လွှတ်၍။ သူသူငါငါ။
မျှားစွာသောသူ။လူပြိန်းတို့သည်လမ်းဟောင်းကိုပစ်၍။ လမ်း
သစ်ကို လိုက်သည်ဖြစ်အံ့။ ဘုရားလောင်း စသော သူတော်
ကောင်းတို့၏စံရာ။ လူနက်နီဗွာန်၊ သုံးတန်သော ဌာနမှ ဝေး
ကွာ၍။ သေသောက်ကြွေး လှည့်ပြားသော။ သူကန်းနေသည့်
တောရပ်။တရသောချုံပိတ်ပေါင်းကိုလှည့်လည်ကာအကုန်။
သူကန်းတွေသေခြင်းသို့ရောက်၏သို့။ထိုနည်းတူစွာ။သူငါက
စ။ မျှားလှသတ္တော့။ ဥာဏ်တုန်းတေ တို့သည် သံသရာခရီး၌။
ပျက်စီးကြေမွ။ မရောက်ရအောင်။ ငါးပါးရှစ်ပါး။ ဆယ်ပါး
သိလကိုပြည့်စုံစွာ။ သဒ္ဓါကို ရှေထား၍။ ကုသလ ကမ္မပထ
တရားကိုအားထုတ်ကုန်ရာသည်။

မိုးထွေးတော်ဂေါတမ။ အနုလာဒေဝီ စသောသူတို့သည်
ဖန်ရည်ဆိုးသော အဝတ်ကို ဝတ်လျက်။ ဆယ်ပါးသိလကို
စောင့်ကြ၏။ဥရုဝေလကဿပတို့၏အလောင်း၊ ညီနောင်သုံး
ဦး။သုမနမင်းသားတို့သည် ဖန်ရည်စွန်းသောအဝတ်ကိုဝတ်
လျက်။ ဆယ်ပါးသောသိလကိုစောင့်ကြ၏။ ထိုကြောင့်ပညာ
ဝရဖိန်။ ဥာဏ်နှင်းချိန်၍။ ကုသိုလ်ဖြစ်ကြောင်းကိုကောင်းစွာ
အားထုတ်ကုန်ရာသည်။ထိုကြောင့်။ ။ပဋ္ဌမေဂဟာပတယော
အာနိသံသာသိလဝတောသိလသမ္ပဒါယ။ ။အစရှိသည်ဖြင့်
ဟောတော်မူ၏။ ။အနက်ကား။ ။ဂဟာပတယော၊ ဒါယကာ
တို့။သိလဝတော၊သိလရှိသောသူအား။ သိလသမ္ပဒါယ။သိလ
ပြည့်စုံခြင်း၏။အာနိသံသာ၊အကျိုးတို့သည်။ ဣမေပဋ္ဌ၊ဤငါး
ပါးတို့တည်း။ ။ဤသို့အစရှိသည်ဖြင့် ဟောတော်မူ၏။ ။
အဓိပ္ပါယ်ကား။ ။အာနိသင်ငါးပါးကား။ သိလရှိသောသူ
အား။ မျှားစွာသောစည်းစိမ်ဥစ္စာကိုရခြင်း။ ကောင်းသောသ
တင်းကျော်စောခြင်း။ နတ်မင်း၊ပုဏ္ဏား၊သူကြွယ်၊ ရဟန်းပရိ

သတ်တို့သို့။ ရဲရင့်စွာကပ်နိုင်ခြင်း။ တွေ့ဝေ၍ မသေရခြင်း။ သေသည်မှနောက်ကာလ၌။ နတ်ပြည်သို့ရောက်ရခြင်း။ ဤအကျိုးငါးပါးကိုရကုန်၏ဟုဟောတော်မူ၏။ ။တနည်းကား။ ။ သိလနှင့်ပြည့်စုံသောသူအား။ သိတင်းသုံးဘော်တို့မြတ်နိုးနှစ်သက်။ အလေးအမြတ်ပြုခြင်းအစရှိသောအကျိုးကိုရ၏။ ထိုကြောင့်။ ။သာသနေကုလပုတ္တာနံ၊ပတိဋ္ဌာနဏ္ဍိယံဝိနာ။ အာနိသံသပရိဿေဒံ၊ တဿသိလဿကောဝေဒေ။ ။ဟူ၍ဟောတော်မူ၏။ ။အနက်ကား။ ။သာသနေ၊သာသနာတော်၌။ ကုလပုတ္တာနံ၊အမျိုးသားတို့၏။ယံသိလံ၊အကြင်သိလကို။ဝိနာ၊ကင်း၍။ပတိဋ္ဌာ၊တည်ရာသည်။ နဏ္ဍိ၊မရှိ။တဿသိလဿ၊ထိုသိလ၏။ အာနိသံသပရိဿေဒံ၊ အာနိသင်၏ အဖိုင်းအခြားကို။ ကောဝ၊အဘယ်လိုသူသည်။ဝေဒေ၊ကုန်အောင်သိနိုင်အံ့နည်း။ ။ အဓိပ္ပါယ်ကား။ ။သိလရှိသောသူတို့အား။ သိလ၏အကျိုးသည်ကြီးစွတကား။သိလ၏အကျိုးကိုတစုံတယောက်သောသူတို့သည် ကုန်အောင်မဟောနိုင်သည်တကားဟု ရှင်လန်းစွာအားထုတ်ကုန်ရာသည်။

သိလ၏အနှံ့သည်မြေးသည်သာတည်း။ ထိုကြောင့်။ ။ သိလဂန္ဓသမောဂန္ဓော၊ကုတောနုမဘဝိဿတိ။ ယောသမံ အနုဝါတေစ၊ပဋိဝါတေစဝါယတိ။ ။ဟူ၍ဟော တော်မူ၏။ ။အနက်ကား။ ။သိလဂန္ဓသမော၊ သိလတည်းဟူသောအနံ့နှင့်တူသော။ ဂန္ဓော၊အနံ့သည်။ ကုတောနုမဘဝိဿတိ၊အဘယ်မှာရှိအံ့နည်း။ အနုဝါတေစ၊လေကြေ၌ဝင်း။ ပဋိဝါတေစ၊လေညာ၌ဝင်း။ ယောသိလဂန္ဓော၊ အကြင်သိလတည်းဟူသောအနံ့သည်။သမံ၊အညီအမျှ။ ဝါယတိ၊ လှိုင်နှင်၏။ ။အဓိပ္ပါယ်ကား။ ။သိလရှိ သော သူတို့အား။ လေအောက်၊လေညာ၊အထက်ကိုဘဝဂ်တိုင်အောင်။ မြေးနှင်စွတကား။ အားထုတ်၍သိလကိုစောင့်ကြ။ သိလနှင့်တူသောနတ်ပြည်သို့တက်ရာလျှောကားမရှိသည်တကား။ ထိုကြောင့်။ ။

သဂ္ဂါရောဟာဏသောပါဏံ၊ အညံသိလသမံကုတော။ ဒ္ဒါရံဝါ ပနနိဗ္ဗာန၊နဂရသပဝေသနေ။ ။ဟူ၍ဟောတော်မူ၏။ ။ အနက်ကား။ ။သဂ္ဂါရောဟာဏ သောပါဏံ၊ နတ်ပြည်သို့ တက်ရာစောင်းတန်းလှေကားသဘွယ်ဖြစ်သော။ သိလသမံ၊ သိလနှင့်တူသော။ အညံ၊ တပါးသောတရားသည်။ ကုတော အတ္ထိ၊အဘယ်မှာရှိအံ့နည်း။ နိဗ္ဗာနနဂရသ၊နိဗ္ဗာန်တည်းဟူ သောမြို့ကြီးကို။ ပဝေသနေ၊ဝင်ရာ၌။ ဒ္ဒါရံဝါပန၊တံခါးနှင့်တူ ၏။ ။အဓိပ္ပါယ်ကား။ ။သိလမှတပါး။ နိဗ္ဗာန်သို့ဝင်ရာတံ ခါးမရှိချေ။သိလနှင့်ပြည့်စုံသောသူအားသာ။ နိဗ္ဗာန်သို့ဝင်ရန် တံခါးကိုရရာ၏။ ငါသည်နိဗ္ဗာန်ရောက်ကြောင်း။ ကောင်းစွာ ဆောက်တည်အံ့ဟုနှလုံးပြု၍။ဆောက်တည်ကုန်ရာသည်။ ။ သိလသည်ခပ်သိမ်းသောတန်းဆာတို့ထက်တင့်တယ်၏။ ထို ကြောင့်။ ။သောဘန္တေဝန ရာဇာနော၊ မုတ္တာမဏိဝိဘူသိ တာ။ယထာသောဘန္တိယတိနော၊သိလဘူသနဘူသိတာ။ ။ ဟူ၍ဟောတော်မူ၏။ ။အနက်ကား။ ။မုတ္တာမဏိဝိဘူသိ တာ၊ပုလဲပတ္တြမြားတို့ဖြင့်တန်းဆာဆင်အပ် ကုန်သော။ ရာဇာ နော၊မင်းတို့သည်။သောဘန္တေဝါ၊တင့်တယ်ကုန်သည် သာ လျှင်။ နဟောတိယထာ၊ မဖြစ်သကဲ့သို့။ သိလဘူသနဘူသိ တာ၊ သိလတည်းဟူသော တန်းဆာဖြင့် တန်းဆာဆင်အပ် ကုန်သော။ယတိနော၊ရဟန်းတို့သည်။ သောဘန္တိ၊တင့်တယ် ကုန်၏။ ။အဓိပ္ပါယ်ကား။ ။ဥပါသကာ၊ ဥပါသိကာတို့မှာ။ ဘယက်တန်းဆာ။ ဒ္ဒါဒရာခါးကြို။ ဆံတိုးဆံချည်။ရဟန်းတို့ မှာ။ဘဲ။ပိုး။ကတ္တိပါ။အစရှိသောတန်းဆာကိုဆင်သော်လည်း တင့်တယ်သည်မမည်။သိလတည်းဟူသောတန်းဆာကိုဆင် မှသာ။တင့်တယ်သည်မည်၏။ထို၎င်းသိလကိုအားထုတ် ကြကုန်။

ဘိက္ခုသိလ၊ဘိက္ခုနီသိလ၊အနုပသမ္ပန္နသိလ၊ဂဟဋ္ဌသိလ အားဖြင့် လေးပါးတည်း။ ထိုလေးပါး တို့တွင်။ ဘိက္ခုသိလ

သည်ပါတိမောက္ခသံဝရသိလ။ ဣန္ဒြိယသံဝရသိလ။ အာဇီဝ ပါရိသုद्ধိသိလ။ပစ္စယသန္နိဿိတသိလအားဖြင့်လေးပါးတည်း။ ထိုလေးပါးတို့တွင်။ ပါတိမောက်ခ္ခန္ဓာသောသိက္ခာပုဒ်တို့ကို လွန်ကျူးခြင်းမရှိစေရ။ ။အနုမတ္တောသုဝဇ္ဇေသုဘယဒဿာ ဝီ။ ။ဟူ၍ဟောတော်မူသောကြောင့်။ အနည်းငယ်မျှသော အပြစ်ကို မြင်းမိရံတောင် ဘိသက္ခဲသို့ မှတ်အပ်၏ဟု ဟော တော် မူသောကြောင့်။ ဒုက္ခာသိ အာပတ် ကိုပင်။ ပါရာဇိက အာပတ်ဟုအလေးပြု၍ စောင့်ရှောက်ခြင်းသည်ပါတိမောက္ခ သံဝရသိလ။ ဣန္ဒြေကိုကောင်းစွာစောင့်ခြင်းသည်ဣန္ဒြိယသံ ဝရသိလ။ကုလဒူသကစသောမိစ္ဆာဇီဝမှကြဉ်၍။အသက်မွေး ခြင်း၏ စင်ခြင်းသည် အာဇီဝပါရိသုद्ধိ သိလမည်၏။ လင်္ဂါသူ တော်ကောင်းသည် သဒ္ဓါကြည်ဖြူ။ ပေးလှူသော သက်နှံစ သော ပစ္စည်းကို ပစ္စ ဝေက္ခ ဏာ ဆင်ခြင်၍။ သုံး ဆောင် ခြင်းသည် ပစ္စယ သန္နိဿိတ သိလ မည်၏။ ဘုရား ပညတ် တော်မူသော သိက္ခာပုဒ်တို့ကို ကောင်းစွာ စောင့်ရှောက်၏။ ထို ကြောင့်။ ။ကိုကိုဝအဏ္ဏံ စာမရိဝဝါဒေါ၊ ဝိယံဝ ပုတ္တံနု ယနံစကေကံ။ တထေဝသိလံအနုရက္ခမာနကာ၊သုပေသလာ ဟောထသဒါသဂါရဝါတိ။ ။ဟူ၍ဟောတော်မူ၏။ ။အ နက်ကား။ ။ကိုကို၊ကိုကိုအမည်ရှိသောယစ်မသည်။ အတ္တ နော၊မိမိ၏။ အဏ္ဏံ၊အဉ္ဇကို။ ရက္ခတိဣဝ၊ စောင့်ရှောက်သကဲ့ သို့ရင်း။စာမရိ၊စာမရိအမည်ရှိသောသားကောင်သည်။ အတ္တ နော၊မိမိ၏။ ဝါဒေါ၊အမြီးကို။ရက္ခတိဣဝ၊စောင့်သကဲ့သို့ရင်း။ ကေကံ၊ တယောက်တည်းသားရှိသောအမိသည်။ဝိယံ၊ချစ်လှ စွာသော။ပုတ္တံ၊သားကို။ရက္ခတိဣဝ။စောင့်သကဲ့သို့ရင်း။ ကေ ကံ၊ မျက်စိတလုံးရှိသောသူသည်။ နယနံ၊ မျက်စိတလုံးကို။ ရက္ခတိဣဝ၊စောင့်သကဲ့သို့ရင်း။တထေဝ၊ ထိုအတူသာလျှင်။ သိလံ၊သိလကို။ အနုရက္ခမာနကာ၊ အစဉ်စောင့်ရှောက်ကုန် သော။ သုပေသလာ၊ သိလကို ချစ်ကုန်သော အမျိုးသားတို့

သည်။ သဒ္ဒါ၊အခါခပ်သိမ်း။ သဂါရဝါ၊ ရိုသေခြင်းရှိကြကုန်
သည်။ဟောထ၊ဖြစ်ကြကုန်လေ့။ ။အဓိပ္ပါယ်ကား။ ။သဒ္ဓါ
၌ရဟန်းပြုကြသောအမျိုးကောင်းသားတို့သည် အတ္တုဂ္ဂံသ
နှ၊ပရဝမ္ဘနှ၊ လာဘေနလာဘာ၊ ကုဟနှ၊လပနှ၊သာမန္တ၊ဇပ္ပနစ
သော။ ဘုရားသည်စက်ဆုပ်တော်မူအပ်သော။ တရားယုတ်
ကိုပယ်ရှားမ၊ လေးပါးသောသီလတို့ကိုအမိသဘွယ်။ သား
ငယ်ကိုစောင့်သကဲ့သို့။ သီလကိုမပြောက်ကြားစေရ။စောင့်
ကုန်မှသာ။ ရှေးဦးစွာ စင်ကြောင်းကား။ ။ပါတိမောက္ခံဝိ
သောခေန္ဒြာ၊အပ္ပေဝ၀ိရိတံဇဟော။ ပညတ္တံလောကနာထေ
နှ၊နဘိန္ဒေသီလသံဝရံ။ ။ဟူ၍ဟောတော်မူ၏။ ။အနက်
ကား။ ။ပါတိမောက္ခံ၊ပါတိမောက်ကို။ဝိသောခေန္ဒြာ၊စင်
ကြယ်စေသောပုဂ္ဂိုလ်သည်။ဇိရိတံ၊အသက်ကို။ဇဟော၊စွန့်မှ
ကား။ အပ္ပေဝ၊ကောင်းလေစွ။ ဝါအပ္ပေ၀ဇဟော၊သြ၊စွန့်ရ၏။
လောကနာထေနှ၊ ဖြတ်စွာဘုရားရှင်သည်။ ပညတ္တံ၊ ပညတ်
တော်မူအပ်သော။ သီလသံဝရံ၊ စောင့်အပ်သောသီလကို။နှ
ဘိန္ဒေ၊မချိုးမဖျက်ရာ။ ။အဓိပ္ပါယ်ကား။ ။အသက်ကိုသာ
စွန့်အပ်၏။ ဘုရားဟောတော်မူသောသိက္ခာပုဒ်ကို မပျက်စေ
ကြလင့်။

ရူပ၊သဒ္ဒ၊ဂန္ဓ၊ရသ၊ဖောဋ္ဌဗ္ဗတို့ကို ကောင်းစွာပိတ်အပ်၏။
ထိုတံခါးတို့ကိုမပိတ်က။ ခိုးသားတို့ယူ၍။ သုံးဆောင်ရာမရှိ။
ပျက်စီးခြင်းသို့ရောက်သကဲ့သို့။ ကိလေသာတည်းဟူသော။
ခိုးသူမှကင်းကွာအောင်။လုံစွာစောင့်ရာ၏။ထိုကြောင့်။ ။ယ
ထာအာဂါရံဒုဗ္ဘဇန်း၊ဝုဋ္ဌိသမတိဝိ၌တိ။ ဇေံအာဘာ၀ိတံစိတ္တံ၊ရာ
ဂေါသမတိဝိ၌တိတိ။ ။ဟူ၍ဟောတော်မူ၏။ ။အနက်ကား။ ။
ဒုဗ္ဘဇန်း၊ မကောင်းသဖြင့်ဖိုးအပ်သော။ အာဂါရံ၊အိမ်ကို။ ဝုဋ္ဌိ
ဖိစယ်းရေဖိစယ်းပေါက်သည်။ သမတိဝိ၌တိယထာ၊ စွတ်စိုသ
ကဲ့သို့။ဇေံတထာ၊ထိုအတူ။ အာဘာ၀ိတံ၊ ဘာ၀နာမပွါးသော
ပုဂ္ဂိုလ်၏။ စိတ္တံ၊စိတ်ကို။ရာဂေါ၊ရာဂသည်။သမတိဝိ၌တိ၊စွတ်

ရိုး၏။ ။ကိုလေသာဟျိုး။ရာဂမိုစပ်းသည်။ပြိုးပြိုးဝေဆာ။မစိုလာ
အောင်။ဘာဝနာဖြည့်သိမ်း၍။ငြိမ်းစေရာသည်။ထိုကြောင့်။ ။
ယထာအာဂါရံသုဆန္နံ၊ ဝုဋ္ဌိနသမတိ ဝိစ္ဆတိ။ ဇံသုဘာဝိတံ
စိတ္တံ၊ရာဂေါနသမတိဝိစ္ဆတိတိ။ ။ဟူ၍ဟောတော်မူ၏။ ။
အနက်ကား။ ။သုဆန္နံ၊ ကောင်းစွာမိုးအပ်သော။ အာဂါရံ၊
အိမ်ကို။ ဝုဋ္ဌိ၊မိုစပ်းရေမိုစပ်းပေါက်သည်။ နသမတိဝိစ္ဆတိယ
ထာ၊မစွတ်စိုသကဲ့သို့။ သုဘာဝိတံ၊ ကောင်းစွာဘာဝနာပွါး
သောပုဂ္ဂိုလ်၏။ စိတ္တံ၊စိတ်ကို။ ရာဂေါ၊ရာဂသည်။ နသမတိ
ဝိစ္ဆတိ၊မစွတ်စိုး။ ။သဒ္ဓါပဇ္ဇုဒ္ဓတကုလပုတ္တသည်သဒ္ဓါထက်
အား။ ဘာဝနာပွါးသဖြင့်ကိုလေသာတည်းဟူသောမိုစပ်းတို့
သည် စွတ်စိုခြင်းဌာ မတာဘ်နိုင်။ သိလဝိပဿနာ ဘာဝနာ
ကင်းမှ။ ကိုလေသာတို့ကိုစွတ်စိုခြင်းဌာ။ တတ်နိုင်ရာ၏။ ထို
ကြောင့်။ ။ကာမရာဂေနခုယ္ယာမိ၊ စိတ္တံမေပရိခုယ္ယတိ။သာဝ
နိဗ္ဗာပနံပြ||ဟိ၊ အနုကမ္ပာယဂေါတမ။ ။ဟူ၍ဟောတော်မူ
၏။ ။အနက်ကား။ ။ကာမရာဂေန၊ကာမဂုဏ်မီးဖြင့်။ခုယ္ယာ
မိ၊လောင်ခဲ့၏။မေ၊ငါ၏။ စိတ္တံ၊စိတ်ကို။ ပရိခုယ္ယတိ၊ ထက်ဝန်း
ကျင်လောင်၏။ ဂေါတမ၊ နေမျိုးသကျ။ ဂေါတမအနွယ်ဖြစ်
သောရှင်အာနန္ဒာ။ သာဝုအာယသာစာမိ၊တောင်းပန်ပါ၏။ မေ၊
ငါ့အား။ အနုကမ္ပာယ၊ အစဉ်သနားသဖြင့်။ နိဗ္ဗာပနံ၊ငြိမ်းရာ
ငြိမ်းကြောင်း။ကောင်းမြတ်သောတရားကို။ပြ||ဟိ၊ဟောတော်
မူပါ။ ။အဓိပ္ပါယ်ကား။ ။ဝဂ်ိသသမထေရ်သည်ဣန္ဒြေကိုမ
စောင့်ဘဲ။ခရီးအကြာ။သတို့သွားကိုကြည့်မိ၍။ ရာဂမီးလောင်
သည်ဖြစ်၍။ ထိုမီး၏ငြိမ်းကြောင်းတရားကို ရှင်အာနန္ဒာအထံ
၌။တောင်းပန်ရာ၏။ ယသုအခါ၊ ဒိဋ္ဌိမဂ္ဂဖြစ်သော၊ လောဘတရား
ကို ပြောခဲ့စွတကား။ ။သနားသော အားဖြင့် ဟောလိုရ
ကား။ ။သညာသဝိပရိယေသာ၊စိတ္တံတေပရိခုယ္ယတိ။ နိမိတ္တံ
ပရိဝဇ္ဇေဟိ၊ သုဘံယာဂုပသဟိတံ။ ။အသုဘာယစိတ္တံဘာ
ဝေဟိ၊ ဇေဂ္ဂံသုသမာဟိတံ။ သခ်ါရေပရတောပဿ၊ ဒုက္ခ

တာနောစအတ္တနော။နိဗ္ဗာပေဟိ မဟာရာဇာ၊မာခုယ္ဟိတ္ထပုပ္ပုနနန္ဒိ။ ။ဟူ၍ဟောတော်မူ၏။ ။အနက်ကား။ ။သညာယဝိပရိယေသာ၊ သညာဘောက်ပြန်သည်၏ အဖြစ်ကြောင့်။ တေ၊သင်၏။ စိတ္တံ၊စိတ်ကို။ပရိခုယ္ဟတိ၊ ထက်ဝန်းကျင်လောင်၏။ရာဂုပသဋ္ဌိတံ၊ ရာဂနှင့်ယှဉ်သော။ သုဘံ၊ တင့်တယ်၏ဟု မှတ်ထင်သော။ နိမိတ္တံ၊ ပိန်းမစသောနိမိတ်ကို။ ပရိဝဇ္ဇေဟိ၊ ဝေးစွာကြဉ်လော့။ ။အသုဘာဝယ၊ အသုဘနိမိတ်၌။ကေဏ္ဌံ၊ တည်ကြည်သော။ စိတ္တံ၊စိတ်ကို။ ဘာဝေဟိ၊ပွါးဘိလော။သုသမာဟိတံ၊ ကောင်းစွာတည်ကြည်သောစိတ်ရှိသည်ဖြစ်၍။ သခ်ါရေ၊သခ်ါရတရားတို့ကို။ ပရတော၊ သူစိမ်းပြင်ပအားဖြင့်။ပဿ၊ရှုဦးလော့။ဒုက္ခတော၊ဒုက္ခအားဖြင့်။ ပဿ၊ရှုရာ၏။ အတ္တတော၊အတ္တအားဖြင့်။ နောစပဿ၊ မရှုရာ။ မဟာရာဇာ၊ ကြီးစွာသောရာဇာကို။ နိဗ္ဗာပေဟိ၊ငြိမ်းစေလော့။ ပုနပ္ပုနံ၊အဘာနိတလဲလဲ။ မာခုယ္ဟိတ္ထ၊ မလောင်စေနှင့်။ ။ဌင်းဒေသနာ။ အဓိပ္ပါယ်လာကို။သေချာစေ့ဌ။ပညာဖြင့်ရှု၍။ကိုလေသာမီး။ တောက်ကြီးငြိမ်းရာ။ဘာဝနာကို။မကွာဖြည့်သိမ်း၍။ငြိမ်းကုန်ရာသည်။ဣန္ဒြိယသံဝရသီလကိုကောင်းစွာစောင့်ရာ၏။

ဝတ္ထုတတ္ထေ။ပြဦးပေအုံ့။ ။ကုရဏ္ဍကလိုဏ်၌။သီတင်းသုံးတော်မူသော၊ စိတ္တဂုတ္တထေရ်သည် အဝါ ခြောက်ဆယ်တိုင်တိုင်၊ထိုလိုဏ်၌နေတော်မူ၏။ ဌင်းလိုဏ်၌၊ခုနစ်ဆူသောဘုရားရှင်တို့၏တောထွက်ဟန်ကိုလည်းရေးသား၏။လိုဏ်ဝ၌စကားပင်လည်းရှိ၏။အဝါခြောက်ဆယ်ပတ်လုံး။ထိုလိုဏ်၌နေသောမထေရ်သည်ပန်းချီရုပ်ကိုဌင်း။စကားပင်ကိုဌင်း၊ရံခါမျှမကြည့်။ ဣန္ဒြေကို လွန်စွာ စောင့်တော်မူပေစ။ အားကြီး၍ စောင့်ကြကုန်။ ။မိမိ၏အကျိုးကို အလိုရှိသော အမျိုးသားသည် ကောင်းစွာဣန္ဒြေကိုစောင့်ရာ၏။ ထိုကြောင့်။ ။မဂ္ဂ ဌောဝအရည္ယမ္ဘိ၊ဝနောဘဏ္ဍောမိ ဂေါဝိယ။ဗာလောဝိယစဉ္ဇာ်ကြောသော၊နဘဝေလောလလောစနော။ ။အဝေါဝိပေယျစက္ခု။

နီ၊ယုဂမတ္တ ဒသောသိယာ။ ဝနမဂ္ဂဒူလောလသ၊ နစိတ္တသ ဝသံဝဇေ။ ။ဟူ၍ဟောတော်မူ၏။ ။အနက်ကား။ ။အ ရညမ္ပိ၊လူသူမနီး။ တောတဲကြီး၌။မဂ္ဂဒေါဝ၀၊ မျောက်ကဲ့သို့ ရင်း။ဝနေ၊တော၌။ဘဏ္ဍော၊တုန်လှုပ်သော။ မိဂေါဝိယ၊သမင် ကဲ့သို့ရင်း။ဥတြာသော၊ ထိတ်လန့်တတ်သော။ဗာလောဝိယစ၊ သူငယ်ကဲ့သို့ရင်း။ လောလ လောစနော။ တော မျောက်သ ဘွယ်။ လော်လည်ခြင်းရှိသော။ စိတ္တသ၊ စိတ်တို့။ ဝသံ၊ အလိုသို့။ နဘဝေ၊ လိုက်သည်မဖြစ်ရာ။ ။ စက္ခု။ နီ၊မျက်စိတို့ကို။ အဝေ၊ အောက်သို့၊ခိပေယ္ယ၊ ချရာ၏။ ယုဂမတ္တ ဒသော၊ ရထား ထမ်းပိုးတပြိုနီမျှ၊ လေးတောင်ခန့် ကြည့်သည်။ သိယာ၊ဖြစ်ရာ၏။ ဝနမဂ္ဂဒူလောလသ၊ တော မျောက်သဘွယ်။လော်လည်ခြင်းရှိသော၊ စိတ္တသ၊ စိတ်တို့။ ဝသံ၊အလိုသို့။နဝဇေ။မလိုက်ရာ။ ။အဓိပ္ပါယ်သိသာ၏။ ။ ဣန္ဒြိယသံဝရသီလသည်ဝိရိယလွန်စွာအားထုတ်က။ ပြည့်စုံ ရာ၏။အားထုတ်ကြကုန်။

အာဇီဝပါရိသုဒ္ဓိသီလသည်။ ။ကုလဒူသက၊ လာဘေန လာဘ၊သာမန္တာ၊ဇပ္ပန၊ နိမိတ္တောဘာသတို့ကိုထား၍။ ရှေးသူ တော်ကောင်း။ထုံးဟောင်းလမ်းပြမှာ။ ရှင်သာရိပုတ္တရာထေရ် သည်ရှင်မဟာမောဂ္ဂလာန်ထေရ်နှင့်တောကျောင်း၌။သီတင်း သုံးကြစဉ်။ရှင်သာရိပုတ္တရာထေရ်အား။ ပြင်းစွာသောလေနှာ သည်ဖြစ်လာ၏။ ထိုအခါ၊ အရှင်မဟာမောဂ္ဂလာန်သည် အ ကြောင်းစုံစွာ။ မေးသောအခါ၊လူဖြစ်သောအခါ၌။ ဂဏာထ မင်းစား၍။ ပျောက်ဘူးကြောင်းကို ရှင်မောဂ္ဂလာန်အားပြော ကြား၏။ ထိုအရှင်မဟာမောဂ္ဂလာန်ထေရ်သည် ငါ့ရှင်။ သင့် အားရင်း။ငါ့အားရင်း။ကုသိုလ်ရှိသည်ဖြစ်ခဲ့။ရလတ္တံ့ဟုဆို၏။ ထိုအခါ၊စကြီးစွန်းသစ်ပင်၌။ နေသောနတ်သည်ထိုစကားကို ကြား၍။အလုပ်အကျွေးဒါယကာအိမ်သို့သွား၍၊သားကြီးအား ပူးပြီးလျှင်။ ဂဏာဆွမ်းကိုလှူစေ၏။ ရှင်မောဂ္ဂလာန်သည်ရင်း

ဂဏာဆွမ်းကိုယူဆောင်၍။ ရှင်သာရိပုတ္တရာအားပေးလေ၏။ ထိုအခါ၊ ရှင်သာရိပုတ္တရာသည် ဤဂဏာဆွမ်းကား။ အလွန်ကောင်းပေစွ။ ဆွမ်းဖြစ်သောအခြင်းအရာ၊နတ်ပြောသောအဖြစ်ကိုသိ၍။ဤဆွမ်းကိုစွန့်လောဟုဆို၏။ ရှင်မောဂ္ဂလာန်သည် ငါကဲ့သို့သောသူ ဆောင်ယူသော ဆွမ်းကို၊ စက်ဆုပ်ဘိတကားဟု ဒေါမနဿမရှိဘဲ။ သောဝစ္ဆဂုဏ်တော်ဖြင့် ဆိုသောခဏာ၌ပင်။သင့်ရာသို့သွား၍စွန့်လေ၏။စွန့်သောခဏာ၌ပင်လျှင်။ ရှင်သာရိပုတ္တရာ၏ လေနာသည်ကြာဘက်မှ။ လျှောကျသောရိုးရိုးရည်ရိုးပေါက်ကဲ့သို့ ပျောက်လေ၏။ ပျောက် သောခဏာ၌ဥဒါန်းကျူးလို၍။ ။အာဝုသောဝစိုဝိညတ္တိ ဒိုဿသာယ ဥပ္ပန္နောပါယာသော အနေ့သုနိက္ခမိတ္တာ။ ဘူမိယံစရနေ့သု ပိပရိဘုဠ္ဇိတုံအယုတ္တရူပေါတိ ဣမမ္ဗဥဒါနံဥဒါနေသိ။ ။ဟူ၍ မိန့်ဆိုတော်မူ၏။ ။အနက်ကား။ ။အာဝုသော၊ငါ့ရှင်။ဝစိုဝိညတ္တိ၊ဝစိုဝိညတ်ကို။ ဒိုဿသာယ၊မှီ၍။ဥပ္ပန္နပါယာသော၊ဖြစ်သောဂဏာဆွမ်းသည်။ အနေ့သု၊ အရုတ္ကိုသည်။ နိက္ခမိတ္တာ၊ ထွက်၍။ဘူမိယံ။ မြေ၌၊စရနေ့သုပိ၊သွားကုန်သော်လည်း။ပရိဘုဠ္ဇိတုံ၊စားခြင်းငှါ။အယုတ္တရူပေါ၊မသင့်ယောင်တကား။ဣတိ၊ ဤသို့၊ဣမမ္ဗဥဒါနံ၊ဤဥဒါန်းကို။ ဥဒါနေသိ၊ကျူးရင့်၏။ ။အဓိပ္ပါယ်လွယ်၏။ ။ဝစိုဝိညတ္တိဝိပ္ပါရာ၊ဥပ္ပန္နံမရုပါယာသံ။သစေဘုတ္တောဘဝေယျာဟံ၊သာဓိဝေါဂရဟိတောမမ။ ။ဟူ၍ မိန့်တော်မူ၏။ ။အနက်ကား။ ။ဝစိုဝိညတ္တိဝိပ္ပါရာ၊ ဝစိုဝိညတ်၏ပျံ့နှံ့ခြင်းကြောင့်။ဥပ္ပန္နံ၊ဖြစ်သော။ မရုပါယာသံ၊နွားဂဏာကို။အဟံ၊ငါသည်။ဘုတ္တောဘဝေယျ၊ အကယ်၍ဖြစ်ပြားအုံ့။ မမ၊ငါ၏။သာဓိဝေါ၊အာဓိဝကို။ဂရဟိတောဝ၊ကဲ့ရဲ့အပ်၏။ ။အဓိပ္ပါယ်ကား။ ။ဤစကား၏အဓိပ္ပာယ်ကိုအကြောင်းပြု၍ ဖြစ်လာသော။ မွန်မြတ်သော ဂဏာဆွမ်းကိုငါစားသည်ဖြစ်အုံ့။ ငါ့အားဓိဝဖြစ်သောအသက်မွေးခြင်းကိုစက်ဆုပ်ဘွယ်ရှိစွတကား။သူတော်ကောင်းတို့သည်နှတ်

တို့ပြောကြား၍။ ရသောဆွမ်းကိုဘုဉ်းတော်မမှ။စွန့်ပစ်တော်
မူကြ၏။ငါတို့သူငါ။သဒ္ဓါပဗ္ဗဇိတာ၊ကုလပုတ္တာဖြစ်ကြပါမူကား။
ဝမ်းတထွာဟူသောအကြောင်းကြောင့်။ ကုလဒူသက၊အခေါ
သန၊ကယဝိက္ကယ၊အတ္တုက္ကံသန။ လာဘေနလာဘ၊ ကုဟန၊
လပန၊သာမန္တ၊ဇပ္ပန၊နိမိတ်၊ပရိယာယ်၊ဩဝါဒသစသောမိစ္ဆာ
ဇီဝဖြင့် ဝမ်းမို့ မရှိဘဲလျက်။ရဲရဲပြောင်ပြောင်တောက်လောင်
သောသံတွေ့ခဲကိုစားရခြင်း၏အကြောင်း။ မကောင်းသောအ
သက်မွေးကြခြင်းသည် အလွန်ဆုံးဘွယ်ရှိစွတကား။ ။အာ
ရာဒေမိသကံစိတ္တံ၊ ဝိဝေ့မိအနေသနံ။နာဟံဗုဒ္ဓပဋိကုဋ္ဌံ၊ကာ
ဟာမိစအနေသနန္တိ။ ။အနေသနာယစိတ္တာမို့၊ အဇနေတ္တာ
ဝိစက္ခဏော။အာဇီဝံပရိသောဝေယျ၊ သဒ္ဓါပဗ္ဗဇိတောယတိ
တိ။ ။ဟူ၍မိန့်တော်မူ၏။ ။အနက်ကား။ ။သကံစိတ္တံ၊မိမိ
စိတ်ကို။အာရာဒေမိ၊နှစ်သက်စေ၏။အနေသနံ၊ကုလဒူသက။
စသည်အစု။ မကောင်းမှုဖြင့်ရှာဖွေးခြင်းကို။ ဝိဝေ့မိ၊ ရှောင်
ကြဉ်ပါ၏။ အဟံ၊ငါသည်။ ဗုဒ္ဓပဋိကုဋ္ဌံ၊ ဘုရားရှင်သည်စက်
ဆုပ်တော်မူအပ်သော။ အနေသနံ၊မအပ်သောရှာဖွေးခြင်းကို။
နကာဟာမိ၊မပြုတော့အုံ့။ ။ဝိစက္ခဏော၊ပညာရှိသောအမျိုး
သားသည်။ အနေသနာယ၊ မအပ်သောရှာဖွေးခြင်း၌။ စိတ္တာမို့၊
စိတ်ကိုလည်း။ အဇနေတ္တာ၊ မဖြစ်စေမူ၍။ သဒ္ဓါပဗ္ဗဇိတော၊
သဒ္ဓါ၍ရဟန်းပြုသော။ယတိ၊ရဟန်းသည်။အာဇီဝံ၊မကောင်း
သော အသက်မွေးခြင်းကို။ ပရိဝိသော ဝေယျ၊ သုတ်သင်ရာ
၏။ ။အဓိပ္ပါယ်ကား။ ။မိမိစိတ်ကိုနှစ်သက်စေလျက်။ ငါ
သည်မအပ်သောရှာဖွေးခြင်းကိုစွန့်၍။ဘုရားရှင်သည်စက်ဆုပ်
တော်မူအပ်သော။ မကောင်းသောရှာဖွေးခြင်းကိုမပြုတော့အုံ့။
သဒ္ဓါ၍ရဟန်းပြုသောတိသမဏေထရ်သည် အနေသနကိုပယ်
ရှားခဲ့။ ကောင်းသောရှာဖွေးခြင်းဖြင့်အသက်မွေးခဲ့။ တရားကို
အားထုတ်သည်၏အဖြစ်ကြောင့်။နိဗ္ဗာန်ချမ်းသာကိုရ၏။သိလ
နှင့်ပြည့်စုံမှသာ။ ချမ်းသာကိုရရာ၏။ သိလမရှိသော ပုဂ္ဂိုလ်

သည် သိလမရှိခြင်းဟူသော အကြောင်းကြောင့်။ နတ်လူတို့
အားလည်းမနှစ်သက်။ သိတင်းသုံးဘော်တို့လည်းအဆုံးအမ
ကိုမပေး။သိလမရှိသည်၏အဖြစ်ကြောင့်။များစွာသောကာလ
ပတ်လုံး။စီးပွါးမဲ့ခြင်း၊ဆင်းရဲခြင်းသို့ရောက်၏။အလှူဝတ္ထုကို
ခံသော်လည်းများသောအကျိုးကိုမပေးတတ်။ များသောနှစ်
တို့ပတ်လုံး။ ထုံအပ်သော မစင်တွင်းကဲ့သို့။အလွန်စင်ကြယ်
အောင်။ ဆေးခြင်းဌာခဲယဉ်း၏။ နှစ်ပါးသောအသုံးအဆောင်
မှ။ ကင်းသောထင်းကုလားတုံးနှင့်တူ၏။ ရဟန်းဟုဝန်ခံငြား
သော်လည်း ရဟန်းမဟုတ်သည်မည်၏။ နွားအပေါင်းတို့၏
နောက်သို့လိုက်သောမြည်းကဲ့သို့။ရဟန်သူတို့လိုက်သည်ဖြစ်၍။
ထိတ်လန့်ခြင်းသို့ ရောက်သော သူကဲ့သို့ ပေါင်းဘော်ခြင်းဌာ
မထိုက်။ ဥပမာအားဖြင့် ပေါင်းဘော်ခြင်းကင်းသောသူသေ
နှင့်တူ၏။ အကြားအမြင်ဂုဏ်နှင့်ပြည့်စုံသော်လည်း သိတင်း
သုံးဘော်တို့၊ ပူဇော်ခြင်းဌာမထိုက်။ ပုဏ္ဏားတို့သုသာန်မီးနှင့်
တူ၏။တရားအထူးကိုရခြင်းဌာမထိုက်။ ရူပါရုံကိုမမြင်သော
အကန်းနှင့် တူ၏။ သူတော်ကောင်း တရားကို အားထုတ်ခန့်
သောဌာ အာရုံမရှိ။ တန်ခိုး အားဖြင့် ဒုနိုးစဏ္ဍာသည် ပြည့်
စည်းစိမ်၌၊ တပ်ခြင်းကင်းသကဲ့သို့။ ချမ်းသာ၏ဟု မှတ်ထင်
အောက်မေ့သော်လည်း စင်စစ်ဆင်းရဲသည်သာတည်း။ သို
လမရှိခြင်းသည်အလွန်ကြောက်မက်ဘွယ်ရှိ၏။ ။တသ္မာ
အဂ္ဂိက္ခန္ဓာဒုက္ခာဓိကဒုက္ခကဒူ၊ကဖလံ အာဝိဇဟာတောကာမ
သုခံ။သုခံကုတောဘိန္နသိလဿ။ ။ဟူ၍မိန့်ဆိုတော်မူ၏။ ။
အနက်ကား။ ။တသ္မာ၊ထိုသို့သိလမရှိသည်၏အဖြစ်ကြောင့်။
ကာမသုခံ၊ကာမဂုဏ်ချမ်းသာကို။ အာဝိဇဟာတော၊မစွန့်သော
သူအား။ အဂ္ဂိက္ခန္ဓာ ဒုက္ခာဓိက ဒုက္ခကဒူ၊ကဖလံ၊ မီးပုံကြီး
သို့ကျသောဆင်းရဲ။ ထိုထက်လွန်သော။ စပ်ငန်သောဆင်းရဲ
ကိုရ၏။ ဘိန္နသိလဿ၊ ပျက်သောသိလရှိသောပုဂ္ဂိုလ်အား။
ကုတောသုခံ၊ အတိမှာချမ်းသာရနိုင်အံ့နည်း။ ။အဓိပ္ပါယ်

ကား။ ။ကာမဂုဏ်နှောက်သို့လိုက်မှား၍။မစွန့်သောပုဂ္ဂိုလ် အာား။ ရဲရဲပြောင်ပြောင် တောက်လောင် သော။ မီးပုံသို့ကျ သောဆင်းရဲ။ထိုထက်ကဲလွန်သော။စပ်ငန်သောဆင်းရဲကိုခံ ရ၏။ သိလမရှိသော သူအာား။ ချမ်းသာသုံးတန်။ ဝေးလံစွတ ကား။ ။သိလကထာနိဋ္ဌိတာ။

ဘာဝိတဇ္ဇာတိဘာဝနာ။ ။ဘာဝိတဇ္ဇာ၊ပွါးအပ်၏။ဇာတိ တသွာ၊ထိုကြောင့်။ဘာဝနာ၊ဘာဝနာမည်၏။ ။မရဏာသ သရဏံ မရဏာ သတိ။ မရဏာသ၊ သေခြင်းကို။ သရဏံ၊ အောက်မေ့ခြင်းသည်။မရဏာသတိ၊မရဏာသတိမည်၏။ ။ ၎င်းမရဏာသတိ ကမ္မဋ္ဌာန်းကိုပွါးထိုသော အမျိုးသားသည် ဆိတ်ငြိမ်ရာသို့ကပ်၍။ သေခြင်းသည် ဖြစ်လတ္တံ့။ ဓိုဝိတိန္ဒြေ သည်ပြတ်လတ္တံ့။"ဤသို့သေခြင်းသဘောရှိ၏ဟုရှုအပ်၏။ ။ တနည်းကား။ ။မရဏံမရဏံ၊ သေခြင်းသဘောသေခြင်း သဘောရှိ၏။ ။ဤသို့လမ်းရိုးမှန်၍။ သေခြင်းလျှင် အာရုံရှိ သောနှလုံးသွင်းကိုဖြစ်စေ၏။ အကြောင်းမဟုတ်သဖြင့် နှလုံး သွင်းခြင်းကိုဖြစ်စေသောသူအာား။အထိုရှိအပ်၊ချစ်မြတ်နိုးအပ် သောသူတို့ သေခြင်းကိုအာဘန်တလဲလဲ။ အောက်မေ့ခြင်း၌။ ရိုးရိမ်ခြင်းသည်ဖြစ်၏။ မွေးဘွားသောအဖိ၏ ချစ်အပ်သော သားသေသည်ကို အာဘန်တလဲလဲ အောက်မေ့ခြင်း၌။ ရိုးရိမ် ခြင်းဖြစ်၏သို့မှတ်အပ်၏။ မုန်းသောသူသေခြင်းကို အောက် မေ့ရာ၌။ ဝမ်းမြောက်ခြင်းဖြစ်၏။ ရန်သူသေခြင်းကိုအာဘန်တ လဲလဲအောက်မေ့ရာ၌။ ဝမ်းမြောက်ခြင်းဖြစ်၏သို့ဝင်း။ မမုန်းမ ချစ်အသတ်ဖြစ်သောသူသေခြင်းကို အာဘန်တလဲလဲအောက် မေ့ခြင်း၌။ ထိတ်လန့်ခြင်းမဖြစ်။ သူသေကောင်ကိုမြင်ခြင်း၌ သူသေကိုဖုတ်သောစရိုက်လာအာား။ ထိတ်လန့်ခြင်းမဖြစ်သကဲ့ သို့မှတ်အပ်၏။ ဓိဒ်ကိုယ်ကိုဆင်ခြင်မှုကား ထိတ်လန့်၏။ ။ အဓိပ္ပါယ်ကား။ ။ရိုးအပ်သောသန့်လျက်ရှိသော။ သူသတ်

ယောက်ျားကိုမြင်၍။ ကြောက်တတ်သောသဘောရှိသောသူ အား။ထိတ်လန့်ခြင်းဖြစ်သကဲ့သို့မှတ်။ အလုံးစုံကြောက်ခြင်း၊ ထိတ်လန့်ခြင်းဖြစ်သောသူတို့သည် သတိသံဝေဂကင်းသော သူတို့အားသာဖြစ်၏။ သတိသံဝေဂဉာဏ်ရှိသောသူအား။စိုး ရိမ်ခြင်းမဖြစ်ကုန်။ထိုထိုသောသုသာန်စသည်၌။ခိုးသူစသည် တို့ဖြင့်သတ်၍။ သေသောသတ္တဝါ။ သဘောအားဖြင့်အလိုလို သေသောသတ္တဝါတို့ကိုကြည့်၍။မြင်လိုက်ဘူးသောစည်းစိမ် ရှိကုန်သော။ သေသောသတ္တဝါတို့၏သေခြင်းကို ဆင်ခြင်၍။ သတိသံဝေဂကို ဖြစ်စေရာ၏။ သေခြင်းသည်ဖြစ်လတ္တံ့။ ဤ နည်းဖြင့် နှလုံးသွင်းခြင်းကိုဖြစ်စေရာ၏။ ဤသို့အကြောင်းနှင့် လျှော်စွာ။နှလုံးသွင်းဉာဏ်ထက်သောသူအား။ကာမဆွဲနွှဲအစ ရှိသော။နိဝရဏတရားတို့သည်ကွာ၍။ သေခြင်းလျှင်အာရုံရှိ သောသတိသည်ကောင်းစွာတည်၏။ ဥပစာသို့ရောက်သည် သာလျှင် ဖြစ်သော။ ကမ္မဋ္ဌာန်းသည် ဥပစာသို့ရောက်၏။ အ ကြင်သူအားမူလည်း အကြင်အခြင်းအားဖြင့် မထင်သည်ဖြစ် အံ့။ ထိုသူသည်သူသတ်ယောက်ျား ဂြိုးရှုလာသကဲ့သို့။ သေ ခြင်းသို့ဂြိုးရှုသောအားဖြင့် အနာမရှိခြင်းနှင့် ပြည့်စုံခြင်းကို ပျက်စီးဘေးကပြုနိုင်သောအားဖြင့် သူတပါး၏ သေခြင်းကိုရှု ၍။မိမိ၏သေခြင်းကိုအနည်းသို့ကပ်၍၊ ဆောင်သောအားဖြင့် ကိုယ်သည် မျှားစွာသောဆတ္တဝါတို့နှင့် ဆက်ဆံသောအား ဖြင့်။ အသက်၏ အားနည်းသောအဖြစ်ဖြင့် သေခြင်း၏ မှတ် သားအပ်သော။အံ့ဖိုင်းအခြားမရှိသောအားဖြင့်။အဝန့်ကာလ ဖိုင်းခြားအပ်သည်၏ အဖြစ်အားဖြင့်အသက်ရှည်သောခဏ ၏အလွန်အားဖြင့် ဤရှစ်ပါးသော အခြင်းအရာတို့သည် ဖြစ် ၍။ သေခြင်းကိုအဘာနိတလဲလဲ။ အောက်မေ့အပ်၏။ သူသတ် လက်မ ရှုံ၏ဂြိုးရှု။ အနည်းဌ ကြပ်ကြပ်မားမား ရပ်သကဲ့သို့။ ဂြိုးရှုထင်သဖြင့်။ ဤသူ၏ဦးခေါင်းကိုဖြတ်အံ့ဟုသန်လျက်ကို ကိုင်၍။ လည်ဌခုတ်ဖြတ်အံ့သည်ကိုပြုလျက်။ သူသတ်လက်မ

ရှိသည်ရှေးရှေးကြပ်ကြပ်။ ချဉ်းကပ်၍။အနည်းငှဲမားမားရပ်သ
ကဲ့သို့ထင်၏။ ဤသို့ရှေးရှေလျက်။ ငါ၏အနည်းငှဲ တည်လာပြီ
ဟူ၍သာလျှင်။အောက်မေ့အပ်၏။ အဘယ့်ကြောင့်နည်းဟူမူ
ကား။ ပဒိုသန္ဓေနှင့် တကွ။ ဇရာမရဏ လာသည်၏ အဖြစ်
ကြောင့် မှတ်အပ်၏။ ထိုကြောင့်။ ။ယထာဟိ အဟိဆတ္တ
ကမကုဋ္ဌံမတ္ထကေန ပံသုဂဟောတ္တာဥဂ္ဂစ္ဆတိ။ ဇေဝံသတ္တာဇရာ
မရဏံဂဟောတ္တာဝ နိဗ္ဗတ္တန္တိ။ ။ဟူ၍ဟောတော်မူ၏။ ။
အနုက်ကား။ ။အဟိဆတ္တကမကုဋ္ဌံ၊ မှိုင့်သည်။ မတ္ထကေန၊
ထိပ်ထက်ဖြင့်။ပံသုံ၊မြေမှုန့်ကို။ ဂဟောတ္တာ၊ယူ၍။ဥဂ္ဂစ္ဆတိဟူဝ၊
ပေါ်သကဲ့သို့။ဇေဝံတထာ၊ထိုအတူ။သတ္တာ၊သတ္တဝါတို့သည်။ဇ
ရာမရဏံ၊ ဇရာ မရဏာကို။ ဂဟော တ္တာဝ၊ ယူ၍ သာလျှင်။
နိဗ္ဗတ္တန္တိ၊ဖြစ်ကုန်၏။ ။အဓိပ္ပါယ်ကား။ ။မှိုင့်သည်မြေမှုန့်
ကိုရှက်၍ပေါ်သကဲ့သို့။ သတ္တဝါတို့၏ပဒိုသန္ဓေသည် ဇရာမ
ရဏာကိုယူ၍။ လာခဲ့သည် တကား။ သတ္တဝါ တို့၏ ပဒိုသန္ဓေ
စိတ်သည် ဖြစ်သည်၏အခြားမဲ့၌။အိုခြင်းသို့ရောက်၍။တောင်
ထိပ်မှကျသော ကျောက်ကဲ့သို့။ သတ္တဝါ တို့သည် ကြီးရင့်
ဘောက်ပြန် ဘက်ဖြစ်သော။ ခန္ဓာတို့နှင့်တကွ။ ယုတ်စီးခြင်း
သို့ရောက်ရ၏။ ဤခဏိက မရဏာသည် ဒီဃပဒိုသန္ဓေစိတ်နှင့်
တကွလာ၏။ထွက်လာသောနေမင်းသည် တစုံတခုသောအ
ရပ်၌။ ဆိုင်းရပ်ခြင်း မရှိ။ ဝင်ခြင်းသို့ ရောက်သကဲ့သို့ ၎င်း။
တောင်ထွတ် တောင်ဖျားမှ။ စီးကျသော ရေသည် ရပ်တန့်
ခြင်းမရှိ။ အမှိုက်သရိုက်နှင့်တကွ။ ရပ်တန့်ခြင်းမရှိစီးသွား၏။
တရုတ်တခါမျှ။ပြန်ခြင်းမရှိသကဲ့သို့။ ထိုနည်းတူစွာ။သတ္တဝါတို့
သည် ပြန်လည်ခြင်းမရှိ။ သေခြင်းအဆုံးသို့သာရောက်သည်
တကား။ ထိုကြောင့်။ ။ယမေက ရတ္တိ ပဌမံ၊ ဂဗ္ဘောဝသတိ
မာဏဝေါ။ အဇ္ဇုဒ္ဒိတောဝသော ယာတိ၊ သဂစ္ဆံနနိဝတ္တတိ
တိ။ ။ဟူ၍ဟောတော်မူ၏။ ။အနုက်ကား။ ။မာဏဝေါ၊
လုလင်သည်။ယမေကရတ္တိ၊ အကြင်တခုသောညဉ့်၌။ ပဌမံ၊

အလုံးစုံတို့၏ရှေးဦးစွာ။ဂ ဟော့အမိဝမ်းခ္ခ။ ဝသတိ၊ နေ၏။သော
မာဏဝေါ၊ ထိုလုလင်သည်။ပဌမဂ္ဂဟာနတော၊ရှေးဦးစွာ ပဋိ
သန္ဓေနေသည်မှ။ ပဌာယ၊စ၍။ အဘ္ဘုဋ္ဌိတောဝ၊ တက်သော
တိမ်တိုက်ကဲ့သို့။ ယာတိ၊ သွား၏။ဝေံဘျိသို့။ ဂန္ဓံ၊ဂန္ဓဟော
သွားသော။သောမာဏဝေါ၊ ထိုလုလင်သည်။ ခဏမတ္တမ္ပိ၊ခ
ဏမျှလည်း။နနိဝတ္တတိ၊မပြန်။အညဒတ္ထု၊စင်စစ်။မရဏမေဝ၊
သေခြင်းသို့သာလျှင်။ဥပဂစ္ဆတိ၊ ရောက်ရသည်တကား။ ။
အဓိပ္ပါယ်ကား။ ။အကြင်လုလင်သည် တခုသောညဉ့်၌။ရှေး
ဦးစွာအမိဝမ်း၌။ပဋိသန္ဓေနေ၏။ ထိုလုလင်သည်ရှေးဦးစွာပဋိ
သန္ဓေနေသည်မှစ၍။တက်သောတိမ်တိုက်ကဲ့သို့။ သွားရှာ
၏။ထိုအတူသွားသော လုလင်သည် တခဏမျှပြန်လည်ခြင်းမ
ရှိ။ စင်စစ်အားဖြင့်သေခြင်းသို့ရောက်ရ၏။ သေခြင်းသို့ရှေးရှု
သွားသောသတ္တဝါ၏နွေကာသ၌။ နေဖြင့်အလွန်ပူလောင်ကုန်
သော။မြစ်ပမာဏတောင်မှကျသောချောင်းတို့၏ခန်းခြောက်
ခြင်းသို့ ရောက်၏သို့။ နံနက်အခါ။ အညာ ရင်းသို့ လျှောက်
သောအာပေါဓာတ်ဖြင့် စွတ်စိုမ်း၍။ လျှာ်သော အညာအဲ့ဓ
ကုန်သော။သစ်ပင်သစ်သီးတို့၏ ကြွေကျခြင်းသည်ဖြစ်သကဲ့
သို့။ဆောက်ပုတ်ဖြင့်ရိုက်ခတ်အပ်ကုန်သော။မြေဒိုးမြေခွက်
တို့၏ ကွဲခြင်းသည် ဖြစ်သကဲ့သို့။ နေရောင်ဖြင့်ထိကုန်သော
ဆီးနှင်းပေါက်တို့၏ ကြွေကျပျက်စီးခြင်းသို့ရောက်သကဲ့သို့။
သေခြင်းသည်သာနိုးသည်ဖြစ်၏။ထို့ကြောင့်။ ။အစ္စယန္တိ
အဟောရတ္တာ၊ဇိရိတံဥပရုဇ္ဈတိ။ အာယုဒိယတိမစ္စာနံ။ ကုန်
ဒိနံဝ ဩဒကံ။ ။ဟူ၍ဟောတော်မူ၏။ ။အနက်ကား။ ။
ကုန်ဒိနံ၊မြစ်တို့၏။ဩဒကံ၊ရေသည်။ဒိယတိ ဧကဝ၊မဖြင့်မကြာ။
ခန်းခြောက်ရာသကဲ့သို့။ ယသ္မာ၊ အကြင်ကြောင့်။ အဟော
ရတ္တာ၊ ညဉ့်နေ့တို့သည်။ အစ္စယန္တိ၊ လွန်ကုန်၏။တသ္မာ၊ ထို
ကြောင့်။မစ္စာနံ၊သတ္တဝါတို့၏။ဇိရိတံ၊ အသက်သည်။ ဥပရုဇ္ဈ
တိ၊ချုပ်၏။ ။အဓိပ္ပါယ်ကား။ ။မြစ်ရေတို့သည်ကုန်ခန်း

